الْقِرَاءَةُ الرَّاشِدَةُ

مَعَ التَّرْجَمَةِ وَشَرْحِ الْكِلِمَاتِ

الجُزْءُ الثَّانِيْ

تأليف: أبو الحسن علي الحسني الندوي

الإِعدَاد: محمد سلطان الندوي

စီစဉ်တင်ပြသူ

မော်လာနာ မွဖ်သီ စွလ်သွာန် – နဒဝီ

شَهَامَةُ[1] الْيَتِيْم

ယသီးမ်ကလေး၏ စိတ်ဓာတ်မြင့်မားမှု

تَرَوْنَ أَمَامَكُمْ صُوْرَةَ مَسْجِد، هٰذَا مَسْجِدُ النَّبِيِّ ﷺ فِي الْمَدِيْنَةِ الْمُنَوَّرَة،

သင်တို့ရဲ့ရှေ့မှာ ဗလီတစ်လုံးရဲ့ပုံကို တွေ့ရမယ်။ ဒါဟာ မဒီနဟ်မြို့မှာရှိတဲ့ တမန်တော်မြတ် ﷺ ရဲ့ ဗလီဝတ်ကျောင်းတော်ပဲ ဖြစ်တယ်။

هَلْ تَعْرِفُوْنَ مِنْ خَبَرِ هٰذَا الْمَسْجِد شَيْئًا؟

ဒီဗလီအကြောင်းတစ်စုံတစ်ရာကို အသင်တို့ သိကြလား။

إِنَّ لَهُ تَارِيْخًا[2] يَغْتَبِطُ[3] بِهِ كُلُّ طِفْلٍ مُسْلِم.

ဒီဗလီမှာ မွတ်စ်လင်မ်ကလေးတိုင်း အားကျထိုက်တဲ့ သမိုင်းတစ်ခုရှိခဲ့တယ်။

لَمَّا دَعَا رَسُوْلُ اللهِ ﷺ النَّاسَ إِلَى اللهِ فِيْ مَكَّةَ،

တမန်တော်မြတ် ﷺ ဟာ မက္ကဟ်မြို့မှာ လူတွေကို အလ္လာဟ်ဘက် ဖိတ်ခေါ်တဲ့အခါ၊

وَنَادَى[4] فِي النَّاسِ (لَا إِلٰهَ إِلَّا اللهُ مُحَمَّدٌ رَسُوْلُ اللهِ)

လူတွေကြားမှာ (لَا إِلٰهَ إِلَّا اللهُ مُحَمَّدٌ رَسُوْلُ اللهِ) လို့ ဟစ်ကြွေးတဲ့အခါ

غَضِبَتْ[5] قُرَيْشٌ وَكَانَتْ تَعْبُدُ الْأَصْنَامَ،

ကုရိုင်ရှ်တွေဟာ အမျက်ဒေါသထွက်ကုန်ကြတယ်။ သူတို့ဟာ ရုပ်တုတွေကို ကိုးကွယ်ခဲ့ကြတယ်။

وَكَانَتْ فِي الْكَعْبَةِ الَّتِيْ بَنَاهَا[6] إِبْرَاهِيْمُ عليه السلام وَإِسْمَاعِيْلُ عليه السلام لِعِبَادَةِ اللهِ وَحْدَهُ:

အလ္လာဟ်တစ်ပါးတည်းကို ခဝပ်ကိုးကွယ်ဖို့အတွက် အိဗ်ရာဟီမ် عليه السلام နဲ့ အစ္စမာအီလ် عليه السلام တို့ ဆောက်လုပ်ခဲ့တဲ့ ကအ်ဗဟ်ကျောင်းတော်မှာ၊

---

1 – شَهَامَةً – يَشْهُمُ – شَهُمَ = ရဲရင့်သည်၊ စိတ်ဓာတ်မြင့်မားသည်။ 2– تَوَارِيْخُ (ج) تَارِيْخٌ = သမိုင်း။ 3– اِغْتِبَاطًا – يَغْتَبِطُ – اِغْتَبَطَ = အားကျသည်။ 4– مُنَادَاةً – يُنَادِيْ – نَادَى = ဟစ်ကြွေးသည်။ 5– غَضَبًا – يَغْضَبُ – غَضِبَ = ဒေါသထွက် သည်။ 6– بِنَاءً – يَبْنِيْ – بَنَى ဆောက်လုပ်သည်။

كَانَ فِي تِلْكَ الكَعْبَةِ ثَلَاثُمِئَة وَستُّوْنَ صَنَمًا،

အဲဒီကအ်ဗဟ်ကျောင်းတော်မှာ ရုပ်တုပေါင်း ၃၆၀ ရှိခဲ့တယ်။

فَاشْتَعَلَتْ[1] قُرَيْشٌ غَضَبًا

ကုရိုင်ရှ်လူမျိုးတွေဟာ ဒေါသမီးတွေ တောက်လောင်ခဲ့ကြတယ်။

وَآذَوْا[2] رَسُوْلَ اللهِ ﷺ وَعَذَّبُوْا الْمُسْلِمِيْنَ،

တမန်တော်မြတ် ﷺ ကို ဒုက္ခပေးခဲ့ကြတယ်။ မွတ်စ်လင်မ်တွေကို မတရားနှိပ်စက်ခဲ့ကြတယ်။

فَصَبَرَ رَسُوْلُ اللهِ عليه السلام وَصَبَرَ الْمُسْلِمُوْنَ، وَثَبَتُوْا[3] لَهُمْ كَالْجِبَال .

တမန်တော်မြတ် ﷺ ဟာ သည်းခံတော်မူခဲ့တယ်။ မွတ်စ်လင်မ်တွေလည်း သည်းခံခဲ့ကြတယ်။ သူတို့ရဲ့ရှေ့မှာ တောင်တွေပမာ ကြံ့ကြံ့ခံ ရပ်တည်ခဲ့ကြတယ်။

وَلٰكِنَّ قُرَيْشًا كَانُوْا يَمْنَعُوْنَ النَّاسَ عَنِ الْإِسْلَامِ،

ဒါပေမဲ့ ကုရိုင်ရှ်တွေဟာ လူတွေကို အစ္စလာမ်သာသနာဘက်ကနေ တားဆီးပိတ်ပင်ခဲ့ကြတယ်။

وَيَحُوْلُوْنَ[4] بَيْنَ الْمُسْلِمِيْنَ وَعِبَادَةِ اللهِ،

မွတ်စ်လင်မ်တွေနဲ့ အလ္လာဟ်ကို ခဝပ်မှုရဲ့ကြားမှာ ကာဆီးခဲ့ကြတယ်။

فَأَذِنَ[5] اللهُ لِرَسُوْلِ ﷺ بِالْهِجْرَةِ، فَهَاجَرَ[6] إِلَى الْمَدِيْنَةِ،

အဲဒီအခါ အလ္လာဟ်က တမန်တော်မြတ် ﷺ ကို ဟိဂျ်ရသ်လုပ်ခွင့် ပြုတော်မူလိုက်တယ်။ တမန်တော်ဟာ မဒီနဟ်မြို့ကို ဟိဂျ်ရသ်လုပ်တော်မူခဲ့တယ်။

وَهَاجَرَ الْمُسْلِمُوْنَ، وَكَانَت الْمَدِيْنَةُ أَرْضًا طَيِّبَةً لِلْإِسْلَامِ،

မွတ်စ်လင်မ်တွေဟာ ဟိဂျ်ရသ်လုပ်ခဲ့ကြတယ်။ မဒီနဟ်မြို့ဟာ အစ္စလာမ်သာသနာအတွက် ကောင်းမွန်တဲ့နယ်မြေဖြစ်တယ်။

1- اشْتَعَلَ فُلَانٌ غَضَبًا ဒေါသပေါက်ကွဲသည်။ 2 آذى-يُؤْذِي-إِيْذَاءً ဒုက္ခပေးသည်။
3-ثَبَتَ-يَثْبُتُ-ثُبُوْتًا = ကြံ့ကြံ့ခံရပ်တည်သည်။ 4- حَالَ-يَحُوْلُ-حَيْلُوْلَةً ကြားဝင်ကာဆီးသည်။ 5 أَذِنَ-يَأْذَنُ-إِذْنًا = ခွင့်ပြုသည်။ 6 هَاجَرَ-يُهَاجِرُ-مُهَاجَرَةً = နေရပ်စွန့်ခွာပြောင်းရွှေ့သည်။

فِي أَهْلِهَا لِيْنٌ وَرِقَّةٌ[1]، قَدْ أَسْلَمَ مِنْهُمْ كَثِيْرٌ قَبْلَ الْهِجْرَةِ.

အဲဒီမဒီနာမြို့သားတွေမှာ နူးညံ့သိမ်မွေ့မှုရှိတယ်။ သူတို့ထဲက လူအမြောက်အမြားဟာ ဟိဂျ်ရသ်မတိုင်မီကပင် အစ္စလာမ်လက်ခံခဲ့ကြပြီး ဖြစ်တယ်။

وَلَمَّا انْتَقَلَ[2] النَّبِيُّ ﷺ مِنْ مَكَّةَ إِلَى الْمَدِيْنَةِ وَسَكَنَ[3] هُنَالِكَ

တမန်တော်မြတ် ﷺ ဟာ မက္ကာဟ်ကနေ မဒီနဟ်ကို ရွှေ့ပြောင်းလာပြီး အဲဒီမှာ နေထိုင်တဲ့အခါ၊

أَحَبَّ أَنْ يَبْنِيَ مَسْجِدًا، لِأَنَّ الْمَسْجِدَ لَازِمٌ[4] لِلْمُسْلِمِيْنَ،

ဗလီဝတ်ကျောင်းတော်တစ်လုံး ဆောက်လုပ်ဖို့ နှစ်သက်တော်မူခဲ့တယ်။ ဘာကြောင့်လဲဆိုတာ ဗလီဆိုတာ မွတ်စ်လင်မ်တွေအတွက် မရှိမဖြစ် အရေးကြီးတယ်။

وَهُوَ قُطْبٌ[5] يَدُوْرُ[6] حَوْلَهُ رَحَى[7] الْحَيَاةِ الْإِسْلَامِيَّةِ

ဗလီဆိုတာ ကြိတ်ဆုံဝင်ရိုးလိုပဲ။ အစ္စလာမ့်ဘဝရှင်သန်မှုတစ်ခုလုံးရဲ့ ကြိတ်ဆုံဟာ ဒီဝင်ရိုးဘေးမှာ လည်ပတ်နေတယ်။

وَكَانَ النَّبِيُّ ﷺ نَازِلًا[8] فِي بَيْتِ أَبِي أَيُّوْبَ الْأَنْصَارِيِّ رضي الله عنه

တမန်တော်မြတ် ﷺ ဟာ အဗူအိုင်ယူးဗ်အန်စွာရီ رضي الله عنه ရဲ့အိမ်မှာ တည်းခိုတော်မူခဲ့တယ်။

وَكَانَ ضَيْفًا[9] عَلَيْهِ، وَكَانَ قَرِيْبًا مِنْ بَيْتِهِ مِرْبَدٌ[10]،

သူ့ဆီမှာ ဧည့်သည်အဖြစ်နေခဲ့တယ်။ အဗူအိုင်ယူးဗ် رضي الله عنه ရဲ့ အိမ်အနီးမှာ တလင်းပြင်တစ်ခုရှိတယ်။

فَأَرَادَ رَسُوْلُ اللهِ ﷺ أَنْ يَبْنِيَ الْمَسْجِدَ فِي ذٰلِكَ الْمَكَانِ،

အဲဒီနေရာမှာ တမန်တော်မြတ် ﷺ က ဗလီတစ်လုံးဆောက်လုပ်ဖို့ ရည်ရွယ်တော်မူခဲ့တယ်။

---

1 = لِيْنٌ وَرِقَّةٌ =နူးညံ့သိမ်မွေ့မှု။ 2- انْتَقَلَ-يَنْتَقِلُ-انْتِقَالًا =ရွှေ့ပြောင်းသည်။
3- سَكَنَ-يَسْكُنُ-سُكُوْنًا နေထိုင်သည်။ 4- لَازِمٌ =အရေးကြီးသော။ 5-(ج) قُطْبٌ
قُطُوْبٌ وَأَقْطَابٌ=ကြိတ်ဆုံဝင်ရိုး။ 6 - دَارَ-يَدُوْرُ-دَوَرَانًا= လည်ပတ်သည်။ 7-
رَحًى (ج) أَرْحَاءٌ =ကြိတ်ဆုံ။ 8- نُزُوْلًا — نَزَلَ တည်းခိုသည်။ =9-(ج) ضَيْفٌ
ضُيُوْفٌ =ဧည့်သည်။ 10- مِرْبَدٌ (ج) مَرَابِدُ =တလင်းပြင်။

قَالَ رَسُوْلُ اللهِ ﷺ : لِمَنْ هٰذَا الْمِرْبَدُ ؟

တမန်တော်မြတ် ﷺက မေးတော်မူတယ်။ ဒီတလင်းပြင်က ဘယ်သူ့ဟာလဲ။

قَالَ رَجُلٌ مِنَ الْأَنْصَارِ اسْمُهُ مُعَاذُ بْنُ عَفْرَاءَ: هُوَ يَا رَسُوْلَ اللهِ ! لِيَتِيْمَيْنِ،

မုအားဇ် ဗင်န် အဖ်ရာအ်လို့ခေါ်တဲ့ အန်စွာရီလူငယ်တစ်ဦးက ဖြေတယ်။ အို၊ တမန်တော်၊ အဲဒါ ဖတဆိုးကလေးနှစ်ဦးရဲ့ တလင်းပြင်ပါ။

اسْمُ أَحَدِهِمَا سَهْلٌ ، وَاسْمُ الثَّانِيْ سُهَيْلٌ.

တစ်ဦးရဲ့နာမည်က စဟလ်ဖြစ်ပြီး နောက်တစ်ဦးရဲ့နမည်က စုဟိုင်လ်ဖြစ်ပါတယ်။

طَلَبَ رَسُوْلُ اللهِ ﷺ سَهْلًا وسُهيلًا، وَهُمَا وَلَدَانِ يَتِيْمَانِ،

တမန်တော်မြတ် ﷺက စဟလ်နဲ့ စုဟိုင်လ်ကို ခေါ်ခိုင်းလိုက်တယ်။ သူတို့နှစ်ဦးဟာ ဖတဆိုးလေးတွေ ဖြစ်တယ်။

فَلَمَّا حَضَرَا، كَلَّمَهُمَا رَسُوْلُ اللهِ ﷺ فِي أَمْرِ الْمِرْبَدِ وَثَمَنِه[1]،

သူတို့နှစ်ဦးရောက်လာတဲ့အခါ တမန်တော်မြတ် ﷺက တလင်းပြင်ကိစ္စနဲ့ ဈေးနှုန်းကိစ္စ စကားပြောတယ်။

قَالَ سَهْلٌ وَسُهَيْلٌ: هُوَ يَا رَسُوْلَ اللهِ! لله، لَا نَشْتَرِيْ بِه ثَمَنًا،

စဟလ်နဲ့ စုဟိုင်တို့က လျှောက်တင်ကြတယ်။ အို၊ တမန်တော်၊ အဲဒါကို အလ္လာဟ် အတွက် ပေးလှူပါတယ်။ ကျွန်တော်တို့ ငွေတန်ဖိုးယူပြီး မရောင်းပါဘူး။

فَابْنِ[2] الْمَسْجِدَ، وَقَدْ طَابَتْ[3] بِه أَنْفُسُنَا،

ကိုယ်တော် ဗလီဆောက်လိုက်ပါ။ ကျွန်တော်တို့ စိတ်ကျေနပ်ပါတယ်။ (ကြည်ဖြူပါတယ်။)

وَلٰكِنَّ رَسُوْلَ اللهِ ﷺ أَبٰى[4]،

ဒါပေမဲ့လည်း တမန်တော်မြတ် ﷺက ငြင်းဆန်လိုက်တယ်။

وَاشْتَرٰى مِنْهُمَا الْمَكَانَ، وَدَفَعَ[5] الثَّمَنَ،

သူတို့နှစ်ဦးဆီကနေ အဲဒီနေရာကို ဝယ်လိုက်တယ်။ ပြီးတော့ တန်ဖိုးငွေ ပေးချေလိုက်

1– أَثْمَانٌ (ج) ثَمَنٌ = ဈေးနှုန်း၊ တန်ဖိုး။ 2–ابْنِ الْمَسْجِدَ = အသင် ဆောက်လုပ်ပါ။ 3– طَابَتْ النَّفْسُ–يَطِيْبُ–طِيْبًا စိတ်ကျေနပ်သည်။ 4- أَبٰى–يَأْبٰى–إِبَاءً = ငြင်းဆန်သည်။ 5– دَفَعَ الثَّمَنَ–يَدْفَعُ–دَفْعًا = ငွေပေးချေသည်။

တယ်။

وَبَنَى الْمُسْلِمُوْنَ الْمَسْجِدَ، وَرَسُوْلُ اللهِ ﷺ يَعْمَلُ بِيَدِهِ

မွတ်စ်လင်မ်တွေဟာ ဗလီဆောက်လုပ်ခဲ့ကြတယ်။ တမန်တော်မြတ် ﷺ ဟာ မိမိရဲ့ လက်တော်နဲ့ ကိုယ်တိုင်လုပ်တယ်။

وَيَنْقُلُ اللَّبِنَ[1]، فَقَالَ قَائِلٌ مِنَ الْمُسْلِمِيْنَ:

အုတ်တွေကို သယ်တယ်။ မွတ်စ်လင်တစ်ဦးက အခုလို ကဗျာရွတ်တယ်။

لَئِنْ قَعَدْنَ[2] وَالنَّبِيُّ يَعْمَلُ

တမန်တော်မြတ် ﷺ က အလုပ်လုပ်နေပြီး ငါတို့က ထိုင်နေမယ်ဆိုရင်

لَذَاكَ مِنَّا الْعَمَلُ الْمُضَلِّلُ[3]

ဒါဟာ ငါတို့ဘက်က မှားယွင်းတဲ့လုပ်ရဲ့ ဖြစ်သွားလိမ့်မယ်။

وَكَانَ الْمُسْلِمُوْنَ يَبْنُوْنَهُ وَيَقُوْلُوْنَ:

မွတ်စ်လင်မ်တွေဟာ ဗလီဆောက်လုပ်နေရင်း အခုလို ကဗျာရွတ်ဆို ခဲ့ကြတယ်။

اَللّٰهُمَّ لَا عَيْشَ إِلَّا عَيْشَ الآخِرَةَ

အို၊ အလ္လာဟ်အရှင်၊ နောင်တမလွန်ရဲ့ ဘဝရှင်သန်မှုကသာ ရှင်သန်မှု အစစ်အမှန်ပါ။

فَارْحَمِ الأَنْصَارَ وَالْمُهَاجِرَةَ[4]

အန်စွာရီတွေနဲ့ မုဟာဂျိရ်တွေကို အရှင်မြတ် သနားတော်မူပါ။

وَقَدْ زَادَ[2] فِيْ هٰذَا الْمَسْجِدِ أَمِيْرُ الْمُؤْمِنِيْنَ عُثْمَانُ بْنُ عَفَّانَ رضي الله عنه وَالْمُلُوْكُ بَعْدَهُ

မုအ်မင်နတ်တို့ရဲ့ ခေါင်းဆောင်ကြီး အွတ်စ်မာန်နဲ့ သူ့နောက်က ဘုရင်တွေဟာ ဒီဗလီဝတ် ကျောင်းတော်မှာ တိုးချဲ့ခဲ့ကြတယ်။

1- لَبَنٌ – (ج) لَبِنَةٌ = အုတ်စိမ်း။ 2- قَعَدَ–يَقْعُدُ–قُعُوْدًا = ထိုင်သည်။ 3- العَمَلُ المُضَلِّلُ = များ ယွင်းသော၊ လမ်းလွဲစေသောလုပ်ရပ်။ 4- المُهَاجِرَةُ = မုဟာဂျိရ်များ၊ المُهَاجِرَةُ: التَاءُ فِيْهِ لِلْجَمْعِ ။

5- زَادَ–يَزِيْدُ–زِيَادَةً = တိုးချဲ့သည်။

حَتَّى تَرَوْنَهُ فِيْ هٰذَا الشَّكْلِ[1].

နောက်ဆုံး သင်တို့ မြင်နေရတဲ့ပုံစံအတိုင်းပါပဲ။

كِسْرَةٌ[2] مِنَ الْخُبْزِ

မုန့်အပိုင်းလေးတစ်ခု

مَرَّةً أَخَذْتُ كِسْرَةً مِنَ الْخُبْزِ لِآكُلَهَا

တစ်ခါမှာ ကျွန်တော်ဟာ မုန့်တစ်ပိုင်းကို စားဖို့ ယူလိုက်တယ်။

فَقَالَتْ: مَهْلًا[3] يَاسَيِّدِيْ! إِنَّكَ غَيْرُ جَائِعٍ[4]، وَقَدْ أَكَلْتَ أَخَوَاتِيْ[5]،

အဲဒီအခါ မုန့်အပိုင်းလေးက ပြောတယ်။ အို၊ မိတ်ဆွေ၊ ခဏနေပါဦး။ အသင်ဟာ ဗိုက်ဆာနေတဲ့သူမဟုတ်ဘူး။ ကျွန်တော်နဲ့ မျိုးတူ မုန့်အမြောက်အမြားကို အသင်စားခဲ့ပြီးပါပြီ။

أَفَلَا تُحِبُّ أَنْ أَقُصَّ عَلَيْكَ قِصَّتِيْ، فَإِنَّهَا غَرِيْبَةٌ وَإِنَّهَا لَذِيْذَةٌ.

ကျွန်တော့်အကြောင်း ခင်ဗျားကို ပြောပြတာ မနှစ်သက်ဘူးလား။ အဲဒီ အကြောင်းဟာ ဆန်းပြားတယ်။ အရသာလည်းရှိတယ်။

قُلْتُ: بَلٰى! أُرِيْدُ أَنْ أَسْمَعَ قِصَّتَكَ فَلَا آكُلُكَ حَتَّى أَسْمَعَ مِنْكَ.

ကျွန်တော်က ပြောတယ်။ နှစ်သက်တာပေါ့။ အသင့်အကြောင်းကို ကျွန်ုပ် နားထောင်ချင်ပါတယ်။ အသင်ပြောတာ နားထောင်လို့မပြီးမချင်း သင့်ကို ကျွန်ုပ် မစားပါဘူး။

قَالَتْ: هَلْ تَظُنُّ يَا سَيِّدِيْ ! أَنِّيْ خُلِقْتُ هٰكَذَا ؟

မုန့်အပိုင်းလေးက ပြောတယ်။ အို၊ မိတ်ဆွေ၊ ကျွန်တော်ဟာ ဒီပုံစံအတိုင်း အဖန်ဆင်းခံထားရတယ်လို့ အသင် ထင်နေလား။

1- أَشْكَالٌ (ج) شَكْلٌ = ပုံစံ၊ ပုံသဏ္ဍာန်။ 2- كِسَرٌ (ج) كِسْرَةٌ = အပိုင်းအစ။
3- مَهْلًا = နေပါဦး၊ မလောပါနဲ့။ 4- جِيَاعٌ ، جَائِعُوْنَ (ج) جَائِعٌ = ဗိုက်ဆာလောင်နေသူ။
5- أَخَوَاتٌ (ج) أُخْتٌ = ညီအမ၊ မျိုးတူ၊ ပုံဆံတူ။

هَلْ سَمِعْتَ أَنَّ الْخُبْزَ يَنْبُتُ[1] فِي الْحَقْلِ[2] أَوْ يَنْزِلُ مِنَ السَّمَاءِ ؟

မုန့်ဟာ လယ်ထဲမှာ ပေါက်လာတယ်၊ ဒါမှမဟုတ် မိုးပေါ်ကနေ ကျလာတယ်လို့ အသင် ကြားဖူးပါသလား။

إِنَّكَ تَأْكُلُ مُسْتَرِيْحًا[3] يَأْتِيْكَ رِزْقُكَ رَغَدًا[4]،

သင်ကတော့ အေးအေးဆေးဆေး ဖိမ်နဲ့ စားရတယ်။ စားနပ်ရိက္ခာက သင့်ဆီကို ဖောဖောသီသီ ရောက်လာတယ်။

وَلٰكِنِّيْ لَمْ أَزَلْ أَتَحَمَّلُ[5] الْمَشَاقَّ[6] لِأَجْلِكَ[7]،

ဒါပေမဲ့ ကျွန်တော်ကတော့ အသင့်အတွက်နဲ့ တောက်လျှောက် ဒုက္ခတွေ ခံခဲ့ရတယ်။

وَأَخْرُجُ مِنْ مُصِيْبَةٍ[8] إِلَى مُصِيْبَةٍ وَمِنْ مَحْبَسٍ[9] إِلَى مَحْبَسٍ

ဒုက္ခတစ်ခုနေကနေ နောက်ဒုက္ခတစ်ခု၊ အချုပ်အနှောင်တစ်ခုကနေ နောက်အချုပ်အနှောင်တစ်ခုဆီကို ထွက်လာရင်း

حَتَّى وَصَلْتُ إِلَى يَدِكَ.

နောက်ဆုံး အသင့်ရဲ့လက်ထဲကို ရောက်လာခဲ့ခြင်းဖြစ်တယ်။

كَانَ مِنْ خَبَرِيْ أَنِّيْ كُنْتُ حَبَّةَ حِنْطَةٍ[10] مَعَ شَقِيْقَاتِيْ[11] فِيْ غِرَارَةٍ[12]

ကျွန်တော့်အကြောင်းကို ပြောရရင်တော့ ကျွန်တော်ဟာ ဂျုံစေ့လေး တစ်စေ့ပေါ့၊ ကျွန်တော့်ရဲ့ မျိုးတူဂျုံစေ့တွေနဲ့အတူ ဂျုံအိတ်ထဲမှာ ရှိခဲ့တယ်။

فَجَاءَ إِلَيْنَا رَجُلٌ فَأَخَذَنِيْ مَعَ رَفِيْقَاتِيْ[13] فَبَذَرَنَا[14] فِي التُّرَابِ.

ကျွန်တော်တို့ဆီကို လူတစ်ဦးယောက်လာတယ်။ ပြီးတော့ ကျွန်တော့်ကို ကျွန်တော်ရဲ့

1- نَبَتَ–يَنْبُتُ–نَبَاتًا = အပင်ပေါက်သည်။ 2- حَقْلٌ (ج) حُقُوْلٌ = လယ်ယာ။ 3- تَأْكُلُ مُسْتَرِيْحًا = အသင်က ဖိမ်နဲ့စားသုံးရသည်။ 4= رَغَدًا = ဖောဖောသီသီ။ 5- تَحَمَّلَ–يَتَحَمَّلُ–تَحَمُّلًا = သည်းခံသည်၊ ကြံ့ကြံ့ခံသည်။ 6- مَشَاقُّ (ج) مَشَقَّةٌ ဒုက္ခအခက်အခဲ။ 7- لِأَجْلِكَ = အသင့်အတွက်ကြောင့်။ 8- مَصَائِبُ (ج) مُصِيْبَةٌ ဒုက္ခ။ 9- مَحْبَسٌ (ح) مَحَابِسُ = အချုပ်ခန်း။ 10- حِنْطَةٌ = ဂျုံ။ 11- شَقَائِقُ وَشَقِيْقَاتٌ (ج) شَقِيْقَةٌ = ညီအမအရင်း၊ မျိုးတူ ပုံစံတူ။ 12- غَرَائِرُ (ج) غِرَارَةٌ = ဂျုံအိတ်။ 13- (ج) رَفِيْقَةٌ رَفِيْقَاتٌ = သူငယ်ချင်းမိတ်ဆွေ။ 14- بَذَرَ–يَبْذُرُ–بُذُوْرًا = မျိုးစေ့ချသည်။

အဖော်တွေနဲ့အတူ ယူဆောင်သွားတယ်။ ပြီးတော့ မြေကြီးထဲမှာ မျိုးစေ့ချလိုက်တယ်။

هُنَالِكَ فِي الْحَقْلِ أَبْصَرْتُ[1] الدُّنْيَا

အဲဒီမှာ ကျွန်တော်ဟာ လယ်ထဲမှာ လောကကြီးကို တွေ့မြင်လိုက်ရတယ်။

وَأَصَابَتْنِي الشَّمْسُ وَكُنْتُ مَسْرُورَةً جِدًّا.

နေနဲ့ ထိတွေ့လိုက်ရတယ်။ ကျွန်တော် အလွန်ပျော်ရွှင်သွားတယ်။

وَلٰكِنْ نَزَلَ الْمَطَرُ، وَدَخَلْتُ إِلَى بَاطِنِ التُّرْبَةِ، وَبَقِيتُ مَدْفُونَةً أَيَّامًا

ဒါပေမဲ့ (သိပ်မကြာပါဘူး) မိုးရွာလာတယ်။ မြေကြီးအတွင်းထဲကို ကျွန်တော် နစ်ဝင်သွားတယ်။ ရက်တစ်ချို့ မြေထဲမှာ မြှုပ်နှံခံရလျက် နေခဲ့ရတယ်။

وَأَخَذَ جِسْمِي يَكْبُرُ[2] وَجِلْدِي يَضِيقُ عَلَيَّ،

ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ဟာ ကြီးကြီးလာတယ်။ သားရေဟာ ကျပ်ကျပ်လာတယ်။

حَتَّى انْشَقَّ[3] جِلْدِي، وَخَرَجَ مِنْهُ جُذَيْرَاتٌ[4] كَالشَّعْرِ

နောက်ဆုံး သားရေဟာ အက်ကွဲသွားတယ်။ အဲဒီကနေ အမွေးအမှင်လို အမြစ်သေးသေးလေးတွေ ထွက်လာတယ်။

ثُمَّ خَرَجَتْ وُرَيْقَاتٌ[5] شَقَّتِ التُّرْبَةَ وَظَهَرَتْ فَوْقَ الْأَرْضِ،

ပြီးတော့ မြေကြီးကို ခွဲပြီး သစ်ရွက်သေးသေးလေးတွေ ထွက်လာတယ်။ ပြီးတော့ မြေပြင်ပေါ်မှာ ပေါ်ထွက်လာတယ်။

فَكُنْتُ يَاسَيِّدِي سُنْبُلَةً[6] قَائِمَةً عَلَى سَاقٍ[7].

အို– မိတ်ဆွေ၊ ကျွန်တော်ဟာ ပင်စည်ပေါ်မှာ ရပ်နေတဲ့ အနှံတစ်နှံ ဖြစ်လာခဲ့တယ်။

ثُمَّ أَصْبَحْتُ سُنْبُلَةً صَفْرَاءَ فِي حَرَارَةِ الشَّمْسِ

ပြီးတော့ နေအပူရှိန်ထဲမှာ ကျွန်တော်ဟာ အဝါရောင် အနှံတစ်နှံ ဖြစ်သွားခဲ့တယ်။

1- أَبْصَرَ – يُبْصِرُ – إِبْصَارًا = တွေ့မြင်သည်။ 2- كَبُرَ – يَكْبُرُ – كِبَرًا = ကြီးထွားသည်။ 3- اِنْشَقَّ – يَنْشَقُّ – اِنْشِقَاقًا = အက်ကွဲသည်။ 4- جُذَيْرَاتٌ (ج) جُذَيْرَةٌ = သေးငယ်သောအမြစ် جُذَيْرَةٌ: تَصْغِيرُ جِذْرٍ။ 5- وُرَيْقَاتٌ (ج) وُرَيْقَةٌ = သေးငယ်သောသစ်ရွက်။ وُرَيْقَةٌ: تَصْغِيرُ وَرَقٍ ။ 6- سُنْبُلَاتٌ وَسَنَابِلُ (ج) سُنْبُلَةٌ စပါးနှံ၊ ဂျုံနှံ။
7= سِيقَانٌ (ج) سَاقٌ = ပင်စည်။

وَكُنْتُ أَرَى صَدِيْقَاتِي وَكُنَّا نَتَحَدَّثُ وَنَهْتَزُّ[1] طَرَبًا[2]

ကျွန်တော့်ရဲ့ သူငယ်ချင်းမိတ်ဆွေတွေကို တွေ့မြင်ရတယ်။ ကျွန်တော်တို့ဟာ စကားစမြည်ပြောကြတယ်။ ပျော်ရွှင်ပြီး လှုပ်ယမ်းကြတယ်။

وَكَانَتْ أَيَّامًا جَمِيْلَةً.

အဲဒီနေ့ရက်လေးတွေဟာ အလွန် လှပတဲ့ရက်ကလေးတွေပါပဲ။

وَمَا طَالَتْ تِلْكَ الْمُدَّةُ فَقَدْ جَاءَ رِجَالٌ يَحْمِلُوْنَ الْمَنَاجِلَ[3]،

အဲဒီကာလဟာ သိပ်မကြာလိုက်ပါဘူး။ လူတစ်ချို့ဟာ တံစဉ်တွေထမ်းပြီး ရောက်လာကြတယ်။

فَحَصَدُوْا[4] وَحَمَلُوْا، وَانْتَقَلْتُ إِلَى بَيْدَرٍ[5] وَمَكَثْتُ أَيَّامًا.

ပြီးတော့ ရိတ်သိမ်းပြီး သယ်ဆောင်သွားကြတယ်။ ကျွန်တော်ဟာ တလင်းပြင်တစ်ခုဘက်ကို ပြောင်းသွားပြီး ရက်အချို့ နေထိုင်ခဲ့ရတယ်။

وَكَانَ مِنْ أَشَدِّ الأَيَّامِ فَقَدْ جَاءَ ثِيْرَانٌ[6] فَدَاسَتْنَا[7] بِأَقْدَامِهَا،

အပြင်းထန်ဆုံးနေ့တစ်နေ့က ဘယ်နေ့လဲဆိုရင် နွားထီးတွေ ရောက်လာပြီး ကျွန်တော်တို့ကို ခြေထောက်တွေနဲ့ နင်းချေကြတဲ့နေ့ပါပဲ။

وَفَارَقْتُ[8] السُّنْبُلَةَ وَكُنْتُ طَرِيْحًا[9] ذَلِيْلًا.

ကျွန်တော်ဟာ ဂျုံအနှံနဲ့ သီးခြားဖြစ်သွားပြီး အပစ်ပယ်ခံထားရသူ၊ သိက္ခာမဲ့သူ ဖြစ်ခဲ့ရပါတယ်။

1- اهْتَزَّ-يَهْتَزُّ-اهْتِزَازًا = လှုပ်ယမ်းသည်။ 2- طَرِبَ-يَطْرَبُ-طَرَبًا = ပျော်ရွှင်မြူးထူးသည်။ 3- مَنَاجِلُ (ج) مِنْجَلٌ တံစဉ်။ 4- حَصَدَ-يَحْصُدُ-حَصَادًا = လယ် ရိတ်သိမ်းသည်။ 5- بَيَادِرُ (ج) بَيْدَرٌ = စပါးနယ်သည့် တလင်းပြင်။ 6- ثِيْرَانٌ (ج) ثَوْرٌ = နွားထီး။ 7- دَاسَ-يَدُوْسُ-دَوْسًا وَدِيَاسًا = ခြေထောက်ဖြင့် နင်းခြေသည်။ 8- فَارَقَ-يُفَارِقُ-مُفَارَقَةً = တစ်သီးတစ်ခြားဖြစ်သည်။ 9- طَرْحَى (ج) طَرِيْحٌ = စွန့်ပစ်ခံထားရသူ။

ثُمَّ أَخَذَنَا رِجَالٌ وَذَرَوْنَا[1] فِي الرِّيْحِ، فَطَارَ الْقِشْرُ[2] وَبَقِيَ الْقَمْحُ[3].

ပြီးတော့ လူတချို့ဟာ ကျွန်တော်တို့ကို သယ်ယူသွားပြီး လေထဲမှာ ပြာကြတယ်။ အခွံတွေ လွင့်ပျံသွားပြီး ဂျုံစေ့တွေပဲ ကျန်ခဲ့တယ်။

وَكَانَ أَشَدَّ مِنْ ذٰلِكَ كُلِّهِ: أَنَّ رَجُلًا حَمَلَنِيْ إِلَى شَيْءٍ مُدَوَّرٍ مِنَ الْحَجَرِ، فِيْهِ ثَقْبٌ[4]،

ဒါတွေအားလုံးထက်ပိုပြီး အပြင်းထန်ဆုံးကတော့ လူတစ်ယောက်ဟာ ကျောက်နဲ့လုပ်ထားတဲ့ လုံးဝိုင်းတဲ့အရာတစ်ခုဆီကို ကျွန်တော့်ကို ခေါ်သွားတယ်။ အဲဒီမှာ အပေါက်တစ်ခုပါတယ်။

وَكُنْتُ أَسْمَعُ لَهُ صَوْتًا شَدِيْدًا كَرِيْهًا وَجَعْجَعَةً،

အဲဒီအရာဆီကနေ ပြင်းထန်တဲ့၊ မနှစ်မြို့ဖွယ်ကောင်းတဲ့ ဂျုန်းဂျုန်းမြည်သံကို ကျွန်တော် ကြားရတယ်။

فَأَلْقَانِيْ فِيْهِ فَطَحَنَنِيْ طَحْنًا، هَلْ تَعْرِفُ اسْمَهُ يَاسَيِّدِيْ؟

သူက ကျွန်တော့်ကို အဲဒီထဲမှာထည့်ပြီး ကောင်းကောင်း ကြိတ်တယ်။ အဲဒီအရာရဲ့ နာမည်ဘာလဲ အသင် သိသလား။

ذٰلِكَ هُوَ الطَّاحُوْنُ أَوِ الرَّحَى،

အို၊ မိတ်ဆွေ၊ အဲဒါကို ကြိတ်ဆုံလို့ ခေါ်တယ်။

فَلَمَّا صِرْتُ دَقِيْقًا[5] أَخَذَنِيْ الْخَبَّازُ وَوَضَعَنِيْ فِيْ مِعْجَنَةٍ[6]،

ကျွန်တော် ဂျုံမှုန့်ဖြစ်သွားတဲ့အခါမှာ မုန့်ဖုတ်သမားက ကျွန်တော့်ကို ယူဆောင်သွားပြီး ဂျုံနယ်တဲ့ဇလုံထဲမှာ ထည့်တယ်။

وَغَمَرَنِيْ[7] بِالْمَاءِ النَّقِيِّ، وَغَمَزَنِيْ[8]، حَتَّى صِرْتُ عَجِيْنًا،

ပြီးတော့ ရေသန့်သန့်နဲ့ စိမ်ပြီး ဖြစ်ညှစ်ပြီး နယ်တယ်။ နောက်ဆုံးမှာ ကျွန်တော်ဟာ နယ်ထားတဲ့ဂျုံဖြစ်သွားတယ်။

1- ذَرَا–يَذْرُوْ–ذَرْوًا = ဆန်ကာချသည်၊ ပြာသည်။ 2– قُشُوْرٌ (ج) قِشْرٌ = အခွံ။
3–قَمْحٌ = ဂျုံစေ့။ 4– ثُقُوْبٌ (ج) ثَقْبٌ = အပေါက်။ 5– دَقِيْقٌ = ဂျုံမှုန့်။ 6– مِعْجَنَةٌ
مَعَاجِنُ (ج) = ဂျုံနယ်သော ဇလုံ၊ ခွက်။ 7– غَمَرَ–يَغْمُرُ–غَمْرًا = ရေဖြင့် စိမ်သည်။ 8–
غَمَزَ–يَغْمِزُ–غَمْزًا = လက်ဖြင့် ဖိသည်၊ ညှစ်သည်။

فَصَنَعَ مِنّيْ كُرَةً.

ပြီးတော့ ကျွန်တော့်ကို အလုံး အလုံးလေးတွေ လုပ်လိုက်တယ်။

هُنَالِكَ جَاءَتِ الْمُصِيْبَةُ فَقَدْ دَحَانِيْ[1] عَلَى حَدِيْدٍ مُحْمًى[2]

အဲဒီမှာ ဒုက္ခစတွေ့တော့တာပဲ။ သူက ကျွန်တော့်ကို ပူပြင်းတဲ့ သံပြားပေါ်မှာ ဖြန့်လိုက်တယ်။

تُسَمُّوْنَهُ الطَّابَقَ[3]، لَا تَسْأَلْ يَاسَيِّدِيْ ! عَنْ أَلَمِيْ وَاحْتِرَاقِيْ

အဲဒါကို သင်တို့က ဒယ်ပြားလို့ ခေါ်တယ်။ အို၊ မိတ်ဆွေ၊ ကျွန်တော် ဘယ်လောက် နာကျင်ပြီး၊ ဘယ်လောက် လောင်မြိုက်ခဲ့ရသလဲ အသင် မမေးပါနဲ့တော့။

فَقَدْ الْتَوَيْتُ[4] وَانْكَمَشْتُ[5]

ကျွန်တော်ဟာ ကွေးကောက်ပြီး ကြုံ့သွားခဲ့တယ်။

وَلٰكِنَّ الْخَبَّازَ لَمْ يَرْحَمْنِيْ وَلَمْ يَرِقَّ لِيْ[6] ، حَتَّى كُنْتُ رُقَاقًا[7].

ဒါပေမဲ့လည်း မုန့်ဖုတ်သမားက ကျွန်တော့်ကို မသနားဘူး။ မညှာတာဘူး။ နောက်ဆုံး ကျွန်တော်ဟာ ချာပါတီ ဖြစ်သွားတယ်။

كُلُّ ذٰلِكَ فِيْ سَبِيْلِكَ يَا سَيِّدِيْ!

ဒါတွေအားလုံးဟာ အသင့်အတွက် ခံခဲ့ရတာချည်းပါပဲ။

كُنْتُ أَشْقَى[8] لِنَعِيْمِكَ وَأَتْعَبُ لِلَذَّتِكَ وَأَنْتَقِلُ مِنْ طَوْرٍ[9] إِلَى طَوْرٍ

အသင် စည်းစိမ်ခံစားရဖို့ ကျွန်တော်က ဒုက္ခခံခဲ့ရတယ်။ အသင် အရသာခံ ဖို့အတွက် ကျွန်တော်က အပင်ပန်းခံခဲ့ရတယ်။ အခြေအနေတစ်ခုကနေ နောက်အခြေအနေ တစ်ခုကို ပြောင်းခဲ့ရတယ်။

1- دَحَا–يَدْحُوْ–دَحْوًا = ဖြန့်ခင်းသည်။ ﴿وَالْأَرْضَ بَعْدَ ذٰلِكَ دَحَاهَا﴾
2- مُحْمًى = အပူပေးထားသော၊ أَحْمَى–يُحْمِيْ–إِحْمَاءً
3- طَابَقٌ (ج) طَوَابِقُ = ဒယ်ပြား။
4- الْتَوَى–يَلْتَوِيْ–الْتِوَاءً = ကွေးကောက်သည်။
5- انْكَمَشَ–يَنْكَمِشُ–انْكِمَاشًا = ကြုံ့သည်။
6- رَقَّ–يَرِقُّ–رِقَّةً = စိတ်နူးညံ့သည်။
7- رُقَاقٌ = ချာပါတီ။
8- شَقِيَ–يَشْقَى–شَقَاوَةً ဒုက္ခရောက်သည်၊ ကံဆိုးသည်။
9- طَوْرٍ (ج) أَطْوَارٌ = အခြေအနေ။

لِتَأْكُلَ هَنِيْئًا وَتَشْبَعَ أَفَلا يَحْسُنُ بِكَ أَنْ تَقُوْلَ:
အသင် ကောင်းကောင်း စားရဖို့ ဝမ်းဝဖို့အတွက်ပဲ ဖြစ်တယ်။ အဲဒီတော့ အသင့်အနေနဲ့ ဒီဒုအာလေး ရွတ်ဆိုဖို့ မသင့်ဘူးလား။

" الْحَمْدُ للهِ الَّذِيْ أَطْعَمَنِيْ وَسَقَانِيْ وَجَعَلَنِيْ مِنَ الْمُسْلِمِيْنَ" ؟ !
ချီးမွမ်းခြင်းအပေါင်းဟာ အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်တယ်။ အရှင်မြတ်ဟာ ကျွန်တော့်ကို ကျွေးမွေးတော်မူတယ်။ တိုက်ကျွေးတော် မူတယ်။ ကျွန်တော့်အား မွတ်စ်လင်မ်တွေထဲမှ ပြုလုပ်တော်မူတယ်။

عِيَادَةُ[1] الْمَرِيْضِ

လူမမာ မေးမြန်းခြင်း

ذَهَبَ حَامِدٌ إِلَى الْمَدْرَسَةِ يَوْمَ السَّبْتِ
ဟာမိဒ်ဟာ စနေနေ့မှာ ကျောင်းကိုသွားခဲ့တယ်။
فَوَجَدَ أَنَّ صَدِيْقَهُ حُسَيْنًا مَا حَضَرَ فِي الْمَدْرَسَةِ،
သူ့ရဲ့သူငယ်ချင်း ဟိုစိုင်န် ကျောင်းမလာတာ သူတွေ့လိုက်ရတယ်။
فَسَأَلَ أَخَاهُ عَلِيًّا عَنِ السَّبَبِ فَقَالَ: إِنَّهُ مَحْمُوْمٌ[2] مِنْ يَوْمِ الْخَمِيْسِ،
ဒါနဲ့ သူဘာကြောင့်မလာလဲလို့ အလီကို မေးမြန်းတယ်။ အလီက ပြောတယ်။ သူဟာ ကြာသပတေးနေ့ကတည်းက ဖျားနေတယ်။
فَعَزَمَ[3] حَامِدٌ عَلَى أَنْ يَعُوْدَهُ فِي الرُّجُوْعِ مِنَ الْمَدْرَسَةِ.
ဒါနဲ့ ဟာမိဒ်က ကျောင်းပြန်ရင် သူ့ဆီကို လူမမာသွားမေးမယ်လို့ ဆုံးဖြတ် လိုက်တယ်။

1– عَادَ–يَعُوْدُ–عِيَادَةً = လူမမာ မေးမြန်းသည်။ 2– مَحْمُوْمٌ = ဖျားနာနေသူ။ 3– عَزَمَ– يَعْزِمُ–عَزْمًا =ဆုံးဖြတ်ချက်ချသည်။

ذَهَبَ حَامِدٌ إِلَى بَيْتِ حُسَيْنٍ فَسَلَّمَ وَاسْتَأْذَنَ[1]،

ဟာမိဒ်ဟာ ဟုစိုင်န်ရဲ့အိမ်ကို သွားတယ်။ စလာမ်ပေးတယ်။ ပြီးတော့ ခွင့်တောင်းတယ်။

فَخَرَجَ أَبُوْ حُسَيْنٍ، قَالَ حَامِدٌ: إِنِّي أُرِيْدُ أَنْ أَعُوْدَ صَدِيْقِيْ حُسَيْنًا

ဟုစိုင်န်ရဲ့ အဖေ ထွက်လာတယ်။ ဟာမိဒ်ကပြောတယ်။ ကျွန်တော့်ရဲ့ သူငယ်ချင်း ဟုစိုင်န်ကို လူနာမေးမြန်းချင်လို့ပါ။

فَقَدْ أَخْبَرَنِيْ عَلِيٌّ أَنَّهُ مَرِيْضٌ،

အလီက ကျွန်တော့်ကို ပြောပြတယ်။ သူနေမကောင်းဖြစ်နေတယ်တဲ့။

قَالَ أَبُوْهُ : نَعَمْ! إِنَّهُ أَصَابَتْهُ الْحُمَّى[2] يَوْمَ الْخَمِيْسِ، وَيُمْكِنُكَ أَنْ تَعُوْدَهُ.

သူ့အဖေက ပြောတယ်။ ဟုတ်တယ်။ ကြာသပတေးနေ့က အဖျားတက် လာတယ်။ မင်း သူ့ကို လူနာမေးမြန်းနိုင်ပါတယ်။

صَعِدَ[3] حَامِدٌ إِلَى السَّطْحِ[4]، وَدَخَلَ غُرْفَةَ حُسَيْنٍ،

ဟာမိဒ်က အပေါ်ထပ်ကို တက်သွားတယ်။ ပြီးတော့ ဟုစိုင်န်ရဲ့အခန်းထဲကို ဝင်သွား တယ်။

فَرَأَى حُسَيْنًا مُضْطَجِعًا، فَسَلَّمَ عَلَيْهِ بِلُطْفٍ، وَدَنَا[5] مِنْهُ،

ဟုစိုင်န် လဲလျောင်းနေတာ တွေ့လိုက်ရတယ်။ ဒါနဲ့ သူ့ကို နူးညံ့သိမ်မွေ့စွာ စလာမ်ပေး လိုက်တယ်။ ပြီးတော့ သူ့အနားကို သွားလိုက်တယ်။

وَقَالَ لَهُ: كَيْفَ حَالُكَ يَا أَخِيْ! عَافَاكَ[6] اللهُ.

ပြီးတော့ မေးတယ်။ အို - နောင်တော်၊ အသင့်ရဲ့အခြေအနေ ဘယ်လိုလဲ။ အလ္လာဟ်အရှင် အသင့်ကို ပျောက်ကင်းချမ်းသာမှု ပေးသနားတော်မူပါစေ။

قَالَ حُسَيْنٌ:قَدْ أَصَابَتْنِي الْحُمَّى يَوْمَ الْخَمِيْسِ،

ဟုစိုင်န်က ပြောတယ်။ ကြာသပတေးနေ့က အဖျားဝင်သွားတယ်ကွာ။

1- اِسْتَأْذَنَ–يَسْتَأْذِنُ–اِسْتِئْذَانًا = ခွင့် တောင်းသည်။ 2– حُمَّى = အဖျားဝေဒနာ။ 3– صَعِدَ–يَصْعَدُ–صُعُوْدًا အပေါ်သို့ တက်သည်။ 4– سَطْحٌ (ج) سُطُوْحٌ = အိမ်ပေါ်တက်။ 5– دَنَا–يَدْنُوْ–دُنُوًّا = အနီးနားသို့ သွားသည်။ 6– عَافَى–يُعَافِيْ–مُعَافَاةً = ပျောက်ကင်းချမ်းသာမှု ပေးသည်။

وَكَانَتْ شَدِيْدَةً يَوْمَ الْجُمُعَةِ، وَخَفَّتْ[1] فِي اللَّيْلِ،

ဂျုမုအဟ်နေ့မှာ ပြင်းထန်လာတယ်။ ညရောက်တော့ အဖျားကျသွားတယ်။

وَلٰكِنِّي أَشْكُو الصُّدَاعَ[2] وَالدُّوَارَ[3]، وَقَدْ ضَعُفْتُ كَثِيْرًا،

ဒါပေမဲ့ ခေါင်းကိုက်ဝေဒနာနဲ့ ခေါင်းမူးဝေဒနာ ခံစားနေရတယ်။ တော် တော်လည်း အားနည်းသွားတယ်။

كَأَنِّيْ مَرِيْضٌ مُنْذُ أَيَّامٍ، وَلَا أَشْتَهِي الطَّعَامَ[4].

ရက်ပေါင်းများစွာကတည်းက နာမကျန်းဖြစ်နေသလိုပဲကွာ။ အစားအစာ လည်း စားချင်စိတ်မရှိဘူး။

قَالَ حَامِدٌ: لَا بَأْسَ طَهُوْرٌ[5] إِنْ شَاءَ اللهُ، وَهَلْ عَادَكَ طَبِيْبٌ ؟

ဟာမိဒ်က ပြောတယ်။ အင်နိရှာအလ္လာဟ်၊ ကိစ္စမရှိပါဘူးကွာ။ အပြစ်တွေကို သန့်စင်သွားစေမှာပါ။ ဆရာဝန်ရော လာကြည့်ရဲ့လား။

قَالَ حُسَيْنٌ: نَعَمْ! قَدْ عَادَنِيْ طَبِيْبٌ أَمْسِ، وَمَوْعِدُهُ[6] الْآنَ.

ဟုစိုင်နိက ပြောတယ်။ ဟုတ်ကဲ့၊ မနေ့ကတော့ ဆရာဝန်လာကြည့်တယ်။ အခု ဆရာဝန် လာရမဲ့အချိန်ပဲ။

وَلَمْ يَجْلِسْ حَامِدٌ إِلَّا قَلِيْلًا،حَتَّى حَضَرَ الطَّبِيْبُ

ဟာမိဒ်ဟာ ခေတ္တခဏပဲ ထိုင်ရပါသေးတယ်၊ ဆရာဝန်ရောက်လာတယ်။

فَجَسَّ[7] يَدَ حُسَيْنٍ، وَقَاسَ[8] الْحَرَارَةَ، وَامْتَحَنَ الصَّدْرَ بِالسَّمَّاعَةِ[9]،

ပြီးတော့ ဟုစိုင်နိရဲ့လက်ကို စမ်းသပ်တယ်။ အပူချိန် တိုင်းတယ်။ ပြီးတော့ ရင်ဘတ်ကို နားကြပ်နဲ့ စမ်းသပ်တယ်။

1- خَفَّ–يَخِفُّ–خِفَّةً = ပေါ့ပါးသည်၊ သက်သာသည်။ 2–صُدَاعٌ = ခေါင်းကိုက်ဝေဒနာ။ 3– دُوَارٌ = ခေါင်းမူးဝေဒနာ။ 4–لَا أَشْتَهِيْ الطَّعَامَ = အစာစားချင်စိတ်မရှိဘူး။ 5–طَهُوْرٌ = အပြစ်များကို သန့်ပြန့်စေသောအရာ။ 6–مَوَاعِدُ (ج) مَوْعِدٌ = ချိန်ထားသော အချိန်။ 7– جَسَّ الطَّبِيْبُ نَبْضَ الْمَرِيْضِ = လူနာသွေးခုန်နှုန်းစမ်းသပ်သည်။ 8––الْحَرَارَةَ قَاسَ–يَقِيْسُ–قِيَاسًا = ကိုယ်ပူချိန် တိုင်းတာသည်။ 9–سَمَّاعَةٌ = ဆရာဝန်အသုံးပြုသော နားကြပ်။

وَأَبْدَى[1] الارْتِيَاحَ[2]، وَغَيَّرَ فِي الْوَصْفَةِ[3] قَلِيْلًا

ပြီးတော့ သက်သာတယ်လို့ ထုတ်ဖော်ပြောတယ်။ ဆေးအညွှန်းမှာ အနည်းငယ် ပြောင်း ပေးလိုက်တယ်။

وَقَالَ: إِنَّهُ بَارِئٌ[4] بِحَمْدِ اللهِ

ပြီးတော့ ပြောတယ်။ အလ္လာဟ်ကျေးဇူးတော်နဲ့ သူ ပျောက်ကင်းတော့မှာပါ။

وَأَوْصَى أَبَاهُ بِأَنْ يَحْمِيَ[5] حُسَيْنًا الْمَاءَ الْبَارِدَ

ပြီးတော့ သူ့ရဲ့အဖေကို မှာတမ်းတယ်။ ဟိုစိုင်န်ကို ရေအေးအေး အသုံးပြု ခြင်းကနေ ရှောင်ကြဉ်ဖို့၊

وَالزَّيْتَ وَالْخُرُوْجَ فِي الْهَوَاءِ وَالتَّعَبَ،

ပြီးတော့ ဆီအသုံးပြုခြင်း၊ လေတိုက်ထဲမှာ သွားလာခြင်းနဲ့ အပင်ပန်းခံခြင်း တို့ကနေ ရှောင်ရှားပေးဖို့ မှာတမ်းတယ်။

وَيَسْقِيَهُ اللَّبَنَ وَمَاءَ الشَّعِيْرِ وَمَاءَ الْفَوَاكِه.

ပြီးတော့ နို့တိုက်ပေးဖို့၊ မုယောဆန်ရေတိုက်ပေးဖို့နဲ့ သစ်သီးဖျော်ရည် တိုက်ပေးဖို့လည်း မှာတမ်းတယ်။

وَجَلَسَ حَامِدٌ قَلِيْلًا وَقَالَ: إِنَّ الْعَائِدَ إِذَا أَطَالَ[6] الْجُلُوْسَ عِنْدَ الْمَرِيْضِ

ဟာမိဒ်က ခေတ္တခဏထိုင်ပြီးတော့ ပြောတယ်။ လူနာလာမေးတဲ့သူဟာ လူမမာရဲ့နားမှာ အချိန်အကြာကြီး ထိုင်နေမယ်ဆိုရင်

شَقَّ عَلَيْهِ وَعَلَى أَهْلِ بَيْتِه، فَأَسْتَأْذِنُ وَأَنْصَرِفُ

လူမမာအတွက်ရော သူ့မိသားစုအတွက်ရော အခက်အခဲဖြစ်စေတယ်။ ဒါကြောင့် ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်။

1- أَبْدَى–يُبْدِي–إِبْدَاءً = ထုတ်ဖော်သည်။ 2- اِرْتَاحَ–يَرْتَاحُ–اِرْتِيَاحًا = သက်သက်သာသာရှိသည်။ 3- وَصْفَةٌ = ဆေးညွှန်း။ غَيَّرَ فِي الْوَصْفَةِ ဆေးပြောင်းပေးသည်။
4- بَرِءَ–يَبْرَءُ–بُرْءً بَرِءَ الْمَرِيْضُ = ရောဂါပျောက်ကင်းသည်။ 5- حَمَى–يَحْمِي–حِمَايَةً = ထိန်းသိမ်းကာကွယ်သည်။ 6- أَطَالَ الْجُلُوْسَ ကြာမြင့်စွာထိုင်သည်။

وَأَعُوْدُ إِنْ شَاءَ اللهُ غَدًا.

အင်န်ရှာ အလ္လာဟ် မနက်ဖြန်ကျရင် လူနာမေးဖို့ ထပ်လာပါဦးမယ်။

الْكِيْمِيَاءُ[1]

ရွှေလုပ်နည်း အတတ်ပညာ

كَانَ الْأَوْلَادُ يَتَحَدَّثُوْنَ فِي اللَّيْلِ وَيَتَسَامَرُوْنَ[2]،

ကလေးတွေဟာ ညအချိန် စကားစမြည် ပြောနေကြတယ်။

وَكَانَ أَكْثَرُ حَدِيْثِهِمْ عَنِ الْكِيْمِيَاءِ، وَكَانَ إِسْمَاعِيْلُ يَقُوْلُ:

သူတို့ပြောနေတဲ့စကားအများစုက ရွှေလုပ်နည်းအကြောင်းပဲ ဖြစ်တယ်။ အစ္စမာအီလ်က ပြောတယ်။

سَمِعْتُ أَنَّ شَيْخًا يُحَوِّلُ[3] التُّرَابَ ذَهَبًا،

ကျွန်တော် ကြားတယ်။ အဖိုးအိုတစ်ဦးဟာ မြေကြီးကို ရွှေအဖြစ် ပြောင်း လဲနိုင်တယ်တဲ့။

وَيَجْعَلُ نُقُوْدَ[4] النِّيْكِلِ[5] وَالرَّصَاصِ[6]: دَنَانِيْرَ ذَهَبِيَّةً وَجُنَيْهَاتٍ[7].

ပြီးတော့ ကြေးနဲ့ ခဲပိုက်ဆံအကြွေစေ့တွေ(ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေ ပြုလုပ်တယ်။)

وَصَدَّقَهُ مَحْمُوْدٌ وَقَالَ: نَعَمْ ! إِنَّهُ فَنٌّ[8] كَانَ النَّاسُ يَعْرِفُوْنَهُ،

မဟ်မူဒ်က ထောက်ခံလိုက်တယ်။ ဟုတ်တယ်။ အဲဒါဟာ ပညာရပ်တစ်ခုပဲ။ လူတွေဟာ အရင်တုန်းက အဲဒီပညာကို တတ်ကြတယ်။

1- الكِيْمِيَاءُ = အဂ္ဂိရတ်၊ ဓာတုဗေဒပညာရပ်၊ သတ္တုတစ်ခုကို နောက်သတ္တု တစ်ခုနှင့် ရော၍ ရွှေလုပ်ခြင်းအတတ်ပညာ။ 2- تَسَامَرَ–يَتَسَامَرُ–تَسَامُرًا = ညအချိန် စကားစမြည်ပြောခြင်း။ 3- حَوَّلَ–يُحَوِّلُ–تَحْوِيْلًا =ပြောင်းလဲ အောင်လုပ်သည်။ 4- نُقُوْدٌ (ج) نَقْدٌ = ပိုက်ဆံ၊ အကြွေစေ့။ 5- نِيْكَلٌ = ကြေး၊ ဒန်သတ္တုနှင့် သွပ်ရောနှောထားသည့်အရာ။ 6- رَصَاصٌ = ခဲ။ 7- جُنَيْهَاتٌ (ج) جُنَيْهَةٌ ငွေဒင်္ဂါး။ 8- فُنُوْنٌ (ج) فَنٌّ = ပညာရပ်။

وَلٰكِن انْقَرَضَ[1] عُلَمَاءُ هٰذَا الفَنِّ،وَطُوِيَ[2] ذٰلِكَ الْبِسَاطُ.

ဒါပေမဲ့ ဒီပညာကို တတ်ကျွမ်းတဲ့ပညာရှင်တွေ ပျက်သုဉ်းကုန်ပါပြီ။ ဒီပညာရပ်လည်း ပျက်သုဉ်းသွားပြီ။

فَتَأَسَّفَ الْأَوْلَادُ كَثِيْرًا، وَحَزِنُوْا وَقَالُوْا:

လေးတွေဟာ အလွန် ဝမ်းနည်းသွားကြတယ်။ စိတ်မကောင်းဖြစ်သွားကြတယ်။ ပြီးတော့ ပြောကြတယ်။

لَوْ وَجَدْنَا أَحَدًا يَعْرِفُ هٰذِه الصِّنَاعَةَ[3] لَتَعَلَّمْنَاهَا مِنْهُ،

တကယ်လို့ တစ်ဦးတစ်ယောက်က ဒီအတတ်ပညာကို တတ်တယ်လို့သာ ငါတို့ သိလိုက်ရရင် သူ့ဆီကနေ ဒီပညာကို သေချာပေါက် သင်ယူလိုက်မှာ။

وَصِرْنَا أَغْنِيَاءَ بِدُوْنِ تَعَبٍ وَمَشَقَّةٍ[4].

အဲဒီနောက် ငါတို့ဟာ အပင်ပန်း ဒုက္ခခံစရာမလိုဘဲ သူဌေးတွေ ဖြစ်သွားကြမှာ။

وَكَانَ أَبُوْهُ بِمَسْمَعٍ[5] مِنْهُمْ، فَقَالَ: لَا تَتَأَسَّفُوْا يَا أَوْلَادِيْ!

အဲဒီအချိန် သူတို့ရဲ့ အဖေဟာ သူတို့စကားတွေကို ကြားနိုင်လောက်တဲ့ နေရာမှာ ရှိနေခဲ့တယ်။ အဖေကပြောတယ်။ အို- သားတို့၊ စိတ်မကောင်း မဖြစ်ကြပါနဲ့။

فَإِنِّيْ أَعْرِفُ الْكِيْمِيَاءَ، وَأَنْتُمْ أَعَزُّ[6] النَّاسِ عِنْدِيْ،

ရွှေလုပ်နည်းအတတ်ပညာကို အဖေလည်း တတ်တယ်။ မင်းတို့ဟာ ငါအချစ်ရဆုံးသူတွေပဲ။

فَأَنَا أُعَلِّمُكُمْ غَدًا، وَأُخْبِرُكُمْ بِصِنَاعَةِ الْكِيْمِيَاءِ.

မနက်ဖြန် မင်းတို့ကို ငါသင်ပေးမယ်။ ရွှေလုပ်နည်းအတတ်ပညာ နဲ့ပတ်သက်ပြီး မင်းတို့ကို ငါပြောပြမယ်။

فَرِحَ الْأَوْلَادُ كَثِيْرًا وَنَظَرَ بَعْضُهُمْ إِلَى بَعْضٍ،

ကလေးတွေ ပျော်ရွှင်သွားကြတယ်။ တစ်ယောက်ကိုတစ်ယောက် ကြည့် လိုက်ကြတယ်။

1- اِنْقَرَضَ–يَنْقَرِضُ–اِنْقِرَاضًا ပျက်သုဉ်းသည်။ 2–طُوِيَ ذٰلِكَ البِسَاطُ = ပျက်သုဉ်းသည်။ 3– الصِّنَاعَةُ = အတတ်ပညာ။ 4– مَشَقَّةٌ (ج) مَشَاقُّ = အခက်အခဲဒုက္ခ။ 5– مَسْمَعٌ = ကြားနိုင်တဲ့နေရာ၊ يُقَالُ هُوَ مِنِّيْ بِمَرْأًى وَمَسْمَعٍ= သူဟာ ကျွန်တော် ကြားနိုင် မြင်နိုင်လောက်တဲ့နေရာမှာရှိတယ်။ 6– أَعَزُّ النَّاسِ = လူအားလုံးထဲမှာ အချစ်ဆုံး။

وَشَقَّ عَلَيْهِمْ أَنْ يَنْتَظِرُوْا إِلَى الصَّبَاحِ،

မနက်မိုးလင်းတဲ့အထိစောင့်ရတာ သူတို့အဖို့ ခက်ခဲခဲ့တယ်။

فَاسْتَطَالُوْا[1] اللَّيْلَ، وَلٰكِنَّ وَالِدَهُمْ قَالَ لَهُمْ:

ညဟာ တော်တော်ရှည်လျားလိုက်တာလို့ သူတို့ ထင်မှတ်ခဲ့ကြတယ်။ ဒါပေမဲ့ အဖေက သူတို့ကို ပြောတယ်။

لَا يُمْكِنُ تَعْلِيْمَ الْكِيْمِيَاءِ إِلَّا فِي النَّهَارِ، فَإِنَّ ذٰلِكَ فَنٌّ دَقِيْقٌ[2].

ရွှေလုပ်နည်း အတတ်ပညာကို နေ့ခင်းပိုင်းမှာပဲ သင်ပေးလို့ ဖြစ်နိုင်မယ်ကွဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပညာဟာ တော်တော် လေးနက်တဲ့၊ အနုစိတ်တဲ့ပညာရပ်ဖြစ်တယ်။

نَامَ الْأَوْلَادُ وَانْتَبَهُوْا[3] مُبَكِّرِيْنَ وَلَمْ يَزَلْ إِسْمَاعِيْلُ وَمَحْمُوْدٌ يَرَيَانِ الْكِيْمِيَاءَ فِي الْمَنَامِ[4]،

ကလေးတွေ အိပ်သွားကြတယ်။ မနက်စောစော နိုးထလာခဲ့ကြတယ်။ အစ္စမာအီလ်နဲ့ မဟ်မူးဒ်ဆိုရင် ရွှေလုပ်နည်းပညာကို အိပ်မက်တောင် မက်ခဲ့ကြတယ်။

رَأَى هَاشِمٌ أَنَّهُ فِيْ قَصْرٍ شَامِخٍ[5] وَلِبَاسٍ فَاخِرٍ،

ဟာရှင်မ်က ဘယ်လို အိပ်မက်မက်ခဲ့သလဲဆိုရင် သူဟာ ခမ်းနားထည်ဝါတဲ့ နန်းတော်ကြီးထဲမှာ တန်ဖိုးကြီးတဲ့ အဝတ်အစားတွေကို ဝတ်ဆင် ထားတယ်။

قَدْ بَنَى الْقَصْرَ وَصَنَعَ اللِّبَاسَ بِالْمَالِ الَّذِيْ حَصَلَ لَهُ بِالْكِيْمِيَاءِ.

ဒီနန်းတော်ကြီးနဲ့ ဒီအဝတ်အစားတွေကို သူက ရွှေလုပ်နည်းအတတ်ပညာ ကနေ ရရှိတဲ့ ငွေတွေနဲ့ လုပ်ထားတာဖြစ်တယ်။

فَصَلُّوْا الصُّبْحَ وَجَلَسُوْا حَوْلَ أَبِيْهِمْ

ဒီလိုနဲ့ သူတို့ဟာ ဖဂျ်ရ်စွလာသ်ဝတ်ပြုကြတယ်။ ပြီးတော့ အဖေရဲ့ ဘေး ပတ်လည်မှာ ထိုင်လိုက်ကြတယ်။

يَنْتَظِرُوْنَ فَرَاغَهُ[6] مِنْ تِلَاوَةِ الْقُرْآنِ وَأَتَمَّ أَبُوْهُ حِزْبَهُ[7]،

1– اِسْتَطَالَ–يَسْتَطِيْلُ–اِسْتِطَالَةً = ကြာရှည်သည်ဟု ထင်သည်။ 2– فَنٌّ دَقِيْقٌ = နက်နဲသောပညာရပ်။ 3– اِنْتَبَهَ–يَنْتَبِهُ–اِنْتِبَاهًا = နိုးထသည်။ 4– مَنَامٌ = အိပ်မက်။ 5– شَامِخٌ = ခမ်းနားထည်ဝါသော။ 6– فَرَغَ–يَفْرَغُ–فَرَاغًا = ပြီးစီးသည်။ 7– حِزْبٌ (ج) أَحْزَابٌ = နေ့စဉ်ဖတ်နေကျ ကုရ်အာန်၊ စွလာသ်၊ ဒုအာများ။

အဖေ ကုရ်အာန်ဖတ်လို့ ပြီးတဲ့အထိ ထိုင်စောင့်နေလိုက်ကြတယ်။ အဖေက နေ့စဉ်ပုံမှန် ဖတ်နေကျလောက် ပြီးအောင်ဖတ်လိုက်တယ်။

وَقَالَ: هَلُمُّوْا[1] يَا أَبْنَائِيْ! فَخَرَجُوْا مَعَهُ،

ပြီးတော့ ပြောတယ်။ အို- ကလေးတို့၊ လာကြပါ။

وَقَدْ أَعْجَلَهُمُ الاشْتِيَاقُ إِلَى الْكِيْمِيَاءِ مِنْ أَنْ يُفْطِرُوْا[2].

ကလေးတွေဟာ အဖေနဲ့အတူ ထွက်လာခဲ့ကြတယ်။ သူတို့ဟာ ရွှေလုပ် နည်းပညာကို သင်ချင်စိတ် ပျင်းပြနေတဲ့အတွက် နံနက်စာတောင် မစားခဲ့ ကြဘူး။

لَمْ يَزَلْ أَبُوْهُمْ يَسِيْرُ بِهِمْ طَرِيْقًا بَعْدَ طَرِيْقٍ،

သူတို့ရဲ့အဖေက သူတို့ကိုခေါ်ပြီး လမ်းတစ်လမ်းပြီး တစ်လမ်း လောက်လျှောက်သွားနေတယ်။

حَتَّى وَقَفَ بِهِمْ عَلَى حَقْلٍ يَحْرُثُهُ الْفَلَّاحُ، وَفِيْ يَدِهِ السِّكَّةُ[3]،

နောက်ဆုံး လယ်ယာတစ်ခုနားမှာ ရပ်လိုက်တယ်။ အဲဒီလယ်ကို လယ် သမားက ထွန်ယက်နေတယ်။ လက်ထဲမှာ ထယ်သွားကို ကိုင်ထားတယ်။

فَقَالَ الْوَالِدُ: الْكِيْمِيَاءُ يَا أَوْلَادِيْ تَحْتَ سِكَّةِ الْمِحْرَاثِ.

အဖေက ပြောတယ်။ အို- ကလေးတို့၊ ရွှေလုပ်တဲ့အတတ်ပညာဆိုတာ ထယ်သွား အောက်မှာရှိတယ်ကွဲ့။

فَتَعَجَّبَ الْأَوْلَادُ فَاسْتَفْسَرُوْا[4] أَبَاهُمْ

ကလေးတွေ အံ့အားသင့်သွားကြတယ်။ အဖေကို ရှင်းပြခိုင်းတယ်။

فَقَالَ الْوَالِدُ: أَلَمْ أَسْمَعْكُمْ تَقُوْلُوْنَ: الْكِيْمِيَاءُ يُحَوِّلُ التُّرَابَ ذَهَبًا؟

အဖေက ပြောတယ်။ မင်းတို့ပြောတာကို ငါကြားခဲ့ရတယ်မဟုတ်လား၊ ရွှေလုပ်တဲ့ပညာ ဆိုတာ မြေကြီးကို ရွှေအဖြစ် ပြောင်းပေးတယ်ဆို။

أَلَا يَتَحَوَّلُ هٰذَا التُّرَابُ ذَهَبًا بَعْدَ أَيَّامٍ،

အခု ဒီမြေကြီးဟာလည်း ရက်အချို့ကြာပြီးရင် ရွှေအဖြစ် ပြောင်းလဲသွားမှာ မဟုတ်ဘူး လား။

1- هَلُمَّ = လာပါ။ 2- أَفْطَرَ-يُفْطِرُ-إِفْطَارًا = နံနက်စာ စားသည်။ 3- سِكَّةٌ، سِكَّةٌ، الْمِحْرَاثِ = ထယ်သွား၊ ထွန်သွား။ 4- اِسْتَفْسَرَ-يَسْتَفْسِرُ-اِسْتِفْسَارًا ရှင်းပြခိုင်းသည်။

بَلْ أَغْلَى[1] مِنَ الذَّهَبِ ؟

ရွှေထက်တောင် ပိုပြီး တန်ဖိုးကြီးဦးမယ်။

وَمَا يُغْنِي[2] الذَّهَبُ إِذَا لَمْ يَكُنْ مَا يَأْكُلُهُ النَّاسُ ؟

လူတွေ စားသုံးဖို့ ဘာမှမရရှိတဲ့အချိန်မျိုးကြုံရင် ရွှေက ဘာအကျိုးပြုနိုင် မှာလဲ။ (ဘာအသုံးဝင်မှာလဲ)

فَهٰذِهِ الْبُذُوْرُ[3] الَّتِيْ بَذَرَهَا[4] الْفَلَّاحُ وَاجْتَهَدَ فِيْهَا أَيَّامًا

လယ်သမား မျိုးစေ့ချလိုက်တဲ့ ဒီမျိုးစေ့လေးတွေ၊ ရက်အချို့ဒီထဲမှာ ကြိုး စားအားထုတ်လိုက်မယ်ဆိုရင်၊

سَتَأْتِيْ بِحَاصِلٍ[5] كَبِيْرٍ،

မကြာမီ ဝင်ငွေတွေ အများကြီး ရလာလိမ့်မယ်။

وَسَيَرُدُّ اللهُ إِلَيْهِ بِهٰذَا الْعَمَلِ أَضْعَافَ[6] مَا بَذَلَ[7].

ဒီအလုပ်ရဲ့အကြောင်းခံနဲ့ အလ္လာဟ်က သူ့ကို သူသုံးစွဲထားတာထက် အဆပေါင်းများစွာ တိုးပြီး ပြန်ပေးဦးမှာ။

ثُمَّ مَرَّ بِهِمْ أَبُوْهُمْ عَلَى مَصْنَعٍ[8]

အဲဒီနောက် သူတို့ရဲ့အဖေက သူတို့ကို စက်ရုံတစ်ရုံဘက်ကို ခေါ် သွားတယ်။

كَانَ النَّاسُ فِيْهِ عَاكِفِيْنَ[9] عَلَى أَعْمَالِهِمْ،

အဲဒီမှာ လူတွေဟာ သူတို့ရဲ့အလုပ်မှာ မွေ့လျော်နေကြတယ်။

وَالْعَرَقُ[10] يَسِيْلُ مِنْ جِبَاهِهِمْ[11] ، وَصَنَعُوْا أَشْيَاءَ مُفِيْدَةً جِدًّا

နဖူးကနေ ချွေးတွေ စီးကျနေတယ်။ အလွန်အကျိုးရှိတဲ့အရာတွေကို ပြုလုပ်နေကြတယ်။

1- أَغْلَى مِنْ = ပို၍ ဈေးကြီးသော။ 2- أَغْنَى–يُغْنِيْ–إِغْنَاءً = အကျိုးပေးသည်။ 3- بَذْرٌ (ج) بُذُوْرٌ = မျိုးစေ့။ 4- بَذَرَ–يَبْذُرُ–بَذْرًا = မျိုးစေ့ချသည်၊ စိုက်ပျိုးသည်။ 5- حَاصِلٌ = ရလဒ်။ 6- أَضْعَافٌ (ج) ضِعْفٌ = နှစ်ဆ၊ အဆပေါင်းများစွာ။ 7- بَذَلَ–يَبْذُلُ–بَذْلًا = သုံးစွဲသည်။ 8- مَصَانِعُ (ج) مَصْنَعٌ = စက်ရုံ။ 9- عَكَفَ عَلَى–يَعْكُفُ–عُكُوْفًا = စွဲစွဲမြဲမြဲလုပ်သည်၊ လုံးပန်းသည်။ 10- أَعْرَاقٌ (ج) عَرَقٌ = ချွေး။ 11- جَبْهَةٌ (ج) جِبَاهٌ = နဖူး။

تُثْمِرُ[1] لَهُمْ مَالًا كَثِيْرًا، وَتَقْضِيْ لِلنَّاسِ حَاجَاتٍ كَبِيْرَةً،

အဲဒီအရာတွေက သူတို့အတွက် ငွေအမြောက်အမြား အကျိုးအမြတ်ရစေတယ်။ လူတွေရဲ့ လိုအပ်ချက်များစွာကိုလည်း ဖြည့်စည်းပေးတယ်။

فَقَالَ الْوَالِدُ: الْكِيْمِيَاءُ يَا أَوْلَادِيْ !عَرَقُ الْجَبِيْنِ[2] وَكَدُّ[3] الْيَمِيْنِ.

အဖေက ပြောတယ်။ အို- ကလေးတို့၊ ရွှေလုပ်တဲ့ပညာဆိုတာ နဖူးက ကျတဲ့ချွေးနဲ့ ညာလက်နဲ့(ကိုယ့်အားကိုယ်ကိုးပြီး) ကြိုးစားအား ထုတ်ခြင်း ပါပဲ။

ثُمَّ مَالَ بِهِمْ إِلَى حَلْقَةِ[4] مُعَلِّمٍ، وَإِلَى مَجْلِسِ وَاعِظٍ،

အဲဒီနောက် သူတို့ကိုခေါ်ပြီး ဆရာတစ်ပါးရဲ့ ထိုင်ဝိုင်းတစ်ခု၊ တရားဟော ဆရာတစ်ပါးရဲ့ ထိုင်ဝိုင်းတစ်ခုဘက်ကို လှည့်လိုက်တယ်။

وَقَالَ يَا أَوْلَادِيْ! الإِنْسَانُ أَغْلَى شَيْءٍ فِي الْوُجُوْدِ[5]،

ပြီးတော့ ပြောတယ်။ အို- ကလေးတို့၊ ရှိသမျှအရာအားလုံးထဲမှာ လူသားဟာ တန်ဖိုးအရှိဆုံးပါပဲ။

وَتَثْقِيفُهُ[6] وَإِصْلَاحُهُ أَفْضَلُ مِنْ تَحْوِيْلِ التُّرَابِ ذَهَبًا.

အဲဒီလူသားကို ပညာသင်ပေးခြင်းနဲ့ ပြုပြင်တည့်မတ်ပေးခြင်းဟာ မြေကြီးကို ရွှေဖြစ်အောင်လုပ်တာထက် ပိုကောင်းမြတ်ပါတယ်။

فَإِذَا تَعَلَّمَ هٰؤُلَاءِ الْأَوْلَادُ، وَإِذَا اهْتَدَى هٰؤُلَاءِ النَّاسُ،

ဒီကလေးတွေ ပညာတတ်သွားမယ်။ ဒီလူတွေ လမ်းမှန်သွားမယ်ဆိုရင်

كَانَ لِلْمُعَلِّمِ وَالْوَاعِظِ صَدَقَةٌ جَارِيَةٌ،

ဆရာနဲ့ တရားဟောဆရာတို့အတွက်လည်း စွဒကဟ်ဂျာရီယဟ် အကျိုးကုသိုလ်ရတယ်။

لَهُ أَجْرُ كُلِّ مَا يَعْمَلُ هٰؤُلَاءِ مِنْ خَيْرٍ وَبِرٍّ،

ဒီလူတွေလုပ်သမျှ ကောင်းမှုကုသိုလ်တွေရဲ့အကျိုးကို သူလည်း ရရှိမှာဖြစ်တယ်။

وَلِذٰلِكَ قَالَ النَّبِيُّ ﷺ لِسَيِّدِنَا عَلِيٍّ كَرَّمَ اللهُ وَجْهَهُ:

1- أَثْمَرَ–يُثْمِرُ–إِثْمَارًا = တိုးပွားစေသည်၊ အကျိုးအမြတ်ရစေသည်။ 2- جَبِيْنٌ (ج) أَجْبُنٌ = နဖူး။ 3- كَدَّ–يَكُدُّ–كَدًّا = ကြိုးစားအားထုတ်သည်။ 4- حَلْقَةٌ (ج) حَلَقَاتٌ = ထိုင်ဝိုင်း။ 5- الْوُجُوْدُ = ရှိရှိသမျှ။ 6- ثَقَّفَ–يُثَقِّفُ–تَثْقِيْفًا = ပညာသင်ကြားပေးသည်၊ ယဉ်ကျေးလိမ္မာအောင် သင်ပေးသည်။

ဒါကြောင့် တမန်တော်မြတ် ﷺက အလီ ؓကို အခုလို မိန့်ကြားတော် မူခဲ့တယ်။

﴿يَا عَلِيُّ ! لأَنْ يَهْدِيَ اللهُ بكَ رَجُلاً خَيْرٌ لَكَ مِنْ حُمْرِ النَّعَمِ[1]﴾

"အို–အလီ၊ အလ္လာဟ်က အသင့်ကို အကြောင်းခံပြီး လူတစ် ယောက်ကို လမ်းမှန်ပြ လိုက်ခြင်းဟာ အသင့်အတွက် အနီရောင်ကုလား အုတ်ရတာထက် ပိုကောင်းပါတယ်။

فَاقْتَنَعَ[2] الأَوْلَادُ، وَشَكَرُوْا أَبَاهُمْ

ကလေးတွေဟာ စိတ်ကျေကျေနပ်နပ် လက်ခံသွားကြတယ်။ ပြီးတော့ သူတို့ရဲ့အဖေ ကိုလည်း ကျေးဇူးတင်ကြတယ်။

وَرَجَعُوْا وَقَدْ تَعَلَّمُوْا الْكِيْمِيَاءَ.

သူတို့ဟာ ရွှေလုပ်နည်းအတတ်ပညာကိုသင်ယူဆည်းပူးပြီး အိမ်ပြန်ခဲ့ကြ လေတော့တယ်။

✿ ✿ ✿ ✿ ✿

يَوْمٌ صَائِفٌ[3]

ပူပြင်းတဲ့နေ့တစ်နေ့

مَا أَشَدَّ الْحَرَّ[4] ! يَا لَطِيْفُ[5] !

အို–သိမ်မွေ့တော်မူတဲ့အရှင်၊ ဘယ်လောက်တောင် ပူပြင်းလိုက်ပါသိ၊

النَّاسُ فِيْ بُيُوْتِهِمْ لَا يَخْرُجُوْنَ خَوْفَ السَّمُوْمِ[6]،

လူတွေဟာ အိမ်ထဲမှာပဲ နေကြတယ်။ လေပူကို ကြောက်လို့ အပြင်မထွက်ကြဘူး။

1- أَنْعَامٌ (ج) نَعَمٌ = တိရစ္ဆာန်၊ ကုလားအုတ်အတွက် အသုံးများသည်။ 2 اِقْتَنَعَ–يَقْتَنِعُ– اِقْتِنَاعًا = စိတ်ချစွာ လက်ခံလိုက်သည်။ 3– صَائِفٌ يَوْمٌ = ပူပြင်းသောနေ့တစ်နေ့။ 4– مَا أَشَدَّ الْحَرَّ = အပူရှိန် အဘယ်မျှ ပြင်းထန်လိုက်ပါသိ။ 5– لَطِيْفٌ = နူးညံ့သိမ့်မွေ့တော်မူသောအရှင်။ 6– سَمَائِمُ (ج) سَمُوْمٌ = လေပူ။

وَقَدِ اتَّخَذُوْا سُتُوْرًا مِنَ الْحَشِيْشِ[1] يَرُشُّوْنَ[2] عَلَيْهَا الْمَاءَ،

မြက်ပင်နဲ့ အကာအကွယ်တွေလုပ်ထားကြတယ်။ အဲဒီအပေါ်မှာ ရေပက် ဖြန်းကြတယ်။

وَيُحَرِّكُوْنَ الْمَرَاوِحَ[3]،وَقَدْ سَدُّوْا[4] النَّوَافِذَ، لِئَلَّا تَدْخُلَ مِنْهَا السَّمُوْمُ،

ယပ်တောင်တွေ ခတ်နေကြတယ်။ လေပူတွေ ဝင်မလာအောင်လို့ ပြူတင်း ပေါက်တွေကို ပိတ်ထားကြတယ်။

وَمَعَ ذٰلِكَ يَتَقَلَّبُوْنَ[5] عَلَى مِثْلِ الْجَمْرِ[6].

အဲဒီလောက်လုပ်တဲ့ကြားကလည်း လူတွေဟာ မီးကျီးခဲလိုအရာပေါ်မှာ လူးလှိမ့်နေကြရသလိုပါပဲ။

هٰذَا، وَأَهْلُ الْأَكْوَاخِ[7] الْحَقِيْرَةِ وَالْخُصَصِ[8]

နောက်တစ်ဖက်မှာတော့ သေးငယ်တဲ့ တဲအိမ်တွေ၊ သစ်သားအိမ်တွေနဲ့

وَالْبُيُوْتِ الْمَبْنِيَّةِ مِنَ اللَّبِنِ[9]

အုတ်စိမ်းနဲ့ ဆောက်လုပ်ထားတဲ့အိမ်တွေမှာ နေထိုင်တဲ့သူတွေဟာ

أَنْعَمُ[10] فِي الصَّيْفِ مِنْ أَهْلِ الْقُصُوْرِ الْمَبْنِيَّةِ مِنَ الْجَصِّ[11] وَالْآجُرِّ[12].

အင်္ဂတေတွေ၊ အုတ်ကျက်တွေနဲ့ ဆောက်လုပအထားတဲ့အိမ်တွေမှာ နေထိုင်ကြသူတွေထက် နွေရာသီမှာ ပိုပြီး ဇိမ်ရှိကြတယ်။

فَإِذَا رَشُّوْا الْمَاءَ عَلَى الْأَرْضِ وَالْجُدْرَانِ،

တဲအိမ်တွေမှာနေတဲ့သူတွေက မြေပြင်နဲ့ နံရံတွေအပေါ် ရေပက်ဖြန်းလိုက် ပြီဆိုရင်၊

وَهَبَّتْ[13] لَفْحَةٌ[14] مِنَ السَّمُوْمِ تَحَوَّلَتْ نَفْحَةً[15] مِنْ نَسِيْمٍ[16]،

1- حَشَائِشُ (ج) حَشِيْشٌ = မြက်ပင်။ 2- رَشَّا–يَرُشُّ–رَشَّ = ရေပက်ဖြန်းသည်။ 3- مَرَاوِحُ (ج) مِرْوَحَةٌ = ပန်ကာ၊ ယပ်တောင်။ 4- سَدًّا–يَسُدُّ–سَدَّ = ပိတ်သည်။ 5- تَقَلَّبَ– يَتَقَلَّبُ–تَقَلُّبًا = လူးလှိမ့်သည်။ 6- جَمْرٌ (ج) جَمْرَةٌ = မီးခဲ။ 7- أَكْوَاخٌ (ج) كُوْخٌ = တဲအိမ်။ 8- خُصَصٌ (ج) خُصَّةٌ، خُصٌّ = သစ်အိမ်။ لَبِنٌ = အုတ်စိမ်း။ 10- أَنْعَمُ مِنْ = ပို၍ဇိမ်ရှိသော။ 11- جَصٌّ = အင်္ဂတေ။ 12- آجُرٌّ = အုတ်ကျက်။ 13- هَبَّتِ الرِّيْحُ–يَهُبُّ– هَبًّا، هُبُوْبًا = လေတိုက်ခတ်သည်။ 14- لَفْحَةٌ = လေပူ။ 15- نَفْحَةٌ = လေအေး။ 16- نَسِيْمٌ = လေနုအေး။

လေပူတိုက်တဲ့အခါတို့မှာ လေနအေးအဖြစ် ပြောင်းလဲသွားတယ်။

وَحَسِبُوْا أَنَّهُمْ فِيْ جَنَّةٍ وَنَعِيْمٍ.

သူတို့ဟာ ပန်းဥယျာဉ်ထဲမှာ နေနေကြတယ်လို့တောင် အောက်မေ့သွား ကြတယ်။

اِرْتَفَعَتْ دَرَجَةُ الْحَرَارَةِ[1] إِلَى مِئَةٍ وَثَمَانِي عَشَرَةَ نُقْطَةً[2]،

အပူချိန်က ၁၁၈ ဒီဂရီအထိ တက်သွားတယ်။

فَعِيْلَ[3] صَبْرُ النَّاسِ،

လူတွေ သည်းခံနိုင်စွမ်းမရှိကြတော့ဘူး။

وَسَافَرَ الْأَغْنِيَاءُ إِلَى قُلَلِ[4] الْجِبَالِ حَيْثُ يَصْطَافُوْنَ[5]

သူဌေးသူကြွယ်တွေဟာ တော်ပေါ်ဒေသတွေကို ခရီးထွက်ကြတယ်။ အဲဒီ မှာ နွေရာသီ အပန်းဖြေကြတယ်။

وَيَقْضُوْنَ شَهْرَيْ مَايُوْ[6] وَيُوْنِيَهْ[7]

မေလနဲ့ ဂျွန်လ နှစ်လကို ကုန်ဆုံးကြတယ်။

حَتَّى إِذَا نَزَلَتِ الْأَمْطَارُ، وَلَطُفَ[8] الْحَرُّ

မိုးရွာပြီဆိုတော့မှ၊ အပူဒဏ် အေးသွားပြီဆိုတော့မှ

هَبَطُوْا[9] إِلَى الْمُدُنِ وَالسُّهُوْلِ[10].

မြို့တွေ၊ မြေပြန့်ဒေသတွေဘက်ကို ပြန်ဆင်းလာကြတယ်။

وَبَقِيَ أَوْسَاطُ[11] النَّاسِ، وَأَهْلُ الْأَشْغَالِ يَتَحَمَّلُوْنَ الْحَرَّ وَيَصْبِرُوْنَ لِلسَّمُوْمِ.

လူလတ်တန်းစားတွေ၊ သာမန်လူတွေဟာ ကျန်ရစ်ခဲ့ကြတယ်။ အလုပ်သမားတွေက တော့ အပူဒဏ်ကို ခံစားကြရတယ်။ လေပူဒဏ်ကို သည်း ခံကြရတယ်။

1- دَرَجَةُ الحَرَارَةِ = အပူချိန်။ 2- نُقْطَةٌ = ဒီဂရီ။ 3- فَعِيْلُ صَبْرُ النَّاس = သည်းခံနိုင်စွမ်း ကုန်ခန်းသွားသည်။ 4- قُلَلٌ (ج) قُلَّةٌ = တောင်ထိပ်။ 5- اِصْطَافَ - يَصْطَافُ - اِصْطِيَافًا = နွေရာသီအပန်းဖြေသည်။ 6- مَايُو = မေလ။ 7= يُوْنِيَه = ဂျွန်လ။ 8- لَطُفَ - يَلْطُفُ - لُطْفًا = အေးမြသည်၊ နူးညံ့သည်။ 9- هَبَطَ - يَهْبِطُ - هُبُوْطًا = ဆင်းသက်သည်။ 10- سَهْلٌ (ج) سُهُوْلٌ = မြေနိမ့်။ 11- أَوْسَاطُ النَّاسِ = လူလတ်တန်းစား၊ သာမန်လူများ။

الْآنَ رَكَدَتْ[1] السَّمُوْمُ، وَمَالَتِ الشَّمْسُ وَطَابَ الْخُرُوْجُ،

အခုတော့ လေပူတိုက်တာ ငြိမ်သက်သွားပြီ။ နေလည်း စောင်းသွားပြီ။ အပြင်ထွက်လို့လည်း ကောင်းသွားပြီ။

وَانْتَشَرَ النَّاسُ فِي الْبَسَاتِيْنِ وَالْمَيَادِيْنِ وَشَوَاطِيءِ الْأَنْهَارِ

ဉယျာဉ်ခြံတွေ၊ ကွင်းပြင်တွေ၊ မြစ်ကမ်းခြေတွေမှာ လူတွေ ပျံ့နှံ့သွား ကြတယ်။

يَتَرَوَّحُوْنَ[2] وَيَتَنَزَّهُوْنَ[3]،

အပန်းဖြေ လမ်းထွက်လျှောက်ကြတယ်။ လေညှင်းခံဖို့ ထွက်ကြတယ်။

فَلَا تَجِدُ فِي الْبَيْتِ إِلَّا شَيْخًا هَرِمًا[4] أَوِ امْرَأَةً أَوْ عَاجِزًا،

အိမ်မှာ အသက်အရွယ်ကြီးတဲ့ အဖိုးအို၊ အမျိုးသမီး၊ ချည့်နဲ့နေသူ၊

وَمَنْ حَبَسَهُ شُغْلٌ أَوْ مَرَضٌ أَوْ حَاجَةٌ.

အလုပ်ရှုပ်နေသူ၊ ရောဂါစွဲကပ်နေသူ၊ အကြောင်းကြီးငယ်ရှိသူတို့မှအပ အခြားသူကို တွေ့ရမှာမဟုတ်ဘူး။

وَقَدْ تَسْتَمِرُّ السَّمُوْمُ إِلَى اللَّيْلِ، فَلَا يَسْتَرِيْحُ النَّاسُ

တစ်ခါတစ်ရံ လေပူဟာ ညအထိ အဆက်မပြတ် တိုက်ခတ်တယ်။ လူတွေ ဟာ အနားယူလို့မရတော့ဘူး။

وَيَتَقَلَّبُوْنَ عَلَى الْفِرَاشِ، وَقَدْ يَحْتَبِسُ الْهَوَاءُ،

အိပ်ရာပေါ်မှာ လူးလိမ့်နေကြရတယ်။ တစ်ခါတစ်ရံ လေမတိုက်ဘဲ တန့်နေတယ်။

فَيَسِيْلُ الْعَرَقُ وَتَتَحَرَّكُ الْمَرَاوِحُ، وَيَطِيْرُ النَّوْمُ[5].

အဲဒီလိုဆိုရင် ချွေးတွေ စီးကျလာတယ်။ ယပ်တောင်တွေ ခတ်ရတယ်။ ညအိပ်လို့ မပျော်တော့ဘူး။

1- رَكَدَ-يَرْكُدُ-رُكُوْدًا = လေငြိမ်သည်။ 2- تَرَوَّحَ-يَتَرَوَّحُ-تَرَوُّحًا = ညနေခင်း လမ်းလျှောက်ထွက်သည်။ 3- تَنَزَّهَ-يَتَنَزَّهُ-تَنَزُّهًا = အပန်းဖြေသည်၊ လေညှင်းခံသည်။ 4- هَرِمٌ = အသက်ကြီးရင့်သူ၊ -طَارَ النَّوْمُ = အိပ်မပျော်ဖြစ်သည်။

النَّظَافَةُ[1]

သန့်ရှင်းစင်ကြယ်မှု

طَاهِرٌ اِبْنُ فَلَّاحٍ، يَسْكُنُ أَبُوْهُ فِي الْقَرْيَةِ

သွာဟိရ်ဟာ လယ်သမားတစ်ဦးရဲ့သား ဖြစ်တယ်။ သူ့ဖခင်ဟာ ရွာမှာနေတယ်။

وَيُرْسِلُ[2] إِلَى طَاهِرٍ قَلِيْلًا مِنَ النُّقُوْدِ[3] كُلَّ شَهْرٍ.

သွာဟိရ်ဆီကို လစဉ်လတိုင်း ငွေအနည်းငယ် ပို့ပေးတယ်။

وَلٰكِنَّ طَاهِرًا وَلَدٌ مُدَبِّرٌ[4] عَاقِلٌ، ثِيَابُهُ مُتَوَاضِعَةٌ،

ဒါပေမဲ့ သွာဟိရ်ဟာ ဦးနှောက်အသိဉာဏ်ရှိတဲ့၊ စီမံခန့်ခွဲတတ်တဲ့ကလေးဖြစ် တယ်။ သူ့ရဲ့ အင်္ကျီတွေဟာ နွမ်းဖတ်နေတယ်။

وَلٰكِنَّهَا دَائِمًا نَظِيْفَةٌ مُرَتَّبَةٌ[5] لَا تَرَى فِيْهَا وَسَخًا،

ဒါပေမဲ့ အမြဲ သန့်ရှင်းပြီး စီစီရီရီ ရှိတယ်။ ညစ်ပတ်ပေရေနေတာ တွေ့ရမှာ မဟုတ်ဘူး။

يَغْسِلُهَا بِيَدِه كُلَّ جُمُعَةٍ، وَعِنْدَهُ إِبْرَةٌ[6] وَخَيْطٌ[7]،

ဂျုမုအဟ်နေ့တိုင်း ကိုယ့်လက်နဲ့ကို လျှော်ဖွတ်တယ်။ သူ့ဆီမှာ အပ်နဲ့ အပ်ချည်ကြိုး ရှိတယ်။

فَإِذَا تَخَرَّقَ[8] ثَوْبٌ خَاطَهُ[9] بِالْإِبْرَةِ أَوْ رَقَعَهُ[10] بِنَفْسِه.

အင်္ကျီတစ်ထည် ပေါက်ပြဲသွားတာနဲ့ အပ်နဲ့ ချုပ်တယ်။ ဒါမှမဟုတ် ကိုယ်တိုင် ဖာထေးတယ်။

1- – النَّظَافَةُ = သန့်ပြန့်စင်ကြယ်မှု။ 2– أَرْسَلَ–يُرْسِلُ–إِرْسَالًا = ပေးပို့သည်။ 3– نَقْدٌ (ج) نُقُوْدٌ = ငွေကြေး။ 4– وَلَدٌ مُدَبِّرٌ = စည်းစနစ်ကျသောကလေး။ 5– مُرَتَّبَةٌ = အစီအစဉ်တကျရှိသော။ 6– إِبْرَةٌ (ج) إِبَرٌ = အပ်။ 7– خَيْطٌ (ج) خُيُوْطٌ = အပ်ချည်။ 8– تَخَرَّقَ–يَتَخَرَّقُ–تَخَرُّقًا = ပေါက်ပြဲသည်။ 9– خَاطَ–يَخِيْطُ–خِيَاطَةً = အပ်ချုပ်သည်။ 10– رَقَعَ–يَرْقَعُ–رَقْعًا = ဖာထေးသည်၊ အပေါက်အပြဲချုပ်သည်။

وَلَا يَخْجَلُ إِذَا خَرَجَ فِيْ ثَوْبٍ مَرْقُوْعٍ،

ဖာထေးထားတဲ့အဝတ်ကို ဝတ်ပြီး အပြင်ထွက်ရတာကို သူမရှက်ဘူး။

وَلٰكِنَّهُ يَخْجَلُ إِذَا خَرَجَ فِيْ ثَوْبٍ وَسِخٍ،

ဒါပေမဲ့ ညစ်ပေနေတဲ့အဝတ်ကို ဝတ်ပြီး ထွက်ရမှာကိုတော့ သူရှက်တယ်။

وَمَا رَآهُ أَصْدِقَاؤُهُ فِيْ ثِيَابٍ وَسِخَةٍ أَبَدًا،

ညစ်ပေနေတဲ့အဝတ်တွေကို သူဝတ်ဆင်ထားတာ သူ့သူငယ်ချင်းတွေ တစ်ခါမှ မမြင်ဖူးဘူး။

فَيَحْسَبُوْنَ أَنَّهُ غَنِيٌّ، عِنْدَهُ ثِيَابٌ كَثِيْرَةٌ

ဒါကြောင့် သူ့မှာ အဝတ်အစားတွေအများကြီးရှိတဲ့ သူဌေးလို့ ထင်ကြတယ်။

وَلَا يَمْلِكُ إِلَّا أَرْبَعَ بِذْلَاتٍ[1].

ဒါပေမဲ့ သူဟာ အိမ်နေရင်းဝတ်တဲ့ အဝတ်အစားလေးစုံပဲ ရှိတယ်။

وَإِذَا دَخَلْتَ فِيْ حُجْرَتِهِ رَأَيْتَهَا نَظِيْفَةً مُنْتَظِمَةً،

သူ့အခန်းထဲကို အသင် ဝင်ကြည့်မယ်ဆိုရင် သန့်ရှင်းပြီး စနစ်တကျ ရှိတာကို တွေ့ရလိမ့်မယ်။

وَرَأَيْتَ كُلَّ شَيْءٍ فِيْ مَحَلِّهِ

အရာတိုင်းကို သူ့နေရာနဲ့သူ တွေ့ရလိမ့်မယ်။

فَلَا يَضِيْعُ وَقْتُهُ فِيْ تَفَقُّدِ[2] الْأَشْيَاءِ وَالْتِمَاسِهَا[3]،

သူ့ရဲ့အချိန်ဟာ ပစ္စည်းတွေ လိုက်လံရှာဖွေရခြင်းမှာ အလဟဿမဖြစ်ဘူး။

وَإِذَا دَخَلَ فِي الظَّلَامِ قَدَرَ عَلَى أَنْ يَأْخُذَ مَا يُرِيْدُهُ لِأَنَّهُ فِيْ مَحَلِّهِ.

သူဟာ အမှောင်ထဲမှာ အခန်းထဲဝင်ရင်လည်း သူလိုချင်တာကို ယူဖို့ တတ်စွမ်းနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပစ္စည်းဟာ သူ့နေရာနဲ့သူ ရှိတယ်။

1–بِذْلَاتٌ (ج) بِذْلَةٌ = အိမ်နေရင်း၊ အလုပ်လုပ်ရင်း ဝတ်သောအဝတ်။ 2–تَفَقَّدَ–يَتَفَقَّدُ–تَفَقُّدًا = စစ်ဆေးရှာဖွေသည်။ 3=اِلْتَمَسَ–يَلْتَمِسُ–اِلْتِمَاسًا = ရှာဖွေသည်။

وَكُتُبُهُ فِيْ نِظَامٍ دَائِمًا،وَهِيَ نَظِيْفَةٌ لَا تَرَى عَلَيْهَا غُبَارًا[1] وَلَا تُرَابًا،

သူ့ရဲ့ စာအုပ်တွေဟာ အမြဲတမ်း အစီအစဉ်တကျ ရှိတယ်။ သန့်ပြန့်နေ တယ်။ စာအုပ်တွေအပေါ်မှာ ဖုံမှုန့်တွေ၊ မြေကြီးတွေ တွေ့ရမှာမဟုတ်ဘူး။

وَلَا تَرَى فِيْهَا أَثَرَ دُهْنٍ[2] وَمَسْحَةَ[3] يَدٍ،

စာအုပ်တွေထဲမှာ ဆီအရာ၊ လက်အရာတို့ကိုလည်း တွေ့ရမှာမဟုတ်ဘူး။

وَلَا كِتَابَةً وَتَمْرِيْنًا[4]، كَأَنَّهُ اشْتَرَاهَا الْيَوْمَ،

စာရေးထားတာလည်းမရှိဘူး။ လေ့ကျင့်ခန်းလုပ်ထားတာလဲမရှိဘူး။ ဒီနေ့မှ ဝယ်ထားတဲ့အတိုင်းပါပဲ။

وَلَا يَكْتُبُ اسْمَهُ إِلَّا فِيْ مَكَانٍ وَاحِدٍ بِخَطٍّ جَيِّدٍ[5].

သူ့ရဲ့နာမည်ကိုလည်း နေရာတစ်နေရာတည်းမှာပဲ လက်ရေးလှလှလေးနဲ့ ရေးတယ်။

وَإِذَا قَامَ طَاهِرٌ فِي الصَّبَاحِ تَوَضَّأَ لِصَلَاةِ الصُّبْحِ

သွာဟိရ်ဟာနံနက်ခင်းမှာ နိုးထလာရင်လည်း ဖဂျ်ရ်စွလာသ်အတွက် ဝုဇူလုပ်တယ်။

وَاسْتَاكَ[6]، وَنَظَّفَ[7] أَسْنَانَهُ.

တံပူစားတယ်။ သွားတိုက်တယ်။

وَيَغْتَسِلُ طَاهِرٌ كُلَّ يَوْمٍ فِي الصَّيْفِ

သွာဟိရ်ဟာ နွေရာသီမှာ နေ့တိုင်း ရေချိုးတယ်။

وَأَكْثَرَ مِنْ مَرَّةٍ فِيْ أُسْبُوْعٍ فِي الشِّتَاءِ،

ဆောင်းရာသီဆိုရင်တော့ တစ်ပတ်မှာ တစ်ကြိမ်ထက်ပိုပြီး ရေချိုးတယ်။

لِذٰلِكَ تَرَاهُ يَمْرَضُ قَلِيْلًا، وَهُوَ قَوِيٌّ نَشِيْطٌ.

ဒါကြောင့် သူဟာ နာမကျန်းဖြစ်တာ နည်းပါးတယ်။ သူဟာ အားကောင်း တယ်။ ဖြတ်လတ်တယ်။

1- غُبَارٌ = ဖုန်မှုန့်။ 2- أَدْهَانٌ (ج) دُهْنٌ = ဆီ။ 3- مَسْحَةُ يَدٍ = လက်နဲ့ ပွတ်သပ်ရာ။
4- تَمْرِيْنًا-يُمَرِّنُ-مَرَّنَ = လေ့ကျင့်ခန်းလုပ်သည်။ 5- خَطٌّ جَيِّدٌ = လက်ရေးလှ။ 6- اِسْتِيَاكًا-يَسْتَاكُ-اِسْتَاكَ = တံပူစားသည်။ 7- نَظَّفَ الْأَسْنَانَ = သွားတိုက်သည်။

وَفِيْ فَصْلٍ[1] طَاهِرٍ وَلَدٌ غَنِيٌّ اسْمُهُ شَاهِدٌ،

သွာဟိရ်ရဲ့အတန်းမှာ ချမ်းသာတဲ့ကလေးတစ်ဦးရှိတယ်။ သူ့နာမည်က ရှာဟိဒ်တဲ့။

وَهُوَ ضِدٌّ[2] طَاهِرٍ فِي النَّظَافَةِ وَالنِّظَامِ،

ဟူဟာ သန့်ရှင်းမှုနဲ့ စည်းစနစ်ကျမှုတို့မှာ သွာဟိရ်နဲ့ ဆန့်ကျင်ဘက်ပဲ။

فَثِيَابُهُ غَالِيَةٌ جَمِيْلَةٌ وَلٰكِنَّهَا فِي الْغَالِبِ[3] وَسِخَةٌ دَنِسَةٌ[4]

သူ့ရဲ့အဝတ်တွေဟာ ဈေးကြီးပြီး လှတယ်။ ဒါပေမဲ့ အများအားဖြင့် ညစ်ပတ် ပေရေနေတယ်။

وَهُوَ يُغَيِّرُ مَلَابِسَهُ سَرِيْعًا، وَلٰكِنَّهُ يُوَسِّخُهَا سَرِيْعًا.

သူဟာ အဝတ်အစားတွေကို ခဏလေးနဲ့ လဲလဲပစ်တယ်။ ဒါပေမဲ့ အမြန် အမြန်လည်း ညစ်ပတ်အောင်လုပ်ပစ်တယ်။

وَكَذٰلِكَ كُتُبُهُ دَائِمًا فَجِلْدُهَا مَشْقُوْقٌ[5]،

သူ့ရဲ့စာအုပ်တွေဟာလည်း အမြဲ ဒီအတိုင်းပဲ။ သားရေအဖုံးက စုပ်ပြဲ နေမယ်။

وَوَرَقُهَا مَخْرُوْقٌ[6]، كَأَنَّ طِفْلًا عَبَثَ[7] بِهَا

စာရွက်တွေက ပေါက်ပြဲနေမယ်။ ကလေးတစ်ယောက်က ယူဆော့ထားတဲ့ အတိုင်းပဲ၊

أَوْ مَشَتْ عَلَيْهَا سِكَّةُ[8] الْفَلَّاحِ أَوْ دَاسَتْهَا[9] مَرْكَبَةٌ.

ဒါမှမဟုတ် စာအုပ်ပေါ်ကနေ လယ်သမားက ထယ်ထိုးထားတဲ့အတိုင်းပဲ၊ ဒါမှမဟုတ် အစီးအနင်းတစ်ခုခုက တက်ကြိတ်ထားတဲ့အတိုင်းပဲ။

وَكُتُبُهُ وَدَفَاتِرُهُ[10] مَعْرِضٌ[11] أَوْ مُتْحَفٌ[12]

သူ့ရဲ့ စာအုပ်တွေနဲ့ မှတ်စုစာအုပ်တွေဟာ ပြပွဲ၊ ဒါမှမဟုတ် ပြတိုက်လိုပဲ၊

1- فُصُوْلٌ (ج) فَصْلٌ = အတန်း၊ စာသင်ခန်း။ 2- أَضْدَادٌ (ج) ضِدٌّ = ဆန့်ကျင်ဘက်။ 3- فِي الْغَالِبِ = များသောအားဖြင့်။ 4- دَنِسَ-يَدْنَسُ-دَنَسًا = ညစ်ပေသည်။ فَهُوَ دَنِسٌ ညစ်ပေသော။ 5- مَشْقُوْقٌ = စုတ်ပြဲနေသော။ 6- مَخْرُوْقٌ = ပေါက်ပြဲနေသော။ 7- عَبَثَ-يَعْبَثُ-عَبَثًا = ဆော့ကစားသည်။ 8- سِكَّةُ الْمِحْرَاثِ ،سِكَّةٌ = ထယ်သွား၊ ထွန်သွား။ 9- دَاسَ-يَدُوْسُ-دَوْسًا = နင်းချေသည်။ 10- دَفَاتِرُ (ج) دَفْتَرٌ = မှတ်စုစာအုပ်။ 11- مَعَارِضُ (ج) مَعْرِضٌ = ပြပွဲ။ 12 - مَتَاحِفُ (ج) مُتْحَفٌ = ပြတိုက်။

تَرَى فِيهَا رُسُومًا[1] وَصُوَرًا، وَتَرْقِيْعَات[2] وَتَمْرِيْنَات
အဲဒီမှာ ပုံတွေ ၊ လက်မှတ်ထိုးထားတာတွေ၊ လေ့ကျင့်ခန်းလုပ်ထားတာတွေ တွေ့ရလိမ့်မယ်။

وَأَشْكَالًا رِيَاضِيَّةً[3] وَخَرَائِط[4] جُغْرَافِيَّةً.
ပြီးတော့ အားကစားပုံတွေ၊ ပထဝီမြေပုံတွေ တွေ့ရလိမ့်မယ်။

وَإِذَا قُلْتَ لِشَاهد: لِمَاذَا لَا تُحَافِظُ[5] عَلَى النَّظَافَة وَالنِّظَام؟
တကယ်လို့ အသင်က ရှာဟိဒ်ကို "မင်း ဘာကြောင့် သန့်ရှင်းမှုနဲ့ စည်းစနစ်ရှိမှုကို မထိန်းသိမ်းရတာလဲ"လို့ မေးကြည့်ရင်

قَالَ: إِنَّهُ يَضِيعُ[6] فِي ذٰلِكَ وَقْتٌ كَثِيْرٌ، وَالْوَقْتُ شَيْءٌ غَال.
သူပြောလိမ့်မယ်။ "အဲဒါတွေလုပ်ရင် အချိန်အများကြီးကုန်တယ်ဗျ။ အချိန်ဆိုတာ တန်ဖိုးကြီးတယ်။"

وَتَرَاهُ يُضَيِّعُ[7] وَقْتًا طَوِيْلًا فِي تَفَقُّد الْأَشْيَاء وَتَغْيِيْر الْمَلَابِس بِسُرْعَة،
ဒါပေမဲ့ သူဟာ အရာဝတ္ထုတွေ ရှာဖွေခြင်းနဲ့ အဝတ်အစားတွေ ခဏခဏ လဲခြင်းမှာ အချိန်တွေ ရှည်လျားစွာ ဖြုန်းတီးပစ်တာ အသင်တွေ့ရမယ်။

وَلٰكِنَّهُ لَا يَفْطَنُ[8] لِذٰلِكَ.
ဒါပေမဲ့လည်း ဒါကို သူ နားမလည်းရှာဘူး။

✿ ✿ ✿ ✿ ✿

1- رُسُوْمٌ (ج) رَسْمٌ = ပုံ။ 2- تَرْقِيْعَةٌ = လက်မှတ်။ رَقَّعَ-يُرَقِّعُ-تَرْقِيْعًا = လက်မှတ်ထိုးသည်။ 3- أَشْكَالًا رِيَاضِيَّةً = အားကစားပုံများ။ 4- خَرَائِطُ (ج) خَرِيْطَةٌ جُغْرَافِيَّةٌ = ပထဝီမြေပုံ။ 5- حَافَظَ عَلَى = စွဲစွဲမြဲမြဲပြုလုပ်သည်။ 6- ضَاعَ-يَضِيْعُ-ضَيَاعًا = အချည်းနှီးဖြစ်သည်။ 7- ضَيَّعَ-يُضَيِّعُ-تَضْيِيْعًا = အချည်းနှီးလုပ်သည်၊ ဖြုန်းတီးသည်။ 8- فَطِنَ-يَفْطَنُ-فَطَنًا = နားလည်သည်။ فَهُوَ فَطِنٌ နားလည်သော။

الْحَنِيْنُ[1] إِلَى الشَّهَادَةِ (١)

ရှဟာဒသ်ရရန် စိတ်အားထက်သန်ခြင်း (၁)

لَمَّا أَرَادَ رَسُوْلُ اللهِ ﷺ الْخُرُوْجَ إِلَى بَدْرٍ لِيُقَاتِلَ الْمُشْرِكِيْنَ،

တမန်တော်မြတ် ﷺ ဟာ မုရှရိက်တွေနဲ့ စစ်ထိုးဖို့အတွက် ဗဒရ်ဘက်ကို ထွက်ဖို့ ရည်ရွယ်လိုက်တဲ့အခါ

خَرَجَ غُلَامٌ[2] اسْمُهُ عُمَيرُ بنُ أَبِيْ وَقّاص رضي الله عنه ،

ကလေးတစ်ယောက်လည်း ထွက်ခဲ့တယ်။ သူ့နာမည်က အုမိုင်ရ်ဗင်န် အဗီဝက်ကားစ်လို့ ခေါ်တယ်။

عُمُرُهُ[3] سِتَّ عَشَرَةَ سَنَةً،

သူ့ရဲ့အသက်ကာ ၁၆နှစ် ဖြစ်တယ်။

وَكَانَ عُمَيْرٌ يَخَافُ أَنْ لَا يَقْبَلَهُ النَّبِيُّ ﷺ لِأَنَّهُ صَغِيْرٌ،

အိုမိုင်ရ်က သူ့ကို တမန်တော်မြတ် ﷺ လက်မခံမှာကို ကြောက်ရွံ့စိုးရိမ်နေခဲ့တယ်။ သူက ငယ်သေးတာကိုး။

فَكَانَ يَجْتَهِدُ أَنْ لَّا يَرَاهُ أَحَدٌ، وَكَانَ يَتَوَارى[4].

သူ့ကိုကိုယ်တော်မြတ် ﷺ မမြင်အောင်ကြိုးစားနေတယ်။ပြီးတော့ပုန်းအောင်းနေတယ်။

وَلَكِنْ رَآهُ أَخُوْهُ الْأَكْبَرُ، سَعْدُ بْنُ أَبِيْ وَقَّاص رضي الله عنه ،

ဒါပေမဲ့ သူ့ကို သူ့ရဲ့အစ်ကိုကြီး စအ်ဒ်ဗင်န် အဗီဝက်ကားစ်က တွေ့သွားတယ်။

فَقَالَ لَهُ: مَالَكَ، يَا أَخِيْ ؟ لِأَيِّ شَيْءٍ تَتَوَارَى ؟

သူ့ကိုမေးတယ်။ အို– ငါ့ညီ၊ ဘာဖြစ်လို့လဲ။ ဘာ့အတွက်ကြောင့် ပုန်းနေ တာလဲ။

قَالَ عُمَيْرُ : أَخَافُ أَنْ يَرُدَّنِيْ[4] رَسُوْلُ اللهِ ﷺ فَإِنِّيْ صَغِيْرٌ،

1- حَنَّ – يَحِنُّ – حَنِيْنًا = စိတ်ဆန္ဒပြင်းပြသည်။ 2- غُلَامٌ (ج) غِلْمَانٌ = ကလေး။ 3- عُمُرٌ (ج) أَعْمَارٌ = အသက်။ 4- تَوَارَى – يَتَوَارَى – تَوَارِيًا = ပုန်းကွယ်သည်။ 4- رَدَّ – يَرُدُّ – رَدًّا = ငြင်းသည်၊ ပယ်ချသည်။

အိုမိုင်ရ်က ပြောတယ်။ တမန်တော်မြတ် ﷺက ကျွန်တော့်ကို ပြန်လွှတ်လိုက်မှာ စိုးရိမ်လို့ပါ။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်ဟာ အသက်ငယ်သေးတယ်။

وَأَنَا أُحِبُّ الْخُرُوْجَ، لَعَلَّ اللهَ يَرْزُقُنِي الشَّهَادَةَ.

ကျွန်တော်လည်း လိုက်ချင်တယ်။ အလ္လာဟ်က ကျွန်တော့်ကို ရှဟာဒသ် ပေးမယ်လို့ မျှော်လင့်ပါတယ်။

وَكَانَ كَمَا خَافَ عُمَيْرٌ،

အိုမိုင်းရ် စိုးရိမ်တဲ့အတိုင်းပဲ ဖြစ်ခဲ့ပါတယ်။

فَلَمَّا رَآهُ رَسُوْلُ اللهِ ﷺ رَأَى أَنَّهُ صَغِيْرٌ،

တမန်တော်မြတ် ﷺဟာ သူ့ဘက်ကို ကြည့်လိုက်တဲ့အခါ သူဟာ အသက်ငယ်ရွယ်တဲ့ ကလေးဖြစ်နေတာ တွေ့မြင်သွားတယ်။

وَالْحَرْبُ لَيْسَتْ مِنْ شُغْلِ الْأَطْفَالِ وَالْغِلْمَانِ،

စစ်ပွဲဆိုတာ ကလေးငယ်တွေရဲ့ အလုပ်ပို့မဟုတ်တာ။

وَمَا يَصْنَعُوْنَ فِي الْحَرْبِ، وَإِنَّهَا لَكَبِيْرَةٌ[1] عَلَى الرِّجَالِ ؟

စစ်ပွဲမှာ သူတို့ ဘာလုပ်မှာလဲ။ စစ်ပွဲဆိုတာ လူကြီးတွေအတွက်တောင် ခက်ခဲတဲ့ကိစ္စပဲ။

وَلٰكِنَّ عُمَيْرًا مَا أَحَبَّ أَنْ يَنْصَرِفَ[2]، وَيَقْعُدَ فِي الْبَيْتِ،

ဒါပေမဲ့လည်း အိုမိုင်ရ်ဟာ လှည့်ပြန်ရမှာ၊ အိမ်မှာ ထိုင်နေရမှာ၊

أَوْ يَلْعَبَ مَعَ أَتْرَابِهِ[3] وَأَصْدِقَائِهِ فِي الْمَدِيْنَةِ،

ဒါမှမဟုတ် သက်တူရွယ်တူ မိတ်ဆွေသူငယ်ချင်းတွေနဲ့ မြို့ထဲမှာ ဆော့ကစားရမှာကို မနှစ်မြို့ခဲ့ဘူး။

وَإِنَّهُ لَيُرِيْدُ الشَّهَادَةَ فِيْ سَبِيْلِ اللهِ !

ဘာကြောင့်လဲဆိုတော့ သူဟာ အလ္လာဟ်လမ်းမှာ ရှဟာဒသ်ကိုပဲ လိုချင်နေခဲ့တာဖြစ်တယ်။

وَلٰكِنَّ عُمَيْرًا لَا يَعْصِيْ رَسُوْلَ اللهِ ﷺ وَلَا يُعَانِدُ[4]،

1- كَبُرَ عَلَى–يَكْبُرُ–كِبَرًا = လေးလံသည်၊ ခက်ခဲသည်။ 2- اِنْصَرَفَ–يَنْصَرِفُ–اِنْصِرَافًا ပြန်လှည့်သည်။ 3- أَتْرَابٌ (ج) تِرْبٌ = သက်တူရွယ်တူ။ 4- عَانَدَ–يُعَانِدُ–مُعَانَدَةً = ခေါင်းမာသည်။

ဒါပေမဲ့လည်း အိုမိုင်ရ်ဟာ တမန်တော်မြတ် ﷺရဲ့အမိန့်ကို မဖီဆန်ခဲ့ဘူး။ ခေါင်းမမာခဲ့ဘူး။

فَإِنَّهُ لَا يُرِيْدُ إِلَّا رِضَاءَ اللهِ،

ဘာကြောင့်လဲဆိုတော့ သူဟာ အလ္လာဟ်ရဲ့ ကျေနပ်နှစ်သက်မှုကိုပဲ လိုချင်တာလေ။

وَهَلْ يَنَالُ رِضَاءَ اللهِ إِذَا عَصَى رَسُوْلَ اللهِ ﷺ؟ أَبَدًا !

တမန်တော်မြတ် ﷺရဲ့ အမိန့်ကို ဖီဆန်လိုက်ရင် အလ္လာဟ်ရဲ့ ကျေနပ်နှစ်သက်မှုကို ရနိုင်ပါ့မလား။ လုံးဝ မရနိုင်ပါဘူး။

كَانَ عُمَيْرٌ فِيْ حَيْرَةٍ[1] وَحُزْنٍ شَدِيْدٍ،

အိုမိုင်ရ်ဟာ တွေဝေနေတယ်။ အလွန်လည်း ဝမ်းနည်းနေတယ်။

هُوَ لَمْ يَبْلُغْ سِنَّ الْقِتَالِ، وَلٰكِنَّهُ يَحِنُّ إِلَى الشَّهَادَةِ،

သူဟာ စစ်တိုက်ရမဲ့အရွယ်ကို မရောက်သေးဘူး။ ဒါပေမဲ့လည်း သူဟာ ရှဟာဒသ်ရဖို့နဲ့

وَإِلَى الْمَوْتِ فِيْ سَبِيْلِ اللهِ،

အလ္လာဟ်လမ်းမှာ သေဆုံးဖို့ပဲ စိတ်အားထက်သန်နေခဲ့တယ်။

وَيَحِنُّ إِلَى الْجَنَّةِ وَيَرَاهَا غَيْرَ بَعِيْدَةٍ،

ဂျန္နသ်ရဖို့ပဲ စိတ်အားထက်သန်နေခဲ့တယ်။ ဂျန္နသ်ဟာ သိပ်မဝေးတော့တာ သူမြင်နေရတယ်။

وَلٰكِنْ كَيْفَ يَصِلُ إِلَيْهَا، وَهُوَ لَمْ يَبْلُغْ سِنَّ الْقِتَالِ ؟!

ဒါပေမဲ့ အဲဒီကို ဘယ်လိုရောက်နိုင်မလဲ။ သူဟာ စစ်တိုက်ရမဲ့အရွယ်မှ မရောက်သေးတာ။

كُلُّ ذٰلِكَ ثَقُلَ[2] عَلَى عُمَيْرٍ، وَكَانَ قَلْبُهُ صَغِيْرًا، فَبَكَى،

ဒါတွေအားလုံးဟာ အိုမိုင်ရ်ရဲ့အပေါ်မှာ တော်တော် လေးလံခက်ခဲခဲ့တယ်။ သူ့ရဲ့စိတ်နှလုံးကလည်း သေးငယ်သေးတော့ သူဟာ ငိုချလိုက်တယ်။

وَلَمَّا بَكَى عُمَيْرٌ رَقَّ[3] لَهُ قَلْبُ رَسُوْلِ اللهِ ﷺ

အိုမိုင်ရ်ငိုတဲ့အခါ တမန်တော်မြတ် ﷺက သနားသွားတယ်။

1- هُوَ فِيْ حَيْرَةٍ مِنَ الْأَمْرِ = စိတ်ရှုတ်ထွေးသည်။ 2- ثَقُلَ عَلَى - يَثْقُلُ - ثِقْلًا = လေးလံသည်၊ ခက်ခဲသည်။ 3- رَقَّ - يَرِقُّ - رِقَّةً = သနားကြင်နာသည်။

وَكَانَ رَسُوْلُ اللهِ ﷺ رَقِيْقًا[1] رَفِيْقًا[2] فَأَجَازَهُ[3].

တမန်တော်မြတ် ﷺ ဟာ သနားကြင်နာတတ်သူ၊ စိတ်နှလုံး နူးညံ့သူ ဖြစ်တယ်။ ဒါကြောင့် တမန်တော်မြတ်က သူ့ကို ခွင့်ပေးလိုက်တယ်။

وَلَا تَسْأَلُوْا عَنْ فَرَحِ عُمَيْرٍ وَسُرُوْرِهِ لَمَّا أَجَازَهُ النَّبِيُّ ﷺ

တမန်တော် ﷺ က သူ့ကို ခွင့်ပေးလိုက်တဲ့အခါ အိုမိုင်ရ် ဘယ်လောက် ပျော်လိုက်မလဲ အသင် မမေးပါနဲ့တော့။

فَكَأَنَّمَا نَالَ تَذْكِرَةَ[4] الْجَنَّةِ، وَخَرَجَ عُمَيْرٌ مَعَ أَخِيْهِ وَمَعَ الْمُسْلِمِيْنَ،

သူဟာ ဂျန္နသ်ဝင်ရမဲ့လက်မှတ် ရလိုက်သလိုပါပဲ။ အိုမိုင်ရ်ဟာ မိမိရဲ့ အစ်ကိုနဲ့ မွတ်စ်လင်မ်တွေနဲ့အတူ ထွက်လာခဲ့တယ်။

وَكُلُّهُمْ كِبَارٌ وَأَقْوِيَاءُ، وَكَانَ كَمَا أَرَادَ،

အားလုံးဟာ လူကြီးတွေ၊ အားအင်ကြီးသူတွေချည်းပဲ။ သူဆန္ဒရှိတဲ့ အတိုင်းပဲ ဖြစ်လာခဲ့ပါတယ်။

فَقَدْ قُتِلَ شَهِيْدًا فِي الْغَزْوَةِ،

စစ်ပွဲမှာ ရှဟီဒ်အဖြစ်နဲ့ ကျဆုံးသွားခဲ့လေတယ်။

وَسَبَقَ[5] كَثِيْرًا مِنَ الشُّبَّانِ وَالشُّيُوْخِ،

သူဟာ လူပျိုလူရွယ်တွေ၊ လူကြီးတွေ အမြောက်အမြားရဲ့ ရှေ့ကို ကျော် တက်သွားခဲ့လေတယ်။

رَضِيَ اللهُ عَنْ عُمَيْرٍ وَأَرْضَاهُ[6].

အိုမိုင်ရ်ကို အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်တော်မူပါစေ၊ အလ္လာဟ် အရှင်မြတ်က လည်း သူ့ကို ကျေနပ်အောင်လုပ်ပေးတော်မူပါစေ။

1- رَقِيْقٌ = သနားကြင်နာသူ။ 2- رَفِيْقٌ = နူးညံ့သိမ်မွေ့သူ။ رَفُقَ–يَرْفُقُ–رِفْقًا ။ 3 – أَجَازَ–يُجِيْزُ–إِجَازَةً = ခွင့်ပြုသည်။ 4– تَذَاكِرُ (ج) تَذْكِرَةٌ = လက်မှတ်။ 5– سَبَقَ–يَسْبِقُ–سَبْقًا= ရှေ့သို့ ကျော်တက်သည်။ 6– أَرْضَى–يُرْضِي–إِرْضَاءً = ကျေနပ်နှစ်သက်အောင်လုပ်သည်။

اَلْحَنِيْنُ إِلَى الشَّهَادَةِ (٢)

ရှဟာဒသ်ရရန် စိတ်အားထက်သန်ခြင်း (၂)

وَلَمَّا خَرَجَ رَسُوْلُ اللهِ ﷺ إِلَى أُحُدٍ لِقِتَالِ قُرَيْشٍ، خَرَجَ مَعَهُ مِنَ الْمَدِيْنَةِ غِلْمَانٌ

တမန်တော်မြတ် ﷺ ဟာ ကုရိုင်ရှ်တွေကို တိုက်ဖို့အတွက် အုဟုတ်စစ်ပွဲမှာ ထွက်လာတဲ့ အခါ မဒီနဟ်မြို့က လူငယ်လေးတွေတချို့လည်း ကိုယ်တော်နဲ့အတူ ထွက်လာကြတယ်။

يُحِبُّوْنَ الْجِهَادَ فِيْ سَبِيْلِ اللهِ، وَكَانُوْا صِغَارًا،

သူတို့ဟာ အလ္လာ့ဟ်လမ်းမှာ ဂျိဟာဒ်လုပ်ခြင်းကို နှစ်သက်ကြသူတွေ ဖြစ်တယ်။ သူတို့ဟာ အသက်ငယ်ကြတယ်။

لَمْ يَتَجَاوَزُوْا[1] الْخَامِسَةَ عَشَرَةَ مِنْ عُمُرِهِمْ،

သူတို့ရဲ့အသက်ဟာ ၁၅ နှစ်တောင် မကျော်သေးဘူး။

فَرَدَّهُمْ رَسُوْلُ اللهِ ﷺ، لِأَنَّهُمْ صِغَارٌ، لَمْ يَبْلُغُوْا سِنَّ الْقِتَالِ،

တမန်တော်မြတ် ﷺ က သူတို့ကို ပြန်လွှတ်တော်မူခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ ငယ်သေးတယ်။ စစ်တိုက်ရမဲ့အရွယ် မရောက်သေးဘူး။

فَيَكُوْنُوْنَ كَالْمَتَاعِ[2]، وَيَشْغُلُوْنَ[3] الْكِبَارَ أَيْضًا

စစ်ပွဲမှာ သူတို့ဟာ ပစ္စည်းပစ္စယတွေလို ဖြစ်နေလိမ့်မယ်။ လူကြီးတွေကိုလည်း အလုပ်ရှုပ်အောင်လုပ်မယ်။

يُرَاقِبُوْنَهُمْ[4] وَيَحْرِسُوْنَهُمْ[5].

1– تَجَاوَزَ–يَتَجَاوَزُ–تَجَاوُزًا = ကျော်လွန်သည်။ 2– مَتَاعٌ (ج) أَمْتِعَةٌ = ပစ္စည်းပစ္စယ။ 3– شَغَلَ–يَشْغُلُ–شُغْلًا = အလုပ်ရှုပ်စေသည်။ 4– رَاقَبَ–يُرَاقِبُ–مُرَاقَبَةً = ကြည့်ရှုစောင့်ရှောက်သည်။ 5– حَرَسَ–يَحْرِسُ–حِرَاسَةً = ကာကွယ်စောင့်ရှောက်သည်။

လူကြီးတွေက သူတို့ကို စောင့်ကြပ်နေရမယ်။ ထိန်းသိမ်းစောင့်ရှောက်နေ ရမယ်။

وَكَانَ فِيْ هٰؤُلَاءِ الْغِلْمَانِ وَلَدٌ، اسْمُهُ رَافِعُ بْنُ خَدِيْجٍ،

အဲဒီ လူငယ်လေးတွေထဲမှာ ကလေးတစ်ယောက်ပါတယ်။ သူ့နာမည်က ရာဖိအ်ဗင်န် ခဒီးဂျ်လို့ ခေါ်တယ်။

وَهُوَ دُوْنَ[1] الْخَامِسَةَ عَشَرَةَ مِنْ عُمُرِهِ،

သူ့အသက်က ၁၅နှစ်အောက်ပဲ ရှိသေးတယ်။

وَكَانَ يَتَطَاوَلُ[2] مِنْ شِدَّةِ الشَّوْقِ،

သူဟာ ဆန္ဒပြင်းပြနေတဲ့အတွက် (ဦးမော့ထားပြီး) အရပ်ရှည်ချင်ယောင် ဆောင်ထားတယ်။

لِيَظُنَّ النَّاسُ أَنَّهُ كَبِيْرٌ، قَدْ بَلَغَ سِنَّ الْقِتَالِ،

သူဟာ လူကြီးဖြစ်နေပြီ၊ စစ်တိုက်တဲ့အရွယ် ရောက်နေပြီလို့ လူတွေ ထင်ရအောင် ဖြစ်တယ်။

فَلَا يُفْطَنُ[3] لِصِغَرِ سِنِّهِ وَضَعْفِهِ.

ဒါမှ သူ့အသက်ငယ်ရွယ်မှုနဲ့ အားနည်းမှုကိုဘာ မရိပ်မိလေအောင်ပေါ့။

وَلٰكِنَّ رَسُوْلَ اللهِ ﷺ رَدَّهُ، لِأَنَّهُ عَرَفَ أَنَّهُ صَغِيْرٌ، وَأَنَّهُ يَتَطَاوَلُ،

ဒါပေမဲ့ တမန်တော်မြတ် ﷺက သူ့ကို ငြင်းပယ်လိုက်တယ်။ ဘာကြောင့် လဲဆိုတော့ သူငယ်နေသေးတာ၊ အရပ်ရှည်ချင်ယောင်ဆောင်ထားတာကို ကိုယ်တော်မြတ် သိတော်မူတယ်။

فَشَفَعَ[4] لَهُ أَبُوْهُ وَقَالَ: يَا رَسُوْلَ اللهِ ! إِنَّ ابْنِيْ رَافِعًا رَامٍ[5]،

အဲဒီအခါ သူ့ရဲ့အဖေက သူ့အတွက် အသနားခံပန်ကြားပေးတယ်။ အို-ကိုယ်တော်၊ ကျွန်တော့်သား ရာဖိအ်ဟာ မြားပစ်ကျွမ်းကျင်ပါတယ်။

1- دُوْنَ = အောက်၊ နိမ့်သော။ 2- تَطَاوَلَ-يَتَطَاوَلُ-تَطَاوُلًا =ဦးမော့ထားသည်၊ အရပ်ရှည်ချင်ယောင်ဆောင်သည်။ 3- فَطِنَ-يَفْطَنُ-فَطَنًا= နားလည်သည်။ فَهُوَ فَطِنٌ နားလည်သူ။ 4- شَفَعَ-يَشْفَعُ-شَفَاعَةً = ကြားဝင်အသနားခံပေးသည်။ 5- رَامٍ رُمَاةٌ (ج) = မြားပစ်ကျွမ်းကျင်သူ။

فَأَذِنَ رَسُوْلُ اللهِ ﷺ .

ဒါနဲ့ တမန်တော်မြတ် ﷺက ခွင့်ပြုလိုက်တယ်။

فَفَرِحَ رَافِعٌ كَثِيْرًا لَمَّا أَذِنَ رَسُوْلُ اللهِ ﷺ ، وَخَرَجَ مَعَ الْمُجَاهِدِيْنَ،

တမန်တော်မြတ် ﷺ ခွင့်ပြုလိုက်တဲ့အခါ ရာဖိအ်ဟာ အလွန် ပျော်ရွှင်သွား ခဲ့တယ်။ မုဂျာဟိဒ်တွေနဲ့အတူ ထွက်လာခဲ့တယ်။

وَهُوَ أَكْثَرُ سُرُوْرًا مِنْ غِلْمَانٍ يَخْرُجُوْنَ إِلَى الْمُصَلَّى[1] يَوْمَ الْعِيْدِ فِيْ لِبَاسٍ جَدِيْدٍ.

သူဟာ အီးဒ်နေ့မှာ အင်္ကျီအသစ်ဝတ်ပြီး အီးဒ်ဂါဟ်ကို ထွက်လာကြတဲ့ ကလေးတွေ ထက်တောင် ပိုပျော်ရွှင်နေပါသေးတယ်။

وَكَانَ وَلَدٌ آخَرُ اسْمُهُ سَمُرَةُ بْنُ جُنْدُبٍ فِيْ سِنِّ رَافِعٍ،

နောက်ထပ် ကလေးတစ်ဦးရှိသေးတယ်။ သူ့နာမည်က စမုရဟ် ဗင်န် ဂျွန်ဒုဗ်တဲ့၊ ရာဖိအ် နဲ့ သက်တူရွယ်တူပဲ။

فَعُرِضَ[2] عَلَى رَسُوْلِ اللهِ ﷺ بَعْدَ رَافِعٍ فَرَدَّهُ رَسُوْلُ اللهِ ﷺ لِصِغَرِهِ أَيْضًا،

ရာဖိအ်ပြီးတဲ့နောက် သူ့ကိုလည်း ကိုယ်တော့်ထံမှာ တင်ပြကြတယ်။ အသက်ငယ်တဲ့ အတွက်ကြောင့် တမန်တော်မြတ် ﷺက သူ့ကိုလည်း ငြင်းပယ်လိုက်တယ်။

فَقَالَ سَمُرَةُ : لَقَدْ أَجَزْتَ رَافِعًا وَرَدَدْتَنِيْ،

အဲဒီအခါ စမုရဟ်ကပြောတယ်။ ကိုယ်တော်က ရာဖိအ်ကျတော့ ခွင့်ပြုပြီး ကျွန်တော့်ကို ကျတော့ ပယ်ချလိုက်တယ်နော်။

وَلَوْ صَارَعْتُهُ[3] لَصَرَعْتُهُ[4].

ကျွန်တော်သာ သူ့ကို နပန်းလုံးရင် အနိုင်လှဲချနိုင်ပါတယ်။

فَأَمَرَ رَسُوْلُ اللهِ ﷺ سَمُرَةَ وَرَافِعًا بِالْمُصَارَعَةِ،

1– مُصَلًّى = စွလာသ်ဝတ်ပြုကွင်း၊ အီဒ်ဂါ။ 2– عَرَضَ عَلَى –يَعْرِضُ–عَرْضًا တင်ပြသည်။
3– صَارَعَ–يُصَارِعُ–مُصَارَعَةً = နပန်းသတ်သည်။ 4 صَرَعَ – يَصْرَعُ – صَرْعًا = နပန်းသတ်ရာတွင် အနိုင်ရသည်။

တမန်တော်မြတ် ﷺက စမုရဟ်နဲ့ ရာဖိအ်တို့ကို နပန်းလုံးခိုင်းတယ်။

فَصَرَعَ سَمُرَةُ رَافِعًا كَمَا قَالَ،

စမုရဟ်ဟာ သူပြောခဲ့တဲ့အတိုင်းပဲ ရာဖိအ်ကို လှဲချနိုင်ခဲ့တယ်။

وَاسْتَحَقَّ[1] أَنْ يُسْمَحَ[2] لَهُ بِالدُّخُوْلِ فِيْ صَفِّ الْمُجَاهِدِيْنَ،

သူဟာ မုဂျာဟိဒ်တွေရဲ့ လိုင်းထဲမှာ ဝင်ခွင့်ပြုဖို့ ထိုက်တန်သွားခဲ့တယ်။

فَأَجَازَ رَسُوْلُ اللهِ ﷺ سَمُرَةَ لِلْخُرُوْجِ،

တမန်တော်မြတ် ﷺက စမုရဟ်ကို လိုက်ခွင့်ပြုလိုက်တယ်။

فَخَرَجَ سَمُرَةُ وَقَاتَلَ يَوْمَ أُحُدٍ فِيْ سَبِيْلِ اللهِ،

စမုရဟ်ဟာ ထွက်လာခဲ့တယ်။ ပြီးတော့ အုဟုဒ်နေ့မှာ အလ္လာဟ်လမ်းမှာ တိုက်ခိုက်ခဲ့တယ်။

رَضِيَ اللهُ عَنْ رَافِعٍ وَسَمُرَةَ وَرَزَقَنَا اتِّبَاعَهُمَا.

ရာဖိအ်နဲ့ စမုရဟ်တို့နှစ်ဦးကို အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူပါစေ။ ကျွန်တော်တို့ကို သူတို့ရဲ့နောက်ကို လိုက်နိုင်စွမ်း ချီးမြှင့်တော်မူပါစေ။

❀ ❀ ❀ ❀ ❀

كُنْ أَحَدَ السَّبْعَةِ (١)

(၇) ဦးထဲက တစ်ဦး ဖြစ်လိုက်ပါ (၁)

كَانَ الْيَوْمُ الْخَامِسَ عَشَرَ مِنْ شَهْرِ يُوْنِيُوْ[3] يَوْمًا شَدِيْدَ الْحَرِّ،

ဇွန်လ ၁၅ ရက်နေ့ဟာ အလွန် ပူပြင်းတဲ့နေ့တစ်နေ့ ဖြစ်ခဲ့တယ်။

1- اِسْتَحَقَّ-يَسْتَحِقُّ-اِسْتِحْقَاقًا =ထိုက်တန်သည်။ 2- سَمَحَ-يَسْمَحُ-سَمَاحًا وَسَمَاحَةً =ပေးသည်၊ ချီးမြှင့်သည်။ 3- يُوْنِيُوْ =ဇွန်လ။

وَكَانَ يَوْمَ عُطْلَةٍ[1]،

ကျောင်းပိတ်ရက်လည်း ဖြစ်တယ်။

فَكَانَ مَحْمُوْدٌ وَأَحْمَدُ وَعُثْمَانُ فِي الْبَيْتِ،

မဟ်မူဒ်၊ အဟ်မဒ်နဲ့ အွတ်စ်မာန်တို့ဟာ အိမ်မှာရှိနေခဲ့ကြတယ်။

وَكَانُوْا مَعَ أَبِيْهِمْ فِي السَّاعَةِ الثَّانِيَةِ فِي النَّهَارِ

နေ့လယ် ၂နာရီမှာ သူတို့ဟာ သူတို့ရဲ့ ဖခင်နဲ့အတူ ရှိနေခဲ့ကြတယ်။

وَكَانُوْا يَتَأَفَّفُوْنَ[2] مِنَ الْحَرِّ،

သူတို့ဟာ အပူဒဏ်ကြောင့် ညီးတွားနေကြတယ်။

وَيَتَقَلَّبُوْنَ[3] عَلَى الْفِرَاشِ كَأَنَّهُمْ عَلَى الْجَمْرِ[4].

မီးကျီးခဲပေါ်မှာ ရှိနေတဲ့အတိုင်းပဲ အိပ်ရာပေါ်မှာ လူးလိမ့်နေကြတယ်။

قَالَ: مَحْمُوْدٌ: يَا لَطِيْفُ ! مَا أَشَدَّ الْحَرَّ!

မဟ်မူဒ်က ပြောတယ်။ အို၊ အေးချမ်းသိမ်မွေ့တော်မူတဲ့အရှင်၊ အပူရှိန်ဟာ ဘယ်လောက်တောင် ပြင်းထန်လိုက်ပါဘိ။

قَالَ أَبُوْهُمْ سُلَيْمَانُ: أَتَعْرِفُ يَا مَحْمُوْدُ ! كَمْ تَبْعُدُ الشَّمْسُ مِنَ الأَرْضِ؟

သူတို့ရဲ့အဖေ စိုလိုင်မာန်က မေးတယ်။ အို- မဟ်မူဒ်၊ မင်းသိလား။ နေဟာ ကမ္ဘာမြေနဲ့ ဘယ်လောက် ဝေးကွာသလဲ။

مَحْمُوْدٌ: لَا يَا أَبِيْ ! وَلٰكِنِّيْ أَعْرِفُ أَنَّهَا بَعِيْدَةٌ جِدًّا.

မဟ်မူဒ်၊ အို- အဖေ၊ မသိပါဘူး၊ ဒါပေမဲ့ အလွန် ဝေးတယ်လို့တော့ ကျွန် တော်သိထားတယ်။

سُلَيْمَانُ: سَتَقْرَأُ فِي الْمَدْرَسَةِ

စိုလိုင်မာန်။ ။ ကျောင်းမှာ မကြာခင် မင်းဖတ်ရပါလိမ့်မယ်။

أَنَّ الشَّمْسَ تَبْعُدُ مِنَ الْأَرْضِ أَكْثَرَ مِنْ تِسْعِيْنَ مِلْيُوْنًا[5] مِنَ الْأَمْيَالِ[6]،

1– يَوْمُ عُطْلَةَ = ကျောင်းအားလပ်ရက်။ 2– تَأَفَّفَ–يَتَأَفَّفُ–تَأَفُّفًا = ညည်းတွားသည်။ 3– تَقَلَّبَ–يَتَقَلَّبُ–تَقَلُّبًا = လူးလိမ့်သည်။ 4– جَمْرٌ (ج) جَمْرَةٌ = မီးခဲ။ 5– مِلْيُوْنٌ (ج) مَلَايِيْنُ = တစ်သန်း၊ မီလီယံ။ 6– أَمْيَالٌ (ج) مِيْلٌ = မိုင်။

နေဟာ ကမ္ဘာမြေနဲ့ မိုင်ပေါင်း သန်းကိုးဆယ်ကျော် ဝေးတယ်။

وَالْحَرُّ كَمَا تَرَى،

ဒါတောင် အပူရှိန်က မင်းမြင်နေရတဲ့အတိုင်းပဲ။

فَكَيْفَ إِذَا دَنَت[1] الشَّمْسُ حَتّى تَكُوْنَ مِقْدَارَ مِيْلٍ ؟ !

နေဟာ တစ်မိုင်အကွာအဝေးလောက်ထိ နီးကပ်လာရင် ဘယ်လိုအခြေ အနေ ဖြစ်သွားမလဲ။

مَحْمُوْدٌ: الْعِيَاذُ بِاللهِ! وَمَتىٰ هٰذَا يَا أَبِيْ ؟

မဟ်မူဒ်။ အလ္လာဟ်ထံမှာ ခိုလှုံပါတယ်။ အို- အဖေ၊ အဲဒါ ဘယ်တော့ ဖြစ်မှာလဲ။

سُلَيْمَانُ: ذٰلِكَ يَا بُنَيَّ يَوْمَ الْقِيَامَة، يَوْمَ يَقُوْمُ النَّاسُ لِرَبِّ الْعَالَمِيْنَ.

စိုလိုင်မာန်။ ။ အို- သားလေး၊ အဲဒါ ကိယာမသ်နေ့ကျရင် ဖြစ်မှာ။ အဲဒီ နေ့ကျရင် လူတွေ အားလုံးဟာ လောကအပေါင်းရဲ့ အရှင်သခင်ရဲ့ ရှေ့မှာ ရပ်ကြရလိမ့်မယ်။

أَحْمَدُ: وَكَيْفَ النَّاسُ يَوْمَئِذٍ يَا أَبَتِ ؟

အဟ်မဒ်။ ။ အဲဒီနေ့မှာ လူတွေ ဘယ်လို အခြေအနေမှာ ရှိကြမလဲ။

سُلَيْمَانُ: يَكُوْنُ النَّاسُ عَلَى قَدْرِ[2] أَعْمَالِهِمْ فِي الْعَرَقِ[3]،

စိုလိုင်မာန်။ ။ လူတွေဟာ မိမိတို့ရဲ့ အမလ်ကျင့်ဆောင်မှုတွေနဲ့အညီ ချွေးထဲမှာ နစ်နေလိမ့်မယ်။

فَمِنْهُمْ مَنْ يَكُوْنُ إِلَى كَعْبَيْهِ[4]، وَمِنْهُمْ مَنْ يَكُوْنُ إِلَى رُكْبَتَيْهِ[5]

တချို့က ခြေမျက်စိအထိရောက်မယ်။ တချို့က ဒူးခေါင်းအထိရောက်မယ်။

وَمِنْهُمْ مَنْ يَكُوْنُ إِلَى حَقْوَيْهِ[6]

တချို့က ခါးအထိရောက်မယ်။

وَمِنْهُمْ مَنْ يُلْجِمُهُ[7] العَرَقُ إِلْجَامًا[8].

1- دَنَا–يَدْنُوْ–دُنُوًّا = နီးကပ်သည်။ 2– قَدْرٌ = အတိုင်းအတာ။ 3– عَرَقٌ (ج) عُرُوْقٌ = ချွေး။ 4– كَعْبٌ (ج) كُعُوْبٌ و كِعَابٌ ခြေမျက်စိ။ 5– رُكْبَةٌ (ج) رُكَبٌ = ဒူး။ 6– حَقْوٌ (ج) أَحْقَاءٌ = ခါး။ 7– أَلْجَمَ–يُلْجِمُ–إِلْجَامًا = ဇက်ကြိုးတက်သည်။ 8– مِنْهُمْ مَنْ يُلْجِمُهُ الْعَرَقُ إِلْجَامًا = တချို့သူတွေရဲ့ချွေးဟာ ပါးစပ်နဲ့ နားထိ ရောက်နေမယ်။

တချို့က ချွေးဟာ ပါးစပ်နဲ့ နှာခေါင်းအထိ ရောက်နေလိမ့်မယ်။

عُثْمَانُ: أَوَلَيْسَ هُنَالِكَ ظِلٌّ أَوْ مَكَانٌ يَسْتَظِلُّ[1] بِهِ النَّاسُ؟

အွတ်စ်မာန်၊ အဲဒီမှာ လူတွေ အရိပ်ခိုလို့ရမဲ့ အရိပ်အာဝါသ မရှိဘူးလား။

سُلَيْمَانُ: بَلٰى يَا وَلَدِيْ! فَهُنَالِكَ ظِلٌّ لَا يَنْعَمُ[2] بِهِ إِلَّا سَبْعَةٌ مِنَ الرِّجَالِ.

စိုလိုင်မာန်။ ။ ရှိတာပေါ့ ကလေးရယ်။ အဲဒီမှာ အရိပ်တစ်ခုရှိတယ်။ အဲဒီအရိပ်မှာ လူခုနစ်မျိုးပဲ အရိပ်ခိုလို့ရမယ်။

الْأَوْلَادُ: وَمَنْ أُوْلٰئِكَ السُّعَدَاءُ[3] يَا أَبَانَا ؟

အို- အဖေ၊ အဲဒီ နှဖူးစာကောင်းတဲ့သူတွေဟာ ဘယ်သူတွေလဲ၊

لَعَلَّنَا نَجْتَهِدُ أَنْ نَكُوْنَ مِنْهُمْ.

ကျွန်တော်တို့လဲ အဲဒီထဲမှာပါဖို့ ကြိုးစားကြပါမယ်။

سُلَيْمَانُ: يَا أَوْلَادِيْ! يَنْبَغِيْ[4] لِكُلِّ مُسْلِم أَنْ يَجْتَهَدَ أَنْ يَكُوْنَ أَحَدَ السَّبْعَةَ

စိုလိုင်မာန်။ ။ အို- ကလေးတို့၊ မွတ်စ်လင်မ်တိုင်းဟာ အဲဒီခုနစ်ဦးထဲက တစ်ဦးအပါအဝင်ဖြစ်ဖို့ ကြိုးစားထိုက်ပါတယ်။

وَأَنَا أَعُدُّ[5] لَكُمْ أُوْلٰئِكَ السَّبْعَةَ.

အဲဒီ လူခုနစ်မျိုးကို ငါရေတွက်ပြမယ်။

(1) إِمَامٌ عَادِلٌ.

(၁) တရားမျှတတဲ့ အိမာမ်ခေါင်းဆောင်။

وَقَطَعَ[6] عَلَيْهِ أَحَدُ الْأَوْلَادِ،

ကလေးတစ်ဦးက ကြားဖြတ်ဝင်ပြောတယ်။

وَقَالَ: وَمَنْ هُوَ الْإِمَامُ أَهٰذَا الَّذِيْ يُصَلِّيْ بِالنَّاس ؟

အဲဒီအိမာမ်ဆိုတာ ဘယ်သူ့ကို ပြောတာလဲ။ လူတွေကို စွလာသ်ဦးဆောင် ဖတ်ပေးတဲ့

1- اِسْتَظَلَّ–يَسْتَظِلُّ–اِسْتِظْلَالًا = အရိပ်ခိုသည်။ 2- نَعِمَ–يَنْعَمُ–نِعْمَةً = စည်းစိမ်ခံစားသည်။ 3- سُعَدَاءُ (ج) سَعِيْدٌ = နှဖူးစာကောင်းသူ။ 4- يَنْبَغِيْ = သင့်သည်၊ အရေးကြီးသည်။ 5- عَدَّ–يَعُدُّ–عَدًّا = ရေတွက်သည်။ 6- قَطَعَ–يَقْطَعُ–قَطْعًا قَطَعَ الْكَلَامَ = စကားဖြတ်ပြောသည်။

အိမာမ်ဆပ်လား။

سُلَيْمَانُ: هُوَ أَيْضًا عَلَى خَيْرٍ، لٰكِنَّ الْمُرَادَ هُنَا أَمِيْرُ الْمُسْلِمِيْنَ.

စိုလိုင်မာန်၊ သူလည်း ကောင်းခြင်းပေါ်မှာ ရှိပါတယ်။ ဒါပေမဲ့ ဒီမှာ ဆိုလိုချင်တာက မွတ်စ်လင်တွေရဲ့ ခေါင်းဆောင်ကို ပြောတာပါ။

وَابْتَدَرَ[1] الْأَوْلَادُ وَقَالُوْا: قَدْ فَهِمْنَا، هٰذَا كَالْخُلَفَاءِ الْأَرْبَعَةِ، وَعُمَرَ بْنِ عَبْدِ الْعَزِيْزِ،

ကလေးတွေက အလျင်အမြန်ပြောကြတယ်။ ကျွန်တော်တို့ နားလည်ပြီ။ အဲဒါ ခလီဖဟ်ကြီးလေးပါးနဲ့၊ အုရ်မဗင်န် အဗ်ဒွလ်အဇီးဇ်တို့လိုမျိုး ခေါင်းဆောင်တွေကို ပြောတာ။

وَقَدْ سَمِعْنَا كَثِيْرًا مِنْ حِكَايَاتِهِمْ مِنْ أُمِّنَا.

ကျွန်တော်တို့ရဲ့ မိခင်ထံကနေ သူတို့အကြောင်းတွေ အများကြီး ကြားခဲ့ ဖူးပါတယ်။

❀ ❀ ❀ ❀ ❀

كُنْ أَحَدَ السَّبْعَةِ (٢)

(၇)ဦးထဲက တစ်ဦး ဖြစ်လိုက်ပါ (၁)

(٢) قَالَ سُلَيْمَانُ: وَالثَّانِيْ يَا أَوْلَادِيْ !

(၂) စိုလိုင်မာန်က ပြောတယ်။ အို- ကလေးတို့၊

شَابٌّ[2] نَشَأَ[3] فِيْ عِبَادَةِ اللهِ تَعَالَى.

ဒုတိယတစ်ဦးက အလ္လာဟ်ရဲ့ အိဗာဒသ်လုပ်ရင်း ကြီးပြင်းလာတဲ့ လူပျိုလူရွယ်ပဲ ဖြစ်တယ်။

هُنَالِكَ وَقَفَ الشَّيْخُ، وَقَالَ: يُمْكِنُ كُلَّ وَاحِدٍ مِنْكُمْ يَا أَوْلَادِيْ !

1- ابْتَدَرَ–يَبْتَدِرُ–ابْتِدَارًا အလျင်အမြန်လုပ်သည်။ 2- شُبَّانٌ (ج) شَابٌّ = လူပျိုလူရွယ်။ 3- نَشَأَ–يَنْشَأُ–نَشْئًا = ကြီးပြင်းလူလား မြောက်သည်။

أَنْ يَكُوْنَ ذٰلِكَ الشَّابَ السَّعِيْدَ،

အဲဒီမှာ ရှိုင်ခ်က ရပ်လိုက်ပြီး ပြောတယ်။ အို- ကလေးတို့၊ အသင်တို့ထဲက တစ်ဦးတိုင်း ဟာ အဲဒီနဖူးစာကံကောင်းတဲ့ကလေး ဖြစ်နိုင်ပါတယ်။

وَلٰكِنْ إِذَا ضَيَّعْتُمْ فُرْصَةَ[1] الشَّبَابِ،

ဒါပေမဲ့ အသင်တို့ဟာ လူပျိုအရွယ် အခွင့်အရေးကို ဖျက်စီးပစ်လိုက် မယ်ဆိုရင်တော့

فَلَيْسَ لَكُمْ إِلَّا الْحَسْرَةُ[2] وَالنَّدَامَةُ.

အသင်တို့အဖို့ ဝမ်းနည်းကြေကွဲခြင်းမှတစ်ပါး အခြားရှိမှာမဟုတ်ဘူး။

(٣) رَجُلٌ قَلْبُهُ مُعَلَّقٌ فِي الْمَسَاجِدِ.

(၃) နောက်တစ်ဦးက ဗလီကို စိတ်စွဲလမ်းနေတဲ့သူ။

قَالَ الْأَوْلَادُ: هُوَ كَالشَّيْخِ عَبْدِ الْغَنِيِّ فِيْ حَيِّنَا[3]،

ကလေးတွေက ဝင်ပြောကြတယ်။ အဲဒါ ကျွန်တော်တို့ရပ်ကွက်ထဲက ရှိုခ် အဗ်ဒုလ်ဂနီလို ဖြစ်မယ်။

فَإِنَّهُ لَايَرْتَاحُ[4] إِلَّا إِلَى الْمَسْجِدِ،

ဘာဖြစ်လို့လဲဆိုတော့ သူဟာ ဗလီကို သွားရမှ စိတ်ချမ်းသာတယ်။

وَلَا تَفُوْتُهُ جَمَاعَةٌ، وَلَا نَظُنُّهُ يَبِيْتُ إِلَّا فِي الْمَسْجِدِ.

ဂျမာအသ် တစ်ခါမှ မလွတ်ဘူး။ ညတောင် ဗလီမှာပဲ အိပ်တယ်လို့ ငါထင်တယ်။

قَالَ سُلَيْمَانُ: لَا يَا أَوْلَادِيْ!

စိုလိုင်မာန်က ပြောတယ်။ မဟုတ်ဘူး၊ ကလေးတို့ရဲ့။

وَلٰكِنَّهُ مُحَافِظٌ[5] عَلَى الصَّلٰوةِ وَالْجَمَاعَةِ،

သူဟာ စွလာသ်ကို စွဲစွဲမြဲမြဲ ထိန်းသိမ်းစောင့်ရှောက်တဲ့သူသာ ဖြစ်တယ်။

وَقَدْ أَخْبَرَنِيْ أَنَّهُ مَا فَاتَتْهُ صَلَاةٌ فِيْ جَمَاعَةٍ مُنْذُ عَشْرِ سَنَوَاتٍ أَوْ أَكْثَرَ.

ငါ့ကို သူပြောပြဖူးတယ်။ သူဟာ ဆယ်နှစ်လောက်ကတည်းက၊ ဒါမှမဟုတ်

1- فُرَصٌ (ج) فُرْصَةٌ = အခွင့်အရေး။ 2- حَسَرَاتٌ (ج) حَسْرَةٌ = ကြေကွဲဝမ်းနည်းမှု။
3- أَحْيَاءٌ (ج) حَيٌّ = ရပ်ကွက်။ 4- اِرْتَاحَ - يَرْتَاحُ - اِرْتِيَاحًا = စိတ်သက်သာမှုရသည်။
5- مُحَافِظٌ عَلَى الصَّلٰوةِ = စွလာသ်စွဲစွဲမြဲမြဲ ဆောက်တည်သူ။

ဆယ်နှစ်ကျော်ကတည်းက စွလာသ်တစ်ကြိမ်မှ မလွတ်ဖူးဘူး။

(٤) رَجُلَانِ تَحَابَّا[1] فِيْ اللهِ،

(၄)အလ္လာ့ဟ်အတွက် တစ်ဦးကိုတစ်ဦး ချစ်ကြတဲ့သူနှစ်ယောက်၊

اجْتَمَعَا عَلَيْهِ وَتَفَرَّقَا[2] عَلَيْهِ.

သူတို့ဟာ အလ္လာ့ဟ်အတွက် စုံဆည်းကြတယ်။ အလ္လာ့ဟ်အတွက် ခွဲခွာ ကြတယ်။

وَإِذَا أَرَدْتُمْ أَنْ تَرَوْهُمَا فَانْظُرُوْا إِلَى الشَّيْخِ صَالِح وَالشَّيْخِ حَمْزَة،

အဲဒီလိုလူနှစ်ဦးကို မြင်ချင်တယ်ဆိုရင်တော့ ရှိုင်ခ်စွာလိဟ်နဲ့ ရှိုခ်ဟမ်ဇဟ် တို့ကို ကြည့်ကြ။

فَهٰذَا مِنَ الْهِنْد، وَذٰلِكَ مِنْ بُخَارَى، وَهُمَا أَخَوَان فِيْ اللهِ.

တစ်ယောက်က အိန္ဒိယက၊ နောက်တစ်ယောက်က ဗိုခါရာက၊ သူတို့နှစ်ဦးဟာ အလ္လာ့ဟ် အတွက် ညီနောင်တွေ ဖြစ်ကြတယ်။

وَيُمْكِنُ[3] كُلَّ وَاحِد مِنْكُمْ أَنْ يَنَالَ هٰذِه الْفَضِيْلَةَ[4]،

သင်တို့ထဲက တစ်ဦးတိုင်းဟာ ဒီမြင့်မြတ်မှုကို ရအောင်လုပ်ဖို့ ဖြစ်နိုင် ပါတယ်။

وَذٰلِكَ بِأَنْ يَخْتَارَ مِنْ صَفِّه وَرُفْقَتِه[5]

အဲဒါက ဘယ်နည်းလမ်းနဲ့လဲဆိုတော့ ကိုယ့်ရဲ့အတန်းထဲက၊ ကိုယ့်ရဲ့မိတ် ဆွေတွေထဲ ကနေ

الصَّالِحَ مِنَ الْأَوْلَادِ فَيُصَادِقَه[6]،

ကောင်းမြတ်တဲ့ကလေးကို ရွေးပြီး သူငယ်ချင်းလုပ်ပါ။

وَيَجْتَهِدُ أَنْ تَكُوْنَ صَدَاقَتُهُ[7] لِلدِّيْن.

ပြီးတော့ သူနဲ့ မိတ်ဆွေဖြစ်ရခြင်းကို အလ္လာ့ဟ်အတွက်ဖြစ်အောင် ကြိုးစားပါ။

1- تَحَابُبًا–تَحَابَّ–يَتَحَابُّ–تَحَابَّ = တစ်ဦးနှင့်တစ်ဦး ချစ်ခင်သည်။ 2- تَفَرَّقَ–يَتَفَرَّقُ–تَفَرُّقًا = ခွဲခွာသည်။ 3- أَمْكَنَ–يُمْكِنُ–إِمْكَانًا = ဖြစ်နိုင်သည်။ 4- فَضِيْلَةٌ (ج) فَضَائِلُ = ထွတ်မြတ်မှု၊ အကျိုးကုသိုလ်။ 5- رُفْقَةٌ (ج) رِفَاقٌ = မိတ်ဆွေ။ 6- صَادَقَ–يُصَادِقُ–مُصَادَقَةً = မိတ်ဆွေဖွဲ့သည်။ 7- الصَّدَاقَةُ = မိတ်ဆွေဖွဲ့မှု။

(٥) وَرَجُلٌ اِقْتَدَى[1] بِيُوْسُفَ عَلَيْهِ السَّلَامُ فِي الْعِفَّةِ[2] وَالْأَمَانَةِ،

(၅) ကာအိန္ဒြေထိန်းသိမ်းခြင်းနဲ့ သစ္စာရှိခြင်းတို့မှာ တမန်တော်ယူစွဖ် عليه السلام ရဲ့ နောက်လိုက်မှုပြုသူပဲ ဖြစ်တယ်။

وَقَدْ سَمِعْتُمْ قِصَّتَهُ.قَالَ الْأَوْلَادُ: نَعَمْ !

သူရဲ့အကြောင်းကို အသင်တို့ ကြားသိခဲ့ပြီးပါပြီ။ ကလေးတွေက ပြောကြတယ်။ ဟုတ်ကဲ့ပါ။

(٦) وَرَجُلٌ تَصَدَّقَ[3] بِصَدَقَةٍ فَأَخْفَاهَا[4] حَتَّى لَا تَعْلَمَ شِمَالُهُ مَا تُنْفِقُ يَمِيْنُهُ.

(၆) နောက်တစ်ဦးက အလှူဒါနပြုတဲ့အခါ ညာဘက်လက်က လှူဒါန်းတာ ကို ဘယ်ဘက်လက်က မသိအောင် ဖုန်းကွယ်ထားသူ ဖြစ်တယ်။

وَذٰلِكَ مِثْلُ جَدِّكُمْ

အဲဒါ အသင်တို့ရဲ့ အဖိုးလိုပေါ့။

فَإِنَّا لَمْ نَعْرِفْ بِرَّهُ

ငါတို့ဟာ သူ့ရဲ့ ကောင်းမှုတွေ၊

وَإِحْسَانَهُ إِلَى الْمَسَاكِيْنِ وَالضَّعَفَةِ[5] مِنَ الْمُسْلِمِيْنَ إِلَّا بَعْدَ وَفَاتِهِ،

ဆင်းရဲသားတွေ၊ အားအင်ချည့်နဲ့သူတွေကို ပေးကမ်းမှုတွေကို သူသေ ပြီးနောက်မှပဲ သိခဲ့ကြရတယ်။

فَقَدْ جَاءَتِ الْعَجَائِزُ[6] وَالْأَرَامِلُ[7] يَبْكِيْنَهُ،

အဖွားအိုတွေ၊ မုဆိုးမတွေဟာ သူကွယ်လွန်တော့ ငိုယိုကြတယ်။

وَيَذْكُرْنَ خَيْرَهُ وَبِرَّهُ،

သူ့ရဲ့ ကောင်းမှုတွေ၊ ကျေးဇူးတရားတွေကို ပြောကြတယ်။

1- اِقْتَدَى–يَقْتَدِيْ–اِقْتِدَاءً = နောက်လိုက်မှုပြုသည်။ 2– عَفَّ–يَعِفُّ–عِفَّةً = ကာအိန္ဒြေစောင့်ထိန်းသည်။ 3– تَصَدَّقَ–يَتَصَدَّقُ–تَصَدُّقًا = အလှူဒါနပြုသည်။ 4– أَخْفَى–يُخْفِيْ–إِخْفَاءً ဖုံးကွယ်သည်။ 5– ضَعَفَةٌ وَضِعَافٌ (ج) ضَعِيْفٌ = အားအင်ချည့်နဲ့သူ။ 6– عَجَائِزُ (ج) عَجُوْزٌ = အဖွားအို။ 7– أَرَامِلُ (ج) أَرْمَلَةٌ = မုဆိုးမ။

وَقَدْ أَخْبَرَنِيْ أَشْرَافٌ مِنْ أَهْلِ هٰذَا الْحَيِّ

ဒီရပ်ကွက်က လူကြီးလူကောင်းတွေက ပြောပြတယ်။

أَنَّهُ كَانَ يُوَاسِيْهِمْ[1]، وَيَصِلُهُمْ[2] بِمَعْرُوْفٍ كُلَّ شَهْرٍ،

သူဟာ သူတို့ကို ဖေးမကူညီလေ့ရှိတယ်။ လစဉ် ထောက်ပံ့ကြေးပေး လေ့ရှိတယ်။

وَلَمْ نَعْلَمْ ذٰلِكَ أَهْلَ[3] الْبَيْتِ.

ငါတို့ အိမ်သူအိမ်သားတွေတောင် မသိလိုက်ကြဘူး။

(٧) وَرَجُلٌ ذَكَرَ اللهَ خَالِيًا[4] فَفَاضَتْ[5] عَيْنَاهُ.

(၇) နောက်တစ်ဦးက အလ္လာဟ်ကို တစ်ကိုယ်ရည်တစ်ကာယ သတိရတာသပြီး မျက်ရည်ကျတဲ့သူ ဖြစ်တယ်။

قَالَ الْأَوْلَادُ: أَمَّا نَحْنُ فَنَجْتَهِدُ جَمِيْعًا أَنْ نَكُوْنَ شُبَّانًا نَشَؤُوْا فِيْ عِبَادَةِ اللهِ تَعَالَى،

ကလေးတွေက ပြောကြတယ်။ ကျွန်တော်တို့အားလုံးကတော့ အလ္လာဟ့်ရဲ့ အိဗာဒသ်မှာ ကြီးပြင်းလာသူတွေဖြစ်ဖို့ ကြိုးစားကြပါမယ်။

وَنَجْتَهِدُ فِيْ غَيْرِ ذٰلِكَ مِنَ الْفَضَائِلِ أَيْضًا،

အခြားသော ထွတ်မြတ်မှုတွေမှာလည်း ကြိုးစားကြပါမယ်။

وَلَعَلَّنَا يَا أَبَانَا إِذَا جَمَعْنَا مِنْهَا خِصَالًا[6]

အို၊ ကျွန်တော်တို့ရဲ့ဖခင်၊ ကျွန်တော်တို့ဟာ အဲဒီခုနစ်ချက်ထဲက အချက်တစ်ချို့ကို စုပေါင်းလုပ်နိုင်မယ်ဆိုရင်တော့

نَنَالُ بِهَا مَكَانًا خَاصًّا فِيْ ذٰلِكَ الظِّلِّ أَيْضًا،

အဲဒီအရိပ်မှာ သီးသန့်နေရာရမယ်လို့ မျှော်လင့်ရပါတယ်။

1- مُوَاسَاةً–يُوَاسِيْ–وَاسَى = ဖေးမကူညီသည်။ 2 – صِلَةً – يَصِلُ – وَصَلَ = ပေးကမ်းကြည့်ရှုစောင့်ရှောက်သည်။ 3– مَنْصُوْبٌ بِالاخْتِصَاصِ هٰذَا= ငါတို့အိမ်သားတွေတောင် မသိဘူး။ 4– خُلُوًّا–يَخْلُوْ–خَلَا بِهِ =နှစ်ဦးတည်း သီးသန့်တွေ့ဆုံသည်။ 5– فَاضَتْ الْعَيْنُ–يَفِيْضُ–فَيْضًا မျက်ရည်ကျသည်။ 6– خِصَالٌ (ج) خَصْلَةٌ = အကျင့်စရိုက်။

فَفَرْقٌ [1] بَيْنَ مَنْ يَأْتِيْ بِفَضِيْلَةٍ وَبَيْنَ مَنْ يَأْتِيْ بِفَضَائِلَ.

ထွတ်မြတ်မှုတစ်ခုတည်း ယူလာသူနဲ့ ထွတ်မြတ်မှုတွေ အများကြီး ယူလာသူရဲ့ကြားမှာ ကွဲပြားခြားနားပါတယ်။

سُلَيْمَانُ: هُوَ كَذٰلِكَ ﴿إِنَّ اللهَ لَا يُضِيْعُ أَجْرَ الْمُحْسِنِيْنَ﴾

စိုလိုင်မာန်၊ အဲဒါ မှန်တာပေါ့။ "အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ဟာ အကောင်းလုပ်တဲ့ သူတွေရဲ့ အကျိုးကို အချည်းနှီး လုပ်တော်မမူဘူး။"

﴿وَلَا تُظْلَمُ نَفْسٌ شَيْئًا﴾

" ဘယ်သူမှ မတရားအလုပ်ခံရမှာမဟုတ်ဘူး။"

الْعَيْنُ (١)

မျက်လုံး(၁)

الْعَيْنُ مِنْ عَجَائِبِ صُنْعِ اللهِ تَعَالَى،

မျက်လုံးဟာ အလ္လာဟ်အရှင်ဖန်ဆင်းထားတဲ့ အံ့ဩဖွယ်ရာတွေထဲက တစ်ခုဖြစ်တယ်။

فَقَدْ خَلَقَهَا اللهُ تَعَالَى مِرْآةً [2] صَافِيَةً

အလ္လာဟ်က မျက်လုံးကို ကြည်လင်တဲ့ မှန်လို ဖန်ဆင်းထားတယ်။

تَتَحَرَّكُ يَمِيْنًا وَشِمَالًا، وَفَوْقُ وَتَحْتُ،

ဘယ်ညာ၊ အထက်အောက် လှုပ်ရှားနိုင်တယ်။

يَنْظُرُ بِهَا الْإِنْسَانُ إِلَى جَمِيْعِ الْجِهَاتِ،

လူသားဟာ အဲဒီ မျက်လုံးနဲ့ ဘက်ပေါင်းစုံကို ကြည့်နိုင်တယ်။

ثُمَّ وَضَعَهَا فِيْ مِحْجَرٍ [3] صُلْبٍ [4] مِنَ الْعَظْمِ،

1- فَرْقٌ = ခြားနားမှု။ 2- مِرْآةٌ = မှန်။ (ج) مَرَاءٍ وَمَرَايَا 3- مِحْجَرٌ = မျက်လုံးအိမ်။ (ج) مَحَاجِرُ 4- صُلْبٌ = မာကြောသော။

ပြီးတော့ အလ္လာဟ်အရှင်မြတ်က မျက်လုံးကို မာကြောတဲ့အရိုး မျက်လုံးအိမ်ထဲမှာ ထားထားတယ်။

وَجَعَلَ عَلَيْهَا مِنَ الْجُفُوْنِ[1] غِطَاءً[2] يَحْفَظُهَا مِنَ الْأَذَى

အပေါ်ကနေ မျက်ခွံတွေကို အဖုံးလို လုပ်ပေးထားတယ်။ အဲဒါက အမှိုက် သရိုက်ကနေ မျက်လုံးကို ကာကွယ်ပေးတယ်။

وَحَاطَهَا[3] بِأَهْدَابٍ[4] مِنَ الشَّعْرِ لِتَكُوْنَ سِيَاجًا[5]

ပြီးတော့ မျက်တောင်မွေးတွေနဲ့ ဝန်းရံပေးထားတယ်။ အဲဒီမျက်တောင်တွေဟာ ခြံစည်းရိုးလိုဖြစ်ပြီး

يَذُبُّ[6] عَنْهَا الذُّبَابَ وَالْبَعُوْضَ[7] وَالْغُبَارَ الَّتِيْ تَدْخُلُ الْعَيْنَ

မျက်လုံးထဲဝင်တတ်တဲ့ ယင်ကောင်၊ ခြင်ကောင်နဲ့ ဖုံမှုန့်တွေကနေ မျက်လုံးကို ကာကွယ်ပေးတယ်။

فَتُسَبِّبُ[8] لَهَا الْأَلَمَ وَالْمَرَضَ،

အဲဒါတွေဟာ မျက်လုံးထဲဝင်ရင် နာကျင်မှုဝေဒနာနဲ့ ရောဂါတွေ ဖြစ်စေ တတ်တယ်။

وَسَلَّطَ عَلَيْهَا مَاءً جَارِيَةً يَغْسِلُ مَايَدْخُلُ فِيْهَا مِنَ الْأَوْسَاخِ[9].

ပြီးတော့ မျက်လုံးမှာ စီးတွေတဲ့အရေတစ်မျိုးကို ဖုံးလွှမ်းပေးထားတယ်။ အဲဒီအရေက မျက်လုံးထဲဝင်တဲ့ အညစ်အကြေးတွေကို ဆေးကြောပေး တယ်။

وَالْعَيْنُ عُرْضَةٌ[10] لِكَثِيْرٍ مِنَ الْأَمْرَاضِ، كَالرَّمَدِ[11] وَقِصَرِ النَّظَرِ[12].

မျက်လုံးဟာ ရောဂါတွေ အမြောက်အမြား အဖြစ်လွယ်တယ်။ ဥပမာ။ မျက်စေ့နာရောဂါနဲ့ မျက်စိအားနည်းတဲ့ရောဂါ။

1- جُفُوْنٌ (ج) جَفْنٌ = မျက်ခွံ။ 2- أَغْطِيَةٌ (ج) غِطَاءٌ = အဖုံး၊ အအုပ်။ 3- حَاطَ - - يَحُوْطُ-حَوْطًا = ဝန်းရံသည်။ 4- أَهْدَابٌ (ج) هُدْبٌ = မျက်တောင်။ 5- سُوْجٌ وَأَسْوِجَةٌ (ج) سِيَاجٌ = ခြံစည်းရိုး။ 6- ذَبَّ-يَذُبُّ-ذَبًّا = ဖယ်ရှားသည်၊ ကာကွယ်သည်။ 7- بَعُوْضٌ = ခြင်ကောင်။ 8- سَبَّبَ-يُسَبِّبُ-تَسْبِيْبًا = အကြောင်းခံဖြစ်သွားစေသည်။ 9- أَوْسَاخٌ (ج) وَسَخٌ = အညစ်အကြေး။ 10- عُرْضَةٌ = ရောဂါဖြစ်လွယ်သော။ 11- رَمَدٌ = မျက်စိနာရောဂါ။ 12- قِصَرُ النَّظَرِ = မျက်စိအားနည်းခြင်း။

وَقَدْ عَمَّ[1] هٰذَا الْمَرَضُ الْأَخِيرُ فِيْ هٰذَا الزَّمَانِ،

နောက်ဆုံးရောဂါ(မျက်စိအားနည်းတဲ့ရောဂါ)ကတော့ ဒီခေတ်မှာ တော်တော် ပျံ့နှံ့သွားပြီ၊

فَلَجَأَ[2] النَّاسُ حَتَّى الْأَطْفَالُ إِلَى اسْتِعْمَالِ مِنْظَرَةٍ[3].

လူကြီးတွေမပြောနဲ့ ကလေးတွေတောင် မျက်မှန် သုံးစွဲနေကြရပြီ။

وَلِلْاِجْتِنَابِ عَنْ هٰذِهِ الْأَمْرَاضِ يَحْسُنُ الْاِعْتِزَالُ[4] عَنِ الْغُبَارِ وَالْأَتْرِبَةِ،

ဒီရောဂါတွေကနေ ရှောင်ကြဉ်ဖို့အတွက်ဆိုရင်တော့ ဖုံမှုန့်တွေနဲ့ မြေကြီးတွေကနေ ရှောင်ရှားတာကောင်းတယ်။

وَيَحْسُنُ التَّجَوُّلُ[5] فِي الْأَمَاكِنِ الْفَسِيْحَةِ[6]، وَكَثْرَةُ غَسْلِ الْوَجْهِ بِالْمَاءِ الصَّافِيْ،

ကျယ်ပြန့်တဲ့နေရာမှာ လှည့်ပတ်သွားလာခြင်းနဲ့ မျက်နှာကို ရေသန့်သန့်နဲ့ များများဆေးကြောခြင်းဟာလည်း ကောင်းတယ်။

فَإِنَّهُ يَجْلُو[7] الْعَيْنَ وَيُنَقِّيْهَا[8] مِنَ الْأَوْسَاخِ وَالْقَذَى[9]،

ရေသန့်သန့်ရဲ့ မကြာခဏ မျက်နှာသစ်ခြင်းဟာ မျက်စိရဲ့အလင်းကို အားကောင်းစေတယ်။ အညစ်အကြေးနဲ့ အမှိုက်သရိုက်ကနေ သန့်စင်ပေး တယ်။

وَلِذٰلِكَ كَانَ الْوُضُوْءُ خَمْسَ مَرَّاتٍ كُلَّ يَوْمٍ

ဒါကြောင့် နေ့စဉ် ငါးကြိမ် ဝူဇူလုပ်ရခြင်းဖြစ်တယ်။

- خُصُوْصًا فِي الصَّبَاحِ عِنْدَ الْقِيَامِ- نَافِعًا جِدًّا.

အထူးသဖြင့် မနက် အိပ်ရာထတဲ့အချိန်မှာ အလွန် အကျိုးရှိတယ်။

1- عَمَّ–يَعُمُّ–عُمُوْمًا = ပျံ့နှံ့သည်။ 2- لَجَأَ–يَلْجَأُ–لُجُوْءً إِلَى = မှီခိုသည်၊ အားထားသည်။ 3- مِنْظَرَةٌ (ج) مَنَاظِرُ မျက်မှန်။ 4- يَحْسُنُ الْاِعْتِزَالُ = ရှောင်ရှားတာကောင်းတယ်။ 5- يَحْسُنُ التَّجَوُّلُ = လှည့်ပတ်သွားလာတာကောင်းတယ်။ 6- فَسِيْحٌ = ကျယ်ဝန်းသော။ 7- جَلَا–يَجْلُوْ–جَلَاءً = အလင်းအားကောင်းစေသည်။ 8- نَقَّى–يُنَقِّيْ–تَنْقِيَةً = သန့်ရှင်းစင်ကြယ်စေသည်။ 9- قَذًى (ج) أَقْذَاءٌ = အမှိုက်သရိုက်။

وَمُوَاصَلَةُ[1] الْقِرَاءَةِ لَيْلًا فِي النُّوْرِ الضَّعِيْفِ

ညမှာ အားနည်းတဲ့မီးရောင်နဲ့ စာအဆက်မပြတ်ဖတ်ခြင်းဟာ

تُؤَثِّرُ[2] فِي النَّظَرِ تَأْثِيْرًا كَبِيْرًا، وَتَضُرُّ بِهِ ضَرَرًا عَظِيْمًا،

မျက်လုံးကို စိုးရွားစွာ ထိခိုက်စေပါတယ်။ အလွန် ဆိုးကျိုးဖြစ်စေပါတယ်။

فَعَلَى مَنْ أَلْجَأَتْهُ[3] الضَّرُوْرَةُ إِلَى ذٰلِكَ

အဲဒီလို ညမှာ အမြဲစာဖတ်ဖို့ မဖြစ်မနေ လိုအပ်သူတွေအနေနဲ့

أَنْ يَسْتَعْمِلَ مِنَ الْمَصَابِيْحِ مَا كَانَ ذَا نُوْرٍ رَائِقٍ[4] مُعْتَدِلٍ[5] غَيْرِ سَاطِعٍ وَلَا ضَعِيْفٍ.

မီးအိမ်တွေထဲက အလင်းအားကောင်းတဲ့၊ အလင်းမျှတတဲ့၊ အလင်းမပြန့်တဲ့၊ အားမနည်းတဲ့ မီးအိမ်မျိုးကို အသုံးပြုသင့်ပါတယ်။

وَالْعَيْنُ جَوْهَرَةٌ[6] غَالِيَةٌ لَا يُمْكِنُ أَنْ تُشْتَرَى بِالْمَالِ،

မျက်လုံးဟာ အဖိုးတန်တဲ့ ကျောက်မျက်ရတနာတစ်ပါးပါ။ ငွေနဲ့ဝယ်လို့ မရဘူး။

وَبِهَا يَتَمَتَّعُ[7] الْإِنْسَانُ بِجَمَالِ الطَّبِيْعَةِ،

ဒီမျက်လုံးနဲ့ပဲ လူသားဟာ သဘာဝအလှတရားကို အကျိုးခံစားရတယ်။

وَيَقْضِي بِهَا حَاجَاتٍ فِي نَفْسِهِ،

မိမိရဲ့ လိုအပ်ချက်အမြောက်အမြားကို ဖြည့်စည်းနိုင်တယ်။

وَيَكُوْنُ عُضْوًا[8] عَامِلًا مُفِيْدًا مِنْ أَعْضَاءِ الْأُسْرَةِ الْإِنْسَانِيَّةِ،

လူ့ရဲ့ ခန္ဓာအစိတ်အပိုင်းမိသားစုထဲမှာ အလွန်အကျိုးပြုတဲ့၊ အလုပ်လုပ်တဲ့ အစိတ်အပိုင်းတစ်ခုပါပဲ။

1- وَاصَلَ–يُوَاصِلُ–مُوَاصَلَةً = အဆက်မပြတ်လုပ်သည်။ 2- أَثَّرَ–يُؤَثِّرُ–تَأْثِيْرًا = ထိခိုက်စေသည်။ 3- عَلَى مَنْ أَلْجَأَتْهُ الضَّرُوْرَةُ မဖြစ်မနေလိုအပ်နေသူအဖို့ကတော့။ 4- رَائِقٌ = ကြည်လင်သော။ 5- مُعْتَدِلٌ = သင့်တင့်မျှတသော။ 6- جَوْهَرَةٌ (ج) جَوَاهِرُ = ကျောက်မျက်ရတနာ။ 7- تَمَتَّعَ–يَتَمَتَّعُ–تَمَتُّعًا = အကျိုးခံစားသည်။ 8- عُضْوٌ (ج) أَعْضَاءٌ = အစိတ်အပိုင်း၊ အဖွဲ့ဝင်။

وَإِذَا فَقَدَ[1] الإِنْسَانُ بَصَرَهُ حُرِمَ[2] شَيْئًا كَثِيْرًا مِنْ نِعَمِ الدُّنْيَا وَمَحَاسِنِهَا

လူသားဟာ မျက်စိအာရုံဆုံးရှုံးလိုက်ရပြီဆိုရင် လောကီစည်းစိမ်နဲ့ အလှတရားတွေကနေ လက်မဲ့ဖြစ်သွားရလေတယ်။

فَكَأَنَّمَا أَظْلَمَ لَهُ الْعَالَمُ، وَكَانَ كَلًّا[3] عَلَى غَيْرِهِ،

လောကကြီးတစ်ခုလုံး အမှောင်ကျသွားသလိုပဲ၊ သူဟာ အခြားသူပေါ်မှာ ဝန်ထုပ်ဝန်ပိုး ဖြစ်သွားတယ်။

وَرُبَّمَا كَانَ عِيَالًا[4] عَلَى عَصًا حَقِيْرَةٍ[5] لَا يَمْشِيْ بِغَيْرِهَا.

တစ်ခါတစ်ရံ ဘာမဟုတ်တဲ့ တောင်ဝှေးတစ်ချောင်းကို မှီခိုနေရတယ်။ အဲဒါမပါရင် လမ်းမလျှောက်နိုင်ဘူး။

❀ ❀ ❀ ❀ ❀

اَلْعَيْنُ (٢)

မျက်လုံး(၂)

وَلِذٰلِكَ كَانَتِ الْعَيْنُ ثَمِيْنَةً غَالِيَةً وَنِعْمَةً جَلِيْلَةً،

ဒီ့အတွက်ကြောင့် မျက်လုံးဟာ အလွန်တန်ဖိုးကြီးမားတဲ့ ကြီးကျယ်တဲ့ စည်းစိမ်တစ်ခုဖြစ်တယ်။

حَتَّى قَالَ النَّبِيُّ ﷺ : إِنَّ اللهَ عَزَّ وَجَلَّ قَالَ:

ဘယ်လောက်တောင်လဲဆိုရင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူတယ်။ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူတယ်။

1- فَقَدَ–يَفْقِدُ–فُقْدَانًا = ပျောက်ဆုံးသည်၊ ဆုံးရှုံးသည်။ 2– حُرِمَ = လက်မဲ့ဖြစ်ရသည်။ 3– كَلٌّ သူတစ်ပါးအပေါ်ဝန်ထုတ်ဝန်ပိုးဖြစ်သူ။ ﴿وَهُوَ كَلٌّ عَلَى مَوْلَاهُ﴾ 4– عِيَالٌ عَلَى မှီခိုအားထားရသူ။ 5– حَقِيْرَةٌ = သေးနုပ်သော။

"إِذَا ابْتَلَيْتُ[1] عَبْدِي بِحَبِيْبَتَيْهِ[2] فَصبرَ عَوَّضْتُهُ[3] مِنْهُمَا الْجنَّةَ،

ငါအရှင်ဟာ ငါ့ရဲ့ကျေးကျွန်တစ်ဦးတစ်ယောက်ကို သူချစ်ခင်နှစ်သက်တဲ့ အရာနှစ်ခုနဲ့ စမ်းသက်လိုက်တဲ့အခါ သူက သည်းခံခဲ့မယ်ဆိုရင် ငါအရှင် က အဲဒီနှစ်ခုရဲ့အစား သူ့ကို ဂျန္နသ်သုခဘုံ ချီးမြှင့်တော်မူမယ်။

يُرِيدُ عَيْنَيْهِ.

မျက်လုံးနှစ်လုံးကို ဆိုလိုတာ ဖြစ်တယ်။

وَلَا يَلْزَمُ أَنْ يَكُوْنَ الإِنْسَانُ إِذَا فَقَدَ بَصَرَهُ عَاطِلًا[4] ضَائِعًا،

လူသားဟာ မျက်စိအလင်းရောင် ဆုံးရှုံးသွားတဲ့အခါ အလုပ်လက်မဲ့ ဖြစ်နေတဲ့သူ၊ အရာ မဝင်တဲ့သူ ဖြစ်သွားရပြီလို့ သတ်မှတ်လို့မရပါဘူး။

فَلَقَدْ فَاقَ[5] كَثِيْرٌ مِنَ الْعُمْيَانِ[6] كَثِيْرًا مِنَ أَهْلِ الْبَصَرِ[7] فِي الْعِلْمِ،

ဘာဖြစ်လို့လဲဆိုတော့ မြောက်မြားစွာသော မျက်မမြင်တွေဟာ မျက်စိမြင် တဲ့သူတွေများ စွာထက် ပညာအရာမှာ ထူးချွန်ခဲ့ကြပါတယ်။

وَأَقَرَّتْ[8] لَهُمُ الدُّنْيَا بِالْفَضْلِ،

သူတို့ရဲ့ ထွတ်မြတ်မှုကို တစ်လောကလုံးကလည်း လက်ခံအတည်ပြုခဲ့ကြ ပါတယ်။

كَالْمُفَسِّرِ قَتَادَةَ، وَالْمُحَدِّثِ حَمَّادِ بْنِ زَيْدٍ وَالْفَقِيْهِ زُبَيْرِ الْبَصَرِيِّ،

ဥပမာ၊ သဖ်စီရ်ပညာရှင်ကြီး ကသာဒဟ်၊ ဟဒီဆ်ပညာရှင်ကြီး ဟမ္မာဒ် ဗင်န် ဇိုင်ဒ်၊ ဖိကဟ်ပညာရှင်ကြီး ဇိုဗိုင်ရ် အလ်ဗစွရီ၊

وَالنَّحْوِيِّ أَبِيْ جَعْفَرٍ، وَالْأَدِيْبِ أَبِي الْعَلَاءِ الْمَعَرِّي،

နဟ်ဝ်ပညာရှင်ကြီး အဗူဂျအ်ဖရ်၊ စာပေပညာရှင်ကြီး အဗွလ်အလာ မအ်ရ်ရီ၊

1- ابْتَلَى–يَبْتَلِيْ–ابْتِلَاءً = စမ်းသပ်သည်။ 2– حَبِيْبَةٌ = ချစ်မြတ်နိုးသောအရာ။
3–وَّضَ–يُعَوِّضُ–تَعْوِيْضًا = အစားပြန်ပေးသည်။ 4– عَاطِلٌ = အလုပ်လက်မဲ့ဖြစ်သူ။
5– فَاقَ–يَفُوْقُ–فَوْقًا = သာလွန်ထူးချွန်သည်။ 6– عُمْيَانٌ ، عُمْيٌ(ج) أَعْمَى = မျက်မမြင်။ 7– أَهْلُ البَصَرِ = မျက်မြင်။ 8–أَقَرَّ–يُقِرُّ–إِقْرَارًا = အတည်ပြုသည်။

وَالشَّاعِر بَشَّار بْن بُرْد، وَإِمَام التَّجْوِيْد الإِمَام الشَّاطبِيِّ.

ကဗျာဆရာကြီး ဗရှ်ရှာရ် ဗင်န် ဗုရ်ဒ်၊ သဂျ်ဝီဒ် ပညာရပ်ရဲ့အိမာမ်ကြီး ရှာသွေဗီတို့ ဖြစ်ကြပါတယ်။

وَمِنْ حَقِّ هٰذِهِ النِّعْمَةِ أَنْ يُحَافِظَ عَلَيْهَا الإِنْسَانُ

ဒီကျေးဇူးတရားတွေရဲ့ ဝတ္တရားတစ်ခုက ဘာလဲဆိုရင် လူသားဟာ မျက်လုံးကို ထိန်းသိမ်းကာကွယ်ရမယ်။

وَأَنْ يَضِنَّ[1] بِهَا عَنْ مَحَارِمِ اللهِ،

အလ္လာဟ်တားမြစ်ထားတဲ့အရာတွေကနေ့ မျက်လုံးကို ထိန်းချုပ်ရမယ်။

فَإِنَّهُ سُبْحَانَهُ وَتَعَالَى ﴿يَعْلَمُ خَائِنَةَ الأَعْيُنِ وَمَا تُخْفِي الصُّدُوْرُ﴾

ဘာကြောင့်လဲဆိုတော့ “အလ္လာဟ်အရှင်မြတ်ဟာ မျက်လုံးတွေရဲ့ သစ္စာမဲ့မှုနဲ့ ရင်ဘတ်တွေမှာ ဖုံးကွယ်ထားတွေကို သိတော်မူတယ်။”

وَمِنْ حَقِّهَا أَنْ يَسْتَعْمِلَهَا[2] فِيْ طَاعَةِ اللهِ،

နောက်ထပ် ဝတ္တရားတစ်ခုကတော့ မျက်လုံးကို အလ္လာဟ်ရဲ့ အမိန့်နာခံမှု မှာပဲ အသုံးချရမယ်။

وَأَنْ يُرِيْقَ[3] دَمْعَهَا[4] فِي خَشْيَةِ اللهِ وَقَدْ جَاءَ فِي الْحَدِيْثِ الشَّرِيْفِ:

အလ္လာဟ်ကို ကြောက်ပြီး မျက်ရည်ကျရမယ်။ ဟဒီဆ်တော်မြတ်မှာ လာရှိ တယ်။

"لَيْسَ شَيْءٌ أَحَبَّ إِلَى اللهِ مِنْ قَطْرَتَيْنِ[5]، وَأَثَرَيْنِ[6]:

အစက်နှစ်စက်နဲ့ ခြေရာနှစ်ခုထက်ပိုပြီး အလ္လာဟ်နှစ်သက်တဲ့အရာ အခြား မရှိဘူး။

قَطْرَةُ دُمُوعٍ مِنْ خَشْيَةِ اللهِ! وَقَطْرَةُ دَمٍ تُهَرَاقُ[7] فِي سَبِيلِ اللهِ!

အစက်တစ်စက်က အလ္လာဟ်ကိုကြောက်ပြီး ကျတဲ့မျက်ရည်၊ နောက်တစ်စက်က အလ္လာဟ်လမ်းမှာ စီးကျတဲ့မျက်ရည်စက် ဖြစ်တယ်။

1- ضَنَّ–يَضِنُّ–ضَنًّا = စေးနဲတွန့်တိုသည်။ 2- اِسْتَعْمَلَ–يَسْتَعْمِلُ–اِسْتِعْمَالًا = အသုံးချသည်။ 3- أَرَاقَ–يُرِيْقُ–إِرَاقَةً = စီးကျစေသည်။ 4- دُمُوْعٌ (ج) دَمْعٌ = မျက်ရည်။ 5- قَطَرَاتٌ (ج) قَطْرَةٌ = အစက်အပြောက်။ 6- آثَارٌ (ج) أَثَرٌ = ခြေရာ။ 7- هَرَاقَ – يُهَرِيْقُ–هِرَاقَةً = စီးကျစေသည်။

وَأَمَّا الأَثْرَانِ: فَأَثَرٌ فِي سَبِيلِ اللهِ! وَأَثَرٌ فِي فَرِيضَةٍ[1] مِنْ فَرَائِضِ اللهِ !"

ခြေရာနှစ်ခုက အလ္လာဟ်လမ်းမှာလျှောက်လှမ်းတဲ့ ခြေရာနဲ့ အလ္လာဟ်ရဲ့ ဖရ်သွ်တာဝန် တစ်ခုကို ထမ်းဆောင်ဖို့ သွားတဲ့ခြေရာပဲ ဖြစ်တယ်။

وَكَانَ النَّبِيُّ يَقُوْلُ فِيْ دُعَاءِه:

တမန်တော်မြတ် ﷺ ဟာ ဒီဒုအာကို အမြဲတောင်းခံလေ့ရှိတယ်။

" اللَّهُمَّ إِنِّي أَعُوذُ بِكَ مِنْ عِلْمٍ لَا يَنْفَعُ،

အို- အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးဟာ အကျိုးမပြုတဲ့ပညာ၊

وَمِنْ قَلْبٍ لَا يَخْشَعُ، وَمِنْ نَفْسٍ لَا تَشْبَعُ،

ကြောက်စိတ်မရှိတဲ့နှလုံးသား၊ တင်းတိမ်မှုမရှိတဲ့စိတ်၊

وَمِنْ عَيْنٍ لَا تَدْمَعُ[2]، وَمِنْ دُعَاءٍ لَا يُسْمَعُ،

မျက်ရည်မကျတဲ့မျက်လုံး၊ နားထောင်ခြင်းမခံရတဲ့တသမှု၊

وَمِنْ دَعْوَةٍ لَا يُسْتَجَابُ لَهَا."

လက်ခံခြင်းမခံရတဲ့ တောင်းဆုတို့မှ ကင်းဝေးရန် အရှင်မြတ်ထံ ဆုပန်ပါတယ်။

❀ ❀ ❀ ❀ ❀

1- فَرَائِضُ (ج) فَرِيْضَةٌ = ဖရသွ်တာဝန်။ 2- دَمَعَ - يَدْمَعُ - دَمْعًا = မျက်ရည်ကျသည်၊ ငိုသည်။

أَدَبُ الْمُعَاشَرَةِ[1]

လူမှုဆက်ဆံရေးဆိုင်ရာ ကျင့်ဝတ်

أُسْلُكْ[2] مَعَ النَّاسِ الْأَدَبْ   تَرَ مِنَ الدَّهْرِ[3] الْعَجَبْ

လူတွေနဲ့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါ။ ခေတ်ကာလမှ အံ့သြစရာကို အသင်မြင်တွေ့ရလိမ့်မယ်။

وَلَا تُطَاوِلْ[4] بِنَشَبٍ[5]   وَ لَا تُفَاخِرْ بِنَسَبٍ

ငွေကြေးဥစ္စာကြောင့် ဂုဏ်မမောက်နဲ့၊ မျိုးရိုးဇာတိကြောင့်လည်း မမောက်မာနဲ့။

الْعِزُّ فِي الْأَمَانَةِ   وَالْكَيْسُ[6] فِي الْفَطَانَةِ[7]

ဂုဏ်သိက္ခာဆိုတာ သစ္စာသမာဓိရှိမှုမှာ ရှိတယ်။ ဉာဏ်ထက်မြက်မှုဆိုတာ ထိုးထွင်းသိမြင်ခြင်းမှာ ရှိတယ်။

لَا تُغْضِبِ الْجَلِيْسَا[8]   لَا تُوْحِشِ[9] الْأَنِيْسَا[10]

သူငယ်ချင်းကို ဒေါသထွက်အောင်မလုပ်နဲ့၊ မိတ်ဆွေကို အထီးကျန်အောင် မလုပ်နဲ့။

لَا تُكْثِرِ الْعِتَابَا[11]   تُنَفِّرِ[12] الْأَصْحَابَا

။အပြစ်တင်ခြင်းကို များများမလုပ်နဲ့၊ သူငယ်ချင်းတွေ မုန်းတီးသွားအောင် မလုပ်နဲ့

1- الْمُعَاشَرَةُ = လူမှုဆက်ဆံရေး။ 2- سُلُوْكًا–يَسْلُكُ–سَلَكَ = ပြုမူဆက်ဆံသည်။ 3- دُهُوْرٌ (ج) دَهْرٌ = ခေတ်ကာလ။ 4- مُطَاوَلَةً–يُطَاوِلُ–طَاوَلَ = ဂုဏ်မောက်သည်။ 5- نَشَبٌ = ငွေကြေးဥစ္စာ။ 6- كَيْسًا وَكِيَاسَةً–يَكِيْسُ–كَاسَ အသိဉာဏ်ရှိသည်။ 7 - فَطِنَ–يَفْطَنُ–فَطَنًا وَفَطَانَةً = နားလည်သဘောပေါက်သည်။ 8- جُلَسَاءُ (ج) جَلِيْسٌ = မိတ်ဆွေ။ 9-= إِيْحَاشًا–يُوْحِشُ–أَوْحَشَ = အထီး ကျန်စေသည်။ 10- أُنَسَاءُ (ج) أَنِيْسٌ = အဖော်၊ သူငယ်ချင်း။ 11- مُعَاتَبَةً وَعِتَابًا–يُعَاتِبُ–عَاتَبَ အပြစ်ရှာသည်။ 12 - نَفَّرَ–يُنَفِّرُ–تَنْفِيْرًا = ရွံရှာမုန်းတီးစေသည်။

فَكَثْرَةُ الْمُعَــــاتَــبَــةْ　　　تَدْعُوْ إِلَى الْمُجانَبَةْ[1]

များများအပြစ်တင်ခြင်းဟာ ဝေးကွာမှုဖြစ်ဖို့ ဖိတ်ခေါ်တယ်။

وَإِنْ حَلَلْـــتَ[2] مَجْلِسًا　　　بَـــيْنَ سَرَاةٍ[3] رُؤَسَا

တကယ်လို့ အသင်ဟာ ထိုင်ဝိုင်းတစ်ခုမှာ ခါင်းဆောင်တွေ၊ သူဌေးတွေရဲ့ ကြားမှာ နေရာယူလိုက်ပြီဆိုရင်

فَاقْصِدْ[4] رِضا الْجَمَاعَةْ　　　وَكُنْ غُلَامَ الطَّاعَةْ

အဲဒီလူအုပ်စုရဲ့ ကျေနပ်နှစ်သက်မှုကို ရည်ရွယ်ပါ။ အမိန့်နာခံတဲ့ကလေး ဖြစ်ပါ။

وَقُـــلْ مِـــنَ الْكَلَامْ　　　مَا رَاقَ[5] بِالْمَــقَامْ

စကားပြောတဲ့အခါ နေရာနဲ့သင့်လျော်တဲ့စကားကိုပဲ ပြောပါ။

كَـــرَائِقِ[6] الْأَشْـــعَارِ　　　وَطَـــيِّبِ الْأَخْـــبَارِ

နှစ်မြို့ဖွယ်ကောင်းတဲ့ ကဗျာလို၊ ကောင်းမြတ်တဲ့သတင်းလို။

وَاتْــرُكْ كَلَامَ السَّفَلَةْ[7]　　　وَالنُّـــكَتَ[8] الْمُبْتَذَلَةْ[9]

အောက်တန်းကျသူတွေရဲ့စကားမျိုး၊ အဆင့်မရှိတဲ့၊ အမည်းစက်ဖြစ်စေမဲ့ စကားမျိုးကို ရှောင်ကြဉ်ပါ။

وَلَا تَـــكُنْ مِلْحَاحَا[10]　　　وَاجْتَنِـــبِ الْمِزَاحَا[11]

ဖွတ်အတင်းတောင်းသူ မဖြစ်ပါနဲ့။ နောက်ပြောင်ခြင်းကို ရှောင်ကြဉ်ပါ။

فَكَـــثْرَةُ الْمُـــجُوْنِ[12]　　　نَوْعٌ مِنَ الْجُنُوْنِ[13]

1- جَانَبَ–يُجَانِبُ–مُجَانَبَةً = ဝေးကွာစေသည်။ 2– حَلَّ–يَحِلُّ–حِلًّا = နေရာယူသည်၊ ရောက်ရှိသည်။ 3– سَرَاةٌ (ج) سَرِيٌّ = ခေါင်းဆောင်။ 4– قَصَدَ–يَقْصِدُ–قَصْدًا = ရည်ရွယ်သည်၊ ဦးတည်သည်။ 5– رَاقَ–يَرُوْقُ–رَوْقًا = ကြည်လင် သည်၊ နှစ်မြို့က်စေသည်။ 6–رَائِقُ الْأَشْعَارِ = နှစ်မြို့က်ဖွယ်ကောင်းသော ကဗျာများ။ 7– سَفَلَةٌ (ج) سَافِلٌ = သေးသိမ် အောက်တန်းကျသူ။ 8– نُكَتٌ (ج) نُكْتَةٌ = အမည်းစက်။ 9– كَلَامٌ مُبْتَذَلٌ = အဆင့် မရှိသောစကား။ 10– مِلْحَاحٌ ဖွတ်အတင်းတောင်းခံသူ။ صِيْغَةُ مِفْعَالِ لِلْمُبَالَغَةِ /
11– مَازَحَ–يُمَازِحُ– مُمَازَحَةً وَمِزَاحًا = စနောက်သည်။ 12– مَجَنَ – يَمْجُنُ – مُجُوْنًا = အရှက်မဲ့ခြင်း။ 13= الْجُنُوْنُ = ရူးသွပ်ခြင်း။

များစွာ အရှက်မဲ့ခြင်းဟာ ရူးသွပ်ခြင်းတစ်မျိုးပဲ ဖြစ်တယ်။

عِيْدُ الأَضْحَى

အီဒ္ဒွလ် အဿွဟာ

كَانَ الْيَوْمُ الْأَخِيْرُ مِنْ شَهْرِ ذِي الْقَعْدَةِ، وَكَانَ الْيَوْمُ التَّاسِعُ وَالْعِشْرُوْنَ مِنَ الشَّهْرِ،

ဇွလ်ကအ်ဒဟ်လရဲ့လနောက်ဆုံးနေ့၊ နှစ်ဆယ့်ကိုးရက်နေ့လည်း ဖြစ်တယ်။

رَأَى وَالِدِي الْهِلَالَ[1]، وَكَانَ دَقِيْقًا[2] جِدًّا،

အဲဒီနေ့မှာ ကျွန်တော့်ရဲ့အဖေဟာ ဆန်းဦးစလကို မြင်ခဲ့တယ်။ လဟာ အလွန် သေးငယ် ပါးလွှာတယ်။

وَمَا رَأَيْتُهُ إِلَّا بِاجْتِهَادٍ وَبَحْثٍ،

ကြိုးကြိုးစားစား ရှာဖွေပြီးမှပဲ ကျွန်တော်ဟာ လကို တွေ့မြင်ခဲ့တယ်။

وَرَأَيْتُ وَالِدِي يَقُوْلُ وَيَدْعُوْ،

အဖေဟာ ဒုအာရွတ်ဆိုတာကို ကျွန်တော် တွေ့ရတယ်။

قُلْتُ لَهُ: مَاذَا تَقُوْلُ فِيْ دُعَائِكَ يَا أَبِيْ ؟

ကျွန်တော် မေးကြည့်တယ်။ အို- အဖေ၊ ဒုအာမှာ ဘာဖတ်တာလဲ။

قَالَ وَالِدِيْ: إِنَّ النَّبِيَّ ﷺ كَانَ إِذَا رَأَى الْهِلَالَ قَالَ:

အဖေက ပြောတယ်။ တမန်တော်မြတ် ﷺ ဟာ ဆန်းဦးစလကို မြင်ရင် ဒီဒုအာရွတ်ဆို တယ်။

1- هِلَالٌ (ج) أَهِلَّةٌ = ဆန်းဦးစလ။ 2- دَقِيْقٌ = ပါးလွှာသော၊ သေးငယ်သော။

"أَللَّهُمَّ أَهِلَّهُ[1] عَلَيْنَا بِالأَمْنِ وَالْإِيْمَانِ، وَالسَّلَامَةِ وَالإِسْلَامِ،

အို- အလ္လာဟ်အရှင်မြတ်၊ ထိုလကို တည်ငြိမ်အေးချမ်းမှု၊ အီမာန် ယုံကြည်မှု၊ ငြိမ်းချမ်းသာယာမှုနဲ့ အစ္စလာမ်တို့နဲ့အတူ ကျွန်တော့်တို့ အပေါ်မှာ ထွက်ပြူစေတော်မူပါ။

رَبِّي وَرَبُّكَ اللهُ، هِلَالُ رُشْدٍ وَخَيْرٍ"

အို၊ လမ်းမှန်တရားနဲ့ ကောင်းခြင်းကိုယူဆောင်လာတဲ့လ၊ ကျွန်ုပ်ရဲ့အရှင်နဲ့ သင့်ရဲ့အရှင်ဟာ အလ္လာဟ်အရှင်မြတ်ပဲ ဖြစ်တယ်။

فَتَعَلَّمْتُهُ مِنْ وَالِدِيْ وَحَفِظْتُهُ.وَظَنَنْتُ أَنَّ الْعِيْدَ غَدًا،

ကျွန်တော်ဟာ အဖေဆီကနေ ဒီဒုအာကို သင်ယူလိုက်တယ်။ ကျက်မှတ် လိုက်တယ်။ မနက်ဖြန်ဟာ အီဒ်နေ့လို့ ကျွန်တော်ထင်ခဲ့တယ်။

فَأَخْبَرَنِي أَبِيْ أَنَّ الْعِيْدَ بَعْدَ تِسْعَةِ أَيَّامٍ،

ဒါပေမဲ့ အဖေက ပြောတယ်။ အီဒ်နေ့ဟာ နောက်ကိုးရက်ကြာပြီးမှ ဖြစ်မယ်။

فَإِنَّ عِيْدَ الأَضْحَى الْيَوْمُ الْعَاشِرُ مِنْ شَهْرِ ذِي الْحِجَّةِ.

ဘာဖြစ်လို့လဲဆိုတော့ အီဒွလ်အဿွှာနေ့ဟာ ဇွလ်ဟဂျ်လ ဆယ်ရက် နေ့ဖြစ်တယ်။

وَفِي الْيَوْمِ الثَّامِنِ مِنَ الشَّهْرِ عُطِّلَتْ[2] الْمَدْرَسَةُ

ဇွလ်ဟဂျ်လ ရှစ်ရက်နေ့မှာ ကျောင်းတွေပိတ်တယ်။

وَأَخْبَرَنِي الْمُعَلِّمُ أَنَّ الْحُجَّاجَ يَذْهَبُوْنَ الْيَوْمَ إِلَى مِنَى

ဆရာက ကျွန်တော့်ကို ပြောပြတယ်။ ဟာဂျီတွေဟာ ဒီကနေ့ မိနာ ကိုသွားပြီး

حَيْثُ يَبِيْتُوْنَ[3]، وَهٰذَا الْيَوْمُ يُسَمَّى يَوْمَ التَّرْوِيَةِ[4].

အဲဒီမှာ ညအိပ်ကြမယ်။ အဲဒီနေ့ကို ယောင်မွ်သ တရ်ဝိယဟ်လို့ ခေါ်ပါ တယ်။

وَفِي صَبَاحِ الْيَوْمِ التَّاسِعِ، وَهُوَ يَوْمُ عَرَفَةَ، يَذْهَبُ الْحُجَّاجُ إِلَى عَرَفَاتٍ[5]،

ကိုးရက်နေ့ မနက်၊ အရဖဟ်နေ့မှာ ဟာဂျီတွေဟာ အရဖားသ်ကွင်းပြင်ကို သွားကြတယ်။

1- أَهَلَّ–يُهِلُّ–إِهْلَالًا = လထွက်ပေါ်စေသည်။ 2- عَطَّلَ الْمَدْرَسَةَ–يُعَطِّلُ–تَعْطِيْلًا ကျောင်းပိတ်သည်။ 3- بَاتَ–يَبِيْتُ–بَيْتُوْتَةً = ညတာကုန်ဆုံးသည်။ 4- رَوَّى–يُرَوِّيْ– تَرْوِيَةً = ရေရိက္ခာယူဆောင်သည်။ يَوْمُ التَّرْوِيَةِ =ဇွလ်ဟဂျ်လ ရှစ်ရက်နေ့။ 5- عَرَفَاتٌ= အရဖသ်ကွင်းပြင်။

وَيَظَلُّوْنَ هُنَالِكَ يَدْعُوْنَ وَيَذْكُرُوْنَ اللهَ،

အဲဒီမှာနေပြီး ဒုအာတောင်းကြတယ်။ ဉာတာကုန်ဆုံးကြတယ်။

وَيَذْهَبُوْنَ مِنْهَا إِلَى الْمُزْدَلِفَةِ وَيَبِيْتُوْنَ هُنَالِكَ،

အဲဒီကနေမှ မုဇ်ဒလိဖဟ်ကိုသွားပြီး အဲဒီမှာ ညအိပ်ကြတယ်။

وَفِي صَبَاحِ الْيَوْمِ الْعَاشِرِ يَرْجِعُوْنَ إِلَى مِنًى وَيَنْحَرُوْنَ،

ဆယ်ရက်နေ့မနက်မှာ မိနာကို ပြန်လာပြီး နဟာ်ရ်လုပ်ကြတယ်။

وَذٰلِكَ يَوْمُ النَّحْرِ وَهُوَ يَوْمُ الْعِيْدِ.

အဲဒီနေ့ဟာ ယောင်မွန် နဟ်ရ်နေ့၊ အီဒ်နေ့ ဖြစ်တယ်။

وَكَانَ أَبِيْ اشْتَرَى بَقَرَةً سَمِيْنَةً لِلذَّبْحِ،

အဖေဟာ ဇဗဟ်လုပ်ဖို့အတွက် ဝဖြိုးတဲ့ နွားတစ်ကောင် ဝယ်ထားတယ်။

قَالَ: فِيْهَا سَبْعَةُ سِهَامٍ[1]: اثْنَانِ لِيْ وَلِأُمِّكَ، وَوَاحِدٌ لَكَ،

အဖေက ပြောတယ်။ ဒီနွားမှာ အပုံ ခုနစ်ပုံပါတယ်။ နှစ်ပုံက ငါနဲ့ သင့်အမေ အတွက်၊ တစ်ပုံက သင့်အတွက်၊

وَأَرْبَعَةٌ لِأَخَوَيْكَ وَأُخْتَيْكَ.

လေးပုံက သင့်ရဲ့ အစ်ကိုနှစ်ယောက်နဲ့ အစ်မနစ်ယောက်အတွက် ဖြစ် တယ်။

وَكَانَ أَبِيْ يَعْلِفُهَا[2] وَيَسْقِيْهَا بِنَفْسِهِ، وَقَالَ: فِيْ ذٰلِكَ فَضِيْلَةٌ وَأَجْرٌ.

အဖေဟာ အဲဒီနွားကို ကိုယ်တိုင်အစာကျွေးတယ်။ ရေတိုက်တယ်။ သူက ပြောတယ်။ ဒီလို ကျွေးမွေးခြင်းမှာ ကုသိုလ်ရရှိတယ်။

وَالْيَوْمَ الْعَاشِرَ غَيَّرْنَا اللِّبَاسَ، وَكَانَ أَبِيْ قَدْ أَعَدَّ[3] لِيْ لِبَاسًا جَدِيْدًا،

ဆယ်ရက်မြောက်နေ့မှာ ကျွန်တော်တို့ဟာ အဝတ်အစားလဲကြတယ်။ အဖေက ကျွန်တော့်အတွက် အဝတ်အစားအသစ်တွေ စီမံပေးထားတယ်။

أَمَّا الْحِذَاءُ[4] فَكَانَ حِذَاءَ الْعِيْدِ، وَكَانَ نَظِيْفًا لَمْ يَتَوَسَّخْ، كَأَنَّهُ جَدِيْدٌ،

ဖိနပ်ကတော့ အီဒွလ်ဖိသ်ရ်က ဖိနပ်ပါပဲ။ သန့်ရှင်းပြီး မညစ်ပေသေးဘူး။ အသစ်လိုပဲ၊

1- سِهَامٌ (ج) سَهْمٌ = ဝေစုဝေပုံ။ 2- عَلَفَ – يَعْلِفُ – عَلَفًا = တိရစ္ဆာန်အစာကျွေးသည်။
3- أَعَدَّ – يُعِدُّ – إِعْدَادًا = အသင့်ပြင်ဆင်သည်။ 4- أَحْذِيَةٌ (ج) حِذَاءٌ = ဖိနပ်။

لِأَنِّي مَا كُنْتُ أَلْبَسُهُ إِلَّا قَلِيْلًا،

ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ အဲဒီဖိနပ်ကို အနည်းငယ်ပဲ ဝတ်ရ သေးတယ်။

وَتَطَيَّبَ[1] أَبِيْ وَغَيَّرَ اللِّبَاسَ،

အဖေဟာ ရေမွှေးလိမ်းပြီး အဝတ်လဲတယ်။

وَخَرَجْنَا مَعَ الْجَمَاعَةِ إِلَى الْمُصَلَّى، فَكَبَّرَ[2] وَهَلَّلَ[3] جَهْرًا[4]،

ကျွန်တော်တို့ဟာ လူအုပ်စုလိုက် အိဒ်ဂါဟ်ဘက်ကို ထွက်ခဲ့ကြတယ်။ အသံကျယ်ကျယ်နဲ့ သက္ကဗီးရ်ဆိုကြတယ်။ လာအိလာဟ ဆိုကြတယ်။

وَصَلَّى الْإِمَامُ بِالنَّاسِ وَخَطَبَ، وَذَكَرَ أَحْكَامَ الْأُضْحِيَّةِ[5]

အိမာမ်ဆပ်က လူတွေကိုဦးဆောင်ပြီး စွလာသ်ဝတ်ပြုတယ်။ ပြီးတော့ ခွသ်ဗဟ် မိန့်ခွန်း ဟောကြားတယ်။ ပြီးတော့ ကုရ်ဗာနီနဲ့ပတ်သက်တဲ့ အမိန့်ပညတ်တွေကို ပြောပြတယ်။

وَرَجَعْنَا مِنَ الْمُصَلَّى بِطَرِيْقٍ آخَرَ،

ကျွန်တော်တို့ဟာ အိဒ်ဂါဟ်ကပြန်လာတဲ့အခါ နောက်လမ်းတစ်လမ်းကနေ ပြန်လာခဲ့ တယ်။

وَذَبَحَ أَبِي الْبَقَرَةَ وَسَمَّى[6] اللهَ وَكَبَّرَ.

အဖေက ဗိစ်မိလ္လာဟ် အ္လလာဟုအက္ကဗရ်ဆိုပြီး နွားကို ဇဗဟ်လုပ်တယ်။

وَوَزَّعَتْ[7] أُمِّي اللَّحْمَ عَلَى الْمَسَاكِيْنِ وَالْأَقَارِبِ وَالْأَصْدِقَاءِ،

အမေက ဆင်းရဲသားတွေ၊ အိမ်နီးချင်းတွေနဲ့ မိတ်ဆွေတွေကို အသားတွေ ဝေငှပေး တယ်။

وَطَبَخَتْ[8] لَنَا أَيْضًا، فَمَا تَغَدَّيْنَا[9] إِلَّا بِلَحْمِ أُضْحِيَّتِنَا.

ကျွန်တော်တို့အတွက်လည်း ချက်ပြုတ်ပေးတယ်။ ကျွန်တော်တို့ရဲ့ ကုရ်ဗာနီအသားနဲ့ပဲ

1- تَطَيَّبَ–يَتَطَيَّبُ–تَطَيُّبًا ရေမွှေးသုတ်လိမ်းသည်။ 2- كَبَّرَ–يُكَبِّرُ–تَكْبِيْرًا = အ္လလာဟ် ဟုအက္ကဗရ်ရွတ်ဆိုသည်။ 3- هَلَّلَ–يُهَلِّلُ–تَهْلِيْلًا လာအိလာဟအိလ္လလ္လာဟ်ရွတ်ဆိုသည်။ 4- جَهْرًا = အသံကျယ်စွာ။ 5- أُضْحِيَّةٌ = ကုရ်ဘာနီသားကောင်။ (ج) أَضَاحِيُّ 6- سَمَّى–يُسَمِّيْ–تَسْمِيَةً = ဗိစ္စမိလ္လာဟ်ဆိုသည်။ 7- وَزَّعَ–يُوَزِّعُ–تَوْزِيْعًا = ဝေငှပေးသည်။ 8- طَبَخَ–يَطْبُخُ–طَبْخًا = ချက်ပြုတ်သည်။ 9- تَغَدَّى–يَتَغَدَّى–تَغَدِّيًا = နေ့လည်စာ စားသည်။

ကျွန်တော်တို့ဟာ နေ့လယ်စာ စားခဲ့ကြတယ်။

وَتَوَفَّرَ[1] كَثِيْرٌ مِنَ اللَّحْمِ فَاحْتَفَظَتْ بِهِ أُمِّيْ وَأَيْبَسَتْهُ[2]،

အသားတွေ အများကြီး ပိုလျှံနေသေးတယ်။ အမေက အဲဒါတွေကို သိမ်းပြီး အခြောက်လှန်းတယ်။

وَلَمْ نَزَلْ نَأْكُلُ مِنْ هٰذَا الْقَدِيْدِ[3] مُدَّةً طَوِيْلَةً.

ကျွန်တော်တို့ဟာ အဲဒီအမဲသားခြောက်ကနေ အချိန်တော်တော်ကြာကြာ စားခဲ့ကြတယ်။

وَكَانَتْ فِيْ أَيَّامِ الْعِيْدِ الثَّلَاثَةِ مَآدِبُ[4] كَثِيْرَةٌ،

အဲဒီရက်သုံးရက်အတွင်းမှာ စားပွဲသောက်ပွဲတွေ အများအပြားရှိခဲ့တယ်။

وَكَانَتْ أَيَّامَ أَكْلٍ وَشُرْبٍ،

အဲဒီရက်တွေဟာ စားရ သောက်ရတဲ့ရက်တွေပဲ။

وَقَدْ دَعَا أَبِيْ لَيْلَةَ يَوْمِ الْعِيْدِ جَمَاعَةً مِنْ أَصْدِقَاءِهِ وَجِيْرَانِهِ[5]،

အဲဒီနေ့ရဲ့ညမှာ အဖေက သူ့ရဲ့မိတ်ဆွေတွေနဲ့ အိမ်နီးချင်းတစ်ဖွဲ့ကို ဖိတ်လိုက်တယ်၊

وَصَنَعَتْ أُمِّيْ طَعَامًا مُلَوَّنًا، فَأَكْثَرَتْ وَأَطَابَتْ[6].

အမေက ဒန်ပေါက်ချက်တယ်။ များများချက်တယ်။ ကောင်းကောင်း ချက်တယ်။

وَالْيَوْمَ الثَّانِيَ كُنَّا ضُيُوْفًا عِنْدَ جَارِنَا الْكَرِيْمِ السَّيِّدْ حُسَيْنَ الطَّبِيْبِ،

ဒုတိယနေ့မှာတော့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်း ဒေါက်တာစိုင်ယိဒ် ဟုစိုင်န်ထံမှာ ဧည့်သည်သွားလုပ်ခဲ့ကြတယ်။

وَكَانَتْ مَأْدُبَةً عَظِيْمَةً

ကြီးမားတဲ့ စားပွဲသောက်ပွဲကြီး ဖြစ်ခဲ့တယ်။

وَلَمْ آكُلْ مِنَ اللَّحْمِ فِيْ طُوْلِ الشَّهْرِ مَا أَكَلْتُ فِيْ ثَلَاثَةِ أَيَّامٍ وَلَمْ يَضُرَّ شَيْئًا.

1- تَوَفَّرَ-يَتَوَفَّرُ-تَوَفُّرًا = ပေါများသည်။ 2- أَيْبَسَ-يُوْبِسُ-إِيْبَاسًا = အခြောက်လှန်းသည်။ 3- قَدِيْدٌ = အသားခြောက်။ 4- مَآدِبُ (ج) مَأْدُبَةٌ = စားပွဲ။ 5- جِيْرَانٌ (ج) جَارٌ = အိမ်နီးချင်း။ 6- أَطَابَ-يُطِيْبُ-إِطَابَةً = ကောင်းမွန်အောင်ပြုလုပ်သည်။

အဲဒီသုံးရက်အတွင်းမှာ အသားစားခဲ့သလောက် တစ်လလုံး အသားမစားခဲ့ဘူး။ ဒီ တောင် ကျွန်တော်တို့ ဘာဆိုးကျိုးမှ မဖြစ်ခဲ့ဘူး။

وَكُنْتُ أَسْمَعُ الْإِمَامَ مِنْ فَجْرِ يَوْمِ عَرَفَةَ

ကျွန်တော်ကြားခဲ့တယ်။ အီမာမ်ဟာ အရဖဟ်နေ့ ဖဂျ်ရ်အချိန်ကစပြီး

إِلَى عَصْرِ الْيَوْمِ الْأَخِيْرِ مِنْ أَيَّامِ التَّشْرِيْقِ يَعْنِي الثَّالِثَ عَشَرَ مِنْ ذِي الْحِجَّةِ

အိုင်ယာမွတ်သရှ်ရီးက်နေ့ဆုံးနေ့၊ တစ်နည်း ဇူလ်ဟဂျ်လ ၁၃ရက်နေ့ အစွရ်အချိန်ထိ

يُكَبِّرُ وَيُهَلِّلُ دُبُرَ[1] كُلِّ صَلَاةٍ مَكْتُوْبَةٍ.

ဖရဲဇ်စွလာသ်ပြီးနောက် သက္ကဗီးရ်နဲ့ သဟ်လီလ် ရွတ်ဆိုတယ်။

✿ ✿ ✿ ✿ ✿

تَارِيْخُ الْقَمِيْصِ[2]

အင်္ကျီသမိုင်း

إِنَّكَ لَبِسْتَ قَمِيْصًا جَدِيْدًا،

အသင်ဟာ အင်္ကျီအသစ်ကို ဝတ်ဆင်ထားတယ်။

فَأَبْلِ[3] وَأَخْلِقْ[4] !

ဟောင်းနွမ်း ဆုပ်ပြဲသွားတဲ့အထိ ဝတ်လိုက်ပါ။

وَلٰكِنْ هَلْ تَعْرِفُ مِنْ تَارِيْخِهِ شَيْئًا،

ဒါပေမဲ့ အင်္ကျီရဲ့ သမိုင်းကြောင်းကိုရော သင်သိပါသလား။

هَلْ تَعْرِفُ كَمْ عَمِلَ فِيْهِ مِنَ الْأَيْدِيْ، وَكَمْ اشْتَغَلَ[5] بِهِ النَّاسُ،

1- أَدْبَارٌ (ج) دُبُرٌ = နောက်၊ အနောက်ဘက်။ 2- قُمْصَانٌ (ج) قَمِيْصٌ = အင်္ကျီ။ 3- أَبْلَى الثَّوْبَ–يُبْلِيْ–إِبْلَاءً = ဟောင်းနွမ်းအောင် ဝတ်ဆင်သည်။ 3- أَخْلَقَ الثَّوْبَ–يُخْلِقُ–إِخْلَاقً = ဟောင်းနွမ်းအောင် ဝတ်ဆင်သည်။ فَأَبْلِ وَأَخْلِقْ = ဟောင်းနွမ်း စုတ်ပြဲသွားတဲ့ထိ ဝတ်လိုက်ပါ။ (အသင် အသက်ရှည်ပါစေလို့ ဆုတောင်းပေးခြင်း ဖြစ်တယ်။) 5-- اِشْتَغَلَ–يَشْتَغِلُ–اِشْتِغَالًا အလုပ်လုပ်သည်။

ဒီအင်္ကျီဖြစ်ဖို့ လက်ပေါင်းမြောက်မြားစွာ အလုပ်လုပ်ခဲ့ရပြီး၊ လူပေါင်းများစွာ အလုပ်လုပ်ခဲ့ရတာ၊

وَكَمْ تَعِبَ فِيْهِ الْعَامِلُوْنَ، وَكَيْفَ وَصَلَ إِلَيْكَ ؟

အလုပ်သမားများစွာ ပင်ပန်းခဲ့တာ၊ အသင့်ဆီကို ဘယ်လိုနည်းနဲ့ ရောက် လာခဲ့သလဲဆိုတာကို အသင် သိပါသလား။

كَانَ أَوَّلُ أَمْرِهِ أَنَّ الزَّارِعَ[1] زَرَعَ الْقُطْنَ[2]

ဦးစွာပထမ လယ်သမားဟာ ဝါဂွမ်းကို စိုက်ပျိုးတယ်။

وَتَحَمَّلَ[3] فِيْ زِرَاعَتِهِ عَنَاءً[4] شَدِيْدًا،

ဝါဂွမ်းစိုက်ပျိုးခြင်းမှာ ပြင်းပြင်းထန်ထန် ပင်ပန်းဒုက္ခခံခဲ့တယ်။

فَإِنَّ زِرَاعَةَ الْقُطْنِ فِيْهَا تَعَبٌ عَظِيْمٌ، وَشُغْلٌ طَوِيْلٌ،

ဘာကြောင့်လဲဆိုတော့ ဝါဂွမ်းစိုက်ရတာ အလွန်အင်မတန် ပင်ပန်းတဲ့၊ အချိန်ကြာရှည်စွာ လုပ်ရတဲ့ အလုပ်ပါ။

حَرَثَ الْأَرْضَ ثَلَاثَ مَرَّاتٍ، أَوْ أَكْثَرَ،

မြေကို သုံးကြိမ်၊ အဲဒီထက်ပိုပြီး ထွန်ယက်ရပါတယ်။

وَشَقَّ خُطُوْطًا[5]، وَمَلَأَهَا بِالْمَاءِ، وَتَرَكَهَا حَتَّى جَفَّتْ،

ပြီးတော့ လိုင်းအတန်းတွေ ဖောက်လုပ်တယ်။ အဲဒါကို ရေနဲ့ ဖြည့်ထား တယ်။ ပြီးတော့ ခြောက်သွားတဲ့အထိ လွှတ်ထားလိုက်တယ်။

وَحَفَرَ[6] فِيْ جَنْبِهَا حُفَرًا[7]،

ပြီးတော့ အဲဒီရဲ့ ဘေးပတ်လည်မှာ တွင်းလေးတွေ တူးလိုက်တယ်။

ثُمَّ بَذَرَ فِيْهَا بُذُوْرًا مِنَ الْقُطْنِ قَدْ نَقَعَهَا[8] بِالْمَاءِ لَيْلَةً،

ပြီးတော့ အဲဒီထဲမှာ တစ်ညလောက်ရေစိမ်ထားပြီးသား ဝါဂွမ်းစေ့တွေကို မျိုးစေ့ချတယ်။

1- زُرَّاعٌ (ج) زَارِعٌ = လယ်သမား။ 2- قُطْنٌ = ဝါပင်။ 3- تَحَمَّلَ-يَتَحَمَّلُ-تَحَمُّلًا = သည်းခံမျိုသိပ်သည်။ 4- عَنَاءٌ = ပင်ပန်းဒုက္ခ။ 5- خُطُوْطٌ (ج) خَطٌّ = လိုင်း။ 6- حَفَرَ-يَحْفِرُ-حَفْرًا = ကျင်းတူးသည်။ 7- حُفَرٌ (ج) حُفْرَةٌ = ကျင်း။ 8- نَقَعَ-يَنْقَعُ-نَقْعًا = ရေစိမ်သည်။

وَلَمَّا نَجَمَ[1] النَّبَاتُ عَزَقَ[2] الْفَلَّاحُ الْخُطُوْطَ،

ပျိုးပင်လေးထွက်ပေါ်လာတဲ့အခါ လယ်သမားက လိုင်းတန်းတွေကို ပေါင်းသင်တယ်။

فَجَعَلَ بَاطِنَهَا ظَاهِرَهَا[3]، وَقَلَعَ[4] الْحَشَائِشَ[5] الَّتِيْ تَضُرُّ بِالْقُطْنِ،

အထက်အောက် လှန်လှော်တယ်။ ဝါဂွမ်းကို ဒုက္ခပေးမဲ့ မြက်ပင်တွေကို နှုတ်ပစ်တယ်။

وَأَرْوَاهَا[6] مِرَارًا، وَلَمْ يَزَلِ الْفَلَّاحُ يَخْدِمُ الْحَقْلَ وَيَتْعَبُ

ပြီးတော့ ကြိမ်ဖန်များစွာ ရေသွင်းတယ်။ လယ်သမား အဲဒီလို အဆက် မပြတ် လုပ်ကိုင်ဆောင်ရွက်တယ်။ အပင်ပန်းခံတယ်။

وَلَا يَسْتَرِيْحُ شُهُوْرًا حَتَّى ظَهَرَ فِيْهَا الْقُطْنُ،

လအချို့ အနားမယူခဲ့ရဘူး။ နောက်ဆုံး အဲဒီမှာ ဝါဂွမ်းပေါ်ထွက်လာတယ်။

فَانْبَثَّ[7] الْأَوْلَادُ مِنَ الْبَنِيْنَ وَالْبَنَاتِ فِي الْحَقْلِ وَجَنَوُا[8] الْقُطْنَ.

အဲဒီအခါ ကလေးတွေ၊ ကလေးမလေးတွေဟာ လယ်ထဲမှာ ပျံ့နှံ့သွားကြ တယ်။ ဝါဂွမ်း ခူးဆွတ်ကြတယ်။

وَلَمَّا جُمِعَ الْقُطْنُ أُرْسِلَ إِلَى الْحَلَّاجِ[9]، فَحَلَجَهُ[10]،

ဝါဂွမ်းတွေ စုရုံးပြီးသွားတဲ့အခါ ဝါဖတ်သမားဆီကို ပို့ရတယ်။ ဝါဖတ်သမား က ဝါဖတ်တယ်။

ثُمَّ نُقِلَ إِلَى بَعْضِ الْمَصَانِعِ فَغُزِلَ[11]

ပြီးရင် စက်ရုံတချို့ဆီ ပို့ဆောင်ရတယ်။ အဲဒီမှာ ချည်မျှင်ရက်တယ်။

1- نَجَمَ–يَنْجُمُ–نَجْمًا وَنُجُوْمًا = ပေါ်ထွက်လာသည်။ 2- عَزَقَ–يَعْزِقُ–عَزْقًا = ပေါင်းသင်သည်။ 3- جَعَلَ بَاطِنَهَا ظَاهِرَهَا = အပေါ်အောက်လှန်လှော်သည်။ 4- قَلَعَ–يَقْلَعُ–قَلْعًا = ဆွဲနှုတ်သည်။ 5- حَشَائِشُ (ج) حَشِيْشٌ = မြက်ပင်။ 6- أَرْوَى–يُرْوِيْ–إِرْوَاءً ရေဝတ်ပြေအောင် တိုက်ကျွေးသည်။ 7- اِنْبَثَّ–يَنْبَثُّ–اِنْبِثَاثًا ပြန့်ကျဲသည်။ 8- جَنَى–يَجْنِيْ–جَنْيًا = ခူးဆွတ်သည်။ 9- حَلَّاجٌ = ဝါဂွမ်းဖတ်သူ။ 10- حَلَجَ–يَحْلِجُ–حَلْجًا وَحِلَاجَةً = ဝါဂွမ်းဖတ်သည်။ 9- غَزَلَ–يَغْزِلُ–غَزْلًا = ချည်မျှင်ရက်သည်။

ثُمَّ أَخَذَهُ الْحَائِكُ[1]، وَمَدَّهُ خُيُوْطًا مُتَقَارِبَةً

ပြီးနောက် ရက်ကန်းသမားက ယူပြီး ကြိုးတွေ တစ်ညီတညာတည်းဖြစ် အောင် စွဲဆန့်တယ်။

وَلَمْ يَزَلْ يَشْتَغِلُ وَيَتْعَبُ أَيَّامًا،

ရက်အနည်းငယ် အဆက်မပြတ် အလုပ်လုပ်တယ်။ အပင်ပန်းခံတယ်။

حَتَّى نَسَجَهُ[2] ثَوْبًا نَاعِمًا مَتِيْنًا[2].

နောက်ဆုံးမှာ ခိုင်ခန့်ပြီး နူးညံ့တဲ့ အထည်ဖြစ်အောင် ရက်လုပ်လိုက်တယ်။

وَاشْتَرَى تَاجِرٌ ذٰلِكَ الثَّوْبَ وَوَضَعَهُ فِيْ دُكَّانِهِ،

အဲဒီနောက် ကုန်သည်က အဲဒီအဝတ်ကို ဝယ်ပြီး သူ့ရဲ့ဆိုင်မှာ တင်ထား လိုက်တယ်။

فَذَهَبَ إِلَيْهِ أَبُوْكَ بِمَالِهِ الَّذِيْ اكْتَسَبَهُ بِعَرَقِ الْجَبِيْنِ[4] وَتَعِبَ فِيْهِ أَيَّامًا،

အဲဒီဆိုင်ကို သင့်ရဲ့အဖေက နဖူးက ချွေးကျပြီး၊ ရက်အချို့အပင်ပန်းခံပြီး ဝယ်ထားတဲ့ ငွေနဲ့ ဝယ်ယူခဲ့တယ်။

وَأَنْتَ مُسْتَرِيْحٌ فِي الْبَيْتِ تَأْكُلُ وَتَنَامُ،

အသင်ကတော့ အိမ်မှာ ဇိမ်နဲ့စားပြီး အိပ်နေတယ်။

وَذَهَبَ ذٰلِكَ الثَّوْبُ إِلَى خَيَّاطٍ[5] فَفَصَّلَ[6] مِنْهُ لَكَ قَمِيْصًا،

ပြီးနောက် အဲဒီအထည်ဟာ အပ်ချုပ်သမားဆီကို ရောက်တယ်။ အပ်ချုပ် သမားက အဲဒါကို အသင့်ရဲ့ ကိုယ်အတိုင်းနဲ့ အင်္ကျီညှပ်တယ်။

ثُمَّ خَاطَهُ لَيْلَةَ الْعِيْدِ وَهُوَ سَاهِرٌ[7]. وَأَنْتَ فِي فِرَاشِكَ نَائِمٌ.

ပြီးတော့ အဲဒိနေ့ညမှာ အိပ်ရေးပျက်ခံပြီး ချုပ်တယ်။ အသင်ကတော့ အိပ်ရာထဲမှာ အိပ်နေတယ်။

وَجَاءَ إِلَيْكَ الْقَمِيْصُ مِنْ غَيْرِ تَعَبٍ مِنْكَ وَشُغْلٍ

အသင် ဘာမှမလုပ်ရဘဲ၊ အပင်ပန်းမခံရဘဲနဲ့ အသင့်ဆီကို အင်္ကျီက ရောက်လာတယ်။

1- حَائِكٌ = ရက်ကန်းသမား။ 2- نَسَجَ–يَنْسِجُ–نَسْجًا = ရက်ကန်းရက်သည်။ 3- مَتِيْنٌ = ခိုင်မာသော။ 4- عَرَقُ الجَبِيْنِ = နဖူးမှ ချွေး။ 5- خَيَّاطٌ = အပ်ချုပ်သမား။ 6- فَصَّلَ–يُفَصِّلُ–تَفْصِيْلًا = ကိုယ်အတိုင်းဖြင့် အင်္ကျီ ညှပ်သည်။ 7- سَهِرَ–يَسْهَرُ–سَهَرًا = ညမအိပ်ဘဲနေသည်။

أَفَلَا يَجِبُ عَلَيْكَ أَنْ تَقُوْلَ إِذَا لَبِسْتَهُ:

အဲဒီတော့ အင်္ကျီဝတ်တဲ့အခါ အသင့်အနေနဲ့ ဒီဒုအာကို ရွတ်ဆိုဖို့ မသင့် ပေဘူးလား။

"اللَّهُمَّ أَنْتَ كَسَوْتَنِيه[1]،

"အို၊ အလ္လာဟ်အရှင်မြတ်၊ ဒီအဝတ်ကို အရှင်မြတ်က ကျွန်တော်မျိုးအား ဝတ်ဆင်ပေး တော်မူခဲ့ပါတယ်။

وأَلْبَسْتَنِيه[2] مِنْ غَيْرِ حَوْلٍ مِنِّيْ وَلَا قُوَّة،

ကျွန်တော်မျိုးရဲ့ အစွမ်းအစနဲ့ အင်အားမပါဘဲနဲ့ ကျွန်တော်မျိုးကို ဝတ် ဆင်ပေးတော် မူခဲ့ပါတယ်။

أَسْأَلُكَ خَيْرَهُ وَخَيْرَ مَا صُنِعَ لَهُ،

ဒီအဝတ်ရဲ့ ကောင်းခြင်းနဲ့ ဒီအ·တ်အတွက် ပြုလုပ်ထားတဲ့ကောင်း ခြင်းတွေကို အရှင်မြတ်ထံမှာ ကျွန်တော်မျိုး တောင်းခံပါတယ်။

وَأَعُوذُ بِكَ مِنْ شَرِّهِ وَشَرِّ مَا صُنِعَ لَهُ"

ဒ့ါပြင် ဒီအဝတ်ရဲ့ ဆိုးကျိုးနဲ့ ဒီအ·တ်အတွက် ပြုလုပ်ထားတဲ့ ဆိုးကျိုးတွေကနေ အရှင့် ထံမှာ ခိုလှုံပါတယ်။

❀ ❀ ❀ ❀ ❀

1- كَسَا-يَكْسُوْ-كَسْوًا =ဝတ်ဆင်ပေးသည်။

2- أَلْبَسَ-يُلْبِسُ-إِلْبَاسًا =ဝတ်ဆင်ပေးသည်။

اَلأَسَدُ[1]

ခြင်္သေ့

اَلْأَسَدُ مَلِكُ الْغَابَةِ وَسَيِّدُ السِّبَاعِ[2]،

ခြင်္သေ့ဟာ တောဘုရင်၊ သားရဲတိရစ္ဆာန်တို့ရဲ့ခေါင်းဆောင်ဖြစ်တယ်။

وَهَيْئَتُهُ[3] تَدُلُّ عَلَى ذٰلِكَ، فَلَهُ مَنْظَرٌ مَهِيْبٌ[4]،

သူ့ရဲ့ ပုံပန်းသဏ္ဌာန်က သူအဲဒီလိုဖြစ်ကြောင်း ညွှန်ပြနေပါတယ်။ သူ့ကို မြင်ရတာ ထိတ်လန့်စရာကောင်းတယ်။

وَزَئِيْرٌ[5] تَدْوِي[6] لَهُ الْغَابَاتُ، وَيَطِيْرُ لَهُ قَلْبُ الشُّجَاعِ،

သူ့ရဲ့ဟိန်းသံကြောင့် တောတစ်ခုလုံး မြည်ဟီးသွားတယ်။ သူရဲကောင်းတွေ လန့်ဖြန့်သွားမယ်။

قَوِيُّ الْبَأْسِ[7]، كَبِيْرُ الْجِسْمِ،

ခြင်္သေ့ဟာ အင်အားကြီးပြီး ကိုယ်ခန္ဓာထွားကြိုင်းတယ်။

يُحِيْطُ بِرَأْسِهِ شَعْرٌ كَبِيْرٌ يَكَادُ يَحْجُبُ[8] رُكْبَتَيْهِ،

သူ့ရဲ့ဦးခေါင်းမှာ ကြီးမားတဲ့ အမွေးအမှင်တွေက ဒူးခေါင်းကို ဖုံးကွယ်လု နီးနီး ဝန်းရံထားတယ်။

إِذَا غَضِبَ تَجَعَّدَتْ[9] جَبْهَتُهُ وَخَدَّاهُ[10]،

သူဒေါသထွက်ပြီဆိုရင် နဖူးနဲ့ ပါးနှစ်ဖက်ကြုံ့သွားတယ်။

1– أَسَدٌ (ج) أُسْدٌ، أُسُدٌ، أُسُوْدٌ = ခြင်္သေ့။ 2– سَبُعٌ (ج) سِبَاعٌ = သားရဲတိရစ္ဆာန်။ 3– هَيْئَةٌ (ج) هَيْئَاتٌ = ပုံပန်းသဏ္ဌာန်။ 4– مَهِيْبٌ = ထိတ်လန့်စရာကောင်း သော။ 5– زَئِيْرَ الأَسَدُ = ခြင်္သေ့ဟိန်းသံ။ 6– دَوَى–يَدْوِيْ–دَوِيًّا = မြည်ဟီးသည်။ 7– قَوِيُّ البَأْس = အင်အားကြီးသူ။ 8– حَجَبَ–يَحْجُبُ–حَجْبًا = ဖုံးအုပ်သည်။ 9– تَجَعَّدَ–يَتَجَعَّدُ–تَجَعُّدًا အရေပြားတွန့်သည်။ 10– خَدٌّ (ج) خُدُوْدٌ ပါးပြင်။

وَكَشَّرَ[1] عَنْ أَنْيَابِهِ[2] وَأَبْرَقَتْ عَيْنَاهُ،

ဆွဲသွားကို ဖြဲထုတ်တယ်။ မျက်လုံးတွေ တောက်ပလာတယ်။

وَاخْتَلَجَ[3] حَاجِبَاهُ[4] وَوَقَفَ شَعْرُ بَدَنِهِ،

မျက်ခုံးနှစ်ဖက်လှုပ်လာတယ်။ ကိုယ်ပေါ်က အမွေးတွေ ထောင်လာတယ်။

وَضَرَبَ بِذَنَبِهِ[5] جَنْبَيْهِ، وَأَطْبَقَ[6] عَيْنَيْهِ،

အမြီးနဲ့ နံဘေးနှစ်ဖက်ကို ရိုက်တယ်။ မျက်လုံးကို ပိတ်လိုက်တယ်။

وَمَالَ إِلَى الْأَرْضِ وَوَثَبَ[7] عَلَى فَرِيْسَتِهِ[8] كَالصَّاعِقَةِ[9]،

မြေပြင်ဘက်ကို ယိမ်းညွတ်တယ်။ သားကောင်ကို လျှပ်စီးလို လျင်မြန်စွာ ခုန်အုပ်တယ်။

حَتَّى إِذَا ظَفِرَ بِهَا[10] أَخَذَ فِيْ مُلَاعَبَتِهِ[11] ثُمَّ مَزَّقَهَا[12] بِأَنْيَابِهِ تَمْزِيْقًا.

သားကောင်ကို မိသွားပြီဆိုတာနဲ့ ဆော့ကစားလေတော့တယ်။ ပြီးမှ သွားဆွဲနဲ့ ကိုက်ဖြဲတယ်။

وَإِذَا كَانَ الْأَسَدُ مُقَيَّدًا[13] دَلَّتْ هَيْئَتُهُ عَلَى الْهُدُوْءِ،

ခြင်္သေ့ဟာ ချုပ်နှောင်ခံထားရတဲ့အခါမျိုးမှာ သူ့ရဲ့ပုံစံက တည်ငြိမ်မှုကို ညွှန်ပြတယ်။

وَإِذَا أُفْلِتَ[14] وَهُيِّجَ[15] انْدَفَعَ[16] مِنْ عَرِيْنِهِ[17]،

အချုပ်အနှောင်ကနေ လွှတ်ပေးလိုက်တဲ့အခါမျိုးနဲ့ ဒေါသထွက်အောင်လုပ်ခြင်းခံရရင်တော့ လိုဏ်ဂူကနေ တစ်ဟုန်ထိုး ပြေးထွက်တယ်။

1– كَشَّرَ عَنْ أَنْيَابِهِ = သွားဖြဲပြသည်။ 2– أَنْيَابٌ (ج) نَابٌ = အံသွား။ 3– اِخْتَلَجَ – يَخْتَلِجُ – اِخْتِلَاجًا = မျက်ခုံးလှုပ်သည်။ 4– حَوَاجِبُ (ج) حَاجِبٌ = မျက်ခုံး။ 5– ذَنَبٌ – أَذْنَابٌ (ج) = အမြီး။ 6– أَطْبَقَ – يُطْبِقُ – إِطْبَاقًا = ပိတ်သည်။ 7– وَثَبَ – يَثِبُ – وُثُوْبًا = ခုန်အုပ်သည်။ 8– فَرَائِسُ (ج) فَرِيْسَةٌ = သားကောင်။ 9– صَوَاعِقُ (ج) صَاعِقَةٌ = မိုးကြိုး။ 10– ظَفِرَ – يَظْفَرُ – ظَفَرًا = ရရှိသည်၊ အောင်မြင်သည်။ 11– لَاعَبَ – يُلَاعِبُ – مُلَاعَبَةً = စော့ကစားသည်။ 12– مَزَّقَ – يُمَزِّقُ – تَمْزِيْقًا = ကိုက်ဖြဲသည်။ 13– قَيَّدَ – يُقَيِّدُ – تَقْيِيْدًا = ချုပ်နှောင်သည်။ 14– أَفْلَتَ – يُفْلِتُ – إِفْلَاتًا = လွှတ်ပေးသည်။ 15– هَيَّجَ – يُهَيِّجُ – تَهْيِيْجًا = ဒေါသထွက်အောင်လုပ်သည်။ 16– اِنْدَفَعَ – يَنْدَفِعُ – اِنْدِفَاعًا = အလျှင်အမြန် ပြေးသည်။ 17– عُرُنٌ (ج) عَرِيْنٌ = လိုဏ်ဂူ။

وَهُوَ أَكْثَرُ شَجَاعَةً فِي اللَّيْلِ مِنْهُ فِي النَّهَارِ

ခြင်္သေ့ဟာ နေ့ဘက်မှာထက် ညဘက်မှာ ပိုပြီး ရဲရင့်တယ်။

وَيَمُرُّ بِالْإِنْسَانِ وَلَا يَتَعَرَّضُ[1] لَهُ

လူနားက ဖြတ်သွားရင် လူကို အန္တရာယ်မပြုဘူး။

إِلَّا إِذَا كَانَ ضَارِيًا[2] أَوْ هَاجَهُ[3] إِنْسَانٌ.

ဒါပေမဲ့ သွေးစာနေရင်၊ ဒါမှမဟုတ် လူတစ်ဦးဦးက သူ့ကို ဒေါသထွက် အောင်လုပ်လိုက်ရင်တော့ အန္တရာယ်ပြုတယ်။

وَيَهْجُمُ[4] عَلَى الْحَيَوَانَاتِ كَالْخَيْلِ وَالْجِمَالِ وَالْبَقَرِ وَغَيْرِهَا،

ခြင်္သေ့ဟာ မြင်း၊ ကုလားအုတ်၊ နွား စတဲ့တိရစ္ဆာန်တွေကို တိုက်ခိုက်တယ်။

وَيَصِيدُ الظَّبْيَ[5] وَيَأْكُلُهُ بِرَغْبَةٍ،

သမင်ကို အမဲလိုက်ပြီး မိန်ရေရှက်ရေ စားတယ်။

وَتَدْفَعُهُ الْجَرَاءَةُ[6] إِلَى اخْتِطَافِ[7] الْإِنْسَانِ مِنْ بَيْنِ قَوْمِهِ.

လူတစ်ဦးကို လူအုပ်ကြားထဲကနေ အလစ်သုတ်ယူဖို့ထိပါ ရဲရင့်တယ်။

وَأُنْثَى الْأَسَدِ تُعْرَفُ بِاللَّبُوءَةِ[8]،

ခြင်္သေ့အမကို "လဘူးအဟ်"လို့ ခေါ်ပါတယ်။

وَهِيَ أَصْغَرُ جُثَّةً[9]، وَأَخَفُّ حَرَكَةً، وَأَشَدُّ غَضَبًا مِنْهُ،

ခြင်္သေ့အမဟာခြင်္သေ့အထီးထက်ပိုပြီး ကိုယ်ခန္ဓာသေးငယ်တယ်။ ပိုပြီး ပေါ့ပါးသွက်လက်တယ်။ ပိုပြီး ဒေါသကြီးတယ်။

1- تَعَرَّضَ–يَتَعَرَّضُ–تَعَرُّضًا = အန္တရာယ်ပြုသည်။ 2- ضَارٍ (ج) ضَوَارٍ = သွေးစာနေသောတိရစ္ဆာန်။ 3- هَاجَ–يَهِيْجُ–هَيْجًا وَهَيَجَانًا ဒေါသထွက်အောင်လုပ်သည်။ 4- هَجَمَ عَلَى–يَهْجُمُ–هَجْمًا တိုက်ခိုက်သည်။ 5- ظَبْيٌ (ج) ظِبَاءٌ = သမင်။ 6- تَدْفَعُهُ الْجَرَاءَةُ إِلَى ရဲရင့်မှုက သူ့ကို တွန်းပို့လိုက်တယ်။ 7- اِخْتَطَفَ–يَخْتَطِفُ–اِخْتِطَافًا အလစ်သုတ်သည်။ 8- لَبُوْءَةٌ (ج) لَبُوْئَاتٌ = ခြင်္သေ့မ။ 9- جُثَّةٌ (ج) جُثَثٌ = ကိုယ်ခန္ဓာ၊ ရုပ်ကလာပ်။

وَجَرْوُهَا[1] يُعْرَفُ بِالشِّبْلِ[2]،

ခြင်္သေ့ပေါက်ကို "ရှိဗ်လ်"လို့ ခေါ်တယ်။

وَيَبْدَأُ فِي الافْتِرَاسِ[3]، وَيَهْتَمُّ بِقُوَّتِه إِذَا بَلَغَ الثَّانِيَةَ مِنْ عُمُرِه.

ခြင်္သေ့ပေါက်ဟာ အသက်နှစ်နှစ်အရွယ်ရောက်ရင် မိမိရဲ့အင်အားကို အသုံးချပြီး အမဲစလိုက်တယ်။

وَمُعَدَّلُ[4] طُوْلِ الْأَسَدِ ثَلَاثُ أَذْرُعٍ[5] وَعُلُوُّهُ ذِرَاعٌ وَرُبُعٌ،

ခြင်္သေ့ရဲ့ ပျမ်းမျှ အရှည်ဟာ သုံးတောင်ရှည်ပြီး အမြင့်က တစ်တောင်နဲ့ လေးပုံတစ်ပုံရှိတယ်။

وَمُعَدَّلُ مَا يَعِيْشُ خَمْسٌ وَعِشْرُوْنَ سَنَةً

ခြင်္သေ့ရဲ့ ပျမ်းမျှသက်တမ်းဟာ ၂၅နှစ်ဖြစ်ပြီး

وَقَدْ يَبْلُغُ فِيْ قَفَصِه مِئَةَ سَنَةٍ أَوْ أَكْثَرَ.

လှောင်အိမ်ထဲမှာနေရင်တော့ နှစ်တစ်ရာ ဒါမှမဟုတ် အဲဒီထက်ပိုပြီး သက်တမ်းရှည်တယ်။

1- جَرْوٌ = (ج) جِرَاءٌ، أَجْرَاءٌ = သားရဲတိရစ္ဆာန်သားပေါက်။ 2– شِبْلٌ = (ج) أَشْبَالٌ = ခြင်္သေ့ပေါက်။ 3– افْتَرَسَ–يَفْتَرِسُ–افْتِرَاسًا အမဲလိုက်သည်။ 4–مُعَدَّلٌ= ပျမ်းမျှ။ 5– ذِرَاعٌ (ج) = أَذْرُعٌ = တစ်တောင်။

غُرُوْرُ[1] الدُّنْيَا

လောကီ၏ သွေးဆောင်ဖြားယောင်းမှု

تَقُوْلُ لَيْسَ الْمَاجِدُ[2]　　إِلَّا الْقَنُوْعُ[3] الزَّاهِدُ[4]

ရောင့်ရဲတင်းတိမ်တဲ့သူ၊ လောကီကို မခုံမင်တဲ့သူကလွဲရင် မြင့်မြတ်တဲ့သူ မရှိဘူးလို့ အသင်ပြောပါ။

فَمَا أَعَزَّ مَـــنْ قَنِعْ[5]　　وَمَا أَذَلَّ مَنْ طَمِعْ[6]

ရောင့်ရဲတင်းတိမ်တဲ့သူဟာ ဘယ်လောက်တောင် မွန်မြတ်လိုက်ပါသလဲ။ လောဘကြီးသူဟာ ဘယ်လောက်တောင် သေးသိမ်လိုက်ပါသလဲ။

دُنْيَـــاكُـــمْ حَبِيْبَةٌ　　بِحُسْنِهَـــا وَالطِّيْبَةِ

သင်တို့ရဲ့ လောကဟာ သူ့ရဲ့လှပမှုနဲ့ ကောင်းခြင်းတွေကြောင့် ချစ်စဖွယ်ကောင်းတယ်။

لٰكِنَّهَـــا غَـــدَّارَةٌ　　خَـــدَّاعَةٌ[7] غَـــرَّارَةٌ[8]

ဒါပေမဲ့ အဲဒီလောကဟာ အလွန် ကတိမတည်သူ၊ အလွန် သစ္စာမဲ့သူ၊ အလွန် မောက်မာတဲ့သူဖြစ်တယ်။

لَيْـــسَ لَهَا حَبِيْبٌ　　زَوَالُهَـــا[9] قَـــرِيْبٌ

သူ့မှာ ချစ်ရတဲ့သူဘယ်သူမှမရှိဘူး။ သူ့ရဲ့ပျက်သုဉ်းခြင်းက နီးနီးလေးပါ။

1- غَرَّ–يَغُرُّ–غُرُوْرًا = ဖြားယောင်းသည်။ 2– مَاجِدٌ = မြင့်မြတ်သူ။ 3 – قَنُوْعٌ = အလွန်ရောင့်ရဲတင်းတိမ်သူ။ 4– الزَّاهِدُ = လောကီကို မခင်တွယ်သူ။ 5– قَنِعَ–يَقْنَعُ–قَنَاعَةً ရောင့်ရဲတင်းတိမ်သည်။ 6– طَمِعَ–يَطْمَعُ–طَمَعًا လောဘကြီးသည်။ 7– خَدَّاعَةٌ = အလွန်လှည့်စားသူ။ خَدَعَ–يَخْدَعُ–خُدْعَةً 8– غَرَّارَةٌ = အလွန် ဖြားယောင်းသူ။ 9– زَالَ–يَزُوْلُ–زَوَالًا = ကွယ်ပျောက် သည်။

مَلُولَةٌ[1] خَوَّانَةٌ[2] لَيْسَ لَهَا أَمَانَةٌ

အလွန် စိတ်ပျက်စရာကောင်းသူ၊ အလွန် သစ္စာမဲ့သူဖြစ်တယ်။ သူ့ဆီမှာ သစ္စာသမာဓိဆိုတာမရှိဘူး။

تُفَرِّقُ الْأَحْبَابَا تُشَتِّتُ[3] الْأَتْرَابَا[4]

ချစ်သူတွေကို ကွဲအောင်လုပ်တယ်။ မိတ်ဆွေသူငယ်ချင်းတွေကို တကွဲ တပြား ဖြစ်အောင်လုပ်တယ်။

حَرْبٌ لِمَنْ سَالَمَهَا[5] تَمَلُّ[6] مَنْ لَازَمَهَا[7]

သူနဲ့ ငြိမ်းချမ်းရေးလုပ်သူအတွက်က စစ်ပွဲလိုပဲ။ သူ့ကို တွယ်ကပ်နေတဲ့ သူဟာ စိတ်ပျက်ညည်းညူရတယ်။

عَزِيزُهَا ذَلِيلُ كَثِيرُهَا قَلِيلُ

သူ့ကို ချစ်တဲ့သူဟာ သေးသိမ်တယ်။ သူ့ရဲ့ များပြားမှုဟာ အနည်းငယ်သာ ဖြစ်တယ်။

وِصَالُهَا[8] عَنَاءُ[9] صُدُودُهَا[10] بَلَاءُ

သူနဲ့ အဆက်အသွယ်လုပ်ခြင်းဟာ ပင်ပန်းတယ်။ သူ့ကို ကျောခိုင်းခြင်းဟာလည်း ဒုက္ခပဲ။

يَحْظَى[11] بِهَا الْجُهَّالُ وَيَنْعَمُ الْأَنْذَالُ[12]

ဒီလောကမှာ ပညာမဲ့တွေဟာ ဂုဏ်သိက္ခာရကြတယ်။ အဆင့်နိမ့်ကျသူတွေဟာ စည်းစိမ်ခံစားရတယ်။

1- مَلُولَةٌ = အလွန် စိတ်ပျက်စရာကောင်းသူ။ مَلَّ–يَمَلُّ–مَلَلًا ။ 2- خَوَّانَةٌ = အလွန် သစ္စာမရှိသူ။ 3- شَتَّتَ–يُشَتِّتُ–تَشْتِيْتًا = တကွဲတပြားဖြစ်စေသည်။ 4- أَتْرَابٌ (ج) تِرْبٌ = သက်တူရွယ်တူ၊ အဖော်။ 5- سَالَمَ–يُسَالِمُ–مُسَالَمَةً ငြိမ်းချမ်းရေးယူသည်။ 6- مَلِّ–يَمَلُّ–مَلَلًا = စိတ်ပျက်ညည်း ညူသည်။ 7- لَازَمَ – يُلَازِمُ – مُلَازَمَةً = ဖက်တွယ်သည်။ 8- وِصَالٌ = အဆက် အသွယ်လုပ်ခြင်း။ 9- عَنَاءٌ = ပင်ပန်းဒုက္ခ။ 10- صَدَّ عَنْ– يَصُدُّ–صُدُوْدًا = မျက် နှာလွှဲသည်၊ ကျောခိုင်းသည်။ 11- حَظِيَ – يَحْظَى – حَظْوَةً = ဝေစုရသည်၊ ဂုဏ်ရှိသည်။ 12- أَنْذَالٌ (ج) نَذْلٌ = အဆင့်နိမ့်ကျသူ၊ သေးသိမ်သူ။

يَشْقَى[1] بِهَا اللَّبِيْبُ[2] وَيَتْعَبُ الْأَدِيْبُ

ဉာဏ်ပညာရှိဟာ ဒုက္ခရောက်တယယ်။ စာပေပညာရှင်ဟာ ပင်ပန်းဆင်းရဲ တယ်။

(أَبُو الْعَتَاهِيَة)

رِسَالَةٌ[3] إِلَى رَسُوْلِ اللهِ ﷺ

တမန်တော်မြတ်ထံသို့ စာချွန်လွှာ

إِذَا جَاءَكَ قَرِيْبٌ[4] أَوْ صَدِيْقٌ، وَقَالَ: إِنِّيْ مُسَافِرٌ إِلَى الْوَطَنِ

အသင့်ထံကို ဆွေမျိုးတစ်ယောက် ဒါမှမဟုတ် သူငယ်ချင်းတစ်ယောက်လာပြီး ပြောမယ်။ နေရပ်ဌာနေကို ငါ ခရီးထွက်မလို့၊

وَسَأُقَابِلُ[5] أَبَاكَ، فَهَلْ تُوْصِيْ[6] بِشَيْءٍ ؟

မင်းရဲ့အဖေနဲ့လည်း တွေ့ဆုံမယ်။ မင်း မှာစရာရှိလား။

وَهَلْ لَكَ رِسَالَةٌ إِلَيْهِ أَحْمِلُهَا مِنْكَ، وَأُبَلِّغُهَا إِلَيْهِ ؟

စာပေးစရာရှိရင်လည်း ငါယူသွားပေးမယ်။ မင်းအဖေဆီကို ပို့ပေးမယ်။

فَلَا تَشُكُّ أَنَّهُ سَيَجْتَمِعُ[7] بِأَبِيْكَ

အဲဒီလိုပြောလာပြောရင် အသင်ဟာ သံသယမရှိယုံကြည်လိမ့်မယ်။ သူဟာ သင့်အဖေနဲ့ တွေ့မှာပဲ၊

1– شَقِيَ–يَشْقَى–شَقَاءً ကံဆိုးသည်၊ ဒုက္ခရောက်သည်။ 2– أَلِبَّاءُ (ج) لَبِيْبٌ = ဦးနှောက်အသိဉာဏ်ရှိသူ။ 3– رَسَائِلُ (ج) رِسَالَةٌ = စာချွန်လွှာ။ 4– أَقْرِبَاءُ (ج) قَرِيْبٌ = ဆွေမျိုးသားချင်း။ 5– قَابَلَ–يُقَابِلُ–مُقَابَلَةً = ဆုံတွေ့သည်။ 6– أَوْصَى–يُوْصِيْ–إِيْصَاءً မှာတမ်းသည်။ 7– اِجْتَمَعَ بِهِ = ဆုံတွေ့သည်။

وَرُبَّمَا يَسْأَلُ أَبُوْكَ عَنْكَ خَبَرًا سَارًّا[1]، وَبُشْرَى صِحَّتِكَ.

သင့်အဖေက သင်နဲ့ပတ်သက်တဲ့ သတင်းကောင်းနဲ့ အသင်ကျန်းမာရေး ကောင်းတဲ့ သတင်းတွေကို မေးမြန်းမှာပဲ။

فَتَقُوْلُ: تَقْرَأُ[2] عَلَى وَالِدِيْ مِنِّي السَّلَامَ وَقُلْ لَهُ:

အသင်က အဲဒီသူငယ်ချင်းကို အခုလို မှာလိုက်မှာပါပဲ။ ကျွန်တော့်အဖေကို စလာမ်ဆို ကြောင်း ပြောပေးပါ။ ပြီးတော့ သူ့ကို ပြောလိုက်ပါ။

إِنَّ ابْنَكَ بِخَيْرٍ وَكَمَا تُحِبُّ مِنْ صِحَّةٍ وَسُرُوْرٍ.

အသင့်ရဲ့သားဟာ ကောင်းကောင်းမွန်မွန်ပါပဲ။ အသင်နှစ်သက်တဲ့ အတိုင်းပဲ ကျန်းမာ ပျော်ရွှင်လျက်ရှိပါတယ်။

كَذٰلِكَ كَانَ الْمُسْلِمُوْنَ يَعْتَقِدُوْنَ أَنَّ الْمَوْتَ جِسْرٌ[3] إِلَى الْآخِرَةِ،

မွတ်စ်လင်မ်တွေဟာလည်း ဒီအတိုင်းပါပဲ၊ သေခြင်းတရားဟာ နောင်တမလွန်ရဲ့ တံတားတစ်ခုလို့ ယုံကြည်ကြတယ်။

وَكُلُّ مَنْ عَبَرَ[4] هٰذَا الْجِسْرَ مِنَ الْمُسْلِمِيْنَ وَصَلَ إِلَى الْآخِرَةِ،

ဒီတံတားကို ကျော်ဖြတ်တဲ့ မွတ်စ်လင်တိုင်းဟာ နောင်တမလွန်ကို ရောက်ကိုရောက်မယ်။

وَاجْتَمَعَ هُنَالِكَ بِرَسُوْلِ اللّٰهِ ﷺ وَتَشَرَّفَ[5] بِزِيَارَتِهِ

အဲဒီမှာ တမန်တော်မြတ် ﷺနဲ့ တွေ့စုံရလိမ့်မယ်။ တမန်တော်မြတ် ﷺကို ဖူးမြော်ခွင့်ရ မယ်။

وَلَا بُدَّ أَنَّ رَسُوْلَ اللّٰهِ ﷺ سَائِلٌ عَنْ أُمَّتِهِ.

တမန်တော်မြတ် ﷺဟာ မိမိရဲ့ အုမ္မသ်သားတွေနဲ့ပတ်သက်ပြီး သေချာပေါက် မေးမြန်း လိမ့်မယ်။

وَيُمْكِنُ أَلَّا يَصِلَ قَرِيْبُكَ أَوْ صَدِيْقُكَ إِلَى الْوَطَنِ لِمَانِعٍ[6] أَوْ حَادِثَةٍ[7]

အသင့်ရဲ့ ဆွေမျိုး ဒါမှမဟုတ် သူငယ်ချင်းဟာ နေရပ်ဌာနေကို အဟန့်အတားတစ်ခုခု

1- خَبَرٌ سَارٌّ =ဝမ်းသာစရာသတင်း။ 2- قَرَأَ عَلَيْهِ السَّلَامَ =စလာမ်ပါးသည်။ 3- جُسُوْرٌ (ج) جِسْرٌ = ပေါင်းကူးတံတား။ 4- عَبَرَ–يَعْبُرُ–عُبُوْرًا = ဖြတ်သန်းသည်။ 5- تَشَرَّفَ بِزِيَارَتِهِ = တွေ့ဆုံခွင့်ရသည်။ 6- مَوَانِعُ (ج) مَانِعٌ = အဟန့်အတား၊ အတားအဆီး။ 7- حَوَادِثُ (ج) حَادِثٌ =အက်စီးဒန့်၊ မတော်တဆ ထိခိုက်မှု။

ကြောင့် ဒါမှမဟုတ် အက်စီးဒန့်တစ်ခုခုကြောင့် မရောက်တာဖြစ်နိုင်တယ်။

أَوْ يَصِلُ إِلَى الْوَطَنِ وَلَا يَجْتَمِعُ بِأَبِيْكَ

ဒါမှမဟုတ် ဌာနေကို ရောက်တော့ရောက်တယ်၊ ဒါပေမဲ့ အသင့်ရဲ့အဖေနဲ့ မဆုံဖြစ်တာလည်း ဖြစ်နိုင်တယ်။

وَلٰكِنَّ الْمُسْلِمِيْنَ مَا كَانُوْا يَشُكُّوْنَ فِي وُصُوْلِ الْمَيِّتِ إِلَى عَالَمِ الآخِرَةِ وَاجْتِمَاعِ الشَّهِيْدِ بِرَسُوْلِ اللهِ ﷺ.

ဒါပေမဲ့ မွတ်စ်လင်မ်တွေဟာ သေဆုံးကွယ်လွန်သူ နောင်တမလွန်ကို ရောက်ရှိခြင်းနဲ့၊ ရှဟီဒ်ဟာ တမန်တော်မြတ် ﷺ နဲ့ ဆုံတွေ့ခြင်းကိစ္စတွေနဲ့ပတ်သက်ပြီး လုံးဝ သံသယမဖြစ်ကြဘူး။

زَحَفَ[1] الْمُسْلِمُوْنَ إِلَى الشَّامِ وَكَانَ النَّبِيُّ ﷺ أَخْبَرَهُمْ:

မွတ်စ်လင်မ်တွေဟာ ဆီးရီးယားပြည်ကို ချီတက်ခဲ့ကြတယ်။ တမန် တော်မြတ် ﷺ က သူတို့ကို သတင်းပေးတော်မူထားတယ်။

"لَتَفْتَحُنَّ[2] كُنُوْزَ[3] كِسْرَى[4] وَقَيْصَرَ[5]"

"အသင်တို့ဟာ ပါရှားဘုရင်နဲ့ ရောမဘုရင်တွေရဲ့ ဘဏ္ဍာတိုက်တွေကို မုချ အောင်နိုင်လိမ့်မယ်။"

وَقَدْ وَعَدَهُمَا اللهُ بِالنَّصْرِ، وَقَالَ

အလ္လာဟ်အရှင်မြတ်ကလည်း သူတို့ကို ကူညီတော်မူမယ်လို့ ကတိပေးထားတော်မူတယ်။ အရှင်မြတ် မိန့်တော်မူတယ်။

﴿وَإِنَّ جُنْدَنَا لَهُمُ الْمَنْصُوْرُوْنَ وإِنَّ جُنْدَنَا لَهُمُ الْغَالِبُوْنَ﴾

"အမှန်စင်စစ် ငါအရှင့်ရဲ့ စစ်တပ်သာလျှင် အကူအညီပေးခြင်းခံရမယ်။ အမှန်စင်စစ် ငါအရှင့်ရဲ့ စစ်တပ်သာလျှင် လွှမ်းမိုးအောင်နိုင်မှုရကြမယ်။"

1- زَحَفَ – يَزْحَفُ – زَحْفًا =ချီတက်သည်။ 2– فَتَحَ – يَفْتَحُ – فَتْحًا = အောင်နိုင်သည်။ 3– كَنْزٌ (ج) كُنُوْزٌ = ဘဏ္ဍာတိုက်။ 4– كِسْرَى (ج) أَكَاسِرَةٌ = ပါရှားဘုရင်များ၏ ဘွဲ့အမည်။ 5– قَيْصَرُ (ج) قَيَاصِرَةٌ = ရောမဘုရင်များ၏ ဘွဲ့အမည်။

وَكَانُوْا وَاثِقِيْنَ[1] بِالنَّصْرِ وَالْفَتْحِ

သူတို့ဟာ အကူအညီနဲ့ အောင်နိုင်မှုရမယ်ဆိုတာကို ယုံကြည်ခဲ့ကြတယ်။

وَكَذٰلِكَ كَانَ،

အဲဒီအတိုင်းလည်း တကယ်ပဲ ဖြစ်ခဲ့ပါတယ်။

فَقَدْ فَتَحُوْا مَدِيْنَةً بَعْدَ مَدِيْنَةٍ وَهَزَمُوْا جُنْدًا بَعْدَ جُنْدٍ.

သူတို့ဟာ မြို့တစ်မြို့ပြီးတစ်မြို့အောင်နိုင်ခဲ့ကြတယ်။ စစ်တပ် တစ်တပ်ပြီး တစ်တပ်ကို အနိုင်တိုက်ခဲ့ကြတယ်။

وَجَاءَ رَجُلٌ يَوْمَ الْيَرْمُوْكِ إِلَى أَبِيْ عُبَيْدَةَ ﵁ -قَائِدِ[2] الْمُسْلِمِيْنَ-

ယရ်မူးက်စစ်ပွဲနေ့မှာ လူတစ်ယောက်ဟာ မွတ်စ်လင်မ်တွေရဲ့ခေါင်းဆောင် အဗူအိုဗိုင်ဒဟ် ﵁ ထံလာပြီးပြောတယ်။

فَقَالَ: إِنَّنِيْ قَدْ تَهَيَّأْتُ[3] لِأَمْرِيْ أَيْ لِلشَّهَادَةِ

ကျွန်တော်ကတော့ ကျွန်တော်ရဲ့အရေးကိစ္စ (ရှဟာဒဟ် ဖြစ်ဖို့အတွက်) ပြင်ဆင်ပြီးသွားပါပြီ။

فَهَلْ لَكَ مِنْ حَاجَةٍ إِلَى رَسُوْلِ اللهِ ﷺ.

ကိုယ်တော်မြတ် ﷺ ထံ အသင့်မှာစရာရှိပါသလား။

قَالَ أَبُوْ عُبَيْدَةَ ﵁ : نَعَمْ تُقْرِئُهُ عَنِّيَ السَّلَامَ، وَتَقُوْلُ: يَا رَسُوْلَ اللهِ ﷺ إِنَّا قَدْ وَجَدْنَا مَا وَعَدَنَا رَبُّنَا حَقًّا.

အဗူအိုဗိုင်ဒဟ် ﵁ က ပြောတယ်။ ဟုတ်ကဲ့၊ ကျွန်တော့်ဘက်ကနေ စလာမ်ဆိုတယ်လို့ ပြောပေးပါ။ ပြီးတော့ ပြောပေးပါ။ အို- အလ္လာ့ဟ်တမန်တော်၊ ကျွန်တော်တို့ရဲ့အရှင် ကျွန်တော်တို့ကို ကတိ ပေးထားတာ တွေကို ကျွန်တော်တို့ အမှန်တကယ် ရရှိလိုက်ပါပြီ။

1- ثِقَةً-يَثِقُ-بــ وَثِقَ = စိတ်ချယုံကြည်သည်။ 2- قُوَّادٌ (ج) قَائِدٌ = ခေါင်းဆောင်။ 3- تَهَيُّأً-يَتَهَيَّأُ-تَهَيَّأَ = အသင့်ပြင်ဆင်သည်။

حَادِثَةٌ[1]

အက်စီးဒန့် (မတော်တဆ ထိခိုက်မှု)

زَارَنَا مَرَّةً ضَيْفٌ[2] كَرِيْمٌ، وَبَاتَ عِنْدَنَا لَيْلَةً،

မွန်မြတ်တဲ့ ဧည့်သည်တစ်ဦး ကျွန်တော်တို့ဆီ အလည်လာတယ်။ ကျွန် တော့်တို့ဆီမှာ ညအိပ်တယ်။

وَفِي الصَّبَاحِ قُلْتُ لَهُ: أَتَسْتَحِمُّ[3] يَا سَيِّدِيْ ؟

မနက်ရောက်တော့ သူ့ကို ကျွန်တော်တို့ မေးတယ်။ အို၊ ဧည့်သည်တော်၊ ရေချိုးမလား။

وَكَانَ يَوْمُ جُمُعَةٍ، قَالَ: نَعَمْ!

အဲဒီနေ့က ဂျုမုအတ်နေ့ဖြစ်တယ်။ သူက ဟုတ်ကဲ့လို့ဖြစ်တယ်။

قُلْتُ: هٰذَا مُغْتَسَلٌ[4]، قَالَ بَلْ أَسْتَحِمُّ فِي النَّهْرِ.

ကျွန်တော်က ပြောတယ်။ ဒါဟာ ရေချိုးခန်းပါ၊ သူက ပြောတယ်။ ရေချိုး ခန်းမှာမဟုတ်ဘူး၊ မြစ်ထဲမှာပဲ ရေချိုးချင်တယ်။

وَكَانَ الشَّيْخُ يَعْرِفُ السِّبَاحَةَ

ရှိုင်ခ်ဟာ ရေတော့ ကူးတတ်တယ်။

إِلَّا أَنَّهُ لَمْ يَتَّفِقْ[5] لَهُ أَنْ يَسْبَحَ مِنْ مُدَّةٍ طَوِيْلَةٍ،

ဒါပေမဲ့ အချိန်တော်တော်ကြာကတည်းက ရေကူးဖို့ မကြုံကြိုက်ခဲ့ဘူး။

وَسَمِعْتُ أَنَّ الْإِنْسَانَ لَا يَنْسَى السِّبَاحَةَ إِذَا تَعَلَّمَهَا

ကျွန်တော်ကြားသိတယ်။ လူဟာ ရေကူးသင်ထားရင် မမေ့တော့ဘူး၊

إِلَّا أَنَّهُ يَتْعَبُ سَرِيْعًا.

ဒါပေမဲ့ အလျင်အမြန် မောပန်းသွားတယ်တဲ့။

1- حَوَادِثُ (ج) حَادِثٌ =အက်စီးဒန့်၊ မတော်တဆ ထိခိုက်မှု။

2- ضُيُوْفٌ (ج) ضَيْفٌ = ဧည့်သည်။ 3- اِسْتَحَمَّ-يَسْتَحِمُّ-اِسْتِحْمَامًا ရေချိုးသည်။ 4- مُغْتَسَلٌ = ရေချိုးခန်း။ 5- لَمْ يَتَّفِقْ لَهُ = မကြုံကြိုက်ခဲ့ရဘူး။

وَكَانَ النَّهْرُ فَائِضًا[1] وَكَانَ يَجْرِيْ بِقُوَّةٍ،

မြစ်က ရေလျှံပြီး ရေစီးသန်နေတယ်။

فَخَاضَ[2] الشَّيْخُ النَّهْرَ، وَبَدَأَ يَسْبَحُ،

ရှိုက်ခ်က ရေထဲဆင်းလိုက်တယ်။ ပြီးတော့ ရေကူးတယ်။

فَمَا لَبِثَ أَنْ كَلَّتْ[3] عَضُدُهُ[4]، وَخَارَتْ[5] قُوَاهُ[6] وَأَعْيَا[7]،

ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး ခြေကုန်လက်ပန်းကျသွားတယ်။ အားကုန်ပြီး ပင်ပန်းသွားတယ်။

وَدَفَعَهُ الْمَاءُ بِقُوَّةٍ فَجَعَلَ يَجْرِيْ فِيْ تَيَّارِهِ[8]

ရေက သူ့ကိုအရှိန်နဲ့ ရိုက်ခတ်လိုက်တယ်။ ရေစီးထဲမှာ မျောပါနေတယ်။

لَا يَمْلِكُ مِنْ أَمْرِهِ شَيْئًا وَأَيْقَنَ بِالشَّرِّ.

ကိုယ့်ကိုယ်ကိုယ်မထိန်းနိုင်တော့ဘူး။ ဒုက္ခရောက်ပြီလို့ ယုံကြည်လိုက် တယ်။

فَجَعَلَ يَصْرُخُ[9] وَيَسْتَغِيْثُ[10] وَيَقُوْلُ: يَا رَجُلًا! خُذْ بِيَدِيْ،

သူဟာ အော်ဟစ်အကူအညီတောင်းလေတော့တယ်။ အို၊ ပုဂ္ဂိုလ်တစ်ဦး ဦးလောက်၊ ကျွန်တော့်လက်ကို ဆွဲပါဦး။

وَجَعَلَ يَذْكُرُ، وَيَقُوْلُ: اللّٰهُ! اللّٰهُ!

ပြီးတော့ အလ္လာဟ်၊ အလ္လာဟ်လို့ တသနေတယ်။

كَأَنَّهُ فِيْ آخِرِ عَهْدِهِ بِالدُّنْيَا[11]، وَجَعَلَ يَغْطِسُ[12] وَيَطْفُوْ[13].

1- فَاضَ–يَفِيْضُ–فَيَضَانًا = ရေလျှံသည်။ 2- خَاضَ–يَخُوْضُ–خَوْضًا = ရေထဲ ဆင်းသည်။ 3- كَلَّ–يَكِلُّ–كُلُوْلًا وَكَلَالَةً = ချည့်နဲ့သည်၊ ပင်ပန်းသည်။ 4- عَضُدٌ (ج) أَعْضَادٌ = လက်မောင်း။ 5- خَارَ–يَخُوْرُ–خُؤُوْرًا = အားကုန်သည်။ 6- قُوًى (ج) قُوَّةٌ = အားအင်။ 7- أَعْيَا–يُعْيِيْ–إِعْيَاءً = ပင်ပန်းနွမ်းလျသည်။ 8- تَيَّارٌ = ရေစီး။ 9- صَرَخَ–يَصْرُخُ–صُرَاخًا = အော်ဟစ်သည်။ 10- اِسْتَغَاثَ – يَسْتَغِيْثُ – اِسْتِغَاثَةً = အကူအညီတောင်းခံသည်။ 11- آخِرُ عَهْدِهِ بِالدُّنْيَا = လောကရဲ့နောက်ဆုံးအချိန်။ 12- غَطَسَ–يَغْطِسُ–غَطْسًا = ရေငုတ်သည်။ 13- طَفَا–يَطْفُوْ–طُفُوًّا = ရေပေါ်ပေါ်သည်။

လောကရဲ့ နောက်ဆုံးအချိန်ကို ရောက်နေသလိုပဲ။ ရေထဲနစ်လိုက် ပေါ်လိုက်ဖြစ်နေတယ်။

فَسُقِطَ[1] فِي أَيْدِيْنَا، وخِفْنَا عَلَيْهِ الْغَرَقَ،

ကျွန်တော်တို့ တော်တော်လေး နောင်တရသွားတယ်။ သူရေနစ်မှာ စိုးရိမ် သွားတယ်။

وَكَانَ أَحَدُ أَقَارِبِنَا مِمَّنْ يُحْسِنُوْنَ السِّبَاحَةَ يَغْتَسِلُ فِي النَّهْرِ

ရေကောင်းကောင်းကူးတတ်တဲ့ ကျွန်တော်တို့အမျိုးတစ်ယောက်ဟာ မြစ်ထဲမှာရေကူးနေတယ်။

فَقُلْنَا: دُوْنَكَ[2] الأُسْتَاذَ، فَتَقَدَّمَ إِلَيْهِ بِسُرْعَة،

ကျွန်တော်တို့က သူ့ကို "ဆရာ့ကို ဆွဲထားပါဦး" လို့ ပြောလိုက်တယ်။ သူက ရှိုင်ခ်ဘက်ကို အမြန်သွားတယ်။

وَلَمَّا رَأَى الشَّيْخُ مُنْجِدًا[3] تَشَجَّعَ[4] قَلِيْلًا، وَأَرَادَ أَنْ يُمْسِكَهُ.

ရှိုင်ခ်က ကယ်တင်သူကို တွေ့မြင်ရတဲ့အခါ အနည်းငယ် အားတက် သွားတယ်။ သူ့ကို ဆွဲကိုင်လိုက်ဖို့ ရည်ရွယ်လိုက်တယ်။

وَلٰكِنْ كَانَ الرَّجُلُ عَاقِلًا مُجَرِّبًا[5]،

ဒါပေမဲ့ လာကယ်တင်တဲ့ပုဂ္ဂိုလ်ဟာ ဦးနှောက်ရှိတဲ့သူ၊ အတွေ့အကြုံ ရင့်ကျက်တဲ့သူ ဖြစ်တယ်။

وَكَانَ يَعْرِفُ أَنَّ الْغَرِيْقَ[6] يَرْكَبُ مَنْ يُنْجِدُ وَيَأْخُذُ بِتَلَابِيْبِه[7]،

ရေနစ်နေတဲ့သူဟာ ကယ်တင်တဲ့သူကို ဆွဲထားပြီး သူ့ရဲ့ရင်စကို ဆွဲထားလိုက်တယ် ဆိုတာ သူသိထားတယ်။

وَيَغْرَقَانِ جَمِيْعًا فَلَمْ يُمْكِنْهُ مِنْ نَفْسِهِ،

1- سُقِطَ فِيْ يَدِه = နောင်တရသည်။ ﴿وَلَمَّا سُقِطَ فِيْ أَيْدِيْهِمْ﴾ 2- دُوْنَكَ = ကိုင်ပါ၊ ယူပါ။ (خُذْ) اسْمُ فِعْلٍ لِلأَمْرِ بِمَعْنَى ။ 3- أَنْجَدَ-يُنْجِدُ-إِنْجَادًا ကယ်တင်သည်။ رَجُلٌ مُنْجِدٌ ကယ်တင်ရှင်။ 4- تَشَجَّعَ-يَتَشَجَّعُ-تَشَجُّعًا အားတက်သည်။ 5- مُجَرِّبٌ = အတွေ့အကြုံရင့်ကျက်သူ။ 6- غَرِيْقٌ = ရေနစ်နေသူ။ (ج) غَرْقَى 7- تِلْبِيْبٌ = အင်္ကျီကော်လာ၊ လည်ပတ်။ (ج) تَلَابِيْبُ

အဲဒီအခါကျရင် နှစ်ယောက်စလုံးနစ်မြုပ်သွားမယ်။ အဲဒါကြောင့် သူ့ကို ဆွဲကိုင်ခွင့်မပေးဘူး။

بَلْ غَطَسَ وَدَفَعَهُ مِنْ أَسْفَلَ إِلَى الشَّاطِئِ،

သူက ရေငုတ်လိုက်ပြီးတော့ ရှိုင်ခ်ကို အောက်ဘက်ကနေ ကမ်းခြေဘက်ကို တွန်းပို့တယ်။

وَلَمْ يَزَلِ الشَّيْخُ يَجْتَهِدُ أَنْ يُمْسِكَهُ

ရှိုင်ခ်ကလည်း သူ့ကို ဆွဲဖို့ တောက်လျှောက်ကြိုးစားနေတယ်။

وَالرَّجُلُ يَدْفَعُهُ إِلَى الْأَمَامِ حَتَّى أَوْصَلَهُ[1] إِلَى الشَّاطِئِ[2].

ဟိုပုဂ္ဂိုလ်ကလည်း သူ့ကို အရှေ့ကို တွန်းတွန်းထုတ်တယ်။ နောက်ဆုံး ရှိုက်ခ်ကို ကမ်းခြေကို ရောက်အောင်ပို့ပေးလိုက်တယ်။

وَكَانَ الشَّيْخُ كَالْمُغْمَى[3] عَلَيْهِ لَا يَعْقِلُ شَيْئًا

ရှိုက်ခ်ဟာ သတိလစ်နေသူလိုပဲ၊ ဘာမှ မသိတော့ဘူး။

وَكَانَ عَلَى الشَّاطِئِ رَجُلٌ يَصِيْدُ السَّمَكَ،

ကမ်းခြေပေါ်မှာ ငါးမျှားနေတဲ့လူတစ်ယောက် ရှိတယ်။

فَأَشَارَ إِلَيْهِ الرَّجُلُ وَقَالَ: مُدَّ[4] عُوْدَكَ[5] لِيُمْسِكَهُ الشَّيْخُ،

ကယ်တင်သူက အဲဒီလူကို ခြေဟန်လက်ဟန်နဲ့ လှမ်းပြောတယ်။ သင့်ရဲ့ တုတ်ချောင်းကို ရှိုင်ခ်ကိုင်လို့ရအောင် လှမ်းပေးပါ။

فَمَدَّ الصَّيَّادُ[6] عُوْدَهُ، وَجَعَلَ يَضْرِبُ بِهِ عَلَى رَأْسِهِ

အဲဒီအခါ ငါးမျှားနေတဲ့သူက တုတ်ချောင်းကို လှမ်းပေးတယ်။ ပြီးတော့ အဲဒီတုတ်နဲ့ ရှိုင်ခ်ရဲ့ခေါင်းကို ရိုက်တယ်။

وَهُوَ لَا يَشْعُرُ وَلَا يُمْسِكُهُ.

ရှိုင်ခ်ဟာ သတိမရှိဘူး၊ တုတ်ကိုလည်း မကိုင်ဘူး။

1- وَصَلَ–يُوْصِلُ–إِيْصَالًا = ပို့ဆောင်သည်။ 2- شَاطِئٌ (ج) شَوَاطِئُ မြစ်ကမ်း။ 3- مُغْمًى عَلَيْهِ = သတိလစ်နေသူ။ 4- مَدَّ–يَمُدُّ–مَدًّا = လှမ်းပေးသည်။ 5- عُوْدٌ (ج) أَعْوَادٌ = သစ်ချောင်း၊ တုတ်ချောင်း။ 6- صَيَّادٌ (ج) صَيَّادُوْنَ = မုဆိုး၊ တံငါသည်။

وَبَعْدَ حِيْنٍ أَمْسَكَ بِالْعُوْدِ، وَوَصَلَ إِلَى الشَّاطِىءِ.

ခေတ္တကြာပြီးနောက်မှ တုတ်ကို ဆွဲကိုင်လိုက်တယ်။ ပြီးတော့ ကမ်းပေါ်ကို ရောက်လာတယ်။

وَكَانَ الشَّيْخُ قَدْ شَرِبَ كَثِيْرًا مِنَ الْمَاءِ،

ရှိက်ခ်ဟာ တော်တော် ရေမွန်းနေပြီ။

فَنَكَّسُوْهُ[1] حَتَّى قَاءَ[2] وَأَفَاقَ[3] ، وَرَجَعَ إِلَيْهِ الشُّعُوْرُ وَالْقُوَّةُ.

လူတွေက သူ့ကို ပြောင်းပြန်ဇောက်ထိုးလုပ်လိုက်တယ်။ အဲဒီတော့မှ အန်လိုက်ပြီး အသိနဲ့ အင်အားပြန်ရလာတယ်။

وَكَانَ عَلَى شَاطِىءٍ آخَرَ مِنَ النَّهْرِ،

ရှိုင်ခ်ဟာ မြစ်ရဲ့ နောက်တစ်ဖက်ကမ်းမှာ ရောက်နေခဲ့တာဖြစ်တယ်။

فَصَنَعُوْا لَهُ مَرْكَبًا مِنَ الْجِرَارِ[4] ، وَرَكِبَهُ الشَّيْخُ،

ဒါနဲ့ လူတွေက ဖောင်တစ်ခုလုပ်ပေးကြတယ်။ ရှိုင်ခ်က စီးနင်းလိုက်တယ်။

وَأَمْسَكَ بِالْحَبْلِ وَحَوْلَهُ عَدَدٌ مِنْ فُرْسَانِ[5] السِّبَاحَةِ، وَأَبْطَالِ[6] الْمَاءِ،

ကြိုးကို သေသေချာချာ ကိုင်ထားတယ်။ သူ့ရဲ့ဘေးမှာ ရေကူးကျွမ်းကျင်သူတွေ၊ ရေသူရဲတွေရှိနေကြတယ်။

وَرَجَعَ فِي الْمَوْكِبِ[7] إِلَى الشَّاطِىءِ، وَقَدْ ذُعِرَ[8] الْأُسْتَاذُ بِهٰذِهِ الْحَادِثَةِ،

ရှိုင်ခ်ဟာလူအုပ်လိုက်ကြီးနဲ့အတူကမ်းခြေကိုပြန်ရောက်လာတယ်။ဒီအက်စီးဒန့်ကြောင့် ရှိုင်ခ်ဟာ အလွန် ထိတ်လန့်သွားခဲ့တယ်။

فَكَانَ يُوْصِي كُلَّ مَنْ يَزُوْرُ قَرْيَتَنَا أَلَّا يَدْخُلَ النَّهْرَ،

ကျွန်တော်တို့ရွာကို လာလည်တဲ့သူတိုင်းကိုလည်း မြစ်ထဲမဆင်းဖို့ မှာတမ်းလေ့ရှိတယ်။

1- نَكَّسَ-يُنَكِّسُ-تَنْكِيْسًا = ဇောက်ထိုးလုပ်သည်။ 2- قَاءَ-يَقِيءُ-قَيْئًا = အန်သည်။
3- أَفَاقَ-يُفِيْقُ-إِفَاقَةً = သတိပြန်ရသည်။ 4- جِرَارٌ = ဖောင်။ 5- فَارِسٌ (ج) فُرْسَانُ السِّبَاحَةِ ရေကူးကျွမ်းကျင်သူ။ 6- بَطَلٌ (ج) أَبْطَالُ الْمَاءِ ရေသူရဲ။ 7- مَوْكِبٌ (ج) مَوَاكِبُ = အုပ်စုအဖွဲ့။ 8- ذُعِرَ-يُذْعَرُ-ذُعْرًا = အထိတ်တလန့်ဖြစ်သည်။

وَكَانَ يَقُوْلُ: إِذَا أَرَدْتَّ أَنْ تَتَمَتَّعَ بِالدُّنْيَا فَإِيَّاكَ[1] وَالنَّهْرَ.
သူက အခုလို ပြောလေ့ရှိတယ်။ အသင်ဟာ လောကကြီးမှာ နောက်ထပ်အကျိုးခံစားချင်သေးတယ်ဆိုရင် မြစ်ကို ရှောင်ကြဉ်ပါ။
وَكَانَ الشَّيْخُ لَا يَزَالُ يَعْتِبُ[2] عَلَى الرَّجُلِ أَنَّهُ لَمْ يُنْجِدْهُ وَلَمْ يَمُدَّ إِلَيْهِ يَدَهُ
ရှိုင်ခ်ဟာ ကယ်တင်တဲ့ပုဂ္ဂိုလ်က သူ့ကို မကယ်တင်ခဲ့ဘူး၊ သူ့ကို တုတ်လှမ်းမပေးဘူးဆိုပြီး အဆက်မပြတ် အပြစ်တင်ခဲ့တယ်။
وَلَا يَرَاهُ مَعْذُوْرًا[3] فِيْ هٰذَا الْأَمْرِ.
ဒီကိစ္စမှာ ကယ်တင်သူဟာ မတတ်သာလို့ဆိုတာ သူမမြင်ခဲ့ဘူး။

❀ ❀ ❀ ❀ ❀

فَتَى[4] الْإِسْلَامِ

အစ္စလာမ့်လူငယ်

هَلْ تَعْرِفُ فِتْيَانًا هُمْ فِي السَّابِعَةَ عَشَرَةَ، أَوِ الثَّامِنَةَ عَشَرَةَ مِنْ عُمُرِهِمْ ؟
အသက် ၁၇နှစ်အရွယ်၊ အသက် ၁၈နှစ်အရွယ်လူငယ်လေးတွေကို အသင်သိပါသလား။
بَلَّغَكَ اللهُ فَوْقَ هٰذِهِ السِّنِّ وَعَمَّرَكَ[5] طَوِيْلًا.
အလ္လာဟ်အရှင် အသင့်ကို ဒီထက်ပိုတဲ့အသက်အရွယ် ရောက်စေတော်မူ ပါ။ အသင့်ကို အသက်ရှည်စေတော်မူပါ။
إِنَّكَ لَتَعْرِفُ مِنْهُمْ كَثِيْرًا !
သူတို့ထဲက အမြောက်အများကို အသင်သိပါတယ်။

1- إِيَّاكَ = ရှောင်ကြဉ်ပါ။ 2- عَتَبَ–يَعْتِبُ–عَتْبًا وَعِتَابًا = ပြစ်တင်သည်။
3- مَعْذُوْرٌ (ج) مَعْذُوْرُوْنَ = ချွင်းချက်ရှိသူ။ 4- فَتًى (ج) فِتْيَانٌ = လူငယ်။ 5- عَمَّرَ–يُعَمِّرُ–تَعْمِيْرًا = အသက်ရှည်စေသည်။

فَهَلْ تَعْرِفُ عَنْهُمْ غَيْرَ أَنَّهُمْ يَأْكُلُوْنَ وَيَشْرَبُوْنَ، وَيَرْتَعُوْنَ[1] وَيَلْعَبُوْنَ وَيَتَجَمَّلُوْنَ[2] فِي الْمَلَابِسِ، وَيَتَأَنَّقُوْنَ[3] فِي الْهِنْدَامِ[4] وَالزِّيْنَةِ.

သူတို့တွေဟာ စားကြတယ်၊ သောက်ကြတယ်၊ ပျော်ရွှင်မြူးထူးကြတယ်၊ ဆော့ကစားခြင်း၊ အဝတ်အစားတွေနဲ့ အလှဆင်ကြတယ်၊ စမတ်ကျကျ ဝတ်စားဆင်ယင်ကြတယ်ဆိုတာတွေအပြင် နောက်ထပ် အသင် ဘာသိ သေးလဲ။

وَإِذَا امْتَازَ[5] فِيْهِمْ فَتًى، وَعَلَتْ هِمَّتُهُ، عَكَفَ[6] عَلَى دِرَاسَتِهِ وَمُطَالَعَتِهِ،

သူတို့ထဲမှာ လူငယ်တစ်ဦးဦး ထူးချွန်ပြောင်မြောက်တယ်ဆိုရင်၊ ရည်မှန်းချက်တွေ မြင့်မားတယ်ဆိုရင် သူဟာ ပညာရှာဖွေလေ့လာခြင်းမှာ တစ်စိုက်မတ်မတ် လုံးပန်းတယ်။

وَجَدَّ[7] فِيْهَا وَاجْتَهَدَ، حَتَّى بَرَزَ[8] فِي الْاِخْتِبَارَاتِ،

အဲဒီမှာ ကြိုးစားအားထုတ်တယ်။ နောက်ဆုံး စာမေးပွဲတွေမှာ ထူးချွန် ဆင့်ရတယ်။

وَأَحْرَزَ[9] الْجَوَائِزَ[10] وَالْوِسَامَاتِ[11].

ဆုတွေ၊ ဆုတံဆိပ်တွေ ဆွတ်ခူးရရှိတယ်။

وَإِذَا طَمَحَ[12] فِيْهِمْ شَابٌّ اجْتَهَدَ لِوَظِيْفَةٍ[13] فِيْ مَصْلَحَةٍ مِنْ مَصَالِحِ الْحُكُوْمَةِ فَصَارَ يَتَقَاضَى[14] رَاتِبًا[15] شَهْرِيًّا.

သူတို့ထဲမှာ လူငယ်တစ်ဦးဟာ ဒီထက်ပိုပြီး ရည်မှန်းချက်ကြီးရင် အစိုးရရုံးဌာနတစ်ခုခုမှာ ရာထူးရအောင် ကြိုးစားတယ်။ ပြီးတော့ လစဉ် လစာရ ရှိတယ်။

1- رَتَعَ (ج) يَرْتَعُ–رَتْعًا = ပျော်ရွှင်မြူး ထူးသည်။ 2- تَجَمَّلَ–يَتَجَمَّلُ–تَجَمُّلًا = အလှချယ်သည်။ 3- تَأَنَّقَ–يَتَأَنَّقُ–تَأَنُّقًا ခေတ်ဆန်ဆန်ဝတ်သည်၊ အကောင်းကြိုက်သည်။ 4- هِنْدَامٌ = စမတ်ကျကျ ဝတ်စားဆင်ယင်သည်။ 5- اِمْتَازَ–يَمْتَازُ–اِمْتِيَازًا = ထူးခြားသည်။ 6- عَكَفَ–يَعْكُفُ–عُكُوْفًا = စွဲမြဲစွာ အားထုတ်သည်။ 7- جَدَّ–يَجِدُّ–جِدًّا = ကြိုးစားသည်။ 8- بَرَزَ–يَبْرُزُ–بُرُوْزًا = ထူးချွန်သည်။ 9- أَحْرَزَ–يُحْرِزُ–إِحْرَازًا = ရရှိသည်၊ ဆွတ်ခူးသည်။ 10- جَائِزَةٌ (ج) جَوَائِزُ = ဆု။ 11- وِسَامَةٌ (ج) وِسَامَاتٌ = ဆုတံဆိပ်။ 12- طَمَحَ–يَطْمَحُ–طُمُوْحًا = ရည်မှန်း ချက် မြင့်မားသည်။ 13- وَظِيْفَةٌ (ج) وَظَائِفُ = ရာထူး၊ အလုပ်။ 14- تَقَاضَى–يَتَقَاضَى–تَقَاضِيًا = လစာရသည်။ 15- رَاتِبٌ (ج) رَوَاتِبُ = လစာ။

ذٰلِكَ مَبْلَغُهُمْ مِنَ الْعِلْمِ[1]، وَتِلْكَ أَقْصَى أَمَانِيْهِمْ[2] فِي الْحَيَاةِ.

ဒါဟာ သူတို့အသိပညာရဲ့ အဆုံးစွန်ဖြစ်တယ်။ ဘဝမှာ သူတို့ရဲ့ အဆုံးစွန်သော မျှော်လင့်ချက် ဖြစ်တယ်။

وَلٰكِنْ لَمَّا كَانَتْ دَوْلَةُ الْإِسْلَامِ، وَكَانَتِ الْهِمَمُ[3] عَالِيَةً

ဒါပေမဲ့ အစ္စလာမ်အုပ်ချုပ်တဲ့ကာလတုန်းကဆိုရင် ရည်မှန်းချက်တွေဟာ မြင့်မားခဲ့တယ်။

وَكَانَ الشَّابُّ الْمُسْلِمُ يَطْمَحُ إِلَى إِقَامَةِ الْجِهَادِ وَفَتْحِ الْبِلَادِ،

မွတ်စ်လင်မ်လူငယ်တွေဟာ ဂျိဟာဒ်လုပ်ဖို့ နိုင်ငံတွေကို အောင်နိုင်သိမ်းပိုက်ဖို့ ရည်မှန်းခဲ့ကြတယ်။

فَيَفْتَحُ قُطْرًا[4] أَوْ يُؤَسِّسُ[5] دَوْلَةً أَوْ يَمُوْتُ شَهِيْدًا.

တိုင်းနိုင်ငံတစ်ခုကို သိမ်းပိုက်နိုင်တယ်။ ဒါမှမဟုတ် နိုင်ငံတော်တစ်ခု တည်ထောင်နိုင်တယ်။ ဒါမှမဟုတ် ရှဟီဒ်အဖြစ် ကျဆုံးတယ်။

هٰذَا مُحَمَّدُ بْنُ قَاسِمِ الثَّقَفِيِّ قَدْ غَزَا الْهِنْدَ - وَهِيَ بِلَادٌ بَعِيْدَةٌ مِنْ بِلَادِ الْعَرَبِ وَرَاءَ الْبِحَارِ-

ဒါကတော့ မုဟမ္မဒ်ကာစင်မ် စကဖီပဲ ဖြစ်တယ်။ သူဟာ ပင်လယ်တွေ ရဲ့တစ်ဖက်မှာရှိတဲ့ ဝေးလံတဲ့ အိန္ဒိယနိုင်ငံကို စစ်ချီခဲ့တယ်။

فَهَزَمَ الْجُنُوْدَ، وَقَتَلَ الْمُلُوْكَ، وَوَظَّفَ الْخَرَاجَ[6] وَسَبَى[7] الذُّرِّيَّةَ،

စစ်တပ်တွေကို အနိုင်တိုက်ခဲ့တယ်။ ဘုရင်တွေကို နှိမ်နင်းခဲ့တယ်။ အခွန် တပ်ရိုက်ခဲ့တယ်။ သုံ့ပန်းတွေကို ဖမ်းဆီးခဲ့တယ်။

وَفَتَحَ مُحَمَّدٌ السِّنْدَ، وَتَوَغَّلَ[8] فِي الْهِنْدِ، حَتَّى قَطَعَ نَهْرَ بِيَاسَ إِلَى الْمُلْتَانِ وَفَتَحَهَا،

1- ذٰلِكَ مَبْلَغُهُمْ مِنَ الْعِلْمِ = ဤသည် သူတို့၏အဆုံးစွန်သော အသိပညာပင်။ 2- تِلْكَ أَقْصَى أَمَانِيْهِمْ = ဤသည် သူတို့၏အဆုံးစွန်သော မျှော်လင့်ချက်ပင်။ 3- هِمَمٌ (ج) هِمَّةٌ = ဇွဲ သတ္တိ၊ မျှော်လင့်ချက်။ 4- أَقْطَارٌ (ج) قُطْرٌ = နိုင်ငံ၊ ဒေသ။ 5- أَسَّسَ-يُؤَسِّسُ-تَأْسِيْسًا တည်ထောင် သည်၊ အုတ်မြစ်ချသည်။ 6- وَظَّفَ الْخَرَاجَ = အခွန်သတ်မှတ်သည်။ 7- سَبَى-يَسْبِيْ-سَبْيًا = ဖမ်းဆီးသည်။ 8- تَوَغَّلَ-يَتَوَغَّلُ-تَوَغُّلًا = ထိုးဖောက် ဝင်ရောက်သည်။

အဲဒီနောက် မုဟမ္မဒ်ဟာ စင်န်ဒ်ပြည်နယ်ကို အောင်နိုင်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံထဲ ထိုးဖောက်ဝင်ရောက်ခဲ့တယ်။ နောက်ဆုံးမှာ ဗိုင်ယားစ်မြစ်ကို ဖြတ်ပြီး မုလ်သာန်ပြည်ကို သိမ်းပိုက် အောင်နိုင်ခဲ့တယ်။

وَخَضَعَ أَهْلُ الْهِنْدِ لِمُحَمَّدٍ،

အိန္ဒိယနိုင်ငံသားတွေဟာ မုဟမ္မဒ်ရဲ့ရှေ့မှာ ဦးညွှတ်ခဲ့ကြတယ်။

وَأَحَبُّوْهُ لِدِيْنِه وَكَرَمِه وَعَدْلِه، مَعَ أَنَّ الْعَدُوَّ الْقَاهِرَ لَا يُحَبُّ

အောင်နိုင်လွှမ်းမိုးထားတဲ့ ရန်သူကို ချစ်ရိုးထုံးစံမရှိကြလင့်ကစား အိန္ဒိယနိုင်ငံသားတွေဟာ မုဟမ္မဒ်ကို သာသနာရေးကိုင်းရှိုင်းမှု၊ ရက်ရောမှုနဲ့ တရားမျှတမှုတို့ကြောင့် ချစ်ခင်ခဲ့ကြတယ်။

وَصَنَعُوْا لَهُ تِمْثَالًا عَلَى عَادَةِ أَهْلِ الْهِنْدِ.

သူတို့ရဲ့ ဓလေ့အတိုင်း သူ့အတွက် ပုံတူရုပ်ထုတစ်ခု ပြုလုပ်ခဲ့ကြတယ်။

وَتِلْكَ الْفُتُوْحُ الْعَظِيْمَةُ كُلُّهَا كَانَتْ فِيْ مُدَّةٍ قَصِيْرَةٍ جِدًّا.

ဒီလောက်ကြီးမားတဲ့ အောင်နိုင်မှုတွေဟာ နှစ်အနည်းငယ်အတွင်းထဲမှာ ဖြစ်ပွားခဲ့တာ ဖြစ်တယ်။

هٰذَا، وَفَاتِحُ السِّنْدِ لَمْ يَتَجَاوَزِ السَّابِعَةَ عَشَرَةَ مِنْ عُمُرِه،

စင်န်ဒ်ပြည်နယ်ကို အောင်နိုင်ခဲ့သူဟာ အသက် ၁၇နှစ် မကျော်သေးပါဘူး။

وَفِيْ ذٰلِكَ قَالَ الشَّاعِرُ:

ဒါနဲ့ပတ်သက်ပြီး ကဗျာဆရာက အခုလို စပ်ဆိုထားတယ်။

سَاسَ[1] الرِّجَالَ لِسَبْعَ عَشَرَةَ حِجَّةً[2]

အသက် ၁၇နှစ်အရွယ်လေးနဲ့ လူတွေကို အုပ်ချုပ်ခဲ့တယ်။

وَلِدَاتُهُ[3] عَنْ ذَاكَ فِيْ أَشْغَالٍ.

သူနဲ့သက်တူရွယ်တူတွေကတော့ အခြားအလုပ်တွေမှာ မွေ့လျော် နေလျက်ရှိကြတယ်။

❀ ❀ ❀ ❀ ❀

1– سَاسَ–يَسُوْسُ–سِيَاسَةً = ဦးဆောင်သည်၊ အုပ်ချုပ်သည်။ 2– حِجَجٌ (ج) حِجَّةٌ = နှစ်။ 3– لِدُوْنَ ، لِدَاتٌ (ج) لِدَةٌ = သက်တူရွယ်တူ။

الرِّمَايَةُ

မြားပစ်ခြင်း

سَأَلْتُ أَبِيْ أَنْ يَشْتَرِيَ لِيْ بُنْدُقِيَّةً[1] صَغِيْرَةً، لِأَصِيْدَ الطُّيُوْرَ:
ငှက်တွေကို အမဲလိုက်ဖို့အတွက် သေနတ်တစ်လက်ဝယ်ပေးဖို့ အဖေ့ ဆီမှာ ကျွန်တော် တောင်းဆိုခဲ့တယ်။

كَالْيَمَامِ[2] وَالْحَمَامِ[3] وَالْغُرَابِ الَّذِيْ يُؤْذِيْ كَثِيْرًا وَيَلَغُ[4] فِي الْمَاءِ،
ဥပမာ၊ ဂျိုးငှက်၊ ခိုငှက်နဲ့ လူတွေကို တော်တော် ဒုက္ခပေးတဲ့၊ ရေကို နှုတ်သီးနဲ့ လျက်သောက်တဲ့ ကျီးကန်းတွေ။

وَأَتَمَرَّنَ[5] عَلَى الرَّمْيِ،
ပြီးတော့ မြားပစ် လေ့ကျင့်ဖို့အတွက်လည်း ဖြစ်တယ်။

فَاشْتَرَى لِيْ بُنْدُقِيَّةً وَحُقَّةً[6] مِنَ الرَّشَاشِ[7].
ဒါနဲ့ အဖေက ကျွန်တော့်အတွက် သေနတ်တစ်လက်နဲ့ ကျည်ဆံတစ်ဘူး ဝယ်ပေးတယ်။

وَكُنْتُ إِذَا رَجَعْتُ مِنَ الْمَدْرَسَةِ أَوْ كَانَ يَوْمُ عُطْلَةٍ
ကျွန်တော်ဟာ ကျောင်းကပြန်တဲ့အခါ၊ ဒါမှမဟုတ် ကျောင်းပိတ်ရက်မှာ

أَخَذْتُ الْبُنْدُقِيَّةَ، وَعَدَدًا[8] مِنَ الرَّشَاشِ، وَذَهَبْتُ إِلَى الْبُسْتَانِ أَرْمِي الطُّيُوْرَ.
သေနတ်နဲ့ကျည်ဆံတစ်ချို့ယူလိုက်တယ်။ ပြီးတော့ ငှက်ပစ်ဖို့အတွက် ဥယျာဉ်ခြံဘက်ကို သွားတယ်။

1- بُنْدُقِيَّةٌ (ج) بَنَادِقُ = သေနတ်။ 2- يَمَامٌ = ဂျိုးငှက်။ 3- حَمَامٌ = ခို။ 4- وَلَغَ–يَلَغُ– وَلْغًا وَوُلُوْغًا = ရေကို လျှာဖြင့် လျက်သောက်သည်။ 5- تَمَرَّنَ–يَتَمَرَّنُ–تَمَرُّنًا = လေ့ကျင့်သည်။ 6- حُقَّةٌ (ج) حُقَقٌ = ဗူး။ 7- رَشَاشٌ (ج) رَشَاشَاتٌ = ကျည်ဆံ။ 8- عَدَدٌ (ج) أَعْدَادٌ = အရေအတွက်အနည်းငယ်။

وَفِي الْأَوَّلِ لَا أُصِيْبُ[1] طَائِرًا، وَأُخْطِئُ كُلَّ مَرَّةٍ،

အစပိုင်းမှာ ငှက်တစ်ကောင်မှ မထိမှန်ခဲ့ဘူး။ အကြိမ်တိုင်း လွဲချော်ခဲ့တယ်။

ثُمَّ صِرْتُ أُصِيْبُ مَرَّةً فِيْ ثَلَاثِ طَلَقَاتٍ، وَأَصِيْدُ بَعْضَ الطُّيُوْرِ،

အဲဒီနောက် သုံးကြိမ်ပစ်ရင် တစ်ကြိမ် ထိမှန်လာတယ်။ ငှက်တစ်ချို့ ဖမ်းမိ တယ်။

حَتَّى تَمَرَّنْتُ فِيْ شَهْرَيْنِ، وَاشْتَدَّ سَاعِدِيْ[2].

ဒီလိုနဲ့ နှစ်လအတွင်းမှာ ကျွန်တော် လေ့ကျင့်လိုက်တာ လက်ဖြောင့်လာတယ်။

وَرَأَيْتُ عِنْدَ رَجُلٍ مِنَ الْأَغْنِيَاءِ شَيْئًا غَرِيْبًا،

သူဌေးတစ်ဦးဆီမှာ အံ့သြစရာတစ်ခု ကျွန်တော်တွေ့ခဲ့တယ်။

كَانَتْ عِنْدَهُ صَفِيْحَةٌ[3]، وَكَانَ عَلَى وَجْهِ الصَّفِيْحَةِ مِثْلُ فَلْسٍ[4]،

သူ့ဆီမှာ သံပြားတစ်ချပ်ရှိတယ်။ သံပြားရဲ့မျက်နှာပြင်မှာ ပိုက်ဆံအကြွေစေ့လိုအရာ တစ်ခု ရှိတယ်။

لَهُ لَوْنٌ يَلْمَعُ[5]، وَيَظْهَرُ مِنْ بَعِيْدٍ.

တောက်ပတဲ့အရောင်ရှိတယ်။ အဝေးကနေ ပေါ်လွင်ထင်ရှားနေတယ်။

وَكَانَ بِجَانِبِ هٰذَا الْفَلْسِ مِثْلُ جِرَابٍ[6]،

အဲဒီငွေအကြွေစေ့ရဲ့ဘေးမှာ အိပ်လိုအရာတစ်ခုရှိတယ်။

كَانَ يَشْحَنُهُ[7] بِالْبَارُوْدِ[8]، وَيَسُدُّهُ[9] بِالْقِرْطَاسِ[10]،

အဲဒါကို ယမ်းတွေနဲ့ ဖြည့်ထားပြီး စက္ကူနဲ့ ပိတ်ထားတယ်။

وَكَانَ فِيْ هٰذِهِ الصَّفِيْحَةِ رَسْمٌ مِنْ حَدِيْدٍ: جُنْدِيٌّ فِيْ لِبَاسِ جُنْدِيٍّ، فِيْ يَدِهِ قُبَّعَةٌ[11].

1- أَصَابَ–يُصِيْبُ–إِصَابَةً = ထိမှန်သည်။ 2- سَاعِدٌ (ج) سَوَاعِدُ = လက်ဖြန်။ 3- صَفِيْحَةٌ (ج) صَفَائِحُ = ပြားချပ်သောအရာ။ 4- فَلْسٌ (ج) فُلُوْسٌ = ပိုက်ဆံ။ 5- لَمَعَ–يَلْمَعُ–لَمَعَانًا = လင်းဝင်းတောက်ပသည်။ 6- جِرَابٌ (ج) أَجْرِبَةٌ = အိတ်။ 7- شَحَنَ–يَشْحَنُ–شَحْنًا = ဖြည့်သည်။ 8- بَارُوْدٌ = ယမ်း၊ သေနတ်။ 9- سَدَّ–يَسُدُّ–سَدًّا = ပိတ်သည်။ 10- قِرْطَاسٌ (ج) قَرَاطِيْسُ = စက္ကူ။ 11- قُبَّعَةٌ (ج) قُبَّعَاتٌ = ဦးထုပ်၊ လျှာဦးထုပ်။

အဲဒီသံပြားမှာ သံအရုပ်တစ်ရုပ်ဆွဲထားတယ်။ စစ်သားတစ်ဦးဟာ စစ်ဝတ် စုံဝတ်ထားပြီး လက်ထဲမှာ ဦးထုတ်ကို ကိုင်ထားတယ်။

وَكُنَّا نُبَارِيْ[1] فِي الرَّمْيِ، وَنَرْمِيْ هٰذَا الْفَلْسَ بِالرَّشَاشِ،

ကျွန်တော်တို့ မြားပစ်ပြိုင်ကြတယ်။ ကျွန်တော်တို့ဟာ အဲဒီငွေစေ့ကို ကျည်ဆံနဲ့ပစ်ကြတယ်။

فَإِذَا أَصَابَ إِنْسَانٌ الْفَلْسَ انْطَلَقَ[2] الْمِدْفَعُ،

လူတစ်ယောက်က အဲဒီ ငွေစေ့ကို ပစ်လို ထိသွားရင် အမြောက်ပစ်တယ်။

وَسَمِعَ النَّاسُ صَوْتَهُ مِنْ بَعِيْدٍ،

လူတွေဟာ အဝေးကနေ အဲဒီအသံကို ကြားရတယ်။

وَانْفَتَحَ الْبَابُ، وَخَرَجَ رَجُلٌ مِنْ حَدِيْدٍ،

ပြီးတော့ တံခါးပွင့်သွားပြီး သံနဲ့လုပ်ထားတဲ့လူရုပ် ထွက်လာတယ်။

فِيْ يَدِهِ عَلَامَةٌ يُشِيْرُ بِهَا إِلَى الْهَدَفِ[3] وَيُخْبِرُ بِالْإِصَابَةِ.

သူ့လက်ထဲမှာ အမှတ်အသားတစ်ခုကို ကိုင်ထားပြီး ပစ်မှတ်ကို ညွှန်ပြ တယ်။ ပြီးတော့ ထိမှန်တယ်လို့ သတင်းပေးတယ်။

وَظَهَرَ الْجُنْدِيُّ رَافِعًا قُبَّعَتَهُ يُسَلِّمُ عَلَى الْمُصِيْبِ،

စစ်သားဟာ ဦးထုပ်ကို ကိုင်မြှောက်ပြီး ထိမှန်သူကို စလာမ်ပေးတယ်။

كَأَنَّهُ يُهَنِّئُهُ[4] بِنَجَاحِهِ.

အောင်မြင်တဲ့အပေါ် ဩဘာပေးနေသလိုပါပဲ။

وَإِذَا أَخْطَأَ النَّاسُ لَمْ يَكُنْ شَيْءٌ: لَمْ يَنْطَلِقِ الْمِدْفَعُ،

လူတွေ ပစ်လို့ မထိမှန်ဘူးဆိုရင်တော့ အမြောက်လည်း မပစ်ဘူး။

وَلَمْ يَتَحَرَّكِ الْجُنْدِيُّ مِنْ مَكَانِهِ،

စစ်သားဟာလည်း သူ့နေရာကနေ မလှုပ်ရှားဘူး။

وَمِنَ الْغَرِيْبِ أَنِّيْ كُنْتُ أُصِيْبُ الْفَلْسَ فِي الْمَرَّةِ الثَّالِثَةِ دَائِمًا،

1- بَارَى–يُبَارِيْ–مُبَارَاةً =ပြိုင်ဆိုင်သည်။ 2– انْطَلَقَ الْمِدْفَعُ = အမြောက်ပစ်သည်။
3– هَدَفٌ (ج) أَهْدَافٌ = ပစ်မှတ်။ 3– هَنَّأَ–يُهَنِّئُ–تَهْنِئَةً = ဩဘာပေးသည်။

အံ့သြဖို့ကောင်းတာက ကျွန်တော်ဟာ အမြဲတမ်း တတိယအကြိမ်မှာပဲ ငှက်စေ့ကို ထိမှန်တယ်။

وَإِذَا انْطَلَقَ الْمِدْفَعُ سُرِرْتُ سُرُوْرًا عَظِيْمًا.

အမြောက်ပစ်ပြီဆိုရင် ကျွန်တော်ဟာ အလွန် ပျော်ရွှင်တယ်။

وَبَعْدَ أَشْهُرٍ قَدَرْتُ أَنْ أَسْتَعْمِلَ الْبُنْدُقِيَّةَ الْكَبِيْرَةَ،

လတချို့ကြာပြီးနောက်မှာ ကျွန်တော်ဟာ သေနတ်အကြီးကို အသုံးပြုဖို့ တတ်စွမ်းနိုင်သွားခဲ့တယ်။

فَكُنْتُ أَخْرُجُ فِي الصَّيْدِ،

ပြီးတော့ ကျွန်တော်ဟာ အမဲလိုက်ထွက်တယ်။

وَأَصِيْدُ الْحَمَامَ الْأَخْضَرَ وَالْبَطَّ[1] وَأَنْوَاعًا مِنَ الطُّيُوْرِ.

အစိမ်းရောင်ခို၊ ဘဲနဲ့ ငှက်အမျိုးမျိုးကို အမဲလိုက်ခဲ့တယ်။

وَسَمِعْتُ الْمُعَلِّمَ يَقُوْلُ: إِنَّ النَّبِيَّ ﷺ حَثَّ[2] عَلَى الرَّمْيِ كَثِيْرًا،

ဆရာပြောတာကို ကျွန်တော် ကြားခဲ့တယ်။ တမန်တော်မြတ်ﷺဟာ မြားပစ်ဖို့ များစွာ တိုက်တွန်းနှိုးဆော်တော်မူခဲ့တယ်။

وَشَارَكَ فِي الْمُنَاضَلَةِ[3]،

မြားပစ်ပြိုင်ပွဲမှာ ကိုယ်တိုင်လည်း ပါဝင်ခဲ့တယ်။

وَقَالَ: "اِرْمُوْا يَا بَنِيْ إِسْمَاعِيْلَ! فَإِنَّ أَبَاكُمْ كَانَ رَامِيًا".

ကိုယ်တော်မြတ်ﷺက မိန့်ကြားတော်မူခဲ့တယ်။ အို၊ အစ္စမာအီလ်ရဲ့ သားသမီးတို့၊ မြားပစ်သင်ကြ၊ သင်တို့ရဲ့ ဖခင်ကြီးဟာ မြားပစ်ကျွန်းကျင် သူတစ်ဦး ဖြစ်တယ်။

وَقَالَ: "أَلَا إِنَّ الْقُوَّةَ الرَّمْيُ، أَلَا إِنَّ الْقُوَّةَ الرَّمْيُ"

ကိုယ်တော်မြတ်ﷺက မိန့်ကြားတော်မူတယ်။ "သတိပြုကြကုန်၊ အင်အား ဟာ ပစ်ခြင်းပဲ ဖြစ်တယ်။ အင်အားဟာ ပစ်ခြင်းပဲ ဖြစ်တယ်။"

فَسُرِرْتُ كَثِيْرًا وَعَلِمْتُ أَنَّ عَمَلِيْ لَمْ يَكُنْ عَبَثًا[4] وَأَنِّيْ لَمْ أُضَيِّعْ وَقْتِيْ.

1- بَطٌّ = ဘဲ။ 2- حَثَّ عَلَى -يَحُثُّ- حَثًّا = တိုက်တွန်းနှိုးဆော်သည်။ 3- نَاضَلَ – يُنَاضِلُ – مُنَاضَلَةً = မြားပစ်ပြိုင်သည်။ 4- عَبَثٌ = အလဟဿအချည်းနှီး။

ကျွန်တော် အလွန်ပျော်ရွှင်သွားခဲ့တယ်။ ကျွန်တော်ရဲ့ လုပ်ရပ်ဟာ အလ ဟာသအချည်းနှီး ဖြစ်မသွားကြောင်း၊ ကျွန်တော်ဟာ အချိန်ဖြုန်းခဲ့တာမဟုတ်ကြောင်းကို ကျွန်တော် သိလိုက်တယ်။

❀ ❀ ❀ ❀ ❀

الْجَمَلُ[1] (١)

ကုလားအုတ်(၁)

اُنْظُرُوْ إِلَى الْإِبِلِ: كَيْفَ خُلِقَتْ،

ကုလားအုတ်ကို ကြည့်ကြပါ။ ဘယ်လို အဖန်ဆင်းခံထားရပါသလဲ။

تَرَوْهَا لَا مَثِيْلَ[2] لَهَا فِي الْخِلْقَةِ[3]،

သင်တို့ တွေ့မြင်ရပါလိမ့်မယ်။ သူ့ရဲ့ ခန္ဓာကိုယ် ပုံပန်းသဏ္ဌာန်ဟာ အနှိုင်း မဲ့ပါ။

فَإِنَّ الْجَمَلَ أَكْبَرُ الْحَيَوَانِ الدَّاجِنِ[4] جِسْمًا وَأَطْوَلُهُ سَاقًا[5]،

ကုလားအုတ်ဟာ အိမ်မွေးတိရစ္ဆာန်တွေထဲမှာ ကိုယ်ခန္ဓာအကြီးမားဆုံး၊ ခြေသလုံး အရှည်ဆုံးဖြစ်တယ်။

وَلِذٰلِكَ كَانَتْ رَقَبَتُهُ طَوِيْلَةً،

ဒါကြောင့် သူ့ရဲ့ လည်ကုပ်ဟာလည်း ရှည်လျားတယ်။

حَتَّى يُمْكِنَهُ أَنْ يَرْعَى الْكَلَأَ[6] مِنَ الْأَرْضِ بِدُوْنِ أَنْ يَبْرُكَ[7]،

အဘယ်မျှဆိုသော် သူဟာ မြေပေါ် မဝပ်ဘဲနဲ့လည်း အစာကျက်စားနိုင်တယ်။

وَرَأْسُهُ صَغِيْرٌ لِيَكُوْنَ خَفِيْفَ الْحَمْلِ عَلَى رَقَبَتِهِ،

1– جِمَالٌ (ج) جَمَلٌ = ကုလားအုတ်။ 2– أَمْثَالٌ (ج) مَثِيْلٌ = ဂုဏ်ရည်တူ၊ ပုံစံတူ။ 3– خِلْقَةٌ = ပုံပန်းသဏ္ဌာန်၊ ကိုယ်ခန္ဓာဖွဲ့စည်းပုံ။ 4– دَوَاجِنُ (ج) دَاجِنٌ = အိမ်မွေးတိရစ္ဆာန်။ 5– سَاقٌ = ခြေသလုံး။ 6– أَكْلَاءٌ (ج) كَلَأٌ = မြက်။ 7– بَرَكَ – يَبْرُكُ – بُرُوْكًا = ကုလားအုတ်ဝပ်သည်။

သူ့ရဲ့ ဦးခေါင်းဟာ သေးငယ်တယ်။ ဒါမှ လည်ကုပ်ပေါ်မှာ ခေါင်းကို ထမ်းရွက်နိုင်မယ်။

وَأَرْجُلُهُ فِيْهَا أَخْفَافٌ[1]

သူ့ရဲ့ ခြေထောက်တွေမှာ ခြေအိပ်တွေပါတယ်။

تَمْنَعُ سَوْخَهَا[2] فِي رِمَالِ الصَّحْرَاءِ الَّتِيْ كَثِيْرًا مَا يَسِيْرُ فِيْهَا.

အဲဒီခြေအိပ်တွေက သူအများအားဖြင့် သွားလာနေရတဲ့ ကန္တာရသဲထဲမှာ ခြေနစ်မဝင်အောင် ကာကွယ်တားဆီးပေးတယ်။

وَعَلَى ظَهْرِهِ سَنَامٌ[3] كُلُّهُ شَحْمٌ، يُرَكَّبُ[4] عَلَيْهِ الْقَتَبُ[5]،

သူ့ရဲ့ ကျောပေါ်မှာ ဘို့တစ်ခုပါတယ်။ အဲဒါတစ်ခုလုံးဟာ အဆီတွေချည်း ဖြစ်တယ်။ အဲဒီပေါ်မှာ ကုန်းနှီးတက်ဆင်ကြတယ်။

وَعَيْنَاهُ سَوْدَاوَانِ وَاسِعَتَانِ، تَشِفَّانِ[6] عَنْ حِلْمٍ وَدَعَةٍ[7]،

သူ့ရဲ့ မျက်လုံးနှစ်လုံးဟာ နက်ပြီး ကျယ်တယ်။ သည်းခံမျိုသိပ်မှုနဲ့ တည်ငြိမ်မှုကို ဖော်ကျူးပြသနေတယ်။

وَلَهُ فِيْ وَسَطِ بَطْنِهِ قُرْصٌ[8] غَلِيْظٌ يُسَمَّى الْكَلْكَلَ[9]،

သူ့ရဲ့ ဝမ်းဗိုက်အလယ်မှာ ရင်အုပ်လို့ခေါ်တဲ့ မာကြောတဲ့ အလုံးကြီးတစ်ခု ရှိတယ်။

يَسْتَنِدُ[10] عَلَيْهِ مَتَى بَرَكَ،

မြေပြင်ပေါ်ဝပ်တဲ့အခါ အဲဒီအပေါ်မှာ မှီနေတယ်။

وَلَهُ فِيْ أَرْجُلِهِ قِطَعٌ عَدِيْمَةُ[11] الْحِسِّ فِيْ مَوَاقِعِهَا عَلَى الْأَرْضِ.

သူ့ရဲ့ခြေထောက်မှာ တစ်ချို့အသားတုံးတွေရှိတယ်။ အဲဒါတွေဟာ မြေပြင်ပေါ် ကျတဲ့အခါ ခံစားသိရှိမှု ကင်းမဲ့တယ်။

1- أَخْفَافٌ (ج) خُفٌّ = ခြေအိတ်။ 2- سَاخَ - يَسُوْخُ - سَوْخًا = မြေကြီးထဲ ကျွံကျသည်။ 3- أَسْنِمَةٌ (ج) سَنَامٌ = ကုလားအုတ်ဘို့။ 4- رَكَّبَ - يُرَكِّبُ - تَرْكِيْبًا = ဖွဲ့စည်းသည်၊ တက်ဆင်သည်။ 5- أَقْتَابٌ (ج) قَتَبٌ = ကုန်းနှီး။ 6- شَفَّ - يَشِفُّ - شَفًّا - شَفَّ عَنْ = ပေါ်လွင်ထင်ရှားသည်။ 7- وَدُعَ - يَوْدُعُ - دَعَةً = အေးဆေးတည်ငြိမ်သည်။ 8- قُرْصٌ (ج) أَقْرَاصٌ = အလုံး အဝိုင်း။ 9- كَلْكَلٌ (ج) كَلَاكِلُ = ရင်အုပ်ပိုင်း။ 10 - اسْتَنَدَ عَلَى = အမှီပြုသည်။ 10- عَدِيْمَةُ الْحِسِّ = နာကျင်မှုကင်းသော။

وَجَوْفُ الْجَمَلِ عَجِيْبٌ فِيْ تَرْكِيْبِهِ،

ကုလားအုတ်ရဲ့ ဝမ်းဗိုက်ပိုင်း ဖွဲ့စည်းပုံဟာ အံ့ဩဖို့ကောင်းတယ်။

لِأَنَّهُ يَحْتَوِيْ[1] عَلَى جُمْلَةٍ[2] كُرُوْشٍ[3]،

အဲဒီထဲမှာ စားလုပ် အစုအဝေးကြီးတစ်ခု ရှိတယ်။

يَخْزِنُ فِيْهَا مِقْدَارًا عَظِيْمًا مِنَ الْغِذَاءِ

အဲဒီထဲမှာ အစာ ပမာဏများစွာကို သိုလှောင်ထားနိုင်တယ်။

حَتَّى إِذَا جَاعَ، وَلَمْ يَجِدْ أَكْلًا، أَخْرَجَ مِنْ كَرْشِهِ جَرَّةً[4]،وَاجْتَرَّهَا[5]،

ဗိုက်ဆာလာပြီ၊ စားစရာလည်း ဘာမှမရဘူးဆိုရင် စလုပ်ထဲကနေ တစ်ချက် စွဲပြီး စားမြုန့်ပြန်တယ်။

وَلِذٰلِكَ يُسَمَّى حَيَوَانًا مُجْتَرًّا.

ဒါကြောင့် ကုလားအုတ်ကို စားမြုန့်ပြန်တဲ့ သတ္တဝါလို့ ခေါ်တယ်။

وَإِذَا فَرَغَ مَا خَزَنَهُ فِيْ جَوْفِهِ،

ဗိုက်ထဲမှာ သိုလှောင်ထားတာတွေ ကုန်ခန်းသွားပြီဆိုရင်

فَإِنَّ شَحْمَ سَنَامِهِ يَتَحَلَّلُ[6] شَيْئًا فَشَيْئًا لِيَغْذُوَهُ[7] وَيَكْفِيْهِ مُدَّةً طَوِيْلَةً.

သူ့ရဲ့ ဘို့ကအဆီတွေဟာ နည်းနည်းချင်းစီ ပျော်ကျလာတယ်။ အဲဒါက သူ့ကို အစာအာဟာရပေးတယ်။ အချိန်ကာလ ကြာမြင့်စွာ လုံလောက်စေ တယ်။

وَلِلْجَمَلِ فِيْ جَوْفِهِ جُمْلَةُ أَزْقَاقٍ[8]

ကုလားအုတ်ရဲ့ ဝမ်းဗိုက်ထဲမှာ ရေအိတ်အစုအဝေးတစ်ခုလည်း ရှိတယ်။

تَمْتَلِئُ بِالْمَاءِ عِنْدَمَا يَشْرَبُ،

ရေသောက်တဲ့အချိန် အဲဒီရေအိပ်တွေကို ရေနဲ့ ဖြည့်ထားတယ်။

1– اِحْتَوَى عَلَى – يَحْتَوِيْ – اِحْتِوَاءً = ပါဝင်သည်၊ ပါရှိသည်။ 2– جُمَلٌ (ج) جُمْلَةٌ = အစုအဝေး။ 3– كُرُوْشٌ، أَكْرَاشٌ (ج) كَرْشٌ =စလုတ်။ 4– جَرَّةً = စားမြုံ့ပြန်ခြင်း။ 5– اِجْتَرَّ – يَجْتَرُّ – اِجْتِرَارًا = စားမြုံ့ပြန်သည်။ 6– تَحَلَّلَ – يَتَحَلَّلُ – تَحَلُّلًا = အရေပျော်ကျသည်။ 7– غَذَا – يَغْذُوْ – غَذْوًا = အစာအာဟာရပေးသည်။ 8– أَزْقَاقٌ (ج) زِقٌّ = ရေအိတ်။

حَتَّى إِذَا عَطِشَ فِيْ مَكَانٍ قَفْرٍ[1] لَا مَاءَ فِيْهِ

ရေလုံးဝ မရှိတဲ့ လွင်တီးခေါင်ပြင်မှာ ရေဆာလောင်ပြီဆိုတဲ့အခါ

أَغْنَاهُ[2] مَا خَزَنَهُ عَنِ الشُّرْبِ زَمَنًا طَوِيْلًا.

ရေမသောက်ဘဲနဲ့ သိုလှောင်ထားတဲ့ရေနဲ့ အချိန်ကြာမြင့်စွာ နေနိုင်တယ်။

الْجَمَلُ (٢)

ကုလားအုတ် (၂)

فِيْ عِدَّةِ جِهَاتٍ مِنَ الدُّنْيَا صَحَارَىٰ قَاحِلَةٌ[3]

လောကရဲ့ အရပ်မျက်နှာ အချို့မှာ ခြောက်သွေ့တဲ့ သဲကန္တာရတွေ ရှိတယ်။

لَا حَيَوَانَ فِيْهَا، وَلَا نَبَاتَ، أَرْضُهَا رِمَالٌ جَافَّةٌ.

အဲဒီမှာ တိရစ္ဆာန်လည်းမရှိ၊ ပေါက်ပင်လည်းမရှိ။ အဲဒီနေရာတွေရဲ့ မြေကြီး ဟာ ခြောက်သွေ့တဲ့ သဲတွေသာဖြစ်တယ်။

لَا تَرَى فِيْهَا قَطْرَةَ مَاءٍ، يَسْلُكُهَا[4] النَّاسُ اضْطِرَارًا[5]،

ရေတစ်စက်မျှတောင် အသင်တွေ့ရမှာမဟုတ်ဘူး။ လူတွေဟာ အဲဒီနေရာ တွေကို မလွဲသာမရှောင်သာ သွားကြရတယ်။

فَيَحْمِلُوْنَ زَادَهُمْ : مِنْ مَاءٍ وَطَعَامٍ، عَلَى ظُهُوْرِ الْجِمَالِ،

အဲဒီလိုသွားတဲ့အခါမှာ မိမိတို့ရဲ့ စားနပ်ရိက္ခာဖြစ်တဲ့ ရေနဲ့ အစားအစာကို ကုလားအုတ် တွေရဲ့ ကျောကုန်းပေါ်မှာ တင်ဆောင်သွားကြတယ်။

1- قِفَارٌ (ج) قَفْرٌ = ကွင်းပြင်၊ ကန္တာရ။ 2- أَغْنَى عَنْ = မလိုတော့အောင် လုံလောက်သွားစေသည်။ 3- أَرْضٌ قَاحِلَةٌ = ရေမရှိဘဲ ခြောက်သွေ့သောနေရာ။ 4- سَلَكَ-يَسْلُكُ- سُلُوْكًا=လျှောက်လှမ်း သွားလာသည်။ 5- اضْطِرَارًا = မလွဲမရှောင်သာ။

وَيَسِيْرُوْنَ فِيْ تِلْكَ الْقِفَارِ مُجْتَمِعِيْنَ،

ပြီးတော့ အဲဒီလွင်တီးခေါင်ပြင်မှာ စုပေါင်းပြီး သွားကြတယ်။

وَإِبِلُهُمْ مُتَتَابِعَةٌ كَالْقِطَارِ،

သူတို့ရဲ့ ကုလားအုတ်တွေဟာ ရထားလိုပဲ သူတို့နောက်ကနေ တန်းစီပြီး လိုက်တယ်။

وَهِيَ تَسِيْرُ بِهِمْ هَادِئَةً سَاكِنَةً، تَصْبِرُ عَلَى الْجُوْعِ وَالْعَطَشِ مُعْظَمَ[1] الطَّرِيْقِ،

ကုလားအုတ်ဟာ အေးအေးဆေးဆေးတည်ငြိမ်စွာနဲ့ပဲ လူတွေကို ခေါ်ဆောင်သွားတယ်။ လမ်းခရီး တစ်လျှောက်မှာ ဗိုက်ဆာလောင်တာ၊ ရေဆာလောင် တာကို သည်းခံနိုင်တယ်။

لِأَنَّهَا قَدْ خَزَنَتْ مُؤْنَتَهَا[2] فِيْ جَوْفِهَا قَبْلَ الرَّحِيْلِ،

ဘာဖြစ်လို့လဲဆိုတော့ သူဟာ ခရီးမထွက်ခင်ကတည်းက မိမိရဲ့ စားနပ်ရိက္ခာကို ဝမ်းဗိုက်ထဲမှာ သိုလှောင်ထားတဲ့အတွက်ကြောင့်ပဲ။

وَتَحْمِلُ فَوْقَ ذٰلِكَ مِنَ الْمَتَاجِرِ[3] أَحْمَالًا ثِقَالًا،

ဒါတင်မကသေးဘူး လေးလံတဲ့ ကုန်ပစ္စည်းတွေကိုလည်း ထမ်းရွက်တယ်။

لَا تَئِنُّ[4] مِنْهَا وَلَا تَكِلُّ[5]،

မညည်းညူးဘူး။ မချည့်နဲ့ဘူး။

فَتَرَى الْجَمَلَ كَأَنَّهُ مَرْكَبٌ يَشُقُّ تِلْكَ الرِّمَالَ الْوَاسِعَةَ

ကုလားအုတ်ကို အသင် တွေ့မြင်ရပါလိမ့်မယ်။ ကုလားအုတ်ဟာ အစီး အနင်းတစ်ခုလိုပဲ အဲဒီကျယ်ဝန်းတဲ့ သဲကန္တာရကို ဖြတ်သန်းသွားလာတယ်။

وَلِذَا سُمِّيَ ((سَفِيْنَةَ الصَّحْرَاءِ[6]))

ဒါကြောင့်ပဲ သူ့ကို "ကန္တာရသင်္ဘော"လို့ ခေါ်ဝေါ်ခြင်း ဖြစ်တယ်။

وَإِنْ ضَلَّ الْمُسَافِرُوْنَ الطَّرِيْقَ يَأْخُذُهُمُ الْقَلَقُ[7] عَلَى حَيَاتِهِمْ،

တကယ်လို့ ခရီးသည်တွေဟာ လမ်းမှားသွားခဲ့မယ်၊ မိမိတို့ရဲ့ အသက် အန္တရာယ်ပေါ်

1– مُعْظَمٌ = အများစု။ 2– مُؤْنَةٌ (ج) مُؤَنٌ = စားနပ်ရိက္ခာ။ 3– مَتْجَرٌ (ج) مَتَاجِرُ = ကုန်ပစ္စည်း။ 4– أَنَّ–يَئِنُّ–أَنِيْنًا = ညည်းညူသည်။ 5– كَلَّ–يَكِلُّ–كُلُوْلًا وَكَلَالَةً = ချည့်နဲ့သည်၊ ပင်ပန်းသည်။ 6– سَفِيْنَةُ الصَّحْرَاءِ = ကန္တာရသင်္ဘော။ 7– قَلَقٌ = ပူပန်သောက။

စိုးရိမ်စိတ်က သူတို့အပေါ် လွှမ်းမိုးသွားမယ်၊

مَخَافَةَ أَنْ يَنْفَدَ[1] زَادُهُمْ فَيَمُوْتُوْنَ جُوْعًا وَعَطَشًا

ရက္ခာပျက်လပ်ပြီး ဗိုက်ဆာ၊ ရေဆာပြီး သေကြမှာကို စိုးရိမ်ရတယ်။

وَلٰكِنَّ الْجَمَلَ يُنْقِذُهُمْ[2] أَحْيَانًا مِنْ تِلْكَ الأَخْطَارِ[3]،

ဒါပေမဲ့ အဲဒီလိုအချိန်မျိုးမှာ တစ်ခါတစ်ရံ ကုလားအုတ်က သူတို့ကို အန္တရာယ်တွေကနေ ကယ်တင်ပေးတယ်။

لِأَنَّهُ يَشُمُّ[4] الْمَاءَ مِنْ بُعْدٍ،

ဘာကြောင့်လဲဆိုတော့ ကုလားအုတ်ဟာ အဝေးကနေ ရေအနံ့ခံနိုင်တယ်။

فَيَسِيْرُ نَحْوَهُ بِسُرْعَةٍ غَرِيْبَةٍ لِيَسْتَقِيَ[5] صَاحِبُهُ.

ပြီးတော့ ရေရှိရာဘက်ကို အံ့ဖွယ်သရဲ့ အလျင်အမြန် သွားပြီး မိမိရဲ့သခင်အတွက် ရေရှာလာပေးတယ်။

وَالْجَمَلُ سَهْلُ الْقِيَادِ[6]، لَيِّنُ الطِّبَاعِ[7]،

ကုလားအုတ်ဟာ မောင်းနှင်ရတာလွယ်ကူတယ်။ စိတ်ထား နူးညံ့တယ်။

يَتَحَمَّلُ كَثِيْرًا مِنَ الأَذٰى بِالصَّبْرِ وَلٰكِنَّهُ يَثُوْرُ[8] مَتَى بَلَغَ الأَذٰى شِدَّةً عَظِيْمَةً

ဒုက္ခတော်တော်များများကို ခန္တီတရားနဲ့ သည်းခံတယ်။ ဒါပေမဲ့ ဒုက္ခပေးတာဟာ အတိုင်း ထက်အလွန်ရောက်သွားရင်တော့ ပေါက်ကွဲပြီး၊

فَيَنْتَقِمُ[9] مِمَّنْ آذَاهُ وَلَا يَتْرُكُهُ إِلَّا إِذَا ثَأَرَ[10] لِنَفْسِهِ وَفَتَكَ[11] بِهِ.

ဒုက္ခပေးတဲ့သူကို ကလဲ့စားခြေတယ်။ မိမိအတွက် ပြန်ကလဲ့စားချေပြီးမှ၊ အဲဒီလူကို တိုက်ခိုက်ပြီးမှပဲ လွှတ်ပေးတယ်။

1– نَفِدَ–يَنْفَدُ–نَفَادًا = ကုန်ခန်းသည်။ 2–أَنْقَذَ–يُنْقِذُ–إِنْقَاذًا = ကယ်တင်သည်။ 3–خَطَرٌ–أَخْطَارٌ (ج) = အန္တရာယ်။ 4– شَمَّ–يَشُمُّ–شَمًّا، شَمِيْمًا = အနံ့ခံသည်။ 5– اِسْتَقَى = ရေရယူသည်။ 6– سَهْلُ القِيَادِ = မောင်းနှင်ရလွယ်ကူသည်။ 7–لَيِّنُ الطِّبَاعِ = စိတ်ထားနူးညံ့သည်။ 8–ثَارَ–يَثُوْرُ–ثَوْرًا = ဒေါသထွက်သည်၊ ပေါက်ကွဲသည်။ 9– اِنْتَقَمَ–يَنْتَقِمُ–اِنْتِقَامًا = ကလဲ့စားချေသည်။ 10– ثَأَرَ–يَثْأَرُ–ثَأْرًا = ကလဲ့စားချေသည်။ 11– فَتَكَ–يَفْتِكُ–فَتْكًا = တိုက်ခိုက်သည်၊ သတ်ဖြတ်သည်။

وَإِذَا قَوِيَ الْجَمَلُ اشْتَدَّ بَأْسُهُ وَعَافَ[1] الْأَكْلَ مَالَمْ يُوْضَعْ فِيْ فَمِه
ကုလားအုတ်ဟာ အင်အားကြီးထွားလာတဲ့အခါ ဒေါသလည်း ပြင်းထန် သွားတယ်။ သူ့ပါးစပ်ထဲမှာ ထည့်မပေးမချင်း အစာလည်းမစားတော့ဘူး။

وَيَقُوْلُ النَّاسُ عَنْهُ : إِنَّهُ صَائِمٌ،
အဲဒီအခါ လူတွေက "ဒီကုလားအုတ်ဟာ ဥပုသ်စောင့်ထားတယ်"လို့ ပြော လေ့ရှိကြတယ်။

وَفِيْ هٰذِهِ الْحَالَةِ يُخْرِجُ شِقْشِقَتَهُ[2] مِنْ حَلْقِه
အဲဒီလိုအခြေအနေမှာ ကုလားအုတ်ဟာ လည်းချောင်းထဲကနေ စားမြုံပြန် တယ်။

وَيُشَقْشِقُ[3] مِنَ الْغَضَبِ.
ပြီးတော့ ဒေါသထွက်ပြီး တရှူးရှူးနဲ့အသံတွေ ထွက်နေတယ်။

أَنَا هُنَا فَاعْرِفُوْنِيْ !

ဒီမှာလည်းငါပဲ။ သင်တို့ သိထားကြပါ။

مَوْلِدِيْ وَوَطَنِيْ مَا تُسَمُّوْنَهُ الْبَحْرُ!
ငါ့ရဲ့ မွေးရပ်နဲ့ ငါ့ရဲ့ ဌာနေကို သင်တို့တွေ ပင်လယ်လို့ ခေါ်ဝေါ်ကြပါတယ်။

أَنَا ابْنُ أُمَّةٍ[4] عَظِيْمَةٍ،
ငါဟာ အလွန်ထုထည်ကြီးမားသူဖြစ်တယ်။

1– عَافَ–يَعَافُ–عَيْفًا،عِيَافًا ရိုး(ချေး)များသည်၊ အစားအသောက်ရွေးသည်။ 2– شِقْشِقَةٌ (ج) شَقَاشِقُ = စားမြုံ။ 3– شَقْشَقَ–يُشَقْشِقُ–شَقْشَقَةً = ကျည်ကျည်ကျာကျာမြည်သံထွက်သည်။ 4– أُمَّةٌ = ထုထည်၊ အရပ်အမောင်း။

قَدْ امْتَدَّتْ[1] عَلَى مَسَافَةِ[2] آلَافٍ مِنَ الْأَمْيَالِ،

မိုင်ထောင်းပေါင်းများစွာ အကာအဝေးထိ ပြန့်နှံ့လျက်ရှိတယ်။

وَيَقُوْلُوْنَ : إِنَّ أُمَّتِيْ أَعْظَمُ مِنْ أُمَّةِ الْبَرِّ،

လူတွေပြောကြတယ်။ ငါ့ရဲ့ထုထည်ဟာ ကုန်းမြေရဲ့ထုထည်ထက် ပိုကြီး တယ်တဲ့။

فَقَدْ شَغَلْنَا[3] نَحْنُ ثَلَاثَةَ أَرْبَاعِ الْكُرَةِ[4]، وَالْيَابِسُ[5] مِنْهَا نَحْوُ رُبْعٍ.

ငါတို့ဟာ ကမ္ဘာမြေပထဝီရဲ့ လေးပုံသုံးပုံကို နေရာယူထားပါတယ်။ခြောက် သွေ့တဲ့ကုန်းပိုင်းဟာ ကမ္ဘာမြေပထဝီရဲ့ လေးပုံတစ်ပုံသာ ရှိတယ်။

وَقَدْ فَارَقْتُ وَطَنِيْ قَبْلَ شَهْرَيْنِ،

ငါဟာ နှစ်လအလျှင်က ငါ့ရဲ့ ဌာနေကို စွန့်ခွာခဲ့တယ်။

لَمَّا اشْتَدَّ الْحَرُّ فِيْ هٰذَا الصَّيْفِ، تَكَوَّنَ[6] بُخَارٌ، وَفَارَقَ الْبَحْرَ،

ဒီနွေရာသီမှာ အပူရှိန်ပြင်းထန်လာတဲ့အခါ အခိုးအငွေ့ဖြစ်တည်တည်။ ပြီးတော့ ပင်လယ်ကို စွန့်ခွာတယ်။

وَسَارَتْ بِهِ الرِّيَاحُ إِلَى الْجِبَالِ،

အဲဒီ အခိုးအငွေ့တွေကို လေတွေက တောင်တွေဘက်ကို ယူဆောင်သွားတယ်။

وَهُوَ السَّحَابُ الْمُسَخَّرُ[7] بَيْنَ السَّمَاءِ وَالْأَرْضِ،

အဲဒါဟာ မိုးကောင်းကင်နဲ့ မြေပထဝီရဲ့ကြားမှာ ထိန်းချုပ်ခံထားရတဲ့ မိုး တိမ်ပဲဖြစ်တယ်။

فَلَمَّا جَاءَهُ الْأَمْرُ مِنَ اللهِ، تَحَلَّلَ[8] هٰذَا الْبُخَارُ بِالْحَرَارَةِ،

အလ္လာဟ်အမိန့်တော် ရောက်ရှိလာတဲ့အခါ အပူရှိန်ကြောင့် ဒီအခိုးအငွေ့တွေဟာ အရေပျော်ကျတယ်။

وَنَزَلَ قَطَرَاتٍ عَلَى الْأَرْضِ،

1– امْتَدَّ – يَمْتَدُّ – اِمْتِدَادًا = ကျယ်ပြန့်သည်၊ ပျံ့နှံ့သည်။ 2– مَسَافَاتٌ (ج) مَسَافَةٌ = ခရီးအကွာအဝေး။ 3– شَغَلَ – يَشْغَلُ – شَغْلًا – شَغَلَ الدَّارَ = နေထိုင်သည်၊ နေရာယူသည်။ 4– ثَلَاثَةُ أَرْبَاعِ الْكُرَةِ = ကမ္ဘာမြေပထဝီ၏ လေးပုံသုံးပုံ။ 5– الْيَابِسُ = ကုန်းပိုင်း။ 6– تَكَوَّنَ – يَتَكَوَّنُ – تَكَوُّنًا = ဖြစ်တည်သည်၊ ဖွဲ့စည်းသည်။ 7– السَّحَابُ الْمُسَخَّرُ = ထိန်းချုပ်ခံမိုးတိမ်။ 8– تَحَلَّلَ – يَتَحَلَّلُ – تَحَلُّلًا = အရေပျော်ကျသည်။

ပြီးတော့ အစက်အပြောက်တွေအဖြစ်နဲ့ မြေပြင်ပေါ်ကို ကျလာတယ်။

وَقَالَ النَّاسُ: الْمَطَرُ! الْمَطَرُ! وَأَنَا هُنَا، فَاعْرِفُوْنِيْ!

အဲဒီအခါ လူတွေကို မိုး၊ မိုးလို့ ပြောကြတယ်။ ဒီမှာလည်းငါပဲ။ သင်တို့ သိထားကြပါ။

لَعَلَّكُمْ رَأَيْتُمْ قِدْرًا[1] عَلَى النَّارِ فِيْهَا مَاءٌ،

ရေပါတဲ့ အိုးတစ်လုံးကို မီးပေါ်တင်ထားတာ သင်တို့ တွေ့ဖူးကြမှာပါ။

فَإِذَا غَلَتِ[2] الْقِدْرُ، تَصَاعَدَ[3] مِنْهَا مِثْلُ دُخَانٍ،

အိုးဆူပွက်လာတဲ့အခါ အဲဒီကနေ မီးခိုးလိုအရာ ပျံတက်တယ်။

وَهُوَ الْبُخَارُ، أَنَا هُنَا فَاعْرِفُوْنِيْ!

အဲဒါဟာ အခိုးအငွေ့ပါပဲ။ ဒီမှာလည်းငါပဲ။ သင်တို့ သိထားကြပါ။

وَإِذَا نَزَلَ الْمَطَرُ، وَجَمَدَتْ[4] قَطَرَاتِيْ مِنَ الْبَرْدِ[5]،

မိုးကျလာတဲ့အခါ ငါ့ရဲ့ အစက်အပြောက်တွေဟာ အေးပြီး ခဲသွားတယ်၊

وَوَقَعَتْ عَلَى الْأَرْضِ مِثْلَ الزُّجَاجِ[6]،

ပြီးတော့ ဖန်လိုပဲ မြေပြင်ပေါ်ကို ပြုတ်ကျလာတယ်။

قَالَ النَّاسُ : الْبَرَدُ[7]! الْبَرَدُ! وَأَنَا هُنَا، فَاعْرِفُوْنِيْ!

အဲဒီအခါ လူတွေက မိုးသီး၊ မိုးသီးလို့ ပြောကြတယ်။ ဒီမှာလည်းငါပဲ။ သင်တို့ သိထားကြပါ။

وَقَدْ أَسْقُطُ فِي الْجِبَالِ مِثْلَ الصُّوْفِ[8] الْأَبْيَضِ اللَّامِعِ،

ငါဟာ တောက်ပတဲ့ အဖြူရောင် သိုးမွေးလို တောင်တွေပေါ် ကျလာတယ်။

وَأَلْمَعُ[9] فِي الشَّمْسِ مِثْلَ اللُّجَيْنِ[10]، فَيَكُوْنُ مَنْظَرًا جَمِيْلًا،

နေပူရှိန်အောက်မှာ ငါဟာ ငွေလို တောက်ပနေတယ်။ အဲဒီအခါ လှပတဲ့ မြင်ကွင်းတစ်ခု ပေါ်ပေါက်တယ်။

1- قَدْرٌ (ج) قُدُوْرٌ = အိုး။ 2- غَلَى-يَغْلِيْ-غَلْيًا وَغَلَيَانًا = ဆူပွက်သည်။ 3- تَصَاعَدَ-يَتَصَاعَدُ-تَصَاعُدًا = အငွေ့ပျံတက်သည်။ 4- جَمَدَ-يَجْمُدُ-جُمُوْدًا = ခဲသည်။ 5- بَرْدٌ = အေးခဲမှု။ 6- زُجَاجٌ = ဖန်။ 7- بَرَدٌ = မိုးသီး၊ နှင်းခဲ။ 8- صُوْفٌ (ج) أَصْوَافٌ = သိုးမွေး။ 9- لَمَعَ-يَلْمَعُ-لَمَعَانًا = တောက်ပသည်။ 10- لُجَيْنٌ = ငွေ။

وَيَقُوْلُ النَّاسُ : الثَّلْجُ[1] ! الثَّلْجُ ! وَأَنَا هُنَا، فَاعْرِفُوْنِيْ!

လူတွေက "ရေခဲ၊ ရေခဲ"လို့ ပြောကြတယ်။ ဒီမှာလည်းငါပဲ။ သင်တို့ သိထားကြပါ။

وَقَدْ يَشْتَدُّ الْبَرْدُ فِي الشِّتَاءِ، فَيَجْمُدُ مَا كَانَ مِنَ الْمَاءِ،

ဆောင်းရာသီမှာ အအေးဒဏ်ပြင်းထန်လာတဲ့အခါ ရေပါတဲ့အရာတိုင်းဟာ ခဲကုန်တယ်။

وَيَقُوْلُ النَّاسُ : الْجَلِيْدُ[2] ! الْجَلِيْدُ ! وَأَنَا هُنَا، فَاعْرِفُوْنِيْ!

အဲဒီအခါ လူတွေက"ရေခဲ၊ ရေခဲ"လို့ ပြောကြတယ်။ ဒီမှာလည်းငါပဲ။ သင်တို့ သိထားကြပါ။

وَإِذَا هَبَطْتُّ[3] مِنَ الْجِبَالِ إِلَى الْأَرْضِ،

ငါဟာ တောင်ပေါ်ကနေ မြေပြင်ကို ဆင်းသက်လာပြီဆိုရင်၊

وَزَاحَمَنِيْ[4] صُخُوْرٌ[5] أَوْ أَحْجَارٌ،

ကျောက်ဆောင်တွေနဲ့ ကျောက်တုံးတွေက ငါ့ကို တိုက်မိပြီဆိုရင်

كَانَ شَلَّالٌ[6] يَكُوْنُ لَهُ صَوْتٌ هَائِلٌ[7] وَمَنْظَرٌ جَمِيْلٌ،

ရေတံခွန်ဖြစ်သွားတယ်။ အဲဒီရေတံခွန်မှာ ကြောက်မက်ဖွယ်အသံထွက်ပြီး လှပတဲ့ မြင်ကွင်းဖြစ်ပေါ်တယ်။

وَأَنَا هُنَا، فَاعْرِفُوْنِيْ!

အဲဒါလည်း ငါပါပဲ၊ သင်တို့ မှတ်ထားကြပါ။

وَإِذَا اجْتَمَعَتْ شَلَّالَاتٌ، خَرَجَتْ مِنَ الْجِبَالِ، فَكُنْتُ نَهْرًا،

ရေတံခွန်တွေ စုစည်းသွားပြီး တောင်တွေကနေ ထွက်လာတဲ့အခါ ငါဟာ မြစ်ဖြစ်သွားတယ်။

1- ثُلُوْجٌ (ج) ثَلْجٌ = ရေခဲ။ 2- جَلِيْدٌ = ရေခဲ၊ ဆီးနှင်းခဲ။ 3 هَبَطَ-يَهْبِطُ-هُبُوْطًا = ဆင်းသက်သည်။ 4- زَاحَمَ-يُزَاحِمُ-مُزَاحَمَةً = တိုက်မိသည်။ 5-(ج) صَخْرٌ صُخُوْرٌ = ကျောက်တုံး။ 6- شَلَّالَاتٌ (ج) شَلَّالٌ = ရေတံခွန်။ 7- هَائِلٌ = ကြောက်မက်ဖွယ်ကောင်းသော။

يَكُوْنُ فِي مَبْدَئِهِ[1] صَغِيْرًا، ثُمَّ يَكُوْنُ عَرِيْضًا[2] عَمِيْقًا،

မြစ်ဟာ အစပိုင်းမှာ သေးသေးလေးပါ။ ပြီးမှ ကျယ်ပြီး နက်ရှိုင်းသွားတယ်။

وَقَالَ النَّاسُ: نَهْرُ السِّنْدِ[3] وَنَهْرُ دِجْلَةَ[4]، وَالْفُرَاتِ[5]، وَالنِّيْلِ[6]، وَأَنَا هُنَا، فَاعْرِفُوْنِي!

လူတွေက "အိန္ဒုမြစ်၊ တိုင်းဂရစ်မြစ်၊ ယူဖရေးတီးမြစ်၊ နိုင်းမြစ်"စသဖြင့် ပြောကြတယ်။ အဲဒီမှာလည်း ငါပဲ၊ သင်တို့ မှတ်ထားကြပါ။

لَعَلَّكَ رَأَيْتَ فِي الصَّبَاحِ أَيَّامَ الشِّتَاءِ مِثْلَ الدُّخَانِ،

ဆောင်းရာသီမှာ နံနက်ခင်းအချိန်မှာ မီးခိုးလိုအရာကို အသင် တွေ့ဖူးပါ လိမ့်မယ်။

وَيُسَمِّيْهِ النَّاسُ الضَّبَابَ[7]، وَأَنَا هُنَا، فَاعْرِفُوْنِي!

အဲဒါကို လူတွေက"မြူမှိုင်း"လို့ ခေါ်ကြတယ်။ အဲဒီမှာလည်း ငါပါပဲ၊ သင်တို့ မှတ်ထားကြပါ။

وَلَعَلَّكَ رَأَيْتَ قَطَرَاتٍ عَلَى أَوْرَاقِ الْأَشْجَارِ، وَعَلَى الْعُشْبِ[8] وَالْأَزْهَارِ، فِي أَيَّامِ الشِّتَاءِ،

ဆောင်းရာသီမှာ သစ်ပင်တွေရဲ့ သစ်ရွက်တွေပေါ်မှာ၊ မြက်ပင်တွေပေါ်မှာ၊ ပန်းပွင့်တွေပေါ်မှာ ရေစက်ကလေးတွေကို အသင်တွေ့ဖူးပါလိမ့်မယ်။

وَيُسَمِّيْهَا النَّاسُ الطَّلَّ[9] وَالنَّدَى[10]، وَأَنَا هُنَا، فَاعْرِفُوْنِي!

အဲဒါကို လူတွေက"နှင်းစက်၊ ဒါမှမဟုတ် နှင်း"လို့ ခေါ်ကြတယ်။ အဲဒီမှာ လည်း ငါပဲ၊ သင်တို့ မှတ်ထားကြပါ။

وَقَدْ أَجْمُدُ بِالصِّنَاعَةِ فِي الْمَصَانِعِ[11]،

ငါဟာ စက်မှုလက်မှုပညာကြောင့် စက်ရုံတွေမှာလည်း ခဲတယ်။

1- مَبَادِئُ (ج) مَبْدَأٌ = အစ၊ အခြေခံ။ 2- عَرِيْضٌ = ကျယ်ပြန့်သော။ 3- نَهْرُ السِّنْدِ = အိန္ဒုမြစ်။ 4- نَهْرُ دِجْلَةَ = တိုင်းဂရစ်မြစ်။ 5- الْفُرَاتُ = ယူဖရေးတီးမြစ်။ 6- النِّيْلُ = နိုင်းမြစ်။ 7- ضَبَابٌ = မြူမှိုင်း။ 8- أَعْشَابٌ (ج) عُشْبٌ = မြက်။ 9- طَلٌّ = နှင်းစက်၊ မိုးဖွဲဖွဲ။ 10- النَّدَى = နှင်း။ 11- مَصَانِعُ (ج) مَصْنَعٌ = စက်ရုံ။

وَيَحْرِصُ عَلَيَّ[1] النَّاسُ أَيَّامَ الصَّيْفِ،

နွေရာသီမှာ လူတွေဟာ ငါ့ကို လိုလားတက်မက်ကြတယ်။

فَلَا يَشْرَبُوْنَ الْمَاءَ بِغَيْرِ هٰذَا الْجَمَدِ،

ဒီရေခဲမပါဘဲ ရေတောင် မသောက်ကြဘူး။

وَلَا يَرْوَوْنَ[2] إِلَّا بِهِ، وَأَنَا هُنَا، فَاعْرِفُوْنِي!

ဒီရေခဲမပါဘဲနဲ့ ရေငတ်မပြေကြဘူး။ အဲဒီမှာလည်း ငါပါပဲ၊ သင်တို့ မှတ်ထားကြပါ။

سَفِيْنَةٌ عَلَى الْبَرِّ[3]

ကုန်းပေါ်က သင်္ဘော

هَلْ سَمِعْتَ بِسَفِيْنَةٍ تَسِيْرُ[4] عَلَى الْبَرِّ ؟

ကုန်းပေါ်မှာသွားတဲ့ သင်္ဘောတစ်စီးအကြောင်းကို အသင် ကြားဖူးပါ သလား။

وَهَلْ تُصَدِّقُ إِذَا أَخْبَرَكَ بِهِ أَحَدٌ ؟ !

ဒီအကြောင်း တစ်ဦးဦးက အသင့်ကို ပြောရင်ရော အသင် ယုံကြည် ထောက်ခံမှာလား။

أَظُنُّكَ تَقُوْلُ- وَلَكَ الْحَقُّ-[5]

အသင် အခုလို ပြောလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။ အသင့်မှာ ပြောပိုင်ခွင့်လည်း ရှိပါတယ်။

مَا سَمِعْنَا بِهٰذَا فِي آبَائِنَا الْأَوَّلِيْنَ.

"တို့ရဲ့ ရှေးဘိုးဘေးဘီဘင် အဆက်ဆက်မှာ ဒါမျိုး မကြားဖူးပါဘူး။"

1- حَرَصَ عَلَى-يَحْرِصُ-حِرْصًا = တပ်မက်သည်။ 2- رَوِيَ-يَرْوَى-رِيًّا = ရေငတ်ပြေသည်။ 3- بَرٌّ = ကုန်းမြေ။ 4- سَارَ-يَسِيْرُ-سَيْرًا = သွားသည်။
5- وَلَكَ الْحَقُّ = အသင့်မှာ အခွင့်အရေးလည်းရှိပါတယ်။

وَلٰكِنَّ مُحَمَّدًا الثَّانِيَ الْعُثْمَانِيَّ فَاتِحَ الْقُسْطَنْطِيْنِيَّةِ[1]، سَيَّرَ[2] سَبْعِيْنَ سَفِيْنَةً عَلَى الْبَرِّ.

ဒါပေမဲ့လည်း ကွန်စတန်တီနိုပဲလ်မြို့ကို သိမ်းပိုက်အောင်နိုင်ခဲ့သူဖြစ်တဲ့ ဒုတိယမုဟမ္မဒ်ဟာ သင်္ဘောအစီး (၇၀)ကို ကုန်းပေါ်မှာ ခုတ်မောင်းခဲ့တယ်။

هَلْ تَعْرِفُ كَيْفَ كَانَ ذٰلِكَ ؟

အဲဒါ ဘယ်လိုပုံစံဖြစ်ခဲ့သလဲ အသင်သိလား။

غَزَا الْعَرَبُ الْقُسْطَنْطِيْنِيَّةَ الْعُظْمٰى ستَّ مَرَّاتٍ، وَلَمْ يَفْتَحُوْهَا،

အရပ်တွေဟာ မဟာကွန်စတန်တီနိုပဲလ်ကို ခြောက်ကြိမ် စစ်ချီခဲ့တယ်။ ဒါပေမဲ့ အောင်နိုင်မှုမရခဲ့ကြဘူး။

وَقَدْ قَدَّرَ اللهُ أَنْ يَكُوْنَ هٰذَا الْفَتْحُ الْعَظِيْمُ بِيَدِ شَابٍّ مُسْلِم مِنْ آلِ عُثْمَانَ،

အလ္လာဟ်အရှင်မြတ်က ဒီအောင်နိုင်မှုကြီးကို အော်တိုမန်အနွယ်ဝင် မွတ်စ်လင်မ်လုလင်ပျိုတစ်ဦးရဲ့လက်ပေါ်မှာ ဖြစ်ပေါ်ဖို့ သတ်မှတ်ထား တော်မူခဲ့တယ်။

وَهُوَ فِي الرَّابِعَةِ وَالْعِشْرِيْنَ مِنْ عُمُرِهِ،

သူဟာ အသက် ၂၄နှစ်သာ ရှိသေးတယ်။

وَذٰلِكَ فَضْلُ اللهِ يُؤْتِيْهِ مَنْ يَشَاءُ.

ဒါဟာ အလ္လာဟ်ရဲ့ ကျေးဇူးတော်ပါပဲ။ အရှင်မြတ်ဟာ မိမိအလိုရှိသူကိုသာ ထိုကျေးဇူးကို ချီးမြှင့်တော်မူတယ်။

زَحَفَ[3] مُحَمَّدٌ إِلَى الْقُسْطَنْطِيْنِيَّةِ وَأَعَدَّ لِذٰلِكَ عُدَّةً[4] عَظِيْمَةً

မုဟမ္မဒ်ဟာ ကွန်စတန်တီနိုပဲလ်မြို့ကို ချီတက်ခဲ့တယ်။ အဲဒီအတွက် ကြီးမားတဲ့ ပြင်ဆင်မှုတွေကိုလည်း ပြင်ဆင်ခဲ့တယ်။

فَقَدْ قَالَ اللهُ تَعَالَى: ﴿وَأَعِدُّوْا لَهُمْ مَا اسْتَطَعْتُمْ مِنْ قُوَّةٍ﴾

အလ္လာဟ်အရှင်မြတ်က ကျမ်းမြတ်ကုရ်အာန်မှာ မိန့်ကြားထားတော်မူတယ်။ "ထိုရန်သူများအဖို့ အသင်တို့ တတ်စွမ်းသမျှသော အင်အားကို အသင့်ပြင်ဆင်ထား ကြလေ

1– الْقُسْطَنْطِيْنِيَّةُ = ကွန်စတန်တီနိုပဲလ်မြို့ (ယခု တူရကီနိုင်ငံ၊ အစ္စတန်ဘူလ်)။ 2– سَيَّرَ – يُسَيِّرُ – تَسْيِيْرًا = လှုပ်ရှားသွားလာစေသည်၊ မောင်းနှင့်သည်။ 3 زَحَفَ – يَزْحَفُ – زَحْفًا = ချီတက်သည်။ 4– عُدَدٌ (ج) عُدَّةٌ = ပြင်ဆင်မှု။

ကုန်။”

فَكَانَ تَحْتَ قِيَادَتِه ثَلَاثُمِئَةِ أَلْفِ مُقَاتِلٍ،

သူ့ရဲ့ ဦးဆောင်ကွပ်ကဲမှုအောက်မှာ စစ်သားဦးရေ သုံးသိန်းပါရှိခဲ့တယ်။

وَمَعَهُ مِدْفَعِيَّةٌ[1] هَائِلَةٌ[2]

သူနဲ့အတူ အလွန်ကြီးမားတဲ့ အမြောက်တပ်တစ်တပ်လည်း ပါရှိခဲ့တယ်။

فِيْهَا مِدْفَعٌ[3] لَا يُوْجَدُ فِيْ أَوْرُبَّا أَضْخَمَ مِنْهُ، أَعَدَّهُ لِذٰلِكَ،

အဲဒီအမြောက်တပ်ထဲမှာ အမြောက်တစ်ခု ပါရှိခဲ့တယ်။ ဥရောပမှာ အဲဒါထက်ကြီးတဲ့အမြောက် မရှိသေးဘူး။ မုဟမ္မဒ်က ဒီတိုက်ပွဲအတွက် အဲဒီအမြောက်ကို ပြင်ဆင်လာခဲ့တယ်။

مَرْمَاهُ[4] أَكْثَرُ مِنْ مِيْلٍ.

အဲဒီအမြောက်ရဲ့ကျည်ဟာ တစ်မိုင်ထက်ပိုပြီး ရောက်နိုင်တယ်။

وَكَانَ أُسْطُوْلُهُ[5] مُرَكَّبًا مِنْ مِئَةِ سَفِيْنَةٍ حَرْبِيَّةٍ.

သူ့ရဲ့ ရေတပ်ဟာ စစ်သင်္ဘော အစီးတစ်ရာနဲ့ ဖွဲ့စည်းထားတယ်။

وَكَانَ مُحَمَّدٌ رَأَى أَنَّ الْعَدُوَّ قَدْ سَلْسَلَ[6] خَلِيْجَ[7] قَرْنِ الذَّهَبِ–وَهُوَ مَدْخَلُ الْقُسْطَنْطِيْنِيَّةِ–بِالسَّلَاسِلِ[8]،

မုဟမ္မဒ်ဟာ မြင်တွေ့ခဲ့ရတယ်။ ရန်သူတွေဟာ ကွန်စတန်တီနိုပဲလ်မြို့ရဲ့ ဝင်ပေါက်ဖြစ်တဲ့ ကရိန္ဒဖ်ဇဟ်ဗ် ပင်လယ်ကွေ့ကို သံကြိုးတွေနဲ့ခတ်ထား တယ်။

فَكَيْفَ يَعْبُرُهُ[9] بِأُسْطُوْلِهِ ؟

မိမိရဲ့ ရေတပ်နဲ့ အဲဒီအကာအဆီးကို ဘယ်လိုများ ကျော်ဖြတ်ရပါမလဲ။

1–مِدْفَعِيَّةٌ = အမြောက်တပ်။ 2– هَائِلٌ =ကြောက်မက်ဖွယ်ကောင်းသော၊ အလွန်ကြီးမားသော။ 3– مَدَافِعُ (ج) مِدْفَعٌ = အမြောက်။ 4– مَرْمًى =ကျည်ဆံ ရောက်နိုင်သည့် အကွာအဝေး။ 5– أَسَاطِيْلُ (ج) أُسْطُوْلٌ = ရေတပ်။ 6– سَلْسَلَةً–سَلْسَلَ–يُسَلْسِلُ– သံကြိုးခတ်သည်။ 7–خَلِيْجٌ =ပင်လယ်ကွေ့။ 8– سَلَاسِلُ (ج) سِلْسِلَةٌ သံကြိုး။
9–عَبَرَ–يَعْبُرُ–عُبُوْرًا = ဖြတ်ကျော်သည်။

فَكَّرَ مُحَمَّدٌ، وَلَمْ يَعْجِزْ وَلَمْ يَيْأَسْ وَوَجَدَ حِيْلَةً[1] !

မုဟမ္မဒ်ဟာ စဉ်းစားတယ်။ ဖွဲ့မလျှော့ဘူး။ မျှော်လင့်ချက် ကင်းမဲ့မသွားဘူး။ ပြီးနောက် ပရိယာယ်တစ်ခု စဉ်းစားလို့ရသွားခဲ့တယ်။

رَأَى أَنَّهُ يُمْكِنُ الْعُبُوْرُ إِلَى الْقُسْطَنْطِيْنِيَّةِ مِنْ جِهَةِ قَاسِمْ بَاشَا.

ကွန်စတန်တီနိုပဲလ်ကို ကာစင်မ်ဘာရှာဘက်ကနေ ဖြတ်သန်းသွားဖို့ဖြစ်နိုင်ကြောင်း တွေ့မြင်ခဲ့တယ်။

وَلٰكِنَّ هٰذِهِ الْجِهَةَ بَعِيْدَةٌ مِنْ سُفُنِهِ،

ဒါပေမဲ့ အဲဒီဘက်ဟာ သူ့ရဲ့ သင်္ဘောတွေနဲ့ အလှမ်းဝေးနေတယ်။

فَمَنْ يَحْمِلُهَا وَمَنْ يَنْقُلُهَا مِنْ هٰذِهِ الْجِهَةِ إِلَى تِلْكَ الْجِهَةِ،

ဒီသင်္ဘောတွေကို ဘယ်သူက ဒီဘက်အခြမ်းကနေ ဟိုဘက်အခြမ်းကို ပြောင်းရွှေ့သယ်ဆောင်ပေးမှာလဲ။

وَالْمَسَافَةُ[2] بَعِيْدَةٌ ؟ فَكَّرَ مُحَمَّدٌ وَلَمْ يَعْجِزْ وَلَمْ يَيْأَسْ وَوَجَدَ حِيْلَةً!

အကွာအဝေးက အလှမ်းဝေးလှတယ်။ မုဟမ္မဒ်ဟာ စဉ်းစားတယ်။ ဖွဲ့မလျှော့ခဲ့ဘူး။ မျှော်လင့်ချက်လည်း မကင်းမဲ့ဘူး။ နောက်ဆုံး ပရိယာယ် တစ်ခု စဉ်းစားလို့ရသွားခဲ့တယ်။

طَلَى[3] الْأَخْشَابَ بِالشَّحْمِ،

သစ်သားတွေကို အစီတွေနဲ့ သုတ်လိမ်းလိုက်တယ်။

فَلَمَّا أَمْلَسَتْ[4] أَزْلَقَ[5] عَلَيْهَا السُّفُنَ وَهِيَ سَبْعُوْنَ سَفِيْنَةً.

သစ်ချောင်းတွေ ပြောင်ချော်သွားတဲ့အခါ အဲဒီပေါ်ကနေ သင်္ဘောတွေကို လျှောချပစ်လိုက်တယ်။ သင်္ဘောပေါင်း အစီး (၇၀)ရှိခဲ့တယ်။

وَمَا رَاعَ[6] أَهْلَ الْقُسْطَنْطِيْنِيَّةِ إِلَّا وَسُفُنُ الْمُسْلِمِيْنَ قَدْ أَرْسَتْ[7] عَلَى سَاحِلِ الْقُسْطَنْطِيْنِيَّةِ،

ကွန်စတန်တီနိုပဲလ်မြို့သားတွေဟာ ကွန်စတန်တီနိုပဲလ်ကမ်းခြေမှာ မွတ်စ်လင်မ်တွေရဲ့

1- حِيَلٌ (ج) حِيْلَةٌ = ပရိယာယ်။ 2- مَسَافَاتٌ (ج) مَسَافَةٌ = ခရီးအကွာအဝေး။ 3- طَلَى-يَطْلِيْ-طَلْيًا وَطِلَاءً = သုတ်လိမ်းသည်။ 4- أَمْلَسَ-يُمْلِسُ-إِمْلَاسًا = ချောမွတ်သွားသည်။ 5- أَزْلَقَ-يُزْلِقُ-إِزْلَاقًا = လျှောချသည်။ 6- رَاعَ-يَرُوْعُ-رَوْعًا = အံ့အားသင့်စေသည်။ 7- أَرْسَى-يُرْسِيْ-إِرْسَاءً = သင်္ဘောဆိုက်ကပ်သည်။

သဘော်ာတွေလာဆိုက်ကပ်တော့မှပဲ အထိတ်တလန့် ဖြစ်ကုန်ကြတယ်။

وَسُقِطَ[1] فِيْ أَيْدِيْهِمْ.

ပြီးတော့ သူတို့ဟာ ဝမ်းနည်းကြေကွဲ နောင်တရသွားခဲ့ကြတယ်။

وَهٰكَذَا أَخَذَ مُحَمَّدٌ الْقُسْطَنْطِيْنِيَّةَ -عَاصِمَةَ الدَّوْلَةِ الْبِيْزَنْطِيَّةِ[2] -

ဒီလိုနည်းနဲ့ မုဟမ္မဒ်ဟာ ဘိုင်ဇန်တိုင်းအင်ပါယာကြီးရဲ့ မြို့တော်ဖြစ်တဲ့ ကွန်စတန်တိုင်းမြို့ကို သိမ်းယူနိုင်ခဲ့တယ်။

وَسَقَطَتْ[3] عَاصِمَةُ النَّصْرَانِيَّةِ الْمَنِيْعَةُ[4] أَمَامَ قَائِدٍ[5] مُسْلِمٍ شَابٍّ.

နစ္စရာနီတွေရဲ့ အလွန် ခိုင်ခံ့တဲ့ မြို့တော်ကြီးဟာ မွတ်စ်လင်မ်လူငယ်ခေါင်း ဆောင်လေး တစ်ဦးရဲ့ ရှေ့မှာ ကျဆုံးခဲ့ရတယ်။

وَلَاتَزَالُ هٰذِهِ الْمَدِيْنَةُ الْعَظِيْمَةُ وَتُرْكِيَّا، فِيْ يَدِ الْمُسْلِمِيْنَ مِنْ سَنَةِ ٨٥٣هــ - يَوْمَ فَتَحَهَا مُحَمَّدُ بْنُ مُرَادٍ- إِلَى يَوْمِ النَّاسِ هٰذَا.

ဒီကြီးကျယ်တဲ့ မြို့ကြီးနဲ့ တူရကီနိုင်ငံဟာ မုဟမ္မဒ် ဗင်န် မုရာဒ် သိမ်းပိုက် အောင်နိုင်ခဲ့တဲ့ ဟိဂျ်ရီ ၈၀၃ ခုနှစ်ကစပြီး ယနေ့တိုင်အောင် စဉ်ဆက်မပြတ် မွတ်စ်လင်မ်တွေရဲ့ လက်ဝယ်မှာ ရှိခဲ့တယ်။

وَلِلّٰهِ الْأَمْرُ مِنْ قَبْلُ وَمِنْ بَعْدُ.

ဒီအလျင်ကရော နောက်နောင်တွင်ပါ အုပ်ချုပ်မှုအာဏာအဝဝကို အလ္လာဟ်သာ စိုးပိုင်တော်မူပါတယ်။

1- سُقِطَ فِيْ يَدِهِ = နောင်တရသည်၊ ကြေကွဲသည်။ 2- الدَّوْلَةُ الْبِيْزَنْطِيَّةُ = ဘိုင်ဇန်တိုင်းအင်ပါယာ။ 3- سَقَطَ-يَسْقُطُ-سُقُوْطًا = ကျရှုံးသည်။ 4- الْمَنِيْعُ = ခိုင်ခံ့လုံခြုံသော။ 5- قَائِدٌ (ج) قُوَّادٌ = ခေါင်းဆောင်။

الْخَلِيْفَةُ عُمَرُ بْنُ عَبْدِ الْعَزِيْزِ رحمه الله (١)

ခလီဖဟ်ကြီး အုမရ်ဗင်န် အဗ်ဒွလ် အဇီးဇ်(၁)

وُلِدَ عُمَرُ بْنُ عَبْدِ الْعَزِيْزِ سَنَةَ ٦١هـ.

အုမရ်ဗင်န် အဗ်ဒွလ် အဇီးဇ်ကို ဟိဂ်ျရီ ၆၁ခုနှစ်တွင် မွေးဖွားခဲ့သည်။

وَأُمُّهُ أُمُّ عَاصِمٍ بِنْتُ عَاصِمِ بْنِ عُمَرَ بْنِ الْخَطَّابِ رضي الله عنه ،

မိခင်၏အမည်မှာ အုမ္မုအာစွင်မ် ဗင်န်သိ အာစွင်မ်ဗင်န် အုမရ် ဗင်န် ခဿာ့ဗ်ဖြစ်သည်။

جَمَعَ[1] الْقُرْآنَ وَهُوَ صَغِيْرٌ،

ငယ်ရွယ်စဉ်ဘဝမှာပင် ကျမ်းမြတ်ကုရ်အာန် တစ်အုပ်လုံးကို အာဂုဏ် ဆောင်ခဲ့သည်။

وَبَعَثَهُ أَبُوْهُ إِلَى الْمَدِيْنَةِ يَتَأَدَّبُ[2] بِهَا،

ဖခင်ကြီးသည် သူ့အား မဒီနဟ်ရွှေမြို့တော်မှာ ပညာသင်ယူဆည်းပူးဖို့ စေလွှတ်ခဲ့တယ်။

وَكَانَ يَأْتِيْ عَبْدَ اللهِ بْنَ عُمَرَ رضي الله عنه كَثِيْرًا،

သူဟာ အဗ်ဒွလ္လာဟ်ဗင်န် အုမရ်ထံသို့ အများအားဖြင့် လာလေ့ရှိတယ်။

لِمَكَانِ أُمِّهِ[3] مِنْهُ،

အဗ်ဒွလ္လာဟ်ဗင်န်အုမရ်နဲ့ သူ့မိခင်ဟာ အမျိုးတော်စပ်တဲ့အတွက်ကြောင့်ပဲ ဖြစ်တယ်။

ثُمَّ يَرْجِعُ إِلَى أُمِّهِ، فَيَقُوْلُ: يَا أُمَّهُ! أَنَا أُحِبُّ أَنْ أَكُوْنَ مِثْلَ خَالِيْ.

ပြီးနောက် မိမိရဲ့ မိခင်ဆီပြန်လာပြီး "အို၊ မေမေ၊ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ဦးလေးလို ဖြစ်ချင်ပါတယ်။"လို့ ပြောလေ့ရှိတယ်။

وَكَانَ عُمَرُ بْنُ عَبْدِ الْعَزِيْزِ فِي شَبَابِهِ مُتَنَعِّمًا[4]، يُكْثِرُ مِنَ الطِّيْبِ،

အုမရ်ဗင်န် အဗ်ဒုလ်အဇီးဇ်သခင်ဟာ လူပျိုအရွယ်မှာတုန်းက စည်းစိမ်မှာ ပျော်မွေ့ခဲ့တယ်။ အမွှေးနံ့သာ များစွာ အသုံးပြုလေ့ရှိတယ်။

1- جَمَعَ الْقُرْآنَ = ကုရ်အာန် အစအဆုံး အလွတ်ကျက်ခဲ့သည်။ 2- تَأَدَّبَ - يَتَأَدَّبُ - تَأَدُّبًا = ပညာသင်ယူသည်။ 3- لِمَكَانِ أُمِّهِ مِنْهُ = သူနဲ့ သူ့မိခင်နဲ့ ဆွေမျိုး တော်စပ်တဲ့အတွက်။

4- تَنَعَّمَ - يَتَنَعَّمُ - تَنَعُّمًا = စည်းစိမ်ယစ်မူးသည်။

حَتَّى تُوْجَدَ رَائِحَتُهُ فِي الْمَكَانِ الَّذِيْ يَمُرُّ بِهِ،

အဘယ်မျှဆိုရသော် သူဖြတ်သန်းသွားတဲ့နေရာမှာ သူ့ရဲ့ရနံ့ကို ရတယ်။

وَيَمْشِيْ مِشْيَةً[1] تُسَمَّى (الْعُمَرِيَّةَ)

သူလမ်းလျှောက်တဲ့ပုံစံကို အုမရီယဟ်စတိုင်လို့ ခေါ်ဝေါ်ကြတယ်။

كَانَ الْجَوَارِيْ[2] يَتَعَلَّمْنَهَا مِنْ حُسْنِهَا،

သူ့ရဲ့ လမ်းလျှောက်တဲ့စတိုင်ဟာ လှပတဲ့အတွက် မိန်းမပျိုလေးတွေဟာ အဲဒီ လမ်းလျှောက်နည်းကို သင်ယူကြတယ်။

وَلَمْ يَزَلْ عَلَى هٰذَا التَّنَعُّمِ، حَتَّى وَلِيَ[3] الْخِلَافَةَ،

အုမရ်ဟာ ဒီလို စည်းစိမ်ယစ်မူးမှုထဲမှာ အဆက်မပြတ်ရှိနေခဲ့ရာ နောက်ဆုံး ခိလာဖသ် တာဝန်ကို ထမ်းရွက်ခဲ့တယ်။

فَزَهِدَ[4] فِي الدُّنْيَا وَرَفَضَهَا[5].

အဲဒီအခါမှာတော့ လောကီကို မခုန်မင်တော့ဘူး။ စွန့်လွှတ်လိုက်တော့ တယ်။

وَكَانَ فِيْ شَبَابِهِ، وَوِلَايَتِهِ لِلْمَدِيْنَةِ كَثِيْرَ التَّعْظِيْمِ لِلْعُلَمَاءِ،

သူလူပျိုအရွယ်တုန်းက၊ မဒီနဟ်မြို့ရဲ့ တာဝန်ခံအဖြစ်အုပ်ချုပ်စဉ်အခါတုန်း က အိုလမာ သာသနာ့ပညာရှင်တွေကို များစွာ ဂုဏ်ပေးလေးစားခဲ့တယ်။

شَدِيْدَ الْإِعْظَامِ[6] لِمَسْجِدِ الرَّسُوْلِ ﷺ، خَاشِعًا مُتَدَيِّنًا[7].

တမန်တော်မြတ် ﷺ ရဲ့ ဗလီဝတ်ကျောင်းတော်ကိုလည်း များစွာ အလေးအမြတ်ထား ခဲ့တယ်။ သူဟာ ရိုကျိုးသူ၊ ဘာသာရေးကိုင်းရှိုင်းသူ ဖြစ်ခဲ့တယ်။

وَعَهِدَ[8] سُلَيْمَانُ بْنُ عَبْدِ الْمَلِكِ إِلَيْهِ بِالْخِلَافَةِ

စိုလိုင်မာန်ဗင်န် အဗ်ဒွလ်မလိက်က သူ့နောက်မှာ ခိလာဖသ် အရိုက်အရာကို အုမရ်ဗင်န် အဗ်ဒွလ်အဇီးဇ်ကို ပေးအပ်ဖို့ မှာတမ်းခဲ့တယ်။

1- مِشْيَةً = လမ်းလျှောက်သည့်ပုံစံ။ 2- جَارِيَةٌ (ج) جوار = အပျိုမိန်းကလေး။ 3- وَلِيَ - يَلِيْ - وِلَايَةً = တာဝန်ထမ်းဆောင်သည်။ 4- زَهِدَ فِيْ - يَزْهَدُ - زُهْدًا = တပ်မက်စိတ်ကင်းသည်။ 5- رَفَضَ - يَرْفُضُ - رَفْضًا = စွန့်လွှတ်သည်။ 6- أَعْظَمَ - يُعْظِمُ - إِعْظَامًا = ဂုဏ်ပေးလေးစားသည်။ 7- تَدَيَّنَ - يَتَدَيَّنُ - تَدَيُّنًا = ဘာသာရေးကိုင်းရှိုင်းသည်။ 8- عَهِدَ إِلَى = မှာတမ်းသည်။

وَعُمَرُ لَايَعْلَمُ، فَلَمَّا عَلِمَ فَزِعَ[1].

အုမရ်က ဒါကို မသိခဲ့ဘူး။ သူသိသွားတဲ့အခါ ထိတ်လန့်သွားခဲ့တယ်။

وَقَالَ: وَاللّٰهِ إِنَّ هٰذَا الْأَمْرَ مَا سَأَلْتُ اللّٰهَ قَطُّ.

ပြီးတော့ ပြောတယ်။ အလ္လာဟ်အရှင်မြတ်ရဲ့ ကစမ်၊ ဒီခိလာဖသ်တာဝန်ကို အလ္လာဟ် ဆီမှာ ကျွန်တော် လုံးဝ မတောင်းခံခဲ့ဘူး။

وَقَدَّمَ إِلَيْهِ صَاحِبُ الْمَرَاكِبِ مَرْكَبَ الْخَلِيْفَةِ فَأَبَى

ယာဉ်ထိန်းက ခလီဖာစီးဖို့ အစီးအနင်းဆက်သတဲ့အခါ သူက ငြင်းလိုက်ပြီး ပြောတယ်။

وَقَالَ: اِيْتُوْنِيْ بِبَغْلَتِيْ،

ကျွန်ုပ်ရဲ့ လားကောင်ကိုပဲ ယူလာကြပါ။

وَرَدَّ الْمَرَاكِبَ، وَالسُّرَادِقَاتِ[2] وَالْفُرُشَ، وَالْأَدْهَانَ، وَالثِّيَابَ الْخَاصَّةَ بِالْخَلِيْفَةِ، إِلَى بَيْتِ مَالِ الْمُسْلِمِيْنَ.

ပြီးတော့ အစီးအနင်းတွေ၊ ရွက်ဖျဉ်တဲတွေ၊ အခင်းတွေ၊ ဆီတွေ၊ ခလီဖဟ်အတွက် သီးသန့်အဝတ်အစားတွေကို အများမွတ်စ်လင်မ်ပိုင် ဗိုင်သွလ်မာလ်မှာ ပြန်ထားလိုက် တယ်။

وَجَلَسَ لِلنَّاسِ بَعْدَ ثَلَاثٍ، وَحَمَلَهُمْ[3] عَلَى الشَّرِيْعَةِ،

သုံးရက်ကြာပြီးနောက် လူအများရှေ့မှာ ထိုင်တယ်။ ရှရီအသ်ကို လိုက်နာဖို့ တိုက်တွန်းနှိုး ဆော်တယ်။

وَرَدَّ الْمَظَالِمَ[4]، أَحْيَا[5] الْكِتَابَ وَالسُّنَّةَ، وَسَارَ بِالْعَدْلِ،

မတရားမှုတွေကို ပယ်ဖျက်ပေးတယ်။ ကုရ်အာန်နဲ့ စွန္နသ်ကို ရှင်သန် အောင်လုပ်တယ်။ တရားမျှတစွာ လျှောက်လှမ်းတယ်။

وَرَفَضَ الدُّنْيَا وَزَهِدَ فِيْهَا، وَنَهَى عَنِ الْقِيَامِ، وَابْتَدَأَ بِالسَّلَامِ،

လောကီကို စွန့်တယ်။ လောကီကို မခုံမင်ခဲ့ဘူး။ မတ်တတ်ရပ် အရိုအသေပြုခြင်းမှ တားဆီးတယ်။ စလာမ်နဲ့ အစပြုတယ်။

1- فَزِعَ–يَفْزَعُ–فَزَعًا = ထိတ်လန့်သည်။ 2– سُرَادِقَاتٌ (ج) سُرَادِقٌ = ရွက်ဖျဉ်တဲ၊ ပွဲကြည့်စင်။ 3– حَمَلَ عَلَ = တိုက်တွန်းသည်၊ လှုံ့ဆော်သည်။ 4– مَظَالِمُ (ج) مَظْلَمَةٌ = မတရားယူထားသောအရာများ။ 5 –أَحْيَا–يُحْيِي–إِحْيَاءً = ရှင်သန်အောင်လုပ်သည်။

وَتَرَكَ أَلْوَانَ الطَّعَامِ وَتَرَكَ أَنْ يُخْدَمَ.

အစားအစာ အမျိုးအမယ်များစွာကို စွန့်လွှတ်တယ်။ အပြုအစုခံခြင်းကိုလည်း စွန့်လွှတ်တယ်။

كَانَ عِنْدَهُ قَوْمٌ ذَاتَ لَيْلَةٍ، فَقَامَ إِلَى السِّرَاجِ فَأَصْلَحَهُ،

တစ်ညမှာ သူ့ထံမှာ လူတစ်စုရှိနေခဲ့တယ်။ အဲဒီအချိန် သူက ထရပ်လိုက်ပြီး မီးအိမ်ကို ပြင်တယ်။

فَقِيلَ لَهُ: يَا أَمِيرَ الْمُؤْمِنِينَ نَكْفِيكَ،

အဲဒီအခါ "သခင့်အစား ကျွန်တော်တို့ လုပ်ပေးမှာပေ့ါ"လို့ လူတွေက ပြောကြတဲ့အခါ

قَالَ: وَمَا ضَرَّنِي[1] ؟ قُمْتُ وَأَنَا عُمَرُ بْنُ عَبْدِ الْعَزِيزِ، وَرَجَعْتُ وَأَنَا عُمَرُ بْنُ عَبْدِ الْعَزِيزِ.

သူက အခုလို အဖြေပေးခဲ့တယ်။ အဲဒါလုပ်လို့ ငါဘာနစ်နာသွားလို့လဲ။ မတ်တတ်ရပ်တော့လည်း ငါဟာ အုမရ်ဗင်န် အဗ်ဒွလ်အဇီးဇ်ပဲ၊ ပြန်လာတော့လည်း ငါဟာ အုမရ်ဗင်န် အဗ်ဒွလ်အဇီးဇ်ပါပဲ။

وَأُتِيَ ذَاتَ يَوْمٍ مِنَ الْفَيْءِ[2]بِعَنْبَرَةٍ[3]، فَأَخَذَ بِيَدِهِ فَمَسَحَهَا،

တစ်ရက်မှာ သုံ့ပန်းပစ္စည်းတွေထဲက ငါးကြီးအန်ဖတ် သူ့ဆီ လာဆက်သကြတယ်။ အဲဒါကို ယူပြီး လက်နဲ့ ပွတ်ကြည့်လိုက်တယ်။

ثُمَّ أَمَرَ بِهَا فَرُفِعَتْ حَتَّى تُبَاعَ،

ပြီးတော့ အဲဒါကို ပြန်ယူသွားခိုင်းပြီး ရောင်းချခိုင်းတယ်။

ثُمَّ أَمَرَّ[4] يَدَهُ عَلَى أَنْفِهِ فَوَجَدَ رِيحَهَا فَدَعَا بِوَضُوءٍ[5] فَتَوَضَّأَ.

ပြီးတော့ လက်ကို နှာခေါင်းနားမှာ ပွတ်ကြည့်ပြန်တယ်။ မွှေးရနံ့ရနေတယ်။ ဒါနဲ့ ဝုဇူရေ ယူလာခိုင်းပြီး ဝုဇူလုပ်လေ့တယ်။

وَكَانَ لَهُ غُلَامٌ يَأْتِيهِ بِقُمْقُمٍ[6]مِنْ مَاءٍ مُسَخَّنٍ[7] يَتَوَضَّأُ مِنْهُ،

1- ضَرَّ–يَضُرُّ–ضَرًّا = နစ်နာစေသည်။ 2– أَفْيَاءٌ (ج) فَيْءٌ = စစ်မတိုက်ဘဲရသော သုံ့ပန်း။
3– عَنْبَرٌ = ငါးကြီးအန်ဖတ်။ 4– أَمَرَّ يَدَهُ–يُمِرُّ–إِمْرَارًا = လက်ဖြင့်ပွတ်သည်။ 5– وَضُوْءٌ = ဝုဇူရေ။ 6– قُمْقُمٌ (ج) قَمَاقِمُ = ရေတကောင်း။ 7– مَاءٌ مُسَخَّنٌ = ရေပူရေနွေး။

သူ့မှာ ကျေးကျွန်တစ်ယောက်ရှိတယ်။ အဲဒီကျွန်က သူ့ဆီကို ရေနွေးထည့်ထားတဲ့ ရေတကောင်းယူလာပေးလေ့ရှိတယ်။

فَقَالَ لِلْغُلَامِ يَوْمًا: أَتُسَخِّنُ[1] الْمَاءَ فِيْ مَطْبَخِ الْمُسْلِمِيْنَ ؟

တစ်ရက်မှာ အဲဒီကျွန်ကို မေးတယ်။ သင်ဟာ မွတ်စ်လင်မ်အများပိုင် မီးဖိုဆောင်မှာ ရေနွေးတည်ခဲ့တာလား။

قَالَ: نَعَمْ!

ကျွန်က "ဟုတ်ပါတယ်"လို့ ဖြေလိုက်တယ်။

قَالَ: أَفْسَدْتَّهُ عَلَيْنَا،

သူက ပြောတယ်။ သင်ဟာ ငါ့ကို ဖျက်ဆီးလိုက်တာပဲ။

ثُمَّ حَاسَبَ تِلْكَ الْأَيَّامَ وَأَدْخَلَ الْحَطَبَ فِي الْمَطْبَخِ

ပြီးတော့ အဲဒီရေနွေးတည်ခဲ့တဲ့ရက်တွေအားလုံးကို တွက်ချက်ပြီး မီးဖိုဆောင်မှာ ထင်းပြန်ထားခိုင်းလိုက်တယ်။

وَأَبْطَأَ يَوْمًا عَنِ الْجُمُعَةِ قَلِيْلًا فَعُوْتِبَ[2] فِيْ ذٰلِكَ

တစ်ရက် ဂျုမုအဟ်စွလာသ် နောက်ကျသွားတယ်။ ဒါနဲ့ပတ်သက်ပြီး သူ့ကို ပြစ်တင်ကြတဲ့အခါ

فَقَالَ: إِنَّمَا انْتَظَرْتُ قَمِيْصِيْ غَسَلْتُهُ أَنْ يَجِفَّ[3].

သူက အခုလို ပြောခဲ့တယ်။ ကျွန်ုပ်ရဲ့ အကျီလျှော်ဖွတ်ထားတာ ခြောက်ဖို့ စောင့်နေရလို့ပါ။

قَالَ أَزْهَرُ: رَأَيْتُ عُمَرَ بْنَ عَبْدِ الْعَزِيْزِ يَخْطُبُ النَّاسَ وَعَلَيْهِ قَمِيْصٌ مَرْقُوْعٌ[4].

အဇ်ဟရ်က ပြောပြတယ်။ အုမရ်ဗင်န် အ်ဗ်ဒွလ်အဇီးဇ်ဟာ ဖာထေးထားတဲ့အကျီကို ဝတ်ပြီး ခွသ်ဗဟ်မိန့်ခွန်းပေးနေတာကို ကျွန်တော် တွေ့မြင်ခဲ့တယ်။

❀ ❀ ❀ ❀ ❀

1- سَخَّنَ–يُسَخِّنُ–تَسْخِيْنًا = ရေနွေးတည်သည်။ 2- عَاتَبَ–يُعَاتِبُ–مُعَاتَبَةً = အပြစ်တင်သည်။ 3- جَفَّ–يَجِفُّ–جَفًّا = အခြောက်လှန်းသည်။ 4- رَقَعَ–يَرْقَعُ–رَقْعًا = အဝတ်ဖာထေးသည်။

الْخَلِيْفَةُ عُمَرُ بْنُ عَبْدِ الْعَزِيْزِ رحمه الله (٢)

ခလီဖဟ်ကြီး အုမရ်ဗင်န် အဗ်ဒွလ် အဇီးဇ်(၂)

وَلَمْ يُحْدِثْ[1] عُمَرُ مُنْذُ وَلِيَ دَابَّةً وَلَا امْرَأَةً وَلَا جَارِيَةً

အုမရ်ဗင်န် အဗ်ဒွလ်အဇီးဇ်သခင်ဟာ ခလီဖဟ်တာဝန်ရယူပြီးကတည်းက အစီးအနင်းလည်း အသစ်မလဲခဲ့ဘူး၊ အမျိုးသမီးလည်း အသစ်မယူခဲ့ဘူး။ ကျွန်မလည်း အသစ်မယူခဲ့ဘူး။

حَتَّى لَحِقَ بِاللهِ،

အလ္လာဟ်နဲ့ စုံစည်းသွားတဲ့အထိပါပဲ (ကွယ်လွန်သေဆုံးသွားတဲ့အထိပါပဲ)။

وَلَمْ يُرَ ضَاحِكًا مُنْذُ وَلِيَ الْخِلَافَةَ حَتَّى لَحِقَ بِاللهِ.

ခလီဖဟ်ဖြစ်ပြီးချိန်ကတည်းကနေ ကွယ်လွန်သေဆုံးသွားတဲ့အထိ ရယ်မောတာ မတွေ့ခဲ့ရဘူး။

وَأَتَتْهُ سَلَّتَا[2] رُطَبٍ[3] مِنَ الْأُرْدُنِّ[4]، فَقَالَ: مَا هٰذَا ؟

သူ့ဆီကို စွန်ပလွံ ဝင်းရောင် ခြင်းနှစ်ခြင်း ရောက်လာတယ်။ သူက "ဒါဘာ လဲ"လို့ မေးတယ်။

قَالُوْا رُطَبٌ مِنَ الْأُرْدُنِّ،

လူတွေက "ဂျော်ဒန်နိုင်ငံက စွန်ပလွံဝင်းရောင်တွေပါလို့ ဖြေကြတယ်။

قَالَ: عَلَامَ[5] جِيْءَ بِهِ ؟ قَالُوْا: عَلَى دَوَّابِ الْبَرِيْدِ[6].

သူက မေးတယ်။ ဘယ်ပေါ်မှာ တင်ဆောင်လာကြတာလဲ။ လူတွေက ဖြေကြတယ်။

1- أَحْدَثَ–يُحْدِثُ–إِحْدَاثًا = အသစ်လဲသည်။ 2- سَلَّاتٌ (ج) سَلَّةٌ = ခြင်း။ 3- رُطَبٌ = စွန်ပလွံသီးအမှည့်အစို။ 4- الأُرْدُنُ = ဂျော်ဒန်နိုင်ငံ။ 5- عَلَامَ = ဘယ်အရာပေါ်မှာ၊ ဘာကြောင့်။ 6- البَرِيْدُ = စာပို့။

စာပို့ယဉ်နဲ့ သယ်ဆောင်လာတာပါ။

قَالَ: فَمَا جَعَلَنِيَ اللهُ أَحَقَّ بِدَوَّابِ الْبَرِيْدِ مِنَ الْمُسْلِمِيْنَ،

သူက ပြောတယ်။ အလ္လာဟ်က ငါ့ကို အများမွတ်စ်လင်မ်တွေထက်ပိုပြီး စာပို့ယဉ်ကို အသုံးပြုထိုက်သူအဖြစ် လုပ်မထားဘူး။

أَخْرِجُوْهُمَا فَبِيْعُوْهُمَا وَاجْعَلُوْا ثَمَنَهُمَا فِيْ عَلَفِ[1] دَوَّابِ الْبَرِيْدِ،

အဲဒီနစ်ခြင်းကိုထုပ်ယူသွားပြီးရောင်းလိုက်ကြ၊ရတဲ့တန်ဖိုးငွေကိုစာပို့ယဉ်တွေရဲ့အစာဖိုး သုံးလိုက်ကြပါ။

وَاشْتَرَاهُمَا فِي السُّوْقِ ابْنُ أَخِيْهِ وَأَهْدَى إِحْدَاهُمَا إِلَيْهِ،

အဲဒီနောက် ဒီနစ်ခြင်းထဲက တစ်ခြင်းကို သူ့ရဲ့တူဖြစ်သူက ဝယ်ယူပြီး သူ့ကို လက်ဆောင် ပြန်ပေးတယ်။

فَأَكَلَ وَقَالَ: الْآنَ طَابَ أَكْلُهُ.

အဲဒီတော့မှ စားပြီး အခုလို ပြောခဲ့တယ်။ အခုမှ စားရတာ အရသာရှိသွားပြီ။

وَدَخَلَ عَلَى بَنَاتِهِ ذَاتَ لَيْلَةٍ، فَوَضَعْنَ أَيْدِيَهُنَّ عَلَى أَفْوَاهِهِنَّ،

တစ်ညမှာ သမီးတွေထံကို ဝင်လာတယ်။ သမီးတွေက ပါးစပ်ပေါ်မှာ လက်တွေတင်ထား ကြတယ်။

فَقَالَ لِلْحَاضِنَةِ[2]: مَا شَأْنُهُنَّ[3]؟

သူက အထိန်းတော်ကို မေးတယ်။ သူတို့ ဘာဖြစ်နေကြတာလဲ။

قَالَتْ: لَمْ يَكُنْ عِنْدَهُنَّ شَيْءٌ يَتَعَشَّيْنَهُ[4] إِلَّا عَدَسٌ[5] وَبَصَلٌ[6]،

အထိန်းတော်က ဖြေတယ်။ သူတို့ဆီမှာ ညစာစားစရာဆိုလို့ ပဲနီလေးနဲ့ ကြက်သွန်နီ ကလွဲပြီး တခြားဘာမှ မရှိဘူး။

فَكَرِهْنَ أَنْ تَشُمَّ[7] ذٰلِكَ مِنْ أَفْوَاهِهِنَّ،

ဒါကြောင့် သူတို့ရဲ့ပါးစပ်ကနေ အနံ့နံမှာဆိုးလို့ အခုလို အုပ်ထားတာပါ။

فَبَكَى عُمَرُ، ثُمَّ قَالَ لَهُنَّ:

1- عَلَفٌ (ج) أَعْلَافٌ = တိရစ္ဆာန်အစာ။ 2- حَاضِنَةٌ (ج) حَوَاضِنُ = ကလေးထိန်း။
3- شَأْنٌ (ج) شُؤُوْنٌ = အခြေအနေ။ 4- تَعَشَّى - يَتَعَشَّى - تَعَشِّيًا ညစာ စားသည်။ 5-
عَدَسٌ = ပဲနီလေး။ 6- بَصَلٌ ကြက်သွန်နီ။ 7- شَمَّ - يَشُمُّ - شَمًّا = အနံ့ခံသည်။

အဲဒီအခါ အုမရ်က ငိုတယ်။ ပြီးတော့ သူတို့ကို ပြောတယ်။

يَا بَنَاتِيْ مَا يَنْفَعُكُنَّ أَنْ تَعشَّيْنَ الأَلْوَانَ[1] وَيُمَرُّ بِأَبِيْكُنَّ إِلَى النَّارِ،

အို၊ သမီးတို့၊ အသင်တို့တွေ အစားကောင်းအသောက်ကောင်းတွေ စားသောက်ရပြီး သင်တို့ရဲ့ ဖခင်ဟာ ငရဲဘုံကို ခေါ်ဆောင်ခြင်းခံရရင် ဘာအကျိုးရှိမှာလဲ။

فَبَكَيْنَ حَتَّى عَلَتْ أَصْوَاتُهُنَّ.

သမီးတွေဟာ အသံကျယ်လောင်စွာ ငိုကြွေးကြတော့တယ်။

وَوَضَعَ عُمَرُ حَلْيَ[2] زَوْجَتِهِ فِيْ بَيْتِ الْمَالِ،

အုမရ်ဟာ ဇနီးမိန်းမရဲ့ လက်ဝတ်တန်ဆာတွေကို ဗိုင်သွလ်မာလ်မှာ ပြန်ထားခဲ့တယ်။

وَأَرْجَعَ[3] مَزَارِعَهُ إِلَى مَاكَانَتْ عَلَيْهِ فِيْ عَهْدِ الرَّسُوْلِ ﷺ.

သူ့အပိုင်ရတဲ့ လယ်ယာမြေတွေကို တမန်တော်မြတ် ﷺ ရှိစဉ်အခါကအတိုင်း ပြန်ထားပေးလိုက်တယ်။

وَإِذَا كَانَ فِيْ حَوَائِجِ الْعَامَّةِ كَتَبَ عَلَى الشَّمْعِ[4]،

အများပြည်သူလူထုရဲ့ လိုအပ်ချက်တွေအတွက်ဆိုရင် ဖယောင်းတိုင်ကို အသုံးပြုတယ်။

وَإِذَا صَارَ إِلَى حَاجَةِ نَفْسِهِ دَعَا بِسِرَاجِهِ.

မိမိရဲ့ တစ်ကိုယ်ရေ လိုအပ်ချက်အတွက်ဆိုရင် မိမိရဲ့ မီးအိမ်ကို ယူလာ ခိုင်းတယ်။

وَقَدْ أَغْنَى[5] عُمَرُ بْنُ عَبْدِ الْعَزِيْزِ النَّاسَ،

အုမရ်ဗင်န် အဗ်ဒွလ်အဇီးဇ်ဟာ လူတွေကို ချမ်းသာကြွယ်ဝအောင် လုပ်ပေးခဲ့တယ်။

حَتَّى لَمْ يُوْجَدْ فَقِيْرٌ فِيْ بِلَادِ الْمُسْلِمِيْنَ،

အဘယ်မျှဆိုရသော် မွတ်စ်လင်မ်နိုင်ငံတွေမှာ ဆင်းရဲသား မတွေ့ရတော့ ဘူး။

وَلَمْ يُوْجَدْ أَحَدٌ يَأْخُذُ الصَّدَقَاتِ.

စွဒကဟ်အလှူဒါန လက်ခံယူတဲ့သူလည်း မတွေ့ရတော့ဘူး။

وَكَانَ لَا يُؤَخِّرُ عَمَلَ الْيَوْمِ لِلْغَدِ، وَلَا يَعْجِزُ،

1- أَلْوَانٌ مِنَ الطَّعَامِ = စားစရာမျိုးစုံ။ 2- حُلِيٌّ (ج) حَلْيٌ = လက်ဝတ်လက်စား။
3- أَرْجَعَ-يُرْجِعُ-إِرْجَاعًا = ပြန်ထားသည်။ 4- شُمُوْعٌ (ج) شَمْعٌ = ဖယောင်း။ 5- أَغْنَى-يُغْنِي-إِغْنَاءً = ချမ်းသာကြွယ်ဝအောင်လုပ်ပေးသည်။

အုမရ်သခင်ဟာ ဒီနေ့အလုပ်ကို နောက်နေ့အတွက် မဆိုင်းငံ့ဘူး။ ဖွဲလည်း မလျှော့လိုက်ဘူး။

قَالَ بَعْضُ إِخْوَتِه: يَا أَمِيْرَ الْمُؤْمِنِيْنَ ! لَوْ رَكِبْتَ فَتَرَوَّحْتَ[1]،

ညီနောင်အချို့က သူ့ကို ပြောကြတယ်။ အို၊ မုအ်မင်န်တို့ရဲ့ ခေါင်းဆောင် ကြီး၊ အစီးအနင်းစီးပြီး လေညှင်းခံထွက်ပါလား။

قَالَ: فَمَنْ يَقْضِيْ شُغْلَ ذٰلِكَ الْيَوْمِ ؟

သူက ပြန်ဖြေတယ်။ ဒီနေ့ရဲ့အလုပ်ကို ဘယ်သူက ပြီးပြတ်အောင် လုပ်ပေးမှာလဲ။

قَالَ: تَقْضِيْهِ مِنَ الْغَدِّ،

လူတစ်ဦးက ပြောတယ်။ မနက်ဖြန်မှ လုပ်လိုက်ပေါ့။

قَالَ: لَقَدْ ثَقُلَ عَمَلُ يَوْمٍ وَاحِدٍ فَكَيْفَ إِذَا اجْتَمَعَ عَمَلُ يَوْمَيْنِ ؟

သူက ပြောတယ်။ တစ်ရက်ရဲ့အလုပ်တောင် လေးလံခက်ခဲနေတာ နှစ်ရက်အလုပ်စုသွားရင် ဘယ်လို လုပ်နိုင်တော့မှာလဲ။

مَاتَ عُمَرُ بْنُ عَبْدِ الْعَزِيْزِ سَنَةَ ١٠١هـــ.

အုမရ်ဗင်န် အဗ်ဒွလ်အဇီးဇ်သခင်ဟာ ဟိဂ်ျရီ ၁၀၁ခုမှာ ကွယ်လွန်ခဲ့ပါတယ်။

1- تَرَوَّحَ–يَتَرَوَّحُ–تَرَوُّحًا = ညနေချိန် အပန်းဖြေသည်။

فِيْ بَيْتِ أَبِيْ أَيُّوبَ الْأَنْصَارِيِّ رضي الله عنه

အဗူအိုင်ယူးဗ် အန်စွာရီ رضي الله عنه ၏ အိမ်တွင်

قَالَ سَيِّدُنَا أَبُوْ أَيُّوْبَ رضي الله عنه: لَمَّا نَزَلَ[1] عَلَيَّ رَسُوْلُ اللهِ ﷺ فِيْ بَيْتِي،

အဗူအိုင်ယူးဗ် رضي الله عنه က ပြောပြတယ်။ တမန်တော်မြတ်ဟာ ကျွန်တော့်အိမ်မှာ လာရောက်တည်းခိုတဲ့အခါ

نَزَلَ فِي السُّفْلِ[2]، وَأَنَا وَأُمُّ أَيُّوْبَ فِي الْعُلُوِّ[3]

အောက်ထပ်မှာ တည်းပြီး ကျွန်တော်နဲ့ ကျွန်တော့်ဇနီး အုမ္မုအိုင်ယူးဗ်က အပေါ်ထပ်မှာ နေတယ်။

فَقُلْتُ لَهُ: يَانَبِيَّ اللهِ! بِأَبِيْ أَنْتَ وَأُمِّيْ،

ကျွန်တော်က ကိုယ်တော့်ထံမှာ လျှောက်ထားခဲ့တယ်။ အို၊ တမန်တော်၊ ကျွန်တော်မျိုးရဲ့ မိခင်နဲ့ ဖခင် ကိုယ်တော့်အတွက် စတေးပါတယ်။

إِنِّي لَأَكْرَهُ وَأُعْظِمُ[4] أَنْ أَكُوْنَ فَوْقَكَ، وَتَكُوْنَ تَحْتِيْ،

ကျွန်တေယ်မျိုးဟာ ကိုယ်တော့်ရဲ့အပေါ်မှာနေပြီး ကိုယ်တော်က ကျွန်တော့်ရဲ့အောက်မှာနေတာကို ကျွန်တော်မျိုး မနှစ်မြို့ပါဘူး၊ မသင့်တော် ပါဘူး။

فَاظْهَرْ[5] أَنْتَ فَكُنْ فِي الْعُلُوِّ، وَنَنْزِلُ نَحْنُ فَنَكُوْنَ فِي السُّفْلِ،

ကိုယ်တော်မြတ် ﷺ ပဲ အပေါ်ထပ်မှာ နေပါ။ကျွန်တော်တို့တွေ အောက်ဆင်းပြီး နေလိုက်ပါမယ်။

فَقَالَ: يَا أَبَا أَيُّوْبَ، إِنَّ أَرْفَقَ[6] بِنَا وَبِمَنْ يَغْشَانَا[7]، أَنْ نَكُوْنَ فِيْ سُفْلِ الْبَيْتِ.

1- نَزَلَ–يَنْزِلُ–نُزُوْلًا = တည်းခိုသည်။ 2- سُفْلُ الْبَيْتِ = အိမ်အောက်ထပ်။ 3- عُلُوُّ الْبَيْتِ = အိမ်အပေါ်ထပ်။ 4- أَعْظَمَ–يُعْظِمُ–إِعْظَامًا = မသင့်တော်ဘူးလို့ မှတ်ယူသည်။ 5- ظَهَرَ عَلَى الْبَيْتِ = အိမ်ပေါ်သို့ တက်သည်။ 6- أَرْفَقُ = ပိုပြီး အဆင်ပြေသော။ 7- غَشِيَ–يَغْشَى–غِشْيَانًا = လာသည်။

အဲဒီအခါ ကိုယ်တော်မြတ် ﷺက မိန့်ကြားတော်မူတယ်။ အို၊ အဗူအိုင် ယူးဗ်၊ ငါကိုယ်တော် အောက်ထပ်မှာ နေခြင်းကသာ ငါ့အတွက်ရော၊ ငါ့ဆီလာတဲ့သူတွေအတွက်ရော အဆင်အပြေဆုံးပဲ။

قَالَ : فَكَانَ رَسُوْلُ اللهِ ﷺ فِيْ سُفْلِه، وَكُنَّا فَوْقَهُ فِي الْمَسْكَنِ،

အဗူအိုင်ယူးဗ်က ပြောပြတယ်။ ဒီလိုနဲ့ တမန်တော်မြတ် ﷺဟာ အောက်ထပ်မှာ နေတယ်။ ကျွန်တော်တို့က အပေါ်ထပ်မှာ နေခဲ့တယ်။

فَلَقَدْ انْكَسَرَ حُبٌّ[1] لَنَا فِيْهِ مَاءٌ،

တစ်ခါမှာ ရေထည့်ထားတဲ့ ရေခွက်ဟာ ကွဲသွားတယ်။

فَقُمْتُ أَنَا وَأُمُّ أَيُّوْبَ بِقَطِيْفَةٍ[2] لَنَا، مَالَنَا لِحَافٌ[3] غَيْرُهَا،

ဒါနဲ့ ကျွန်တော်နဲ့ ကျွန်တော့်ဇနီး အုမ္မုအိုင်ယူးဗ်ဟာ ကျွန်တော်တို့ရဲ့ စောင်ကိုယူပြီး ထလိုက်တယ်။ ကျွန်တော်တို့ဆီမှာ ဒီစောင်ကလွဲပြီး တခြားစောင်မရှိခဲ့ဘူး။

نُنَشِّفُ[4] بِهَا الْمَاءَ، تَخَوُّفًا أَنْ يَقْطُرَ عَلَى رَسُوْلِ اللهِ ﷺ مِنْهُ شَيْءٌ فَيُؤْذِيَه.

ရေစက်တွေ အောက်ကျပြီး ကိုယ်တော့်ကို ဒုက္ခဖြစ်စေမှာစိုးလို့ ကျွန်တော်တို့ဟာ အဲဒီစောင်နဲ့ ရေသုပ်လိုက်တယ်။

قَالَ : وَكُنَّا نَصْنَعُ لَهُ الْعَشَاءَ، ثُمَّ نَبْعَثُ بِه إِلَيْه،

အဗူအိုင်ယူးဗ်က ပြောပြတယ်။ ကျွန်တော်တို့ဟာ ကိုယ်တော့်အတွက် ညစာ စီမံပေးခဲ့တယ်။ ပြီးရင် ကိုယ့်တော့်စီ ပို့ပေးတယ်။

فَإِذَا رَدَّ عَلَيْنَا فَضْلَهُ[5] تَيَمَّمْتُ[6] أَنَا وَأُمُّ أَيُّوْبَ مَوْضِعَ يَدِه، فَأَكَلْنَا مِنْهُ

ကိုယ်တော်က ပိုလျှံတာကို ကျွန်တော်တို့စီ ပြန်ပို့လိုက်ရင် ကျွန်တော်နဲ့ အုမ္မုအိုင်ယူးဟာ ကိုယ်တော့်လက်နဲ့ ထိထားတဲ့နေရာကို ရည်ရွယ်ပြီး အဲဒီကနေ စားတယ်။

نَبْتَغِ[4] بِذٰلِكَ الْبَرَكَةَ،

---

1 - حُبٌّ (ج) أَحْبَابٌ وَحِبَبَةٌ = ရေအိုး။ 2– قَطِيْفَةٌ (ج) قَطَائِفُ = ခြုံစောင်။ 3– لِحَافٌ (ج) لُحُفٌ = ခြုံစောင်။ 4– نَشَّفَ–يُنَشِّفُ–تَنْشِيْفًا = ရေသုတ်သည်။ 5– فَضْلٌ = အပိုအလျှံ။ 6– تَيَمَّمَ–يَتَيَمَّمُ–تَيَمُّمًا = ရည်ရွယ်သည်၊ ဦးတည်သည်။ 7– اِبْتَغَى–يَبْتَغِيْ–اِبْتِغَاءً = ရှာဖွေသည်၊ ရည်စူးသည်။

ဗရကာသ်မင်္ဂလာရဖို့ မျှော်လင့်တာဖြစ်တယ်။

حَتَّى بَعَثْنَا إِلَيْهِ لَيْلَةً بِعَشَائِهِ وَقَدْ جَعَلْنَا لَهُ فِيْهِ بَصَلًا[1] أَوْ ثُوْمًا[2]،

ဒီလိုနဲ့ ညတစ်ညမှာ ကျွန်တော်တို့ဟာ ကိုယ်တော့်ဆီကို ညစာပို့ပေး လိုက်တယ်။ အဲဒီနေ့ ညစာမှာ ကြက်သွန်နီ၊ ဒါမှမဟုတ် ကြက်သွန်ဖြူ ထည့်ပေးလိုက်မိတယ်။

فَرَدَّهُ رَسُوْلُ اللهِ ﷺ، وَلَمْ أَرَ لِيَدِهِ فِيْهِ أَثَرًا.

ကိုယ်တော်မြတ် ﷺ က အဲဒီညစာကို ပြန်ပေးလိုက်တဲ့အခါ ကိုယ်တော့်ရဲ့ လက်အရာကို မတွေ့ခဲ့ရဘူး။

قَالَ: فَجِئْتُهُ فَزِعًا[3]، فَقُلْتُ: يَا رَسُوْلَ اللهِ، بِأَبِيْ أَنْتَ وَأُمِّيْ،

အဗူအိုင်ယူဗ်က ဆက်ပြောပြတယ်။ ဒါနဲ့ ကျွန်တော်ဟာ အထိတ်တလန့်နဲ့ ကိုယ်တော်ဆီကို လာပြီး လျှောက်ထားတယ်။ အို၊ ကိုယ်တော်၊ ကျွန်တော့်ရဲ့ မိဘကို ကိုယ်တော့်အတွက် စတေးပါတယ်။

رَدَدْتَّ عَشَاءَكَ، وَلَمْ أَرَ فِيْهِ مَوْضِعَ يَدِكَ،

ကိုယ်တော်ဟာ ညစာပြန်ပေးလိုက်ပါတယ်။ ဒါပေမဲ့ အဲဒီမှာ ကိုယ်တော့်ရဲ့ လက်ရာလည်း မတွေ့ရပါလား။

وَكُنْتُ إِذَا رَدَدْتَّهُ عَلَيْنَا، تَيَمَّمْتُ[4] أَنَا وَأُمُّ أَيُّوْبَ مَوْضِعَ يَدِكَ، نَبْتَغِيْ بِذٰلِكَ الْبَرَكَةَ،

အရင်နေ့တွေက ကိုယ်တော်က ညစာ ပြန်ပေးလိုက်ပြီဆိုရင် ကျွန်တော်နဲ့ အုမ္မုအိုင်ယူဗ်ဟာ ဗရကာသ်ရဖို့ ကိုယ်တော့်ရဲ့ လက်ရာကို ရည်ရွယ် ရှာပြီစားကြပါတယ်။

قَالَ: إِنِّيْ وَجَدْتُّ فِيْهِ رِيْحَ هٰذِهِ الشَّجَرَةِ،

တမန်တော်မြတ်က မိန့်ကြားတော်မူတယ်။ ငါကိုယ်တော်ဟာ အဲဒီမှာ ဒီအပင်ရဲ့ အနံ့ကို ရခဲ့တယ်။

وَأَنَا رَجُلٌ أُنَاجِيْ[5]، فَأَمَّا أَنْتُمْ فَكُلُوْهُ.

ငါကိုယ်တော်ဟာ ကောင်းကင်တမန်နဲ့ နှစ်ကိုယ်ကြား စကားပြောရတယ်။ အသင်တို့

1- بَصَلٌ = ကြက်သွန်နီ။ 6- ثُوْمٌ = ကြက်သွန်ဖြူ။ 3- فَزِعَ–يَفْزَعُ–فَزَعًا فَهُوَ فَزِعٌ = စိုးရိမ်ပူပန်သည်။ 4- تَيَمَّمَ–يَتَيَمَّمُ–تَيَمُّمًا = ရည်စူးသည်။ 5- نَاجَى–يُنَاجِيْ–مُنَاجَاةً = နှစ်ကိုယ် ကြား တိုးတိုးစွာ ပြောသည်။

ကတော့ စားသောက်ကြပါ။

قَالَ: فَأَكَلْنَاهُ، وَلَمْ نَصْنَعْ لَهُ تِلْكَ الشَّجَرَةَ بَعْدُ.

အဗူအိုင်ယူးဗ်က ပြောတယ်။ ဒါနဲ့ ကျွန်တော်တို့ဟာ အဲဒါကို စားလိုက်ကြ တယ်။ အဲဒီနောက် အဲဒီအပင်ကို ဘယ်တော့မှ မလုပ်ပေးတော့ဘူး။[1]

الإِمَامُ مَالِكُ بْنُ أَنَسٍ رحمه الله

အိမာမ် မာလိက်ဗင်န် အနတ်စ်

وُلِدَ الْإِمَامُ مَالِكُ بْنُ أَنَس رحمه الله سَنَةَ ثَلَاث وَتِسْعِينَ فِي الْمَدِيْنَةِ الْمُنَوَّرَة،

အိမာမ်မာလိက်ဗင်န် အနတ်စ်ကို ဟိဂျ်ရီ ၉၃ခုနှစ်မှာ မဒီနဟ်ရွှေမြို့တော်မှာ ဖွားမြင်ခဲ့ပါတယ်။

وَسَمِعَ الزُّهْرِيَّ وَنَافِعًا مَوْلَى ابْنِ عُمَرَ رضي الله عنه،

ဇုဟ်ရီ رحمه الله နဲ့ အိဗ်နုအုမရ် رضي الله عنه ရဲ့ ကျေးကျွန်ဖြစ်သူ နာဖိအ်တို့ထံမှ ဟဒီးဆ် ကြားနာခဲ့တယ်။

وَأَخَذَ الْعِلْمَ[2] عَنْ رَبِيْعَةَ الرَّأْيِ

ရဗီအသွရ် ရအ်ယ် رحمه الله ထံမှ ပညာသင်ယူဆည်းပူးခဲ့တယ်။

وَقَالَ: قَلَّ رَجُلٌ كُنْتُ أَتَعَلَّمُ مِنْهُ مَا مَاتَ حَتَّى يَجِيْئَنِي وَيَسْتَفْتِيَنِي[2].

အိမာမ် မာလိက်က မိန့်ဆိုခဲ့တယ်။ ကျွန်တော် ပညာသင်ယူဆည်းပူး ခဲ့တဲ့ဆရာ တွေဟာ ကျွန်တော့်ဆီမှာပြန်ပြီး ဖသ်ဝါမမေးခဲ့ရဘဲ သေဆုံးကွယ်လွန်တာ မရှိသလောက် ရှားတယ်။

1- (سِيْرَةُ ابْنِ هِشَام) စီရသ် အိဗ်နုဟိရှားမ်ကျမ်း။

2- أَخَذَ الْعِلْمَ = ပညာသင်ယူဆည်းပူးသည်။ 2- اِسْتَفْتَى = မေးမြန်းသည်။

وَكَانَ لَهُ شَأْنٌ[1] عَظِيْمٌ فِي الْعِلْم

ပညာအရာမှာ အိမာမ်မာလိက် ﷺ ရဲ့ ဂုဏ်သတင်းဟာ အလွန် ကြီးမား ခဲ့ပါတယ်။

يَرْحَلُ[2] النَّاسُ إِلَيْهِ مِنَ الْآفَاقِ،

သူ့ထံမှာ ပညာသင်ယူဖို့အတွက် လူတွေဟာ ကမ္ဘာ့နေရာဒေသ အသီးသီးကနေ ခရီးနှင် လာခဲ့ကြတယ်။

وَيَزْدَحِمُوْنَ[3] عَلَى بَابِهِ لِأَخْذِ الْحَدِيْثِ وَالْفِقْهِ

ဟဒီးဆ်နဲ့ ဖိကဟ်သင်ယူဖို့အတွက် သူ့အိမ်တံခါးဝမှာ လူတွေ ကြိတ်ကြိတ် တိုးနေကြတယ်။

كَازْدِحَامِهِمْ عَلَى بَابِ السُّلْطَانِ،

ဘုရင့်တံခါးဝမှာ လူတိုးနေသလိုပါပဲ။

وَكَانَ النَّاسُ يَفْتَخِرُوْنَ بِالرِّوَايَةِ عَنْهُ،

သူ့ထံကနေ ဟဒီးဆ်ဆင့်ပြန်ရခြင်းကို လူတွေက ဂုဏ်ယူခဲ့ကြတယ်။

وَكَانَ ذٰلِكَ شَرَفًا كَبِيْرًا فِيْ عَصْرِهِ،

သူ့ခေတ်တုန်းက ဒါဟာ ကြီးမားတဲ့ ဂုဏ်ယူစရာကြီးတစ်ခုဖြစ်ခဲ့တယ်။

فَإِذَا قَالَ أَحَدٌ: حَدَّثَنِيْ مَالِكٌ، رَفَعَ النَّاسُ إِلَيْهِ أَبْصَارَهُمْ.

တကယ်လို့ တစ်ဦးတစ်ယောက်က "ကျွန်တော့်ပို မာလိက်က ဟဒီးဆ် ပြောပြခဲ့တယ်" လို့ ပြောလိုက်ရင် လူတွေဟာ အဲဒီသူကို မော့ကြည့်ကြ လေတယ်။

وَكَانَ إِلَيْهِ الْمُنْتَهَى[4] فِي الْفِقْهِ وَالْفَتْوَى.

ဖိက်ဟ်နဲ့ ဖသ်ဝါပညာရပ်တွေမှာ အဆုံးစွန်ထိ တက်မြောက်ခဲ့တယ်။

قَالَ ابْنُ وَهَب: سَمِعْتُ مُنَادِيًا يُنَادِيْ بِالْمَدِيْنَةِ:

အိဗ်နုဝဟာဗ်ကပြောပြတယ်။ မဒီနာမြို့မှာ ကြေညာသူတစ်ဦးက အခုလို ကြေညာနေတာကို ကျွန်တော် ကြားခဲ့တယ်။

1- 1- شَأْنٌ = ဂုဏ်သတင်း။ 2- رَحَلَ–يَرْحَلُ–رَحْلًا وَتَرْحَالًا = ခရီးနှင်သည်။ 3- اِزْدَحَمَ–يَزْدَحِمُ–اِزْدِحَامًا = လူအုံသည်၊ ကြိတ်ကြိတ်တိုးနေသည်။ 4- إِلَيْهِ الْمُنْتَهَى فِى الْفِقْهِ = အဆုံးစွန် တတ်မြောက်သူ။

أَلَا لَا يُفْتِي[1] النَّاسَ إِلَّا مَالِكُ بْنُ أَنَسٍ وَابْنُ أَبِيْ ذِئْبٍ،

"မာလိက်ဗင်န် အနတ်စ်နဲ့ အိဗ်နုအဗီ ဇိအ်ဗ်မှအပ မည်သူမှ လူအများကို ဖသ်ဝါမပေးရ။"

وَمِنَ الْأَمْثَالِ السَّائِرَةِ[2]: لَا يُفْتَىٰ وَمَالِكٌ فِي الْمَدِيْنَةِ.

ဆိုရိုးစကားတစ်ခု ရေပန်းစားခဲ့တယ်။ "မဒီနဟ်မှာ မာလိက် رحمة الله عليه နေလျှင် အခြားသူ ဖသ်ဝါမပေးရ။"

وَكَانَ كَثِيْرَ الْأَدَبِ، شَدِيْدَ التَّعْظِيْمِ لِحَدِيْثِ رَسُوْلِ اللهِ،

သူဟာ တမန်တော်မြတ်ရဲ့ ဟဒီးဆ်တော်ကို အလွန် ဂုဏ်ပေးလေးစားသူ၊ ရိုသေကိုင်းရှိုင်းသူ ဖြစ်တယ်။

إِذَا أَرَادَ أَنْ يُحَدِّثَ اغْتَسَلَ وَتَطَيَّبَ[3] وَلَبِسَ ثِيَابًا جُدُدًا[4]،

ဟဒီးဆ်ဆင့်ပြန်ဖို့ ရည်ရွယ်ပြီဆိုတာနဲ့ ဦးစွာ ရေချိုးတယ်၊ ရေမွှေးလိမ်းတယ်။ အင်္ကျီအသစ် ဝတ်ဆင်တယ်။

وَتَعَمَّمَ[5] وَقَعَدَ بِخُشُوْعٍ وَخُضُوْعٍ وَوَقَارٍ،

ခေါင်းပေါင်း ပေါင်းတယ်။ ပြီးနောက် ရိုကျိုးစွာ၊ တည်ငြိမ်စွာ ထိုင်လိုက် တယ်။

وَتَبَخَّرَ[6] بِالْعُوْدِ[7] مِنْ أَوَّلِهِ فَلَا يَزَالُ يَتَبَخَّرُ إِلَى فَرَاغِهِ

ပြီးနောက် သစ်မွှေးကို မီးတိုက်တယ်။ အစမှ အဆုံးတိုင် စဉ်ဆက်မပြတ် သေးမွှေးကို မီးတိုက်တယ်။

وَقِيْلَ لَهُ فِيْ ذٰلِكَ، فَقَالَ: أُحِبُّ أَنْ أُعَظِّمَ حَدِيْثَ رَسُوْلِ اللهِ،

ဒါနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ သူက အခုလို ဖြေခဲ့တယ်။ "ကျွန်တော်ဟာ တမန်တော်မြတ် ﷺ ရဲ့ ဟဒီးဆ်တော်ကို ဂုဏ်ပေး လေးစားရတာကို နှစ်သက်တယ်။

وَلَا أُحَدِّثُ بِهِ إِلَّا مُتَمَكِّنًا[8] عَلَى طَهَارَةٍ.

ပြီးတော့ သန့်ရှင်းမှု အပြည့်အဝရယူပြီးမှ ဟဒီးဆ် ဆင့်ပြန်ချင်တယ်။"

1- إِفْتَاءً–يُفْتِي–أَفْتَى = ဓမ္မသတ်ဖြေသည်။ 2- السَّائِرَةُ الْأَمْثَالُ = ရေပန်းစားနေသော ဆိုရိုး။ 3- تَطَيُّبًا–يَتَطَيَّبُ–تَطَيَّبَ ရေမွှေးလိမ်းသည်။ 4- جُدُدٌ (ج) جَدِيْدٌ = အသစ်။ 5- تَعَمُّمًا–يَتَعَمَّمُ–تَعَمَّمَ = ခေါင်းပေါင်းပေါင်းသည်။ 6- تَبَخُّرًا–يَتَبَخَّرُ–تَبَخَّرَ = အငွေ့တိုက်သည်။ 7- عُوْدٌ = အူးဒ်သစ်မွှေးပင်။ 8- عَلَى مُتَمَكِّنٌ = ပိုင်ပိုင်နိုင်နိုင်ဖြစ်သော။

وَكَانَ يَكْرَهُ أَنْ يُحَدِّثَ عَلَى الطَّرِيْقِ، أَوْ مُسْتَعْجِلًا[1]

လမ်းမှာ ဒါမှမဟုတ် အလျင်စလို ဟဒီဆ်ဆင့်ပြန်ရတာကို မနှစ်သက်ဘူး။

وَيَقُوْلُ: أُحِبُّ أَنْ أَتَفَهَّمَ[2] مَا أُحَدِّثُ بِهِ عَنْ رَسُوْلِ اللهِ.

သူက အခုလို ပြောလေ့ရှိတယ်။ “တမန်တော်မြတ် ﷺ ထံကနေ ကျွန်ုပ် ဆင့်ပြန်တဲ့ ဟဒီးဆ်တွေကို ကျွန်ုပ်ကိုယ်တိုင်နားလည်းသဘောတာကို လိုလားနှစ်သက်တယ်။

قَالَ عَبْدُ اللهِ بْنُ الْمُبَارَكَ: كُنْتُ عِنْدَ مَالِك، وَهُوَ يُحَدِّثُنَا،

အဗ်ဒွလ္လာဟ်ဗင်န် မုဘာရက်က ပြောပြတယ်။ ကျွန်တော်ဟာ မာလိက်ထံမှာ ရှိနေခဲ့တယ်။ သူက ကျွန်တော်တို့က ဟဒီဆ်ဆင့်ပြန်နေတယ်။

فَلَدَغَتْهُ[3] عَقْرَبٌ[4] سِتَّ عَشَرَةَ مَرَّةً،

အဲဒီအချိန် သူ့ကို ကင်းမြီးကောက်တစ်ကောင်က ၁၆ကြိမ် ကိုက်ခဲ့တယ်။

وَمَالِكٌ يَتَغَيَّرُ لَوْنُهُ، وَلَا يَقْطَعُ الْحَدِيْثَ،

မာလိက်ဟာ မျက်နှာ အရောင်ပြောင်းနေပြီ။ ဒါပေမဲ့ ဟဒီဆ်ဆင့်ပြန်တာ မဖြတ်လိုက်ဘူး။

فَلَمَّا تَفَرَّقَ[5] النَّاسُ قَالَ: إِنَّمَا صَبَرْتُ إِجْلَالًا[6] لِلْحَدِيْثِ.

လူတွေ လူစုခွဲကွဲသွားပြီး ပြန်သွားတော့မှ ပြောတယ်။ ငါဟာ ဟဒီဆ်ကို ဂုဏ်ပေးတဲ့အတွက် သည်းခံမျိုသိပ်ခဲ့တာ ဖြစ်တယ်။

وَكَانَ لَا يَرْكَبُ فِي الْمَدِيْنَةِ عَلَى ضَعْفِهِ وَكِبَرِ سِنِّهِ،

အိမာမ်မာလိက်ဟာ အားအင်ချည့်နဲ့နေလင့်ကစား၊ အသက်အရွယ်ကြီးရင့်နေလင့်ကစား မဒီနဟ်မြို့မှာ အစီးအနင်းမစီးခဲ့ဘူး။

وَيَقُوْلُ: لَا أَرْكَبُ فِيْ مَدِيْنَةٍ فِيْهَا جُثَّةُ[7] رَسُوْلِ اللهِ مَدْفُوْنَةٌ.

သူက ပြောတယ်။ တမန်တော်မြတ် ﷺ ရဲ့ ရုပ်ကလာပ်တော်ကို မြှုပ်နှံထား တဲ့ မြို့မှာ ငါ အစီးအနင်း မစီးဘူး။

1- اسْتَعْجَلَ = အလောသုံးဆယ်လုပ်သည်။ 2– تَفَهَّمَ–يَتَفَهَّمُ–تَفَهُّمًا = နားလည်သဘောပေါက်သည်။ 3– لَدَغَ–يَلْدَغُ–لَدْغًا وَتَلْدَاغًا = မြွေ၊ ကင်း ကိုက်သည်။ 4–(ج) عَقْرَبٌ عَقَارِبُ = ကင်း။ 5– تَفَرَّقَ–يَتَفَرَّقُ–تَفَرُّقًا လူစုကွဲသည်။ 6– أَجَلَّ–يُجِلُّ– إِجْلَالًا = ဂုဏ်ပေးလေးစားသည်။ 7– جُثَثٌ (ج) جُثَّةٌ = ခန္ဓာ၊ ရုပ်ကလာပ်။

وَكَانَ مَجْلِسُهُ مَجْلِسَ وَقَارٍ وَحِلْمٍ

သူ့ရဲ့ ထိုင်ဝိုင်းဟာ ခန့်ညားတည်ကြည်ပြီး သည်းခံမျိုသိပ်မှုရှိတဲ့ ထိုင်ဝိုင်း ဖြစ်တယ်။

وَكَانَ رَجُلًا مَهِيْبًا نَبِيْلًا،

သူဟာ အရှိန်အဝါကြီးသူ၊ မွန်ရည်သူ ဖြစ်တယ်။

لَيْسَ فِيْ مَجْلِسِهِ شَيْءٌ مِنَ الْمِرَاءِ[1] وَاللَّغَطِ[2]، وَلَا رَفْعُ صَوْتٍ،

သူ့ရဲ့ထိုင်ဝိုင်းမှာ စကားအချေအတင်ပြောခြင်း၊ အော်ဟစ်ဆူညံ့သံတွေ မရှိဘူး။

وَكَانَ الْغُرَبَاءُ يَسْأَلُوْنَهُ عَنِ الْحَدِيْثِ فَلَا يُجِيْبُ إِلَّا فِي الْحَدِيْثِ بَعْدَ الْحَدِيْثِ.

သူစိမ်းတွေဟာ.သူ့ကို ဟဒီးဆ်လာမေးရင် ဟဒီးဆ်ဆင့်ပြန်ပြီးမှ စကားပြောရင်း ဖြေကြားတယ်။

سَأَلَ هَارُوْنُ الرَّشِيْدُ مَالِكًا أَنْ يَأْتِيَ فَأَبَى،

ဟာရူးန်ရရှီဒ်ဘုရင်ကြီးက သူ့စီလာဖို့ မာလိက်ကို ခေါ်တယ်။ မာလိက်က လက်မခံ ငြင်းဆန်လိုက်တယ်။

فَأَتَى هَارُوْنُ مَالِكًا وَهُوَ فِيْ مَنْزِلِهِ،

အဲဒီအခါ ဟာရူန်ရရှိဒ်ဘုရင်ကြီးကိုယ်တိုင် မာလိက်စီကို အိမ်မှာ လာတွေ့ တယ်။

وَمَعَهُ بَنُوْهُ وَسَأَلَ أَنْ يَقْرَأَ عَلَيْهِمْ، فَقَالَ:

ဘုရင်ကြီးနဲ့အတူ သူ့ရဲ့သားတွေလည်း ပါလာတယ်။ ဘုရင်ကြီးက သူ့ရဲ့သားတွေ စာဖတ်ပြဖို့ ပြောတဲ့အခါ သူက ပြောတယ်။

مَاقَرَأْتُ عَلَى أَحَدٍ مُنْذُ زَمَانٍ، وَإِنَّمَا يُقْرَأُ عَلَيَّ،

ငါဟာ ဘယ်သူ့ကိုမှ စာဖတ်မပြတာ တော်တော်ကြာပါပြီ။ ငါ့ကိုပဲ ဖတ်ပြ ရပါတယ်။

فَقَالَ هَارُوْنُ: أَخْرِجِ النَّاسَ حَتَّى أَقْرَأَ أَنَا عَلَيْكَ،

အဲဒီအခါ ဟာရူန်ရရှီဒ်ဘုရင်က ပြောတယ်။ ဒါဆိုရင် လူတွေကို အပြင်ထုပ် လိုက်။ ဒါမှ ကျွန်ုပ် ဖတ်ပြမယ်။

1– مَارَى–يُمَارِيْ–مُمَارَاةً အငြင်းအခုံလုပ်သည်၊ စကားစစ်ထိုးသည်။ 2– لَغَطٌ (ج) أَلْغَاطٌ = အော်ဟစ်ဆူညံသံ။

فَقَالَ: إِذَا مُنِعَ العَامُّ لِبَعْضِ الْخَاصِّ لَمْ يَنْتَفِعْ[1] الْخَاصُّ.

မာလိက်က ပြောတယ်။ သီးခြားလူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် လူအများကို တားဆီးလိုက်မယ်ဆိုရင် အဲဒီသီးသန့်လူလည်း အကျိုးခံစား ရမှာ မဟုတ်တော့ဘူး။

وَدَخَلَ مَالِكٌ عَلَى أَمِيْرِ الْمُؤْمِنِيْنَ مَنْصُوْرٍ، وَهُوَ عَلَى فِرَاشِه،

မာလိက်ဟာ ခလီဖဟ်မန်စူးရ်ထံ ဝင်ရောက်လာခဲ့တယ်။ ခလီဖဟ်က အိပ်ယာခင်းပေါ်မှာ လှဲလျောင်းနေတယ်။

إِذْ جَاءَ صَبِيٌّ يَخْرُجُ ثُمَّ يَرْجِعُ،

အဲဒီအချိန် ကလေးတစ်ယောက်ဟာ ရောက်လာပြီး ဝင်လိုက် ထွက်လိုက် လုပ်နေတယ်။

فَقَالَ لِيْ: أَتَدْرِيْ مَنْ هٰذَا ؟

ခလီဖဟ်က ကျွန်တော့်ကို မေးတယ်။ အဲဒါဘယ်သူလဲ သိလား။

فَقُلْتُ: لَا ! قَالَ: ابْنِيْ وَإِنَّمَا يَفْزَعُ[2] مِنْ هَيْبَتِكَ[3].

ကျွန်တော်က "မသိဘူး"လို့ ဖြေလိုက်တဲ့အခါ သူက ပြောတယ်။ အဲဒါ ငါ့သားပဲ၊ သူဟာ သင့်ရဲ့ အရှိန်အဝါကြောင့် ကြောက်ရွံ့နေတာ ဖြစ်တယ်။

وَفِيْ سَنَةِ سَبْعٍ وَأَرْبَعِيْنَ وَمِئَةٍ ضُرِبَ مَالِكٌ سَبْعِيْنَ سَوْطًا[4]

အိမာမ် မာလိက် ﷺ ဟာ ဟိဂ်ျရီ ၁၀၄ ခုနှစ်မှာ ကြိမ်ဒဏ် အချက် ၇၀ အရိုက်ခံခဲ့ရတယ်။

لِأَجْلِ فَتْوَى[5] لَمْ تُوَافِقْ غَرَضَ السُّلْطَانِ،

ဘုရင်ရဲ့ ရည်ရွယ်ချက်နဲ့ မကိုက်ညီတဲ့ ဖသ်ဝါတစ်ခုကြောင့်

فَغَضِبَ وَدَعَا بِه، وَجَرَّدَهُ[6] وَضَرَبَهُ بِالسِّيَاطِ،

ဘုရင်ဟာ အဲဒီဖသ်ဝါကြောင့် အမျက်ဒေါသထွက်ပြီး မာလိက်ကို ခေါ်ယူတယ်။ ပြီးတော့ အင်္ကျီချွတ်ပြီး ကြာပွတ်နဲ့ ရိုက်တယ်။

وَمُدَّتْ يَدُهُ حَتَّى انْخَلَعَتْ[7] كَتِفُهُ،

1- اِنْتَفَعَ-يَنْتَفِعُ-اِنْتِفَاعًا = အကျိုးခံစားသည်။ 2- فَزِعَ فَهُوَ فَزِعٌ فَزِعَ-يَفْزَعَ-فَزَعًا = စိုးရိမ်ပူပန်သည်။ 3- هَيْبَةٌ = အရှိန်အဝါ။ 4- سِيَاطٌ (ج) سَوْطٌ = ကြာပွတ်။ 5- لِأَجْلِ فَتْوَى = ဖသ်ဝါတစ်ခုကြောင့်။ 6- جَرَّدَ-يُجَرِّدُ-تَجْرِيْدًا = အဝတ်ချွတ်ခိုင်းသည်။ 7- اِنْخَلَعَ-يَنْخَلِعُ-اِنْخِلَاعًا = ကျွတ်ထွက်သည်။

လက်ကို ဆွဲဆန့်ပစ်ခဲ့တာကြောင့် လက်အဆစ်ပြုတ်သွားတယ်။

فَلَمْ يَزَلْ بَعْدَ ذٰلِكَ الضَّرْبِ فِيْ عُلُوٍّ وَرِفْعَةٍ[1]،

မာလိက် رحمه الله ဟာ အဲဒီလို အရိုက်ခံပြီးနောက်မှာတော့ အဆက်မပြတ် အဆင့်အတန်း မြင့်မြင့်သွားခဲ့တယ်။

وَكَأَنَّمَا كَانَتْ تِلْكَ السِّيَاطُ حَلْيًا[2] حُلِّيَ[3] بِهِ.

အဲဒီကြာပွတ်ဟာ သူ့ကို အလှဆင်ပေးလိုက်တဲ့ အလှတန်ဆာတွေ လိုပါပဲ။

وَكِتَابُهُ الْمُوَطَّأُ مِنْ أَشْهَرِ كُتُبِ الْحَدِيْثِ، وَمِنَ الْكُتُبِ الْمَقْبُوْلَةِ فِي الْإِسْلَامِ،

အိမာမ်မာလိက် رحمه الله ရေးသားပြုစုခဲ့တဲ့ မုအတ်တွာကျမ်းဟာ အကျော်ကြား ဆုံးသော ဟဒီးဆ်ကျမ်းတစ်ဆူ၊ အစ္စလာမ့်တစ်လောကလုံးက လက်ခံထားတဲ့ ကျမ်းတစ်ကျမ်း ဖြစ်တယ်။

وَرَزَقَكَ اللهُ قِرَاءَتَهُ، وَالْانْتِفَاعَ بِهِ،

သင့်ကိုလည်း အဲဒီကျမ်း ဖတ်ရှုလေ့လာနိုင်စွမ်း၊ အဲဒီကျမ်းကနေ အကျိုး ခံစားနိုင်စွမ်း အလ္လာဟ်အရှင် ချီးမြှင့်ပေးသနားတော်မူပါစေ။

وَسَيَكُوْنُ ذٰلِكَ (إِنْ شَاءَ اللهُ) فِيْ بِضْعِ[4] سِنِيْنَ إِذَا تَقَدَّمْتَ فِي الْعِلْمِ.

အင်ရှာအလ္လာဟ် နောက်နှစ်အနည်းငယ်အတွင်းမှာ အသင့်ရဲ့ ပညာ တိုးတက်လာတဲ့အခါ ဖတ်ရှုရပါလိမ့်မယ်။

تُوُفِّيَ مَالِكٌ سَنَةَ تِسْعٍ وَسَبْعِيْنَ وَمِئَةٍ.

အိမာမ်မာလိက် رحمه الله ဟာ ဟိဂျ်ရီ ၁၇၉ ခုနှစ်မှာ ကွယ်လွန်ခဲ့တယ်။

1- رِفْعَةٌ = အဆင့်အတန်းမြင့်မားမှု။ 2- حُلِيٌّ (ج) حَلْيٌ = လက်ဝတ်လက်စား။ 3- حَلَّى - يُحَلِّيْ - تَحْلِيَ = အလှဆင် သည်။ 4- بِضْعٌ = သုံးမှ ကိုးထိ အရေအတွက်။

الْقَاطِرَةُ[1] (١)

မီးရထား စက်ခေါင်းတွဲ(၁)

ذَهَبَ رَشِيْدٌ مَعَ أَبِيْهِ سَعِيْدٍ إِلَى الْمَحَطَّةِ[2] يَسْتَقْبِلُ أَخَاهُ مَحْمُوْدًا،

ရရှိုးဒ်ဟာ သူ့ရဲ့ဖခင် စအီးဒ်နဲ့အတူ သူ့ရဲ့အစ်ကို မဟ်မူးဒ်ကို ကြိုဖို့ ဘူတာရုံကို သွားခဲ့တယ်။

وَكَانَ قَادِمًا[3] مِنْ دِيُوْبَنْد فِي مُسَامَحَةِ[4] عِيْدِ الْأَضْحَى.

သူ့အစ်ကို မဟ်မူးဒ်ဟာ အီဒ်ဒွလ်အသ်ွဟာ ကျောင်းအားလက်ရက်ဖြစ်လို့ ဒီယိုဗန်မြို့ ကနေ လာနေတာဖြစ်တယ်။

وَكَانَ الْقِطَارُ مُتَأَخِّرًا،

ရထားက နောက်ကျခဲ့တယ်။

فَأَخَذَ سَعِيْدٌ يَتَجَوَّلُ[5] عَلَى الْمَحَطَّةِ يُحَدِّثُ رَشِيْدًا عَنِ الْقِطَارِ[6] وَنِظَامِ الْمَحَطَّةِ،

ဒါနဲ့ စအီးဒ်ဟာ ဘူတာရုံမှာ လှည့်ပတ်ကြည့်ပြီး ရရှိုးဒ်ကို ရထားအကြောင်းနဲ့ ဘူတာရုံ စနစ်အကြောင်းကို ပြောပြနေတယ်။

وَانْتَقَلَ مَعَهُ إِلَى رَصِيْفٍ[7] آخَرَ.

သူနဲ့အတူ တစ်ခြား ပလတ်ဖောင်းဘက်ကို ကူးသွားလိုက်တယ်။

وَكَانَ قِطَارٌ وَاقِفًا هُنَا تَصْفِرُ قَاطِرَتُهُ،

1– قَوَاطِرُ (ج) قَاطِرَةٌ = မီးရထားအင်ဂျင်တွဲ။ 2– مَحَطَّاتٌ (ج) مَحَطَّةٌ = ဘူတာရုံ။ 3– قَدِمَ–يَقْدَمُ–قُدُوْمًا = လာသည်။ 4– مُسَامَحَةٌ = ခွင့်၊ ကျောင်းပိတ်ရက်။ 5– تَجَوَّلَ–يَتَجَوَّلُ–تَجَوُّلًا = လှည့်ပတ်ကြည့်ရှုသည်။ 6– قُطُرٌ (ج) قِطَارٌ = မီးရထား။ 7– رُصُفٌ (ج) رَصِيْفٌ = ပလက်ဖောင်း၊ စင်္ကြံ။ 1– صَفَرَ–يَصْفِرُ–صَفِيْرًا = လေချွန်သည်၊ ဥဩဆွဲသည်၊ ဝီစီမှုတ်သည်။

အဲဒီမှာ ရထားတစ်စီး ရပ်ထားတယ်။ စက်ခေါင်းကနေ ဥသြဆွဲနေတယ်။

وَيَخْرُجُ مِنْهَا بُخَارٌ كَثِيْفٌ[1] مُتَصَاعِدٌ[2].

အဲဒီစက်ခေါင်းတွဲကနေ မီးခိုးတွေ တလိပ်လိပ် တက်နေတယ်။

قَالَ رَشِيْدٌ: حَدِّثْنِي الْيَوْمَ يَا أَبِيْ! عَنِ الْقَاطِرَةِ

ရရှီးဒ်က ပြောတယ်။ အို၊ ဖေဖေ၊ ဒီကနေ့ ကျွန်တော့်ကို ရထားစက်ခေါင်း တွဲအကြောင်း ပြောပြပါလား။

كَيْفَ تَجُرُّ[3] الْقِطَارَ، وَكَيْفَ تُسْرِعُ فِي السَّيْرِ[4]؟

ရထားစက်ခေါင်းတွဲဟာ ရထားကို ဘယ်လို ဆွဲတာလဲ၊ ဘယ်လို အလျင်အမြန် သွားနိုင်တာလဲ။

قَالَ سَعِيْدٌ: لَقَدْ سَأَلْتَ بِهِ خَبِيْرًا[5]

စအီးဒ်ကပြောတယ်။ မင်းဟာ ဒါနဲ့ပတ်သက်ပြီး တကယ့်ကို နားလည်တတ် ကျွမ်းသူကို မေးလိုက်တာပဲ။

فَقَدْ كُنْتُ مُوَظَّفًا[6] فِي الْقِطَارِ، وَسَأُحَدِّثُكَ عَنْهَا فِيْ تَفْصِيْلٍ،

ငါဟာ ရထားမှာ ဝန်ထမ်းလုပ်ခဲ့ဖူးတယ်။ ဒီအကြောင်း ငါမင်းကို အကျယ်တဝင့် ပြောပြမယ်။

فَقُمْ بِجَانِبِيْ أَمَامَ هٰذِهِ الْقَاطِرَةِ وَلَاحِظْهَا[7].

ဒီရထားစက်ခေါင်းရှေ့မှာ ငါ့ဘေးမှာကပ်ရပ်လိုက်။ ပြီးတော့ သေသေ ချာချာကြည့်။

اُنْظُرْ يَا رَشِيْدُ ! إِلَى الْقَاطِرَةِ تَرَهَا صُنِعَتْ مِنَ الْحَدِيْدِ،

အို၊ ရရှီးဒ်၊ ရထားစက်ခေါင်းတွဲကို မင်းကြည့်မယ်ဆိုရင် တွေ့ရလိမ့်မယ်။ ရထားစက်ခေါင်း ကို သံနဲ့လုပ်ထားတယ်။

1- كَثِيْفٌ = ထူထဲသော။ 2- تَصَاعَدَ–يَتَصَاعَدُ–تَصَاعُدًا အငွေ့ပျံတက်သည်။
3- جَرَّ–يَجُرُّ–جَرًّا = ဆွဲသည်။ 4- أَسْرَعَ فِي السَّيْرِ = လျင်မြန်စွာ သွားသည်။ 5- خَبِيْرٌ (ج) خُبَرَاءُ = တတ်သိနားလည်သူ။ 6- مُوَظَّفٌ (ج) مُوَظَّفُوْنَ = ဝန်ထမ်း။ 7- لَاحَظَ–يُلَاحِظُ–مُلَاحَظَةً = အာရုံစိုက်၍ ကြည့်သည်။

وَلَهَا ستُّ عَجَلَاتٍ[1] تَسِيْرُ عَلَيْهَا وَهِيَ قَوِيَّةٌ جِدًّا

ပြီးတော့ သူ့မှာ ဘီးခြောက်ဘီးရှိတယ်။ အဲဒီဘီးတွေပေါ်မှာ ရထားစက် ခေါင်းတွဲက အလွန် အင်အားပြင်းပြင်းနဲ့ သွားတယ်။

كَأَنَّهَا عِفْرِيْتٌ[2] مِنَ الْجِنِّ،

ယောမကြီးမားတဲ့ ဂျင်န်လိုပဲ။

تَجُرُّ قِطَارَ الْبِضَاعَةِ[3]، وَهُوَ طَوِيْلٌ وَثَقِيْلٌ جِدًّا،

ရထားစက်ခေါင်းတွဲဟာ ကုန်ရထားကိုလည်း ဆွဲတယ်။ ကုန်ရထားဟာ လေးလံပြီး ရှည်လျားတယ်။

وَتَجُرُّ قِطَارَ الرُّكَّابِ[4] وَفِيْهِ النَّاسُ وَأَثْقَالُهُمْ[5]،

ခရီးသည်တင်ရထားကိုလည်း ဆွဲနိုင်တယ်။ အဲဒီမှာ လူတွေနဲ့ သူတို့ရဲ့ ဝန်ထုပ်တွေပါတယ်။

وَتَجُرُّ الْقِطَارَ السَّبَّاقَ[6]،

အထူးအမြန်ယာဉ်ကိုလည်း ဆွဲနိုင်တယ်။

وَهُوَ أَسْرَعُ الْقُطُرِ يَقْطَعُ[7] خَمْسَةً وَأَرْبَعِيْنَ مِيْلًا فِي السَّاعَةِ.

အဲဒီရထားကတော့ အမြန်ဆုံးရထားပေါ့။ တစ်နာရီကို ၄၅ မိုင် ဖြတ်သန်း သွားလာနိုင်တယ်။

وَالْقِطَارُ السَّرِيْعُ[8] يَقْطَعُ نَحْوَ أَرْبَعِيْنَ مِيْلًا فِي السَّاعَةِ،

အမြန်ရထားကတော့ တစ်နာရီကို မိုင်၄၀လောက် ဖြတ်သန်းတယ်။

وَالْقِطَارُ الْوَقَّافُ[9] يَقْطَعُ نَحْوَ ثَلَاثِيْنَ مِيْلًا فِي السَّاعَةِ،

အနည်းရထားကတော့ တစ်နာရီကို မိုင် ၃၀လောက် ဖြတ်သန်းတယ်။

1- عَجَلَاتٌ (ج) عَجَلَةٌ = ဘီး။ 2- عَفَارِيْتُ (ج) عِفْرِيْتٌ = ဘလူး၊ အလွန်ဆိုးသွမ်းသူ။ 3- بَضَائِعُ (ج) بِضَاعَةٌ = ကုန်ပစ္စည်း။ قِطَارُ الْبِضَاعَةِ = ကုန်တင်ရထား။ 4- رُكَّابٌ (ج) رَاكِبٌ = ခရီးသည်။ قِطَارُ الرُّكَّابِ ခရီးသည်တင်ရထား။ 5- أَثْقَالٌ (ج) ثِقْلٌ = လေးလံသောဝန်ထုပ်။ 6- الْقِطَارُ السَّبَّاقُ = အထူးအမြန်ရထား။ 7- قَطَعَ-يَقْطَعُ-قَطْعًا = ခရီးဖြတ်သန်းသည်။ 8- الْقِطَارُ السَّرِيْعُ = အမြန်ရထား။ 1- الْقِطَارُ الوَقَّافُ = အနေးရထား၊ စာပို့ရထား။

تَجُرُّ الْقِطَارَ مِنْ أَقْصَى[1] الْهِنْدِ إِلَى أَقْصَاهَا،

ရထားစက်ခေါင်းဟာ ရထားကို အိန္ဒိယနိုင်ငံရဲ့ ဒီဘက်အစွန်ကနေ ဟိုဘက်အစွန်ထိ ဆွဲတယ်။

مَثَلًا مِنْ بَمْبَئِي إِلَى بِشَاوَرَ، وَمِنْ دِهْلِيْ إِلَى مَدْرَاسَ.

ဥပမာ ဘုံဘေမြို့ကနေ ပိရှာဝရ်မြို့၊ ဒေလီမြို့ကနေ မဒ်ရားစ်မြို့။

وَقُوَّةُ هٰذِهِ الْقَاطِرَةِ إِنَّمَا هِيَ الْبُخَارُ الْحَقِيْرُ الَّذِي لَا تَعْبَأُ[2] بِهِ، وَلَا تُحَاسَبُ[3] لَهُ حِسَابًا،

ဒီရထားစက်ခေါင်းရဲ့ အင်အားကတော့ မင်းဂရုမူမှာမဟုတ်တဲ့ ၊ မင်း စာရင်းထဲတောင် ထည့်တွက်မှာမဟုတ်တဲ့ သေးနုတ်တဲ့ အခိုးအငွေ့ပါပဲ။

وَقَدِ اهْتَدَى (اِسْتِيْفِنْسَنْ)[4] مُخْتَرِعُ[5] الْقِطَارِ إِلَى قُوَّةِ هٰذَا الْبُخَارِ،

ရထားတီထွင်ရှင်ဖြစ်သူ စတီဖင်စန်ဟာ ဒီအခိုးအငွေ့ရဲ့အင်အားကို ရှာဖွေတွေ့ရှိခဲ့တယ်။

وَقَدِ اهْتَدَى إِلَى تَسْخِيْرِهِ وَالْاِنْتِفَاعِ بِهِ فِي الْأَغْرَاضِ[6]،

ပြီးတော့ ဒီအခိုးအငွေ့ကို မိမိရဲ့ ရည်ရွယ်ချက်တွေမှာ လိုသလို ထိန်းချုပ်နည်း၊ အကျိုးခံစားနည်းကို ရှာဖွေတွေ့ရှိခဲ့တယ်။

وَعَلِمَ بِعَقْلِهِ وَدِرَاسَتِهِ أَنَّهُ بِقُوَّتِهِ يَحْمِلُ الْأَثْقَالَ، وَيَنْقُلُ الْجِبَالَ، وَيَأْتِيْ بِالْعَجَائِبِ.

သူ့ရဲ့ ဦးနှောက်အသိဉာဏ်၊ လေ့လာသုတေသနပြုမှုကတဆင့် ဒီအင်အားဟာ လေးလံတဲ့ဝန်တွေကို သယ်ဆောင်နိုင်တယ်၊ တောင်တွေကို ရွှေ့လျားစေနိုင်တယ်၊ ထူးဆန်းအံ့ဖွယ်တွေကို ယူလာနိုင်မယ်ဆိုတာ သိရှိသွားခဲ့တယ်။

وَذٰلِكَ هُوَ الْفَرْقُ بَيْنَ الْجَاهِلِ وَالْعَالِمِ، وَبَيْنَ الْعَامِيِّ وَالْمُكْتَشِفِ،

1- أَقْصَى = အစွန်အဖျား။ 3– لَا تَعْبَأُ بِهِ - ဂရုမစိုက်သော၊ အလေးမထားသော။ 3– لَا تُحَاسِبُ لَهُ حِسَابًا = စာရင်းထဲတောင်မထည့်ပေ၊ ဂရုမစိုက်ပေ။ 4– اِسْتِيْفَنْسَن၊George stephenson= ဂျော့ဂျ် စတီဖင်စန်၊ 5– الْقِطَارِ مُخْتَرِعُ = မီးရထား တီထွင်သူ။ –اِخْتَرَعَ يَخْتَرِعُ–اِخْتِرَاعًا –7 ။ 6– أَغْرَاضٌ (ج) غَرَضٌ ရည်ရွယ်ချက်။ 7– الْعَامِيُّ = သာမန်လူ။ 8– الْمُكْتَشِفُ = တီထွင်ပညာရှင်။

ပညာမဲ့နဲ့ ပညာရှိ၊ သာမန်လူနဲ့ လေ့လာစမ်းသပ်သူတို့ရဲ့ကြားက ခြားနားချက်က ဒါပါပဲ။

يَرَى الْأَوَّلُ كُلَّ شَيْءٍ فَلَا يَرْفَعُ بِهِ رَأْسًا[1]، وَلَا يُلْقِي عَلَيْهِ بَالًا[2]،

ပထမလူတန်းစားက အရာရာကို မြင်ပေမဲ့ ဂရုမမူဘူး။ အလေးမထားဘူး။

وَيَرَاهُ الثَّانِي فَيَعْرِفُ قِيْمَتَهُ وَيَجْتَهِدُ فِيْهِ،

ဒုတိယလူတန်းစားက အရာရာကို မြင်ပြီး သူ့ရဲ့ တန်ဖိုးကို သိသွားတယ်။ ပြီးတော့ အဲဒါအတွက် ကြိုးစားအားထုတ်တယ်။

حَتَّى يُسَخِّرُهُ[3] لِغَرَضِهِ.

နောက်ဆုံးမှာ အဲဒီအရာကို မိမိရဲ့ ရည်ရွယ်ချက်မှာ ထိန်းချုပ်ပြီး အသုံး ချပစ်လိုက်တယ်။

❀ ❀ ❀ ❀ ❀

الْقَاطِرَةُ (٢)

မီးရထား စက်ခေါင်းတွဲ(၂)

أُنْظُرْ يَا رَشِيْدُ! إِلَى هٰذَا الْمَوْقِدِ[4] فِي الْقَاطِرَةِ،

အို၊ ရရှီဒ်၊ ရထားခေါင်းတွဲထဲက ဒီမီးဖိုကို အသင်ကြည့်ပါ။

يُلْقِي[2] فِيْهِ الرَّجُلُ الْفَحْمَ الْحَجَرِيَّ[6]،

လူတစ်ယောက်က အဒီထဲကို ကျောက်မီးသွေးတွေ ထည့်နေတယ်။

وَفَوْقَ هٰذَا الْمَوْقِدِ حَوْضٌ مِنْ مَاءٍ مَتِيْنٍ[7] جِدًّا

1- رَفَعَ بِهِ رَأْسَةُ =မောကြည့်သည်။ لَا يَرْفَعُ بِهِ رَأْسًا – မောတောင်မကြည့်ဘူး။ 2– لَا يُلْقِيْ عَلَيهِ بَالًا= ဂရုတောင်မစိုက်ဘူး။ 3– سَخَّرَ–يُسَخِّرُ–تَسْخِيْرًا = ထိန်းချုပ်သည်။ 4– مَوْقِدٌ (ج) مَوَاقِدُ =မီးဖို။ 5– أَلْقَى–يُلْقِيْ–إِلْقَاءً= ထည့်သည်။ 6– الْفَحْمُ الحَجَرِيُّ= ကျောက်မီးသွေး။ 7– مَتِيْنٌ = မာကြောသော၊ခိုင်မာသော။

ဒီမီးဖိုရဲ့ အပေါ်မှာ ရေနဲ့ဖြည့်ထားတဲ့ အလွန် ခိုင်ခံ့တဲ့ ကန်တစ်ကန်ရှိတယ်။

وَفِيْهِ أَنَابِيْبُ[1] عَدِيْدَةٌ.

အဲဒီမှာ ရေပိုက်လုံးတွေအမြောက်အမြားလည်းရှိတယ်။

يَسْخَنُ هٰذَا الْمَاءُ بِالنَّارِ وَيَتَحَوَّلُ[2] بُخَارًا،

ရေဟာ မီးနဲ့ ဆူပွက်ပြီး အခိုးအငွေ့အဖြစ် ပြောင်းလဲသွားတယ်။

وَيَنْتَقِلُ هٰذَا الْبُخَارُ إِلَى الْأَنَابِيْبِ.

ပြီးနောက် အဲဒီအခိုးအငွေ့ဟာ ပိုက်လုံးတွေထဲ ပြောင်းရွှေ့ဝင်ရောက်သွား တယ်။

وَتَعَالَ مَعِيْ نَدْخُلْ فِي الْقَاطِرَةِ،

ကဲ၊ ငါနဲ့အတူ လိုက်ခဲ့၊ ရထားစက်ခေါင်းတွဲထဲ ဝင်ကြည့်ရအောင်။

فَإِنَّ سَائِقَهَا[3] مِنْ أَصْدِقَائِيْ، وَهُنَا تَفْهَمُ تَرْكِيْبَ[4] الْقَاطِرَةِ جَيِّدًا.

စက်ခေါင်းတွဲမောင်းသူဟာ အဖွေ့သူငယ်ချင်းပဲ။ အဲဒီမှာ မင်းဟာ ရထားခေါင်းတွဲရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို ကောင်းကောင်း နားလည် သွားလိမ့်မယ်။

انْظُرْ إِلَى الْأَنَابِيْبِ، إِنَّهَا مُتَّصِلَةٌ بِهٰذِهِ الْآلَاتِ الدَّقِيْقَةِ

ပိုက်လုံးတွေကို ကြည့်ပါ။ အဲဒီပိုက်လုံးတွေဟာ သေးငယ်တဲ့ ပစ္စည်းကိရိယာလေးတွေနဲ့ ဆက်တွဲထားတယ်။

الَّتِي تُدِيْرُ[5] عَجَلَاتِ الْقَاطِرَةِ،

အဲဒီကိရိယာလေးတွေက ရထားခေါင်းတွဲရဲ့ ဘီးတွေကို လည်ပတ်စေတယ်။

فَإِذَا اجْتَمَعَ هٰذَا الْبُخَارُ فِي الْأَنَابِيْبِ دَفَعَ بِقُوَّتِهِ الْآلَاتِ

ဒီအခိုးအငွေ့တွေဟာ ပိုက်လုံးထဲမှာ စုစည်းသွားပြီဆိုရင် အဲဒီရဲ့အင်အားနဲ့ ကိရိယာလေးတွေက အရှိန်နဲ့ တွန်းတယ်။

فَأَدَارَهَا وَبِدَوَرَانِهَا[6] تَدُوْرُ الْعَجَلَاتُ، وَتَسِيْرُ الْقَاطِرَةُ.

ပြီးတော့ အဲဒါကို လည်ပတ်စေတယ်။ အဲဒီကိရိယာလေးတွေ လည်ပတ်မှုကြောင့် ဘီး

1- أَنَابِيْبُ (ج) أُنْبُوْبٌ = ပိုက်လုံး။ 2- تَحَوَّلَ-يَتَحَوَّلُ-تَحَوُّلًا = ပြောင်းလဲသည်။
3- سَائِقٌ မောင်းနှင်သူ၊ ဒရိုက်ဘာ။ 4- تَرَاكِيْبُ (ج) تَرْكِيْبٌ = ဖွဲ့စည်းတည်ဆောက်ပုံ။
5- أَدَارَ-يُدِيْرُ-إِدَارَةً = လည်ပတ်စေသည်။ 6- دَارَ-يَدُوْرُ-دَوَرَانًا = လည်သည်။

တွေ လည်လာတယ်။ ပြီးတော့ ရထားစက်ခေါင်းတွဲ သွားတယ်။

هٰذَا هُوَ الْوَقَّادُ[1] الَّذِيْ يُرَاقِبُ[2] النَّارَ وَالْمَاءَ، وَيُشْرِفُ[3] عَلَيْهِمَا،

သူကတော့ မီးနဲ့ရေကို စောင့်ကြပ်ကြည့်ရှုရတဲ့၊ ကွပ်ကဲရတဲ့ မီးထိုးသမား ပေါ့။

وَهٰذَا صَدِيْقُنَا السَّائِقُ،

သူကတော့ အဖေ့သူငယ်ချင်း မောင်းနှင်သူပေါ့။

وَإِذَا كَانَتِ الْقَاطِرَةُ تَجُرُّ الْقِطَارَ، وَتُوْصِلُ[4] الرُّكَّابَ مِنْ دِيَارٍ إِلَى دِيَارٍ،

တကယ်လို့ ရထားခေါင်းတွဲက ရထားကို ဆွဲတယ်၊ ခရီးသည်တွေကို တစ်မြို့ကနေ နောက်တစ်မြို့ကို ပို့ဆောင်ပေးတယ်ဆိုရင်

فَصَاحِبُنَا يَسُوْقُ[5] الْقَاطِرَةَ وَهُوَ مِفْتَاحُ الْقِطَارِ،

ငါ့မိတ်ဆွေက ရခါးခေါင်းတွဲကို မောင်းနှင်ပို့ဆောင်သူ၊ ရထားရဲ့ အဓိက သော့ချက်လို့ ဆိုရမယ်။

وَإِلَيْهِ يَرْجِعُ الْفَضْلُ[6] فِي سَيْرِ الْقِطَارِ،

ရထားသွားတာဟာ သူ့ကျေးဇူးကြောင့်ပါပဲ။

وَهُوَ يَسْهَرُ[7] عَلَى عَمَلِهِ، وَيَقُوْمُ بِوَاجِبِهِ[8] بِأَمَانَةٍ وَجِدٍّ،

သူဟာ ညမအိပ်ဘဲ အလုပ်လုပ်တယ်။ မိမိရဲ့တာဝန်ကို သစ္စာရှိရှိနဲ့ ဆောင် ရွက်တယ်။

وَكَذٰلِكَ أَمِيْنُ الْقِطَارِ[9] يَسْتَحِقُّ الشُّكْرَ مِنَ الرُّكَّابِ،

ရထားရုံမှူးဟာလည်း ဒီလိုပါပဲ။ ခရီးသည်တွေဘက်က သူ့ကိုလည်း ကျေးဇူးတင်ထိုက်တယ်။

1- وَقَّادٌ = မီးထိုးသမား။ 2- رَاقَبَ–يُرَاقِبُ–مُرَاقَبَةً = စောင့်ကြပ်သည်။ 3- أَشْرَفَ–يُشْرِفُ–إِشْرَافًا–عَلَى ကြီးကြပ်ကွပ်ကဲသည်။ 4- أَوْصَلَ–يُوْصِلُ–إِيْصَالاً = ပို့ဆောင်သည်။ 5- سَاقَ–يَسُوْقُ–سَوْقًا = မောင်းနှင်သည်။ 6- الْفَضْلُ يَرْجِعُ إِلَيْهِ = သူ့ရဲ့ကျေးဇူးကြောင့်ပဲ။ 7- سَهِرَ–يَسْهَرُ–سَهَرًا = ညမအိပ်ဘဲနေသည်၊ နိုးကြားနေသည်။ 8- قَامَ بِوَاجِبِهِ = တာဝန်ထမ်းဆောင်သည်။ 9- أَمِيْنُ الْقِطَارِ = ရထားဘူတာရုံမှူး။

فَإِنَّهُ يُلَاحِظُ الطَّرِيْقَ وَيَلْحَظُ[1] وُقُوْفَ الْقِطَارِ وَسَيْرَهُ،

သူဟာ ရထားလမ်းကို ကြည့်ရှုပေးရတယ်။ ရထားထွက်တာ၊ ရထားရပ်တာကို ဂရုစိုက်ပေးရတယ်။

وَالسَّائِقُ وَالْقَاطِرَةُ طَوْعَ إِشَارَتِهِ[2]،

ရထားမောင်းဆရာရော၊ ရထားခေါင်းတွဲရောဟာ သူ့ညွှန်ကြားတဲ့အတိုင်း နာခံရတယ်။

فَإِذَا هَزَّ[3] الْبَيْرَقَ[4] الْأَحْمَرَ وَقَفَ الْقِطَارُ

သူက အလံအနီရောင်ကို လှုပ်ယမ်းပြရင် ရထားရပ်သွားတယ်။

وَإِذَا هَزَّ الْبَيْرَقَ الْأَخْضَرَ تَحَرَّكَ الْقِطَارُ.

အဖြူရောင်အလံကို လှုပ်ပြရင် ရထားထွက်တယ်။

وَانْظُرْ إِلَى هٰذِهِ الْآلَةِ الَّتِيْ فِيْ يَدِ السَّائِقِ هٰذِهِ....

ရထားမောင်းသမားရဲ့ လက်ထဲမှာရှိတဲ့ ဒီကိရိယာကို ကြည့်ပါ။ ..

فَإِذَا رَفَعَهَا السَّائِقُ إِلَى فَوْقُ، انْدَفَعَ[5] الْبُخَارُ وَسَارَتِ الْقَاطِرَةُ،

မောင်းဆရာက အဲဒါကို အပေါ် မြှင့်တင်လိုက်ရင် မီးခိုးတွေ အရှိန်နဲ့ထွက်လာပြီး ရထားထွက်ခွာတယ်။

وَإِذَا ضَغَطَ[6] عَلَيْهَا سَكَنَ الْبُخَارُ وَهَدَأَتْ[7] الْقَاطِرَةُ،

အဲဒီကိရိယာကို ဖိလိုက်ရင် မီးခိုတွေ ရပ်တန့်သွားပြီး ရထားဟာ အရှိန် လျော့သွားတယ်။

حِيْنَئِذٍ يَضْغَطُ السَّائِقُ عَلَى آلَةٍ أُخْرَى،

အဲဒီအခါ မောင်းဆရာက နောက်ထပ် ကိရိယာတစ်ခုကို ဖိလိုက်တယ်။

وَهِيَ هٰذِهِ وَتُسَمَّى الْمِصَدَّ[8]،

အဲဒါကို ရှေ့အိပ်ဖောဘားလို့ခေါ်တယ်။

1- لَحَظَ-يَلْحَظُ-لَحْظًا - စောင့်ကြည့်သည်။ 2- هُوَ طَوْعُ إِشَارَتِهِ = သူ့အမိန့်ကို နာခံရသူ။ 3- هَزَّ-يَهُزُّ-هَزًّا = လှုပ်ရမ်းသည်။ 4- بَيْرَقٌ (ج) بَيَارِقُ = အလံအကြီး။ 5- انْدَفَعَ-يَنْدَفِعُ-انْدِفَاعًا = အရှိန်နှင့် ပြေးထွက်သည်။ 6- ضَغَطَ عَلَى-يَضْغَطُ-ضَغْطًا = ဖိသည်။ 7- هَدَأَ-يَهْدَأُ-هُدُوْءً = ငြိမ်သက်သည်။ 8- مِصَدٌّ = ရှေ့အက်ဖောဘား၊ တုန်ခါမှုကို ထိန်းပေးသောကိရိယာ။

وَتَقِفُ الْقَاطِرَةُ مِنْ سَاعَتِهَا[1]،

အဲဒီအခါ ရထားဟာ ချက်ချင်းရပ်သွားတယ်။

وَالْعَرَبَاتُ كُلُّهَا مُرَكَّبَةٌ بِالْقَاطِرَةِ تَسِيْرُ بِسَيْرِهَا، وَتَقِفُ بِوُقُوْفِهَا.

ထားအတွဲတွေအားလုံးဟာ ရထားခေါင်းတွဲနဲ့ ချိတ်ဆက်ထားတယ်။ စက်ခေါင်းတွဲရ ။သွားရင် သူတို့လည်း သွားတယ်။ စက်ခေါင်းတွဲရပ်ရင် သူ တို့လည်း ရပ်တယ်

وَهٰذَا هُوَ الْخَطُّ الْحَدِيْدِيُّ[2] الَّذِيْ يَسِيْرُ عَلَيْهِ الْقِطَارُ،

ဒါကတော့ မီးရထားသံလမ်းလို့ ခေါ်တယ်။ အဲဒီအပေါ်မှာ ရထားဟာ သွားတယ်။

وَلَوْلَا هُوَ لَغَاصَ[3] الْقِطَارُ فِي الْأَرْضِ،

ဒီမီးရထားသံလမ်းကြောင့်သာမဟုတ်ရင် ရထားဟာ မြေကြီးထဲ နစ်ဝင် သွားမှာ။

لِأَنَّ التُّرْبَةَ لَا تَحْمِلُ ثِقْلَ الْقِطَارِ.

ဘာဖြစ်လို့လဲဆိုတော့ မြေကြီးဟာ ရထားရဲ့အလေးကို မထမ်းရွက်နိုင်ဘူး။

هٰذِهِ هِيَ الْقَاطِرَةُ الَّتِيْ تَجُرُّ الْقِطَارَ،

ရထားကို ဆွဲတဲ့ ရထားစက်ခေါင်းဆိုတာ ဒါပါပဲ။

وَهٰذَا هُوَ الْقِطَارُ الَّذِيْ يُوْصِلُ[4] الرُّكَّابَ مِنْ دِيَارٍ إِلَى دِيَارٍ،

ဒါကတော့ ခရီးသည်တွေကို မြို့တစ်မြို့ကနေ နောက်တစ်မြို့ကို ပို့ဆောင် ပေးတဲ့ရထား ပေါ့။

وَيَحْمِلُ أَثْقَالَ النَّاسِ إِلَى بَلَدٍ لَمْ يَكُوْنُوْا بَالِغِيْهِ إِلَّا بِشِقِّ[5] الْأَنْفُسِ.

လူတွေရဲ့ ကုန်ပစ္စည်းတွေကို သူတို့ ဒုက္ခအလက်အခဲတွေခံပြီး ခဲရာခဲစစ် နဲ့မှ ရောက်နိုင်မဲ့ မြို့တွေဆီကို သယ်သွားပေးတယ်။

اُنْظُرْ يَا رَشِيْدُ! كَيْفَ أَلْهَمَ اللّٰهُ الْإِنْسَانَ الْحِكْمَةَ وَالصِّنَاعَةَ،

အို၊ ရရှီးဒ်။ အသင်ကြည့်ပါ။ အလ္လာဟ်အရှင်မြတ်က လူသားကို ဉာဏ် အမြော်အမြင်နဲ့ အတတ်ပညာတွေ ဘယ်လို အသိပေးထားပါသလဲ။

وَرَزَقَهُ الْعَقْلَ الَّذِيْ يُسَخِّرُ بِهِ الْحَدِيْدَ وَالْبُخَارَ،

1- مِنْ سَاعَتِهَا = ချက်ချင်း။ 2- الْخَطُّ الْحَدِيْدِيُّ = ရထားသံလမ်း။ 3- غَاصَ - يَغُوْصُ - غَوْصًا = နစ်ဝင်သည်။ 4- أَوْصَلَ - يُوْصِلُ - إِيْصَالًا = ပို့ဆောင်ပေးသည်။ 5- شِقٌّ = ပင်ပန်းမှု၊ ဒုက္ခ။

ပြီးတော့ လူသားကို ဦးနှောက်အသိဉာဏ်ချီးမြှင့်ထားတယ်။ အဲဒီအသိ ဉာဏ်နဲ့သူဟာ သံနဲ့ အခိုးအငွေ့ကို အသုံးချနိုင်တယ်။

أَفَلَا يَحِقُّ لَكَ أَنْ تَقُوْلُ إِذَا رَكِبْتَ الْقِطَارَ:

ဒါကြောင့် ရထားစီးနေတဲ့အခါ ဒီဒုအာကို အသင် မရွတ်ဆိုထိုက်ဘူးလား။

﴿ سُبْحَانَ الَّذِي سَخَّرَ لَنَا هٰذَا وَمَاكُنَّا لَهُ مُقْرِنِينَ[1] وَإِنَّا إِلَى رَبِّنَا لَمُنقَلِبُونَ[2]. ﴾

ဒီအစင်းအနင်းကို ကျွန်တော်တို့အတွက် နိုင်နင်းလွှမ်းမိုးစေတော်မူသော အရှင် မြတ်ဟာ သန့်ရှင်းစင်ကြယ်တော်မူပါတယ်။ ကျွန်တော်တို့ဟာ ဒီအစီးအနင်းကို တတ်စွမ်းနိုင်ကြသူတွေ မဟုတ်ကြပါ။ အမှန်စင်စစ် ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့အရှင်ထံသို့ သေချာပေါက် လှည့်ပြန်ရမဲ့သူတွေ ဖြစ်ကြပါတယ်။

جِسْمُ النَّبَاتِ (١)

သစ်ပင်များ၏ ကိုယ်ခန္ဓာ(၁)

كَانَ أَمَامَ بَيْتِ عَبَّاس حَدِيْقَةٌ فِيْهَا أَنْوَاعُ الشَّجَرِ وَالنَّبَاتِ،

အဗ္ဗာစ်ရဲ့အိမ်ရှေ့မှာ ဥယျာဉ်ခြံတစ်ခြံရှိတယ်။ အဲဒီမှာ သစ်ပင်၊ ပေါက်ပင် မျိုးစုံရှိတယ်။

قَالَ لَهُ أَبُوْهُ عُمَرُ مَرَّةً فِي يَوْمِ عُطْلَة:

သူ့ရဲ့ဖခင် အုမရ်က ကျောင်းပိတ်ရက်မှာ တစ်ခေါက် သူ့ကို ပြောတယ်။

هَلْ رَأَيْتَ يَا عَبَّاسُ! حَدِيْقَةَ الدَّارِ ؟

အို၊ အဗ္ဗာစ်၊ အိမ်ရဲ့ ပန်းခြံကို မင်းတွေ့လား။

1- أَقْرَنَ لِلشَّيْءِ = တတ်စွမ်းနိုင်သည်။ 3– اِنْقَلَبَ–يَنْقَلِبُ–اِنْقِلَابًا = ပြန်လှည့်သည်။

قَالَ عَبَّاسٌ: كَيْفَ لَا يَا أَبِيْ! وَهِيَ حَدِيْقَةُ دَارِنَا ؟

အဖွားစ်က ဖြေတယ်။ မတွေ့ဘဲ ဘယ်နေပါ့မလဲ။ ဒါ ကျွန်တော်တို့အိမ်ရဲ့ ပန်းခြံပဲလေ။

أَلْعَبُ فِيْهَا كُلَّ يَوْمٍ وَأَتَرَدَّدُ[1] إِلَيْهَا صَبَاحَ مَسَاءَ.

ဒီမှာ နေ့စဉ် ကျွန်တော် ဆော့ကစားတယ်။ မနက်ညနေ ဒီမှာပဲ ဝင်ထွက် သွားလာနေတာပဲ။

قَالَ عُمَرُ: مَا أَظُنُّكَ رَأَيْتَهَا!

အုမရ်က ပြောတယ်။ ဒီပန်းခြံကို မင်းမြင်တွေ့တယ်လို့ ငါတော့မထင်ပါဘူး။

فَتَعَالَ مَعِيْ نَتَمَشَّ[2] فِي الْحَدِيْقَةِ وَنَدْرُسُ النَّبَاتَ

ကဲ၊ ငါနဲ့အတူ လိုက်ခဲ့။ ပန်းခြံထဲမှာ လမ်းလျှောက်ရအောင်၊ ပြီးတော့ ပေါက်ပင်တွေကို လေ့လာကြည့်ကြရအောင်။

فَإِنَّهُ مِنْ عَجَائِبِ خَلْقِ اللهِ،

ဘာဖြစ်လို့လဲဆိုတော့ အပင်တွေဟာ အလ္လာဟ်ဖန်ဆင်းထားတဲ့ အံ့ဖွယ်တွေထဲက ဖြစ်တယ်။

وَكِتَابٌ يَجِبُ أَنْ تُطَالِعَهُ[3].

မင်း လေ့ကို လေ့လာရမဲ့ စာအုပ်တစ်အုပ်လည်း ဖြစ်တယ်။

خَرَجَ عُمَرُ وَعَبَّاسٌ إِلَى الْحَدِيْقَةِ، فَرَأَى عَبَّاسٌ الْبُسْتَانِيَّ[4]

အုမရ်နဲ့ အဖွားစ်ဟာ ပန်းခြံဘက်ကို ထွက်လာတယ်။ အဖွားစ်ဟာ ဥယျာဉ်မှူးကို တွေ့တယ်။

يُصْلِحُ[5] قِطْعَةً مِنَ الْأَرْضِ، وَيُنَحِّي[6] الْحَجَرَ وَالْخَزَفَ[7]،

သူဟာ မြေကွက်တစ်နေရာကို ပြုပြင်နေတယ်။ ကျောက်ခဲတွေ၊ မြေကြီးခဲတွေကို ဖယ်ရှားနေတယ်။

1- تَرَدَّدَ إِلَى - يَتَرَدَّدُ - تَرَدُّدًا ခေါက်တုံ့ခေါက်ပြန် သွားလာသည်။ 2- تَمَشَّى - يَتَمَشَّى - تَمَشِّيًا = လမ်းလျှောက်ထွက်သည်။ 3- طَالَعَ - يُطَالِعُ - مُطَالَعَةً = ဖတ်ရှုလေ့လာသည်။ 4- بُسْتَانِيٌّ = ဥယျာဉ်မှူး။ 5- أَصْلَحَ - يُصْلِحُ - إِصْلَاحًا = ပြုပြင်သည်။ 6- نَحَّى - يُنَحِّي - تَنْحِيَةً = ဖယ်ရှားသည်။ 7- خَزَفٌ = မြေခဲ။

وَيُقْلِعُ[1] الْحَشَائِشَ وَالْأَعْشَابَ[2]، فَسَأَلَ عَبَّاسٌ أَبَاهُ عَنْ ذٰلِكَ.

မြက်ပင်တွေကို နုတ်နေတယ်။ အဗ္ဗားစ်က သူ့ဖခင်ကို ဒါနဲ့ပတ်သက်ပြီး မေးကြည့်တယ်။

قَالَ عُمَرُ: الرَّجُلُ يُصْلِحُ الْأَرْضَ وَيُهَيِّئُهَا[3] لِغَرْسِ الْأَشْجَارِ،

အုမရ်က ပြောတယ်။ ဒီလူက မြေကို ပြုပြင်တယ်။ ပြီးတော့ သစ်ပင်တွေ စိုက်ပျိုးဖို့အတွက် အဆင့်သင့်လုပ်တယ်။

فَإِذَا بَقِيَتِ الْأَحْجَارُ وَالْخَزَفُ لَمْ يَثْبُتِ الْفَسِيْلُ[4] فِي الْأَرْضِ،

ကျောက်ခဲတွေ၊ မြေကြီးခဲတွေ ကျန်ရှိနေရင် ပျိုးပင်ဟာ မြေကြီးထဲမှာ မတည်တံ့နိုင်ဘူး။

وَلَمْ تَمْتَدَّ[5] جُذُوْرُهُ[6] فِيْ بَاطِنِ الْأَرْضِ،

အမြစ်တွေဟာ မြေကြီးအတွင်းထဲမှာ မရှည်ထွက်နိုင်ဘူး။

وَإِذَا تُرِكَتْ هٰذِهِ الْحَشَائِشُ الشَّيْطَانِيَّةُ

ဒီအရိုင်းမြက်ပင်တွေကို ဒီအတိုင်းထားလိုက်ရင်

امْتَصَّتْ[7] غِذَاءَ[8] الْفَسِيْلِ وَذَوَى[9] الْفَسِيْلُ،

သူတို့က ပျိုးပင်ရဲ့ အစာအာဟာရကို စုပ်ယူလိုက်တယ်။ ပျိုးပင်က ညှိုးနွမ်းသွားတယ်။

وَالْبُسْتَانِيُّ النَّاصِحُ الْمُجْتَهِدُ يَحْرُثُ الْأَرْضَ كَمَا يَحْرُثُ الْفَلَّاحُ الْحَقْلَ.

ကောင်းကျိုးလိုလားတဲ့၊ ကြိုးစားအားထုတ်တဲ့ ဥယျာဉ်မှူးက လယ်သမား လယ်ထွန်ယက်သလို မြေကို ထွန်ယက်တယ်။

وَيُلْقِي فِيْهَا السَّمَادَ[6] وَيَسْقِيْهَا كُلَّ يَوْمٍ،

1- أَقْلَعَ–يُقْلِعُ–إِقْلَاعًا = နုတ်ပစ်သည်။ 2- أَعْشَابٌ (ج) عُشْبٌ = မြက်ပင်။ 3- هَيَّأَ–يُهَيِّءُ–تَهْيِئَةً = ပြင်ဆင်သည်။ 4- فَسَائِلُ (ج) فَسِيْلٌ = ပျိုးပင်၊ အပင် ပေါက်။ 5- امْتَدَّ–يَمْتَدُّ–امْتِدَادًا = ရှည်ထွက်သည်၊ ဆန့်တန်းသည်။ 6- جُذُوْرٌ (ج) جِذْرٌ = အမြစ်။ 7- امْتَصَّ–يَمْتَصُّ–امْتِصَاصًا = စုပ်ယူသည်။ 8- أَغْذِيَةٌ (ج) غِذَاءٌ = အစာ အာဟာရ။ 9- ذَوَى–يَذْوِي–ذَيًّا وَذَوِيًّا = အကိုင်း ညှိုးသည်၊ ခြောက်သည်။ 6- سَمَادٌ (ج) أَسْمِدَةٌ = ဓာတ်မြေသြဇာ။

အဲဒီထဲမှာ ဓာတ်မြေဩဇာထည့်တယ်။ နေ့စဉ် ရေလောင်းတယ်။

حَتَّى تُصْبِحَ الْأَرْضُ رِخْوَةً[1] كَرِيْمَةً، تَقْبَلُ كُلَّ مَا يُلْقَى فِيْهَا.

နောက်ဆုံးမှာ မြေဟာ နူးညံ့ပြီး ကောင်းမွန်သွားတယ်။ သူ့အထဲထည့် သမျှကို လက်ခံနိုင်သွားတယ်။

ثُمَّ يَغْرِسُ الْفَسَائِلَ فِيْ مَكَانٍ تَصِلُ إِلَيْهِ الشَّمْسُ كُلَّ يَوْمٍ.

ပြီးတဲ့နောက် ပျိုးပင်တွေကို နေ့စဉ် နေရောက်နိုင်မဲ့နေရာမျိုးမှာ စိုက်ပျိုး တယ်။

هُنَا قَاطَعَهُ[2] عَبَّاسٌ وَقَالَ: وَهَلْ يَحْتَاجُ النَّبَاتُ أَيْضًا إِلَى الشَّمْسِ ؟

အဲဒီမှာ အဗ္ဗားစ်က စကားဖြတ်ပြောတယ်။ ဘာလဲ၊ အပင်တွေကလည်း နေကို လိုအပ်လို့လား။

قَالَ عُمَرُ: نَعَمْ! يَا عَبَّاسُ ! فَالنَّبَاتُ جِسْمٌ حَيٌّ نَامٍ[3] يَحْتَاجُ إِلَى الشَّمْسِ وَالْهَوَاءِ وَالْمَاءِ.

အုမရ်က ဖြေတယ်။ ဟုတ်တယ်၊ အဗ္ဗားစ်။ အပင်ဟာ ကြီးထွားတဲ့ သက်ရှိ ခန္ဓာဖြစ်တယ်။ နေ၊ လေ၊ ရေတို့ကို လိုအပ်တယ်။

وَاسْتَمَرَّ عُمَرُ فِيْ حَدِيْثِهِ: ثُمَّ يَغْرِسُ[4] الْفَسَائِلَ فِيْ صَفٍّ

အုမရ်က သူ့ရဲ့စကားကို ဆက်ပြောတယ်။ အဲဒီနောက် ဥယျာဉ်မှူးဟာ ပျိုးပင်တွေကို လိုင်းတစ်လိုင်းထဲမှာ စိုက်ပျိုးတယ်။

وَيَتْرُكُ بَيْنَ فَسِيْلَيْنِ فُسْحَةً[5] يُمْكِنُ لِكُلِّ وَاحِدٍ مِنْهُمَا أَنْ يَمْتَدَّ فِيْهَا، وَلَا يُضَايِقُ[6] بَعْضُهَا بَعْضًا.

ပျိုးပင်နှစ်ပင် နှစ်ပင်ကြားမှာ နေရာလပ်ချန်ထားခဲ့တယ်။ ဒါမှ နှစ်ပင်စလုံး ရှည်ထွက်နိုင်မယ်။ တစ်ပင်နဲ့တစ်ပင် ကျပ်ညပ်မနေတော့မှာ။

وَيَحْسُنُ أَنْ تَكُوْنَ الْفَسَائِلُ أَتْرَابًا[7] فِيْ سِنٍّ وَاحِدَةٍ،

1- رَخُوَ-يَرْخُوُ-رَخَاءً وَرِخْوَةً = နူးညံ့ပျော့ပြောင်းသည်။ 2- قَاطَعَ-يُقَاطِعُ-مُقَاطَعَةً = စကားဖြတ်ပြောသည်။ 3- نَمَا-يَنْمُوْ-نُمُوًّا وَنَمَاءً فَهُوَ نَام = ကြီးထွားသည်။ 4- غَرَسَ-يَغْرِسُ-غَرْسًا = စိုက်ပျိုးသည်။ 5- فُسَحٌ (ج) فُسْحَةٌ = နေရာလပ်။ 6- ضَايَقَ-يُضَايِقُ-مُضَايَقَةً = ကျပ်တည်းကျဉ်းမြောင်းသည်။ 7- أَتْرَابٌ (ج) تِرْبٌ = သက်တူရွယ်တူ။

ပျိုးပင်တွေဟာ သက်တူရွယ်တူလေးတွေဖြစ်ရင် ပိုကောင်းတယ်။

وَإِذَا كَانَتْ ذَاتَ أَزْهَارٍ فَلأَزْهَارِهَا مِيْعَادٌ وَاحِدٌ،

ပန်းပွင့်တဲ့အပင်လေးတွေဆိုရင် တစ်ချိန်တည်း တစ်ပြိုင်တည်း ပန်းပွင့် တာပေါ့။

لِيَتِمَّ جَمَالُ كُلِّ صَفٍّ مِنْ صُفُوْفِهَا.

ဒါမှ လိုင်းအတန်းတိုင်းဟာ ပြည့်ပြည့်ဝဝ လှပနေမှာ။

وَلَا يَسْتَرِيْحُ الْبُسْتَانِيُّ بَعْدَ ذٰلِكَ،

အဲဒီနောက် ဥယျာဉ်မှူးဟာ အနားမယူသေးဘူး။

بَلْ يَسْهَرُ[1] عَلَى هٰذِهِ الْفَسَائِلِ،

ဒီပျိုးပင်လေးတွေအတွက် ညမအိပ်ဘဲ နေတယ်။

فَلَا يَزَالُ يَسْقِيْهَا مَرَّةً أَوْ مَرَّتَيْنِ كُلَّ يَوْمٍ، وَيَقْلَعُ الْحَشَائِشَ،

နေ့စဉ် တစ်ကြိမ်၊ ဒါမှမဟုတ် နှစ်ကြိမ် ပုံမှန် ရေလောင်းတယ်။ မြက်ပင်တွေ နုတ်တယ်။

وَيَعْزِقُ[2] الأَرْضَ حَوْلَهَا، فَيَجْعَلُ بَاطِنَهَا ظَاهِرَهَا.

အပင်ရဲ့ ဘေးပတ်လည်က မြေကြီးကို တူးဆွ ပေါင်းသင်ပေးတယ်။ အပေါ်အောက် လှန်လှော်တယ်။

هُنَا فَرَغَ[3] الْبُسْتَانِيُّ مِنْ إِصْلَاحِ الأَرْضِ

အဲဒီမှာတင် ဥယျာဉ်မှူးဟာ မြေကြီး ပြုပြင်လို့ ပြီးသွားတယ်။

وَذَهَبَ يَنْقُلُ فَسِيْلًا، فَتَبِعَهُ عُمَرُ وَعَبَّاسٌ، وَوَقَفَا بِجَانِبِهِ.

ပြီးတော့ ပျိုးပင်လေးတစ်ပင်ကို သယ်သွားတယ်။ အုမရ်ဟာနဲ့ က နောက်ကလိုက်တယ်။ သူ့ရဲ့ ဘေးမှာ ရပ်လိုက်ကြတယ်။

❀ ❀ ❀ ❀ ❀

1- سَهِرَ–يَسْهَرُ–سَهَرًا = ညမအိပ်ဘဲ နိုးကြားနေသည်။ 2- عَزَقَ–يَعْزِقُ–عَزْقًا = ပေါင်းသင်သည်။ 3- فَرَغَ–يَفْرُغُ–فَرَاغًا = ပြီးစီးသည်။

جِسْمُ النَّبَاتِ (٢)

သစ်ပင်များ၏ ကိုယ်ခန္ဓာ(၁)

حَفَرَ[1] الْبُسْتَانِيُّ الأَرْضَ حَوْلَ الْفَسِيْلِ بِاحْتِرَاسٍ[2]،

ဥယျာဉ်မှူးဟာ ပျိုးပင်ပတ်လည်မှာ သတိကြီးစွာနဲ့ ကျင်းတူးတယ်။

وَكَأَنَّهُ يَخَافُ شَيْئًا، فَسَأَلَ عَبَّاسٌ وَالِدَهُ عَنْ ذٰلِكَ،

တစ်စုံတစ်ရာကို သူစိုးရိမ်နေသလိုပဲ။ အဗ္ဗားစ်က သူ့ဖခင်ကို ဒါနဲ့ပတ်သက်ပြီး မေးမြန်းတယ်။

وَقَالَ: لِمَاذَا يَتَوَانَىٰ[3] الْبُسْتَانِيُّ فِيْ شُغْلِهِ، وَلَا يُعَجِّلُ ؟

"ဥယျာဉ်မှူးဟာ ဘာကြောင့် ဖြည်းညင်းစွာ လုပ်နေရတာလဲ၊ အမြန်အမြန် မလုပ်တာလဲ။"

قَالَ عُمَرُ: هُوَ يَخَافُ أَنْ يَقْطَعَ بَعْضَ الْجُذُوْرِ[4]

အုမရ်က ဖြေတယ်။ သူဟာ အမြစ်ကလေးတွေ ပျက်တောက်သွားမှာကို စိုးရိမ်နေတာ။

فَيَضُرَّ بِالْفَسِيْلِ، وَرُبَّمَا يَمُوْتُ،

အဲဒီလို အမြစ်ပျက်တောက်သွားရင် ပျိုးပင်ကို ဆိုးကျိုးဖြစ်စေတယ်။ အခန့်မသင့်ရင် သေဆုံးသွားတယ်။

لِأَنَّ الْجُذُوْرَ لَازِمَةٌ لِلشَّجَرِ وَبِهَا حَيَاتُهَا.

ဘာဖြစ်လို့လဲဆိုတော့ အမြစ်ဟာ သစ်ပင်အတွက် မရှိမဖြစ်လိုအပ်တယ်။ အမြစ်ရှိလို့ သစ်ပင်ဟာ အသက်ရှင်နေတာဖြစ်တယ်။ အဗ္ဗားစ်က မေး တယ်။

قَالَ عَبَّاسٌ: وَمَا فَائِدَةُ الْجُذُوْرِ وَمَا شُغْلُهَا حَتَّى لَا تَحْيَا الشَّجَرَةُ بِغَيْرِهَا.

အဗ္ဗားစ်က မေးမြန်းတယ်။ သစ်ပင်ဟာ အမြစ်မရှိရင် အသက်မရှင် နိုင်ရလောက်အောင် အမြစ်ရဲ့ အလုပ်က ဘာရှိလို့လဲ၊ ဘာအကျိုးကျေးဇူးရှိလို့လဲ။

1- حَفَرَ–يَحْفِرُ–حَفْرًا = ကျင်းတူးသည်။ 2– اِحْتَرَسَ–يَحْتَرِسُ–اِحْتِرَاسًا = သတိကြီးစွာဖြင့် လုပ်သည်။ 3– تَوَانَى–يَتَوَانَى–تَوَانِيًا = ဖြည်းညင်းစွာလုပ်သည်။ 4=جِذْرٌ جُذُوْرٌ (ج) = အမြစ်။

قَالَ عُمَرُ: النَّبَاتُ إِنَّمَا يَثْبُتُ[1] فِي الْأَرْضِ بِالْجُذُوْرِ،

အုမရ်က ဖြေတယ်။ သစ်ပင်တွေဟာ အမြစ်ကြောင့် မြေကြီးထဲမှာ ရပ် တည်နေနိုင်တာ။

فَهِيَ الَّتِيْ تَمْتَصُّ الْغِذَاءَ مِنَ الْأَرْضِ، وَتَبْحَثُ عَنْهُ،

အမြစ်ကပဲ မြေကြီးထဲကနေ အစာအာဟာရကို စုပ်ယူတယ်။ ရှာဖွေတယ်။

أَلَا تَرَاهَا مُمْتَدَّةً مُتَشَعِّبَةً[2] فِيْ بَاطِنِ الْأَرْضِ،

အမြစ်တွေဟာ မြေကြီးအတွင်းထဲမှာ ပြန့်ကျက်လျှက်ရှိတာ အသင်မတွေ့ ဘူးလား။

كَأَنَّهَا جَوَاسِيْسُ[3] وَعُيُوْنٌ[4] قَدْ انْبَثَّتْ[5] لِعَمَلِهَا.

မိမိတို့ရဲ့ လုပ်ငန်းအတွက် နေရာအနှံ့ ဖြန့်ကျက်ထားတဲ့ စုံထောက်တွေ၊ ထောက်လှမ်းရေးတွေလိုပဲ။

عَبَّاسٌ: وَمَا هِيَ الْأَجْزَاءُ اللَّازِمَةُ لِلنَّبَاتِ غَيْرُ الْجُذُوْرِ؟.

အဗ္ဗားစ်က ပြောတယ်။ အမြစ်တွေအပြင် သစ်ပင်တွေအတွက် မရှိမဖြစ်လိုအပ်တဲ့အစိတ်အပိုင်းတွေက ဘာတွေရှိသေးလဲ။

قَالَ عُمَرُ: مِنَ الْأَعْضَاءِ اللَّازِمَةِ لِلنَّبَاتِ السَّاقُ[6]،

အုမရ်က ပြောတယ်။ သစ်ပင်အတွက် မရှိမဖြစ် လိုအပ်တဲ့အစိတ်အပိုင်း တွေထဲမှာ တစ်ခုက ပင်စည်ဖြစ်တယ်။

وَهُوَ الْجُزْءُ الْبَارِزُ[7] عَلَى الْأَرْضِ،

ပင်စည်ဆိုတာ မြေပြင်ပေါ်မှာ ပေါ်နေတဲ့ အစိတ်အပိုင်းပေါ့။

وَهُوَ الَّذِيْ يَحْمِلُ الْفُرُوْعَ[8] وَالْأَوْرَاقَ،

ပင်စည်ကပဲ သစ်ကိုင်းတွေ၊ သစ်ရွက်တွေကို ထမ်းရွက်ထားတယ်။

وَيَسِيْلُ فِيْهِ غِذَاءُ الشَّجَرَةِ وَيَنْتَقِلُ إِلَى أَجْزَائِهَا.

1- ثَبَتَ–يَثْبُتُ–ثُبُوْتًا = တည်မြဲသည်။ 2- تَشَعَّبَ–يَتَشَعَّبُ–تَشَعُّبًا = ပျံ့နှံ့သည်။ 3- جَوَاسِيْسُ (ج) جَاسُوْسٌ = စုံထောက်။ 4- عُيُوْنٌ (ج) عَيْنٌ = ထောက်လှမ်းသူ။ 5- اِنْبَثَّ–يَنْبَثُّ–اِنْبِثَاثًا = ပျံ့နှံ့သည်။ 6- سِيْقَانٌ وَسُوْقٌ (ج) سَاقٌ = ပင်စည်။ 7- بَرَزَ–يَبْرُزُ–بُرُوْزًا = ပေါ်ထွက်သည်။ 8- فُرُوْعٌ (ج) فَرْعٌ = အကိုင်းအလက်။

သစ်ပင်ရဲ့ အစာအာဟာရဟာ ပင်စည်ထဲကို စီးဝင်ပြီး ကျန်အစိတ် အပိုင်းတွေထဲကို ဝင်ရောက်သွားတယ်။

وَالْآخَرُ اللَّازِمُ لِلنَّبَاتِ الْأَوْرَاقُ

သစ်ပင်အတွက် အရေးကြီးတဲ့ နောက်ထပ်အစိတ်အပိုင်းတစ်ခုကတော့ သစ်ရွက်တွေပါပဲ။

وَبِهَا يَتَنَفَّسُ[1] النَّبَاتُ، وَيَأْخُذُ مِنَ الْهَوَاءِ مَا يُصْلِحُ بِهِ حَيَاتَهُ.

သစ်ပင်ဟာ သစ်ရွက်နဲ့ အသက်ရှူတယ်။ သူအသက်ရှင်ဖို့အတွက် သင့်တင့်တဲ့လေကို ရယူတယ်။

وَهٰذِهِ الثَّلَاثَةُ: الْجُذُوْرُ، وَالسَّاقُ، وَالْأَوْرَاقُ، هِيَ أَعْضَاءُ النَّبَاتِ اللَّازِمَةُ لِحَيَاتِهِ وَنَمَائِهِ[2]

ဒီအစိတ်ပိုင်းသုံးခု- အမြစ်၊ ပင်စည်၊ သစ်ရွက်-ဟာ သစ်ပင်အသက်ရှင်ဖို့နဲ့ ကြီးထွားဖို့အတွက် မရှိမဖြစ် လိုအပ်တဲ့ အစိတ်အပိုင်းတွေပဲ ဖြစ်တယ်။

وَيَكْفِيْكَ يَا عَبَّاسُ! هٰذَا الدَّرْسُ الْأَوَّلُ عَنِ النَّبَاتِ.

အို၊ အဗ္ဗားစ်၊ သစ်ပင်နဲ့ပတ်သက်ပြီး ဒီပထမသင်ခန်းစာဟာ မင်းအတွက် လုံလောက်ပါပြီ။

قَالَ عَبَّاسٌ: عَجَبًا يَا أَبِيْ ! مَا كُنْتُ أَعْرِفُ مِنْ قَبْلُ أَنَّ النَّبَاتَ جِسْمٌ حَيٌّ نَامٍ، لَهُ تَرْكِيْبٌ[3] دَقِيْقٌ.

အဗ္ဗားစ်က ပြောတယ်။ အို၊ ဖေဖေ၊ အံ့သြစရာပါပဲ။ သစ်ပင်ဟာ ကြီးထွားတဲ့၊ သက်ရှိခန္ဓာရှိကြောင်းနဲ့ သူ့မှာ နက်နဲတဲ့ ဖွဲ့စည်းတည်ဆောက်ပုံ ရှိကြောင်း ကို ကျွန်တော် ဒီ့အရင်က မသိခဲ့ဘူး။

قَالَ عُمَرُ: وَكَذٰلِكَ كُلُّ شَيْءٍ،

အိုမရ်က ပြောတယ်။ အရာရာတိုင်းဟာ အဲဒီလိုပဲ။

فَإِذَا دَرَسْتَهُ كَكِتَابٍ تَعَجَّبْتَ مِنْ صُنْعِ اللهِ الَّذِيْ أَتْقَنَ[4] كُلَّ شَيْءٍ،

အသင်ဟာ အရာတိုင်းကို စာအုပ်တစ်အုပ်လို လေ့လာကြည့်မယ်ဆိုရင် အရာတိုင်းကို

1- تَنَفَّسَ–يَتَنَفَّسُ–تَنَفُّسًا = အသက်ရှူသည်။ 2- نَمَا–يَنْمُوْ–نُمُوًّا وَنَمَاءً فَهُوَ نَامٍ = ကြီးထွားသည်။ 3- تَرْكِيْبٌ دَقِيْقٌ - နက်နဲသော ဖွဲ့စည်းတည်ဆောက်ပုံ။ 4- أَتْقَنَ - يُتْقِنُ–إِتْقَانًا = ကျွမ်းကျင်လိမ္မာသည်။

ကျွမ်းကျင်လိမ္မာစွာ ပြုလုပ်ဖန်တီးထားတဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ လက်ရာကို အံ့အား သင့်စွာ တွေ့မြင်ရလိမ့်မယ်။

وَعَرَفْتَ أَنَّ فِيْ كُلِّ شَيْءٍ آيَةً لِلّٰهِ، وَفِيْ ذٰلِكَ يَقُوْلُ الشَّاعِرُ:

ပြီးတော့ အသင် သိသွားလိမ့်မယ်။ အရာတိုင်းမှာ အလ္လာဟ်အရှင်မြတ်ရဲ့ သက်သေ လက္ခာတော်တစ်ရပ် ရှိတယ်။ ဒါနဲ့ပတ်သက်ပြီး ကဗျာဆရာက အခုလို စပ်ဆိုထားတယ်။

وَلِلّٰهِ فِيْ كُلِّ تَحْرِيْكَةٍ[1] وَفِيْ كُلِّ تَسْكِيْنَةٍ[2] شَاهِدُ

လှုပ်ရှားမှုတိုင်းရဲ့ ငြိမ်သက်နေတဲ့အရာတိုင်းမှာ အလ္လာဟ်ရဲ့ သက်သေတစ်ခုရှိတယ်။

فَفِيْ كُلِّ شَيْءٍ لَهُ آيَةٌ تَـــدُلُّ عَلَى أَنَّهُ وَاحِـــدُ

အရာတိုင်းမှာ အလ္လာဟ်အရှင်မြတ်ရဲ့ အထောက်အထားတစ်ခုရှိတယ်။ အဲဒါက အလ္လာဟ်တစ်ပါးတည်းရှိကြောင်း ညွှန်ပြနေတယ်။

❀ ❀ ❀ ❀ ❀

الْبَبْغَاءُ[3]

ကြက်တူရွေး

أَلِفْتُهَـــا[4] صَبِيْحَـــةً[5] مَلِيْحَـــةً[6] نَـــاطِقَةً بِاللُّغَةِ الْفَصِيْحَـــةِ

ကျွန်တော်ဟာ သူနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တယ်။ သူဟာ ရုပ်ရည်ချောမောလှပ တယ်။ ရှင်းလင်းပြက်သားတဲ့ဘာသာစကားကို ပြောတယ်။

1– حَرَّكَ–يُحَرِّكُ–تَحْرِيْكًا = လှုပ်ရှားစေသည်။ 2– سَكَّنَ–يُسَكِّنُ–تَسْكِيْنًا = တည်ငြိမ်စေသည်။ 3– بَبْغَاءٌ، بَبَّغَاءٌ (ج) بَبْغَاوَاتٌ = ကြက်တူရွေး။ 4– أَلِفَ – يَأْلَفُ – إِلْفًا = ရင်းနှီးကျွမ်းဝင်သည်။ 5– صَبِيْحُ الْوَجْهِ = ချောမောလှပသော။ 6– مَلِيْحٌ (ج) مِلَاحٌ = ချောမောလှပသော။ مَلُحَ–يَمْلُحُ–مَلَاحَةً ။

عُدَّتْ[1] مِنَ الأَطْيَارِ[2] وَاللِّسَانُ   يُوهِمُنِي[3] بِأَنَّهَا إِنْسَانُ

ငှက်တွေထဲကလို့ သတ်မှတ်ခြင်းခံရတယ်။ နှုတ်လျှာကတော့ သူဟာ လူလို့တောင် ထင်မှတ်သွားစေတယ်။

تُنْهِي[4] إِلَى صَاحِبِهَا الأَخْبَارَا   وَتَكْشِفُ لأَسْرَارَ[5] وَالأَسْتَارَا[6]

သူ့ရဲ့သခင်စီကို သတင်းတွေ ပို့ဆောင်ပေးတယ်။ လျှို့ဝှက်ချက်တွေနဲ့ ဖုန်းကွယ်နေတာတွေကို ဖော်ထုတ်ပေးတယ်။

بَكْمَاءُ[7] إِلَّا أَنَّهَا سَمِيعَةْ   تُعِيدُ[8] مَا تَسْمَعُهُ طَبِيعَةْ

ဆွံ့အနေသူပါ။ ဒါပေမဲ့ ကြားသမျှကို သဘာဝကျကျ ပြန်ပြောတတ်တယ်။

زَارَتْكَ مِنْ بِلَادِهَا البَعِيدَةْ   وَاسْتَوْطَنَتْ[9] عِنْدَكَ كَالقَعِيدَةْ[10]

သူ့ရဲ့ ဝေးလံတဲ့တိုင်းပြည်ကနေ အသင့်စီကို လာလည်တယ်။ ပြီးတော့ အသင့်ထံမှာ ဇနီးမိန်းမလို အပြီးနေလိုက်တယ်။

ضَيْفٌ قِرَاهُ[11] الجَوْزُ[12] وَالأَرُزُّ   وَالضَّيْفُ فِي إِتْيَانِهِ يُعَزُّ

ဧည့်သည်ပါ။ သူ့ကို ဧည့်ခံရတဲ့အစားအစာဟာ သစ်ကြားသီးနဲ့ ဆန်ပါ။ ဧည့်သည်လာရင် ဂုဏ်ပေးရပါတယ်။

تَرَاهُ فِي مِنْقَارِهِ[13] الرَّقِيقْ   كَلُؤْلُؤٍ يَلْقُطُ بِالعَقِيقْ[14]

သူ့ရဲ့ ပါးလွှာတဲ့ နှုတ်သီးမှာ အသင်တွေ့ရပါလိမ့်မယ်။ မဟူရာကျောက်နဲ့ ပုလဲကောက် သလိုပါပဲ။

1- عَدَّ–يَعُدُّ–عَدًّا = သတ်မှတ်သည်၊ မှတ်ယူသည်။ 2– أَطْيَارٌ وَطُيُورٌ (ج) طَيْرٌ = ငှက်။ 3– أَوْهَمَ–يُوهِمُ–إِيهَامًا = ထင်မှတ်သွားစေသည်။ 4– أَنْهَى إِلَيْهِ الخَبَرَ–يُنْهِي–إِنْهَاءً = သတင်းပို့ပေးသည်။ 5– أَسْرَارٌ (ج) سِرٌّ = လျှို့ဝှက်ချက်။ 6– أَسْتَارٌ (ج) سِتْرٌ = ဖုံးကွယ်နေသောအရာများ။ 7– بُكْمٌ (ج) بَكْمَاءُ (مؤنث) أَبْكَمُ = ဆွံ့အသူ၊ စကားမပြောတတ်သူ။ 8– أَعَادَ–يُعِيدُ–إِعَادَةً = ပြန်ကျော့သည်။ 9– اِسْتَوْطَنَ–يَسْتَوْطِنُ–اِسْتِيطَانًا = အခြေချသည်၊ နေထိုင်သည်။ 10– قَعَائِدُ (ج) قَعِيدَةٌ = ဇနီးမိန်းမ၊ သစ်ရွက်ဖြင့်လုပ်ထားသော ထိုင်ခုံ။ 11– القِرَى = ဧည့်သည်ကို ဧည့်ခံကျွေးမွေးသောအစားအစာ။ 12– جَوْزٌ = သစ်ကြားသီး။ 13– مَنَاقِيرُ (ج) مِنْقَارٌ = နှုတ်သီး။ 14– عَقِيقٌ = မဟူရာကျောက်။

تَنْظُرُ مِنْ طَرْفَيْنِ[1] كَالْفَصَّيْنِ[2]   فِي النُّوْرِ وَالظُّلْمَةِ بَصَّاصَيْنِ[3]

သူဟာ လက်စွပ်ကျောက်လို ဖြူဖွေးတဲ့ မျက်လုံးနှစ်လုံးနဲ့ ကြည့်တယ်။ အလင်းထဲမှာရော၊ အမှောင်ထဲမှာရော လင်းဝင်းတောက်ပနေတယ်။

خَرِيْدَةٌ[4] خُدُوْرُهَا[5] الْأَقْفَاصُ[6]   لَيْسَ لَهَا مِنْ حَبْسِهَا خَلَاصُ

မိန်းမပျိုလေးပါ၊ သူ့ရဲ့ အကာအကွယ်ဟာ လှောင်အိမ်။ သူ့အတွက် အချုပ်အနှောင်ကနေ လွတ်လမ်းမရှိဘူး။

تَحْبِسُهَا وَمَالَهَا مِنْ ذَنْبِ   وَإِنَّمَـــا ذَاكَ لِفَـــرْطِ[7] الْحُبِّ

အသင်က သူ့ကို ဘာအပြစ်မှမရှိဘဲ ချုပ်နှောင်ထားတယ်။ ဒါဟာ အချစ် လွန်ကဲတဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

(الشَّاعِرُ: أَبُوْ إِسْحَاقَ الصَّابِيُّ)

❀ ❀ ❀ ❀ ❀

الْحَجَّاجُ وَالْفِتْيَةُ[8]

ဟဂ်ျဂျားဇ်နဲ့ လူငယ်လေးများ

أَمَرَ الْحَجَّاجُ صَاحِبَ حَرَسِهِ[9] أَنْ يَطُوْفَ لَيْلًا،

ဟဂ်ျဂျားဇ်က သူ့ရဲ့ လုံခြုံရေးအကြီးအကဲကို ညမှာ လှည့်ပတ်ကြည့်ရှုပြီး

1- أَطْرَافٌ (ج) طَرْفٌ = မျက်လုံး။ 2- فُصُوْصٌ (ج) فَصٌّ = လက်စွပ်ကျောက်။ 3- بَصَّ-يَبِصُّ-بَصًّا فَهُوَ بَصَّاصٌ = လင်းဝင်းတောက်ပသည်။ 4- خَرَائِدُ (ج) خَرِيْدَةٌ = မိန်းမပျို။ 5- خُدُوْرٌ (ج) خِدْرٌ = အကာအကွယ်၊ ပရ်ဒါ။ 6- أَقْفَاصٌ (ج) قَفَصٌ = လှောင်အိမ်။ 7- الْفَرْطُ = အတိုင်းထက်အလွန်။ 8- فِتْيَةٌ وفِتْيَانٌ (ج) فَتًى = လူပျိုလူရွယ်။ 9- حَرَس (ج) حَارِسٌ = အစောင့်တပ်သား။

فَمَنْ رَآهُ بَعْدَ الْعِشَاءِ سَكْرَانَ[1] ضَرَبَ عُنُقَهُ،

အိရှာပြီးနောက်ပိုင်း မူးနေတဲ့သူကို တွေ့ရင် လည်းပင်းခုတ်ပစ်ဖို့ အမိန့် ထုတ်လိုက်တယ်။

فَطَافَ لَيْلَةً مِنَ اللَّيَالِي فَوَجَدَ ثَلَاثَةَ فِتْيَانٍ يَتَمَايَلُوْنَ[2]،

ဒါနဲ့ လုံခြုံရေးအကြီးအကဲဟာ ညတစ်ညမှာ ကင်းလှည့်ရင်း ဒယီးဒယိုင်ဖြစ် နေတဲ့ လူငယ်သုံးဦးကို တွေ့မြင်ခဲ့တယ်။

وَعَلَيْهِمْ أَمَارَاتُ[3] السُّكْرِ[4]،

သူတို့ပေါ်မှာ မူးနေတဲ့နမိတ်လက္ခဏာတွေလည်း တွေ့မြင်နေရတယ်။

فَأَحَاطَتْ بِهِمُ الْغِلْمَانُ وَقَالَ لَهُمْ صَاحِبُ الْحَرَسِ:

လူငယ်တွေက သူတို့သုံးဦးကို ဝိုင်းထားလိုက်တယ်။ လုံခြုံရေးအကြီးအကဲက သူတို့ကို မေးတယ်။

مَنْ أَنْتُمْ، حَتَّى خَالَفْتُمْ أَمْرَ أَمِيْرِ الْمُؤْمِنِيْنَ، وَخَرَجْتُمْ فِيْ مِثْلِ هٰذَا الْوَقْتِ؟

فَقَالَ أَحَدُهُمْ:

အမီးရွလ်မုအ်မိနီးန်ရဲ့ အမိန့်ကို ဖီဆန်ပြီး၊ ဒီလိုအချိန် အပြင်ထွက်လာရအောင် သင်တို့က ဘယ်သူတွေမို့လဲ။ အဲဒီအခါ တစ်ဦးက ဖြေတယ်။

أَنَا ابْنُ مَنْ دَانَتْ[5] الرِّقَابُ[6] لَهُ   مِنْ بَيْنِ مَخْزُوْمِهَا وَهَاشِمِهَا

ကျွန်တော့်ရဲ့ဖခင်ဟာ ဘယ်လိုလူလည်းဆိုရင် လည်ကုပ်တွေဟာ သူ့ရှေ့မှာ ညွတ်ပေးရတယ်။ မခ်ဇူးမ်မျိုးနွယ်ကဖြစ်စေ၊ ဟာရှင်မ်မျိုးနွယ်က ဖြစ်စေ။

تَأْتِيْهِ بِالرَّغْمِ[7] وَهِيَ صَاغِرَةٌ   يَأْخُذُ مِنْ مَالِهَا وَمِنْ دَمِهَا

ဘယ်သူပဲဖြစ်ဖြစ် သူ့ထံကို အညံ့ခံပြီး လာရတယ်။ အဲဒီအခါ သူက အဲဒီ လူရဲ့ ငွေကိုရော၊ သူ့ရဲ့ သွေးကိုရော ယူတယ်။

فَأَمْسَكَ عَنْهُ وَقَالَ: لَعَلَّهُ مِنْ أَقَارِبِ أَمِيْرِ الْمُؤْمِنِيْنَ.

အဲဒီအခါ လုံခြုံရေးမှူးက ပြီးတော့ "ဒီလူငယ်ဟာ အမီးရ်ရွလ်မုအ်မိနီးန်ရဲ့ ဆွေးမျိုးထဲက

1- سُكَارَى، سَكْرَى (ج) سَكْرَانُ = အရက်မူးနေသူ။ 2- تَمَايَلَ-يَتَمَايَلُ-تَمَايُلًا = ယိမ်းထိုးသည်၊ ဒယီးဒယိုင်ဖြစ်သည်။ 3- أَمَارَاتٌ (ج) أَمَارَةٌ = နိမိတ်လက္ခဏာ။ 4- سَكِرَ-يَسْكَرُ-سُكْرًا = မူးယစ်သည်။ 5- دَانَ-يَدِيْنُ-دِيْنًا = အမိန့်နာခံသည်၊ ရိုကျိုးသည်။ 6- رِقَابٌ (ج) رَقَبَةٌ = လည်ကုပ်။ 7- بِالرَّغْمِ = မနစ်မြို့ဘဲနှင့်။

ဖြစ်နိုင်တယ်”ဆိုပြီး သူ့ကို လွှတ်ပေးလိုက်တယ်။

ثُمَّ قَالَ لِلآخَرِ: وَأَنْتَ مَنْ تَكُوْنُ ؟ فَقَالَ:

ပြီးတော့ နောက်တစ်ယောက်ကို မေးတယ်။ အသင်ကရော ဘယ်သူမို့ လို့လဲ။ သူက ဖြေတယ်။

أَنَا ابْنُ مَنْ لَا تَنْزِلُ الدَّهْرَ قِدْرُهُ وَإِنْ نَزَلَتْ يَوْمًا فَسَوْفَ تَعُوْدُ

ကျွန်တော့်ရဲ့ဖခင်ဟာ ဘယ်လိုလူလည်းဆိုရင် သူ့ရဲ့ အိုးဟာ တစ်ချိန်လုံး မီးဖိုပေါ်ကနေ အောက်မရောက်ဘူး။ တစ်ရက်လောက် အောက်ရောက်ရင်လည်း မကြာမီပဲ မီးဖိုပေါ် ပြန်ရောက် တယ်။

تَرَى النَّاسَ أَفْوَاجًا إِلَى ضَوْءِ نَارِه فَمِنْهُمْ قِيَامٌ[1] حَوْلَهَا وَقُعُوْدٌ[2]

သူ့ရဲ့ မီးအလင်းရောင်နားမှာ လူတွေကို အုပ်စုလိုက် အသင်တွေ့ရမယ်။ တစ်ချို့က မီးဖိုပတ်လည်မှာ မတ်တတ်ရပ်လျက်ရှိပြီး တစ်ချို့က ထိုင်နေ လျက်ရှိကြတယ်။

فَأَمْسَكَ عَنْهُ وَقَالَ: لَعَلَّهُ ابْنُ أَشْرَافِ الْعَرَبِ.

အဲဒီအခါ လုံခြုံရေးမှူးက ဒီလူငယ်ဟာ အရပ်ခေါင်းဆောင်တစ်ဦးရဲ့ သား ဖြစ်နိုင်တယ်” လို့ဆိုပြီး သူ့ကို လွှတ်ပေးလိုက်တယ်။

ثُمَّ قَالَ لِلآخَرِ:وَأَنْتَ مَنْ تَكُوْنُ ؟ فَأَنْشَدَ[3] قَائِلًا:

ပြီးတော့ နောက်တစ်ယောက်ကို မေးတယ်။ အသင်ကရော ဘယ်သူတုန်း။ လူငယ်က ကဗျာရွတ်ဆိုပြီး ပြောတယ်။

أَنَا ابْنُ مَنْ خَاضَ[4] الصُّفُوْفَ بِعَزْمِه

ကျွန်တော့်ရဲ့ဖခင်ဟာ ဘယ်လို လူမျိုးလဲဆိုရင် သူဟာ ရဲရင့်ပြတ်သားစွာနဲ့ လိုင်းတန်းတွေထဲကို ဝင်ရောက်တယ်။

وَقَوَّمَهَا[5] بِالسَّيْفِ حَتَّى اسْتَقَامَتْ

ပြီးတော့ လိုင်းတန်းတွေကို ညီညာဖြောင့်တန်းသွားတဲ့အထိ ညီညာအောင်လုပ်တယ်။

1– قِيَامٌ (ج) قَائِمٌ = မတ်တတ်ရပ်နေသူ။ 2– قُعُوْدٌ (ج) قَاعِدٌ = ထိုင်နေသူ။ 3 – أَنْشَدَ–يُنْشِدُ–إِنْشَادًا = ကဗျာရွတ်ဆိုသည်။ 4– خَاضَ–يَخُوْضُ–خَوْضًا = ထိုးဖောက်ဝင်ရောက်သည်။ 5–قَوَّمَ–يُقَوِّمُ–تَقْوِيْمًا = ဖြောင့်တန်းအောင်လုပ် သည်။

رِكَابَاهُ[1] لَا تَنْفَكُّ[2] رِجْلَاهُ مِنْهُمَا

သူ့ရဲ့ မြင်းကုန်းနှီးဟာ သူ့ရဲ့ခြေထောက်နဲ့ ကင်းကွာသွားတာမရှိဘူး။

إِذَا الْخَيْلُ فِيْ يَوْمِ الْكَرِيْهَةِ[3] وَلَّتْ

မြင်းတပ်တွေဟာ စစ်ပွဲပြင်းထန်တဲ့နေ့မှာ နောက်လှည့်ထွက်ပြေးတဲ့အခါ။

فَأَمْسَكَ عَنْهُ وَقَالَ: لَعَلَّهُ ابْنُ أَشْجَعِ الْعَرَبِ، وَاحْتَفَظَ[4] بِهِمْ.

အဲဒီအခါ လုံခြုံရေးမှူးက "ဒီလူငယ်ဟာ အရဲဗ်သူရဲ့ကောင်းတစ်ဦးရဲ့သား ဖြစ်နိုင်တယ်" လို့ဆိုပြီး သူတို့သုံးဦးစလုံးကို ထိန်းသိမ်းထားလိုက်တယ်။

فَلَمَّا كَانَ الصَّبَاحُ رَفَعَ أَمْرَهُمْ إِلَى الأَمِيْرِ،

မနက်မိုးလင်းတဲ့အခါ သူတို့သုံးဦးကို ခေါင်းဆောင်းဟဂ်ျဂျားထံမှာ အမှုဆွဲ လိုက်တယ်။

فَأَحْضَرَهُمْ[5] وَكَشَفَ عَنْ حَالِهِمْ،

ဟဂ်ျဂျားဂျ်က သူတို့ကို ခေါ်ခိုင်းလိုက်ပြီး သူတို့ရဲ့ အခြေအနေကို မေးမြန်းဖော်ထုတ်တယ်။

فَإِذَا الْأَوَّلُ ابْنُ حَجَّامٍ[6]، وَالثَّانِيْ ابْنُ خُضَرِيٍّ[7]، وَالثَّالِثُ ابْنُ حَائِكٍ[8]،

အဲဒီတော့မှ ပထမဆုံးလူငယ်ဟာ သွေးဆုပ်ထုပ်ကုသသူရဲ့သားဖြစ်နေတယ်။ဒုတိယလူငယ်ဟာ ဟင်းရွက်ရောင်းချသူရဲ့သားဖြစ်နေတယ်။ တတိယသူက ယပ်ကမ်းသမားရဲ့သားဖြစ်နေတယ်။

فَتَعَجَّبَ مِنْ فَصَاحَتِهِمْ،

ဟဂ်ျဂျားဂျ်ဟာ သူတို့သုံးဦးရဲ့ စကားကြွယ်ဝမှုကို အံ့အားသင့်ခဲ့တယ်။

وَقَالَ لِجُلَسَائِهِ: عَلِّمُوْا أَوْلَادَكُمْ الأَدَبَ،

ပြီးတော့ ထိုင်ဝိုင်းမှာရှိသူတွေကို ပြောတယ်။ အသင်တို့ရဲ့ သားသမီးတွေကို စာပေအတတ်ပညာသင်ကြားပေးကြ။

1– رَكَائِبُ (ج) رِكَابٌ ခြေနင်းခုံ။ 2– انْفَكَّ–يَنْفَكُّ–انْفِكَاكًا = ကင်းကွာ သည်။ لَاتَنْفَكُّ မကင်းကွာဘူး။ 3–يَوْمُ الكَرِيْهَةِ = စစ်ပွဲနေ့။ 4– احْتَفَظَ–يَحْتَفِظُ–احْتِفَاظًا = ထိန်းသိမ်းသည်။ 5–أَحْضَرَ–يُحْضِرُ–إِحْضَارًا = ခေါ်လာခိုင်းသည်။ 6–حَجَّامٌ = သွေးစုပ်ထုပ်၍ဆေးကုသသူ။ 7– خُضَرِيٌّ = ဟင်းသီးဟင်းရွက် ရောင်းချသူ။ 8– حَائِكٌ = ယက်ကမ်းသမား။

فَلَوْلَا فَصَاحَتُهُمْ لَضَرَبْتُ أَعْنَاقَهُمْ.

ဒီလူငယ်လေးတွေရဲ့ စကားကြွယ်ဝမှုအတတ်ပညာကြောင့်သာမဟုတ်ရင် သူတို့ရဲ့ လည်ကုပ်တွေကို သေချာပေါက် ငါခုတ်ပစ်မှာ။

أَنَا تُرَابٌ

ကျွန်ုပ်ဟာ မြေကြီးပါ။

أَنَا تُرَابٌ حَقِيْرٌ يَطَؤُنِي[1] النَّاسُ بِأَقْدَامِهِمْ وَنِعَالِهِمْ[2]،

ကျွန်တော်ဟာ သေးနုတ်တဲ့မြေကြီးပါ။ လူတွေဟာ သူတို့ရဲ့ ခြေထောက် တွေ၊ ဖိနပ်တွေနဲ့ ကျွန်တော့်ကို တက်နင်းကြတယ်။

وَيَضْرِبُوْنَ بِيْ مَثَلًا[3] فِي الْحَقَارَةِ[4] وَالذُّلِّ.

သေးသိမ်မှုနဲ့ အောက်တန်းကျမှုအတွက် ကျွန်တော့်ကို ပုံပမာခိုင်းနှိုင်းကြ တယ်။

النَّاسُ يَنْتَفِعُوْنَ بِيْ فِيْ كُلِّ سَاعَةٍ، وَفِيْ كُلِّ مَكَانٍ وَزَمَانٍ،

လူတွေဟာ အချိန်တိုင်း ကျွန်တော့်စီကနေ အကျိုးခံစားကြပါတယ်။ နေရာတိုင်း အချိန်တိုင်းမှာ။

ثُمَّ يَحْتَقِرُوْنَنِيْ[5] وَيَهْجُوْنَنِيْ[6] كَالشَّعِيْرِ يُؤْكَلُ وَيُذَمُّ[7].

အဲဒီနောက်မှာလည်း ကျွန်တော့်ကို အထင်သေးကြတယ်။ ကျွန်တော့်ကို အပြစ်တင်ကြတယ်။ မုယောဆံပါးလိုပါပဲ။ စားပြီး အပြစ်ပြောတာခံရတယ်။

1- وَطِئَ-يَطَأُ-وَطْئًا = လမ်းလျှောက်သည်၊ နင်းသည်။ 2- نَعْلٌ (ج) نِعَالٌ = ဖိနပ်။ 3- ضَرَبَ مَثَلًا = ပုံပမာခိုင်းနှိုင်းပြသည်။ 4- الحَقَارَةُ = သေးသိမ်မှု။ 5- اِحْتَقَرَ-يَحْتَقِرُ-اِحْتِقَارًا = အထင်သေးသည်။ 6- هَجَا-يَهْجُوْ-هَجْوًا وَهِجَاءً = မကောင်းကြောင်းပြောသည်။ 7- ذَمَّ-يَذُمُّ-ذَمًّا وَمَذَمَّةً = ပြစ်တင်ရှုတ်ချသည်။

فَفِيْ مَنَاكِبِيْ[1] يَمْشِي النَّاسُ، وَعَلَى ظَهْرِيْ يَبْنُوْنَ بُيُوْتًا وَمَبَانِيَ[2] عَظِيْمَةً،

လူတွေဟာကျွန်တော့်ပခုံးပေါ်မှာလျှောက်လှမ်းသွားလာကြတယ်။ကျွန်တော့်ကျောကုန်းပေါ်မှာ အိမ်တွေ၊ ကြီးမားတဲ့ အဆောက်အဦတွေ ဆောက်လုပ်ကြတယ်။

وَمِنْ بَطْنِيْ تَخْرُجُ لِلنَّاسِ حُبُوْبٌ يَأْكُلُهَا النَّاسُ،

ကျွန်တော့်ရဲ့ ဝမ်းဗိုက်ထဲကနေ လူတွေစားဖို့အတွက် အစေ့အဆံတွေ ထွက်တယ်။

وَجَنَّاتٌ مِنْ أَعْنَابٍ وَالزَّيْتُوْنِ وَالرُّمَّانِ، وَالنَّخْلِ وَالزَّرْعِ مُخْتَلِفٌ أُكُلُهُ[3].

စပျစ်၊ သဖန်း၊ သလဲ၊ စွန်ပလွံနဲ့ အသီးအမျိုးမျိုးထွက်တဲ့ လယ်ယာတွေ ထွက်ပါတယ်။

وَمِنْ بَطْنِيْ يَخْرُجُ ذٰلِكَ الْقُطْنُ[4]

ငါ့ရဲ့ ဝမ်းဗိုက်ထဲကနေ ဝါဂွမ်းထွက်တယ်။

الَّذِيْ بِهِ لِبَاسُكُمْ وَكِسْوَتُكُمْ[5] فِي الصَّيْفِ وَالشِّتَاءِ وَسَرَابِيْلَ[6] تَقِيْكُمُ[7] الْحَرَّ.

အဲဒီဝါဂွမ်းနဲ့ အသင်တို့ရဲ့ နွေရာသီနဲ့ ဆောင်းရာသီအဝတ်အစားတွေ၊ အကျီတွေ ပြုလုပ်တယ်။ ပြီးတော့ အသင်တို့ကို အပူဒဏ်ကနေ အကာ အကွယ်ပေးတဲ့ ကုတ်အကျီတွေ ပြုလုပ်ကြတယ်။

وَفِيْ لِبَاسِ الْحَرِيْرِ أَيْضًا يَرْجِعُ إِلَيَّ الْفَضْلُ[8]

ပိုးထည်မှာလည်း ငါ့ကျေးဇူးကြောင့်ပဲ။

فَإِنَّ دُوْدَةَ الْقَزِّ[9] تَتَغَذَّى[10] مِنْ وَرَقِ التُّوْتِ[11]،

ပိုးချည်ပိုးကောင်ဟာ ဘယ်ရီပင်အရွက်ကနေ အစာအာဟာရရယူတယ်။

1- مَنَاكِبُ (ج) مَنْكِبٌ = ပုခုံး။ 2- مَبَانٍ (ج) مَبْنَى = အဆောက်အအုံ။ 3- مُخْتَلِفًا أُكُلُهُ = သစ်သီးဝလံအမျိုးမျိုး။ 4- أَقْطَانٌ (ج) قُطْنٌ = ဝါဂွမ်း။ 5- كِسْوَةٌ (ج) كِسَاءٌ = အဝတ်။ 6- سَرَابِيْلُ (ج) سِرْبَالٌ = အကျီ၊ ကုတ်အကျီ။ 7- وَقَى-يَقِيْ-وِقَايَةً = ထိန်းသိမ်းကာကွယ်သည်။ 8- يَرْجِعُ إِلَيَّ الْفَضْلُ = ငါ့ရဲ့ကျေးဇူးကြောင့်ပဲ။ 9- دُوْدَةُ الْقَزِّ = ပိုးမျှင်ထွက်သည့် ပိုးကောင်။ 10- تَغَذَّى-يَتَغَذَّى-تَغَذِّيًا = အစာအာဟာရရယူသည်။ 11- التُّوْتُ = ဘယ်ရီသီး။

وَمِنِّيْ تَتَغَذّٰى شَجَرَةُ التُّوْتِ، وَعَلَيَّ تَنْمُوْ[1] وَتَعِيْشُ،

အဲဒီဘယ်ရီပင်က ငါ့ဆီကနေ အစာအာဟာရ ရယူတယ်။ ငါ့အပေါ်မှာ ကြီးထားတွယ်။ ရှင်သန်တယ်။

وَعَلى ظَهْرِيْ تَحْفِرُوْنَ الْبِئْرَ الَّتِيْ تَشْرَبُوْنَ مَاءَهَا،

ငါ့ကျောကုန်းပေါ်မှာ အသင်တို့ ရေတွင်းတူးကြတယ်။ အဲဒီရေတွင်းကနေ အသင်တို့ ရေသောက်သုံးတယ်။

وَعَلَى ظَهْرِيْ تَجْرِي الْأَنهَارُ الَّتِي تَسْقِيْكُمْ، وَتَسْقِيْ زُرُوْعَكُمْ.

ငါ့ရဲ့ ကျောကုန်းပေါ်မှာပဲ အသင်တို့ကို ရေတိုက်ကျွေးတဲ့၊ အသင်တို့ရဲ့ လယ်ယာတွေကို ရေတိုက်ကျွေးတဲ့ မြစ်ချောင်းတွေ စီးဆင်းတယ်။

وَمِنَ الطِّيْنِ يَبْنِيْ الْفَخَّارِيُّ[2] الْأَوَانِيَ[3] وَالظُّرُوْفَ[4]،

မြေကြီးနဲ့ပဲ မြေအိုးလုပ်သမားဟာ ပန်းကန် ခွက်ယောက်တွေ ပြုလုပ် တယ်။

الَّتِيْ تَأْكُلُوْنَ فِيْهَا وَتَشْرَبُوْنَ،

အဲဒီ ပန်းကန်းခွက်ယောက်တွေနဲ့ အသင်တို့ စားကြတယ်။ သောက်ကြ တယ်။

وَاللُّعَبَ[5] وَالدُّمٰى[6] الَّتِيْ يَلْعَبُ بِهَا الْأَطْفَالُ.

ပြီးတော့ ကလေးတွေဆော့ကစားတဲ့ အရုပ်တွေကိုလည်း ပြုလုပ်တယ်။

وَهَلْ تُصَدِّقُوْنَ إِذَا أَخْبَرْتُكُمْ

ငါဒီလိုပြောရင် အသင်တို့ ထောက်ခံကြမလား။

بِأَنِّيْ مَادَّةُ[7] هٰذَا الْكِتَابِ الَّذِيْ تَقْرَؤُوْنَهُ، وَمَادَّةُ كُلِّ كِتَابٍ وَصَحِيْفَةٍ،

ငါဟာ အသင်တို့ ဖတ်ကြတဲ့စာအုပ်ရဲ့ မူရင်းပစ္စည်း၊ စာအုပ်တိုင်း၊ သတင်းစာတိုင်းရဲ့ မူရင်းပစ္စည်းဖြစ်တယ်။

فَإِنَّ مَادَّةَ الْوَرَقِ الْحَشِيْشُ الَّذِيْ يَنْبُتُ فِي الْأَرْضِ،

ဘာကြောင့်လဲဆိုတော့ စာရွက်ရဲ့ မူရင်းပစ္စည်းက သစ်ရွက်ဖြစ်တယ်။ သစ်ရွက်ဟာ

1– نَمَا–يَنْمُوْ–نُمُوًّا وَنَمَاءً = ကြီးထွားသည်။ 2– الْفَخَّارِيُّ = မြေအိုး၊ ကြွေအိုးပြု လုပ်သူ။ 3–الْأَوَانِيْ، أَوَانٍ (ج) آنِيَةٌ = သောက်ရေခွက်။ 4–ظُرُوْفٌ (ج) ظَرْفٌ = ခွက်ယောက်။ 5– لُعَبٌ (ج) لُعْبَةٌ = ကစားစရာအရုပ်။ 6–دُمًى (ج) دُمْيَةٌ = ကစားစရာအရုပ်။ 7–مَوَادُّ (ج) مَادَّةٌ = ဒြပ်ပစ္စည်း၊ အခြေခံပစ္စည်း။

မြေကြီးမှာ ပေါက်ရောက်တယ်။

فَلِيَ مِنَّةٌ[1] عَلَى كُلِّ عَالِمٍ وَطَالِب،

ဒါကြောင့် ပညာရှင်တိုင်းနဲ့ ကျောင်းသားတိုင်းပေါ်မှာ ငါ့ကျေးဇူးရှိတယ်။

وَلِيَ مِنَّةٌ عَلَى كُلِّ مَنْ عَلَيْهِ مِنَّةُ الْعِلْمِ وَالدِّيْنِ.

ပညာနဲ့ သာသနာရဲ့ကျေးဇူးရှိတဲ့သူတိုင်းပေါ်မှာ လည်း ငါ့ရဲ့ကျေးဇူးရှိ တယ်။

وَمِنْ بَطْنِي يَخْرُجُ الذَّهَبُ وَالْفِضَّةُ وَالنُّحَاسُ[2]

ငါ့ဗိုက်ထဲကနေ ရွှေ၊ ငွေ၊ ကြေးနဲ့

وَالْحَدِيْدُ الَّذِيْ فِيْهِ بَأْسٌ شَدِيْدٌ وَمَنَافِعُ لِلنَّاسِ،

ပြင်းထန်မာကြောမှုနဲ့ လူတွေအတွက် အကျိုးကျေးဇူးတွေရှိတဲ့ သံသတ္တု ထွက်ရှိတယ်။

وَالزَّيْتُ الَّذِي يُضِيْءُ[3]

ပြီးတော့ အလင်းရောင်ပေးတဲ့ ဆီထွက်တယ်။

وَالْفَحْمُ الْحَجَرِيُّ[4] الَّذِي تَسِيْرُ بِهِ الْقَاطِرَةُ[5]،

ရထားစက်ခေါင်းတွဲသွားတဲ့ ကျောက်မီးသွေး ထွက်တယ်။

وَالْبِتْرَوْلُ[6] الَّذِي تَسِيْرُ بِهِ السَّيَّارَاتُ وَالطَّائِرَاتُ.

ကားတွေ၊ ရထားတွေသွားတဲ့ ဓာတ်ဆီထွက်တယ်။

إِنَّكُمْ تُفْسِدُوْنَ أَطْيَبَ الأَشْيَاءِ،

သင်တို့လူတွေဟာ အကောင်းဆုံးအရာတွေကို ဖျက်ဆီးပစ်တယ်။

فَكُلُّ مَا تَلَبَّسَ[7] بِكُمْ فَسَدَتْ رَائِحَتُهُ، وَذَهَبَتْ نَضَارَتُهُ[8]،

သင်တို့ရဲ့ လက်တွေနဲ့ထိတွေ့သွားတဲ့အရာတိုင်းဟာ ရနံ့ ပျက်ပြားသွားတယ်။ လတ်

1- مَنَّ-يَمُنُّ-مَنًّا وَمِنَّةً = ကျေးဇူးပြုသည်။ فَلِيَ مِنَّةٌ عَلَى كُلِّ طَالِبٍ = ကျောင်းသားတိုင်းပေါ်မှာ ငါ့ကျေးဇူးရှိတယ်။ 2- نُحَاسٌ = ကြေးနီ။ 3- أَضَاءَ-يُضِيْءُ-إِضَاءَةً = အလင်းရောင်ပေးသည်။ 4- الْفَحْمُ الْحَجَرِيُّ = ကျောက်မီးသွေး။ 5- قَاطِرَةٌ (ج) قَوَاطِرُ = မီးရထားစက်ခေါင်း။ 6- الْبِتْرَوْلُ = ဓာတ်ဆီ။ 7- تَلَبَّسَ-يَتَلَبَّسُ-تَلَبُّسًا = လက်နှင့်ထိသည်၊ ရောယှက်သည်။ 8- نَضَرَ-يَنْضُرُ-نَضَارَةً = စိမ်းလန်းသော၊ လတ်ဆတ်သော။

ဆတ်မှု ပပျောက်သွားတယ်။

وَأَنَا أُعِيْدُهُ غَضًّا[1] طَرِيًّا،

ငါက အဲဒ့ါတွေကို ပြန်ပြီး လတ်ဆတ်အောင်လုပ်ပေးတယ်။

وَبِهٰذَا السَّمَادِ[2] الَّذِيْ تُلْقُوْنَهُ فِي الْحُقُوْلِ وَالْفَسَائِلِ[3] أُنْبِتُ لَكُمْ حَبًّا صَحِيْحًا، وَفَاكِهَةً لَذِيْذَةً، وَزُهُوْرًا جَمِيْلَةً.

လယ်ယာတွေနဲ့ ပျိုးပင်တွေမှာ အသင်တို့ထည့်ကြတဲ့ ဓာတ်မြေသြဇာနဲ့ ငါဟာ ကောင်းမွန်တဲ့ အစေ့အဆံတွေ၊ အရသာရှိတဲ့ သစ်သီးဝလံတွေ၊ လှပတဲ့ပန်းတွေကို ပေါက်ရောက်စေတယ်။

أَنَا أَمِيْنُ[4] أَجْسَادِ الْأَنْبِيَاءِ، أَنَا مَرْقَدُ[5] الشُّهَدَاءِ،

ငါဟာ တမန်တော်တွေရဲ့ ကိုယ်ခန္ဓာကို ထိန်းသိမ်းရသူ၊ ရှဟီဒ်တွေ အိပ်စက်ရာနေရာ၊

أَنَا مُسْتَوْدَعُ[6] الْأَوْلِيَاءِ، أَنَا مَضْجَعُ[7] الْعُلَمَاءِ وَالصُّلَحَاءِ،

ငါ ဝလီသူတော်စင်တွေကို အပ်နှံထားတဲ့နေရာ၊ အိုလမာတွေ၊ သူတော်စင်တွေရဲ့ လဲလျောင်းရာနေရာ၊

أَنَا مَدْفَنُ[8] الْأُمَّهَاتِ وَالْآبَاءِ،

မိခင်တွေ၊ ဖခင်တွေကို မြှုပ်နှံထားတဲ့နေရာ ဖြစ်တယ်။

فَلَا تَمْشُوْا عَلَيَّ مَرَحًا[9]، وَاذْكُرُوْا قَوْلَ صَاحِبِكُمْ:

ဒါကြောင့် ငါ့အပေါ်မှာ မောက်မာပလွှားစွာနဲ့ လမ်းမလျှောက်နဲ့။ သင်တို့ရဲ့ မိတ်ဆွေကြီးရဲ့ ကဗျာကို သတိရကြပါ။

خَفِّفِ[10] الْوَطْءَ مَا أَظُنُّ أَدِيْمَ[11] الــ

1- غَضٌّ طَرِيٌّ = လတ်လတ်ဆတ်ဆတ်။ 2- أَسْمِدَةٌ (ج) سَمَادٌ = ဓာတ်မြေသြဇာ။ 3- فَسَائِلُ (ج) فَسِيْلَةٌ = ပျိုးပင်။ 4- أُمَنَاءُ (ج) أَمِيْنٌ = အပ်နှံခြင်းခံရသူ။ 5- (ج) مَرْقَدٌ مَرَاقِدُ = အိပ်စက်ရာနေ ရာ။ 6- مُسْتَوْدَعٌ = သိုလှောင်သိမ်းစည်းရာနေရာ။ 7- (ج) مَضْجَعٌ مَضَاجِعُ = လှဲလျောင်းရာနေရာ။ 8- مَدَافِنُ (ج) مَدْفَنٌ = မြှုပ်နှံရာနေရာ။ 9- مَرِحَ- يَمْرَحُ- مَرَحًا = မောက်မာပလွှားသည်။ 10- خَفَّفَ- يُخَفِّفُ- تَخْفِيْفًا = ဖြည်းညှင်းစွာ လုပ်သည်။ 11- أَدِيْمُ الْأَرْضِ = မြေမျက်နှာပြင်။

أَرْض إِلَّا مِنْ هٰذِه الْأَجْسَاد

ခြေလှမ်းကို ဖွဖွလျှောက်ပါ။ ငါ့အထင် မြေစီလွှာဟာ ဒီကိုယ်ခန္ဓာတွေနဲ့ ဖြစ်တည်နေတာပါ။

وَقَبِيْحٌ بِنَا وَإِنْ قَدُم[1] الْعَهْـ
ـدُ هَوَانُ[2] الآبَاءِ وَالْأَجْدَادِ

ခေတ်ကာလတွေ ဘယ်လောက်ပဲ ကြာကြာ အဘ၊ ဘိုးဘေးတွေကို သိက္ခာချတာဟာ တို့အတွက် အကျည်းတန်ပါတယ်။

سِرْ إِنِ اسْتَطَعْتَ فِي الْهَوَاءِ رُوَيداً[3]
لَا اخْتِيَالاً[4] عَلَى رُفَاتِ[5] الْعِبَادِ

အသင်တတ်နိုင်လို့ လေထဲမှာ သွားရင်တောင် ဖြေးဖြေးသွားပါ။ ဗန္ဓုတ်ကျေးကွန်တွေရဲ့ ဆွေးမြေ့နေတဲ့ ရုပ်ကလာပ်တွေပေါ်မှာ မောက်မာ ပလွှားစွာ မလျှောက်ပါနဲ့။

الْبَاخِرَةُ[6] (١)

မီးသင်္ဘော(၁)

كَانَ النَّاسُ فِيْ قَدِيْمِ[7] الزَّمَانِ يُسَافِرُوْنَ مِنْ مَكَانٍ إِلَى مَكَانٍ عَلَى الْإِبِلِ وَالْبِغَالِ[8]، وَعَجَلَاتِ[9] الْخَيْلِ وَعَجَلَاتِ الثِّيْرَانِ[10]،

ရှေးခေတ်က လူတွေဟာ တစ်နေရာကနေ နောက်တစ်နေရာကို လားတွေ၊ မြည်းတွေ၊

1- قَدُمَ - يَقْدُمُ - قِدَمًا وَقَدَامَةً = ရှေးကျသည်၊ ကြာညောင်းသည်။ 2- هَانَ - يَهُوْنُ - هَوَانًا = သေးသိမ်သည်။ 3- رُوَيْدًا = ဖြေးညှင်းစွာ။ 4- اخْتَالَ - يَخْتَالُ - اِخْتِيَالًا = မောက်မာစွာ လမ်းလျှောက်သည်။ 5- رُفَاتٌ = ပျက်စီးယိုယွင်းနေသော၊ ဆွေးမြေ့နေသော။ 6- بَاخِرَةٌ (ج) بَوَاخِرُ = မီးသင်္ဘော။ 7- فِيْ قَدِيْمِ الزَّمَانِ = ရှေးခေတ်တုန်းက။ 8- بَغْلٌ (ج) بِغَالٌ = လားသတ္တဝါ။ 9- عَجَلَةٌ (ج) عَجَلَاتٌ = လှည်း။ 10- ثَوْرٌ (ج) ثِيْرَانٌ = နွားထီး။

မြင်းလှည်းတွေ၊ နွားလှည်းတွေ စီးနင်းပြီး ခရီးထွက်ကြရတယ်။

فَتَرَاهَا غَادِيَةً رَائِحَةً[1] عَلَى الطُّرُقَاتِ وَالشَّوَارِعِ تَحْمِلُ الرُّكَابَ[2] وَالْبَضَائِعَ[3].

အဲဒီအစီးအနင်းတွေဟာ ခရီးသည်တွေနဲ့ ကုန်ပစ္စည်းတွေကိုတင်ဆောင်ပြီး လမ်းမတွေပေါ်မှာ အသွားအပြန်လုပ်နေတာကို အသင် တွေ့ရလိမ့်မယ်။

وَكَانَ النَّاسُ يَخَافُوْنَ السَّفَرَ فِي الْبِحَارِ وَيَتَحَامَوْنَهُ[4]،

လူတွေဟာ ပင်လယ်မှာ ခရီးထွက်ခြင်းကို ကြောက်ကြတယ်။ ရှောင်ကြဉ်ကြတယ်။

وَلٰكِنْ أَلْجَأَتْهُمُ الضَّرُوْرَةُ إِلَى السَّفَرِ فِيْهَا

ဒါပေမဲ့လည်း ပင်လယ်ခရီးထွက်ဖို့ လိုအပ်ချက်က မလွဲမရှောင်သာ ဖြစ်ပေါ်လာတယ်။

لِأَنَّهُ يَحْمِلُ الْأَثْقَالَ الْعَظِيْمَةَ وَلَا يُكَلِّفُ[5] نَفَقَةً،

ဘာဖြစ်လို့လဲဆိုတော့ ပင်လယ်ခရီးဟာ လေးလံကြီးမားတဲ့ ကုန်ပစ္စည်းတွေကို သယ်ဆောင်ပေးတယ်။ ကုန်ကျစရိတ်ကလည်း သိပ်မကျဘူး။

فَوَصَلُوْا الْأَنْهَارَ وَالْبُحَيْرَاتِ[6] بِالتُّرَعِ[7]،

လူတွေဟာ မြစ်ချောင်းတွေကို ရေလက်ကြားတွေနဲ့ ဆက်သွယ်ခဲ့ကြတယ်။

وَصَارُوْا يُسَافِرُوْنَ فِيْهَا عَلَى السُّفُنِ الشِّرَاعِيَّةِ[8]،

အဲဒီမှာ ရွက်လွှင့်သင်္ဘောတွေနဲ့ ခရီးထွက်ကြပါတော့တယ်။

وَيَنْقُلُوْنَ بَضَائِعَهُمُ التِّجَارِيَّةَ مِنْ مَكَانٍ إِلَى مَكَانٍ بَعِيْدٍ.

ပြီးတော့ မိမိတို့ရဲ့ ကုန်သန်းရောင်းဝယ်ရေး ပစ္စည်းတွေကို တစ်နေရာကနေ နောက်တစ်နေရာကို သယ်ဆောင်ကြတယ်။

وَكَانَتْ هٰذِهِ السُّفُنُ الشِّرَاعِيَّةُ تَسِيْرُ ثَلَاثَةَ أَمْيَالٍ فِيْ سَاعَةٍ وَاحِدَةٍ،

ဒီရွက်လွှင့်သင်္ဘောတွေဟာ တစ်နာရီ သုံးမိုင်နှုန်း သွားနိုင်တယ်။

1- غَادِيَةً رَائِحَةً = အသွားအပြန်။ 2- رُكَّابٌ (ج) رَاكِبٌ = စီးနင်းသူ။ 3- بِضَاعَةٌ بَضَائِعُ (ج) = ကုန်ပစ္စည်း။ 4- تَحَامِيًا - يَتَحَامَى - تَحَامَى = ရှောင်ကြဉ်သည်။ 5- كَلَّفَ - يُكَلِّفُ - تَكْلِفَةً = စရိတ်ကုန်ကျစေသည်။ 6- بُحَيْرَاتٌ (ج) بُحَيْرَةٌ = ရေအိုင်။ 7- تُرْعَةٌ تُرَعٌ (ج) = ရေလက်ကြား၊ ချောင်း၊ မြောင်း။ 8- السَّفِيْنَةُ الشِّرَاعِيَّةُ = ရွက်သင်္ဘော။

وَكَانَتْ هٰذِهِ السُّفُنُ تَحْتَ حُكْمِ الرِّيَاحِ،

ဒီရွက်သင်္ဘောတွေဟာ လေရဲ့ ဩဇာအောက်မှာ ရှိကြတယ်။

فَإِنْ وَافَقَتْ[1] وَصَلَتِ السَّفِيْنَةُ فِيْ وَقْتٍ قَرِيْبٍ،

လေသင့်ရင် သင်္ဘောဟာ အချိန်ခဏလေးအတွင်း ရောက်ရှိတယ်။

وَإِنْ عَارَضَتْ[2] وَقَفَتْ أَسَابِيْعَ وَشُهُوْرًا،

လေမသင့်ရင့် ရက်သတ္တတစ်ပတ်ပေါင်းများစွာ၊ လပေါင်းများစွာ ရပ်တန့် နေတယ်။

وَإِنْ عَانَدَتْ[3] صَدَمَتْهَا[4] بِصَخْرَةٍ فَكَسَرَتْهَا، أَوْ قَلَبَتْهَا[5]،

လေကြမ်းရင်တော့ ကျောက်ဆောင်တွေနဲ့ တိုက်မိပြီး ကျိုးပဲ့သွားတယ်။ ဒါမှမဟုတ် မှောက်သွားတယ်။

وَهَلَكَ الرُّكَّابُ وَغَرِقَتِ الْبَضَائِعُ،

ခရီးသည်တွေ သေကြေပျက်စီးပြီး ကုန်ပစ္စည်းတွေ နစ်မြုပ်ကုန်တယ်။

وَكَانَ هٰذَا يَقَعُ كَثِيْرًا حَتَّى ذَهَبَ مَثَلًا[6]، وَقَالَ الشَّاعِرُ:

ဒီအဖြစ်မျိုး များစွာ ကြုံတွေ့ရလေ့ရှိတယ်။ ဆိုးရိုးစကားတစ်ခု ဖြစ်ပေါ်လာရ လောက်တဲ့ အထိပါပဲ။ ကဗျာဆရာက အခုလို စပ်ဆိုထားတယ်။

مَا كُلُّ مَا يَتَمَنَّى الْمَرْءُ يُدْرِكُهُ[7]

လူသား မျှော်လင့်တဲ့အရာတိုင်း ရတာမဟုတ်ပါဘူး။

تَجْرِي الرِّيَاحُ بِمَا لَا تَشْتَهِي[8] السُّفُنُ

လေဟာ သင်္ဘောအလိုရှိရာနဲ့ ဆန့်ကျင့်ဘက် တိုက်ခတ်တယ်။

وَكَانَ السَّفَرُ خَطِرًا[9] لَا يَدْرِي الْإِنْسَانُ أَيَصِلُ إِلَى الْمَنْزِلِ أَمْ يَمُوْتُ فِي

1- وَافَقَ–يُوَافِقُ–مُوَافَقَةً = လေသင့်သည်။ 2- عَارَضَ–يُعَارِضُ–مُعَارَضَةً = ဆန့်ကျင်ဘက်မှ လေတိုက်သည်။ 3- عَانَدَ–يُعَانِدُ–مُعَانَدَةً = လေထန်သည်။ 4- صَدَمَ–يَصْدِمُ–صَدْمًا = ဝင်တိုက်မိစေသည်။ 5- قَلَبَ — قَلْبًا = မှောက်လှန်ပစ်သည်။ 6- ذَهَبَ مَثَلًا = ဆိုရိုးစကားတွင်သွားသည်။ 7- أَدْرَكَ–يُدْرِكُ–إِدْرَاكًا = ရရှိသည်။ 8- اِشْتَهَى–يَشْتَهِيْ–اِشْتِهَاءً = ဆန္ဒရှိသည်၊ နှစ်သက်သည်။ 9- خَطِرٌ = အန္တရာယ်ကြီးသော။

الطَّرِيْق،

ရေလမ်းခရီးဟာ အန္တရာယ်များတယ်။ လူသားဟာ လိုရာပန်းတိုင်ကို ရောက်မလား၊ ဒါမှမဟုတ် လမ်းမှာပဲ သေဆုံးမလားဆိုတာ မသိရဘူး။

فَكَانَ الْوَاحِدُ إِذَا أَرَادَ أَنْ يُسَافِرَ فِيْ سَفِيْنَةٍ شِرَاعِيَّةٍ

တစ်ဦးတစ်ယောက်ဟာ ရွက်သင်္ဘောနဲ့ ခရီးထွက်တော့မယ်ဆိုရင်

أَوْصَى أَقَارِبَهُ وَأَصْدِقَاءَهُ بِدُيُوْنٍ[1] وَبِمَا عَلَيْه،

ဆွေမျိုးသားချင်းတွေနဲ့ သူငယ်ချင်းအပေါင်းအသင်းတွေကို မိမိရဲ့ ကြွေးမြီးတွေ၊ မိမိအပေါ်မှာ တင်ရှိနေတဲ့ ဝတ္တရားတွေနဲ့ပတ်သက်ပြီး မှာ တမ်းခဲ့ကြတယ်။

وَكَانَ الْإِنْسَانُ لَا يَقْدِرُ أَنْ يَقُوْلَ: إِنَّهُ يَصِلُ فِيْ شَهْرٍ أَوْ عَامٍ،

လူသားက မိမိဟာ တစ်လအတွင်း၊ ဒါမှမဟုတ် တစ်နှစ်အတွင်း ရောက်မယ်လို့ မပြောနိုင်ဘူး။

فَإِنَّهُ يُسَافِرُ فِيْ ظُلُمَاتِ الْبَحْرِ،

ဘာကြောင့်လဲဆိုတော့ သူဟာ ပင်လယ်ရဲ့ အမှောင်ခုထဲမှာ ခရီးထွက်နေရတာဖြစ်တယ်။

وَكَانَ دُوْدًا عَلَى عُوْدٍ[2]،

သစ်ကိုင်းပေါ်မှာ အမှီပြုနေတဲ့ ပိုးကောင်လေးလိုပဲ။

لَا يَدْرِيْ أَيَمُوْتُ فِي الطَّرِيْقِ أَمْ يَصِلُ سَالِمًا وَيَعُوْدُ.

လမ်းမှာပဲ သေမလား၊ ဒါမှမဟုတ် ဘေးရန်ကင်းရှင်းစွာ အိမ်ပြန်ရောက်လာမလား မသိရဘူး။

وَكَانَ النَّاسُ رَغْمَ ذٰلِكَ[3] كُلِّهِ يُخَاطِرُوْنَ[4] بِأَنْفُسِهِمْ وَأَمْوَالِهِمْ،

ဒီလိုအခြေအနေအားလုံးရှိတဲ့ကြားကလည်း လူတွေဟာ မိမိတို့ရဲ့ အသက်တွေ၊ ဥစ္စာပစ္စည်းတွေကို အန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ကြတယ်။

وَكَانَ الْمُسْلِمُوْنَ يُسَافِرُوْنَ لِلْحَجِّ مِنْ كُلِّ بِلَادٍ،

1- دُيُوْنٌ (ج) دَيْنٌ = အကြွေး။ 2- كَانَ دُوْدًا عَلَى عُوْدٍ = သစ်ကိုင်းပေါ်က ပိုးကောင်လေးလိုပဲ၊ (အချိန်မရွေး ပြုတ်ကျနိုင်တယ်)။ 3- رَغْمَ ذٰلِكَ = ဒီအခြေအနေတွေ ရှိတဲ့ကြားက။ 4- خَاطَرَ-يُخَاطِرُ-مُخَاطَرَةً = အန္တရာယ်ကို ရင်ဆိုင်သည်။

မွတ်စ်လင်မ်တွေဟာ ဟဂ်ျလုပ်ဖို့အတွက် နိုင်ငံတိုင်းကနေ ခရီးထွက်ကြ တယ်။

وَلَا يَمْنَعُهُمْ خَطَرٌ أَوْ خَوْفٌ مِنَ السَّفَرِ إِلَى بَيْتِ اللهِ، وَأَدَاءِ فَرِيْضَةِ الْحَجِّ،

အန္တရာယ်နဲ့ ကြောက်ရွံ့စိတ်တွေက အလ္လာဟ့်အိမ်တော်ကို ခရီးမထွက် ဖြစ်အောင်၊ ဟဂ်ျတာဝန်ကို မထမ်းဆောင်ဖြစ်အောင် သူတို့ကို မတားဆီး နိုင်ဘူး။

فَكَانَ الْمُسْلِمُوْنَ مِنَ الْهِنْدِ، وَالصِّيْنِ، وَجَزَائِرِ[1] بَحْرِ الْهِنْدِ، وَكَذٰلِكَ مِنْ مَرَّاكُشَ[2] وَبِلَادِ الْأَنْدَلُسِ[3] يُسَافِرُوْنَ كُلَّ عَامٍ لِلْحَجِّ

မွတ်စ်လင်မ်တွေဟာ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယပင်လယ်ရဲ့ ကျွန်း တွေနဲ့ မာရာကတ်ရှ်နိုင်ငံ၊ စပိန်နိုင်ငံစတဲ့နိုင်ငံတွေကနေ နှစ်စဉ် ဟဂ်ျလုပ်ဖို့ ခရီးထွက်ကြတယ်။

وَقَدْ يَسْتَغْرِقُ[4] سَفَرُهُمْ عَامًا كَامِلًا أَوْ أَكْثَرَ.

တစ်ခါတစ်ရံ သူတို့ရဲ့ခရီးစဉ်ဟာ တစ်နှစ်တင်းတင်း၊ ဒါမှမဟုတ် အဲဒီထက်ပိုပြီး ကြာညောင်းတတ်ပါတယ်။

وَكَانَ الْجَوَّابُوْنَ[5] يَسِيْحُوْنَ[6] فِي الْأَرْضِ،

ကမ္ဘာလှည့်ခရီးသည်တွေဟာ ကဘ္ဘာအနှံ့လှည့်ပတ်သွားလာကြတယ်။

وَيَرْكَبُوْنَ الْبَحْرَ مِنَ الْمَغْرِبِ الْأَقْصَى إِلَى الْمَشْرِقِ الْأَقْصَى،

အနောက်အစွန်းကနေ အရှေ့အစွန်းထိ ပင်လယ်ခရီးနှင်ကြတယ်။

وَكَانَ الْعَالَمُ الْإِسْلَامِيُّ كَبَيْتٍ وَاحِدٍ، وَالْمُسْلِمُوْنَ كَأُسْرَةٍ[7] وَاحِدَةٍ،

အစ္စလာမ့်ကမ္ဘာဟာ အိမ်တစ်လုံးတည်းလိုပါပဲ။ မွတ်စ်လင်မ်တွေဟာ မိသားစုတစ်စု တည်းလိုပဲ။

يَنَالُ الْجَوَّابُ فِي السَّفَرِ كُلَّ مَا يَجِدُهُ فِي الْوَطَنِ.

ကမ္ဘာ့လှည့်ခရီးသည်ဟာ မိမိရဲ့ နေရင်းအရပ်မှာ ရတဲ့အရာအားလုံးကို ခရီးမှာလည်း ရတယ်။

1- جَزَائِرُ (ج) جَزِيْرَةٌ = ကျွန်း။ 2- مَرَّاكُشُ = မာရာကတ်ရှ်နိုင်ငံ။ 3- الأَنْدَلُسُ = စပိန်နိုင်ငံ။ 4- السَّفَرُ اسْتَغْرَقَ = ခရီးအချိန်ကြာညောင်းသည်။ 5- جَوَّابُوْنَ (ج) جَوَّابٌ = ကမ္ဘာလှည့် ခရီးသည်။ 6- سَاحَ-يَسِيْحُ-سِيَاحَةً = လှည့်ပတ်ကြည့်ရှုသည်။ 7- أُسْرَةٌ (ج) أُسَرٌ = မိသားစု။

أَهْلاً بِأَهْلٍ وَجِيْرَانًا بِجِيْرَانٍ.

မိသားစုရဲ့အစား မိသားစု၊ အိမ်နီးချင်းရဲ့အစား အိမ်နီးချင်း ရတယ်။

وَقَدْ سَافَرَ ابْنُ بَطُوْطَةَ الْمَغْرِبِيِّ، وَابْنُ جُبَيْرٍ الأَنْدُلُسِيِّ وَسُلَيْمَانُ التَّاجِرُ، إِلَى مُعْظَمِ الْمَعْمُوْرَةِ[1] بِهٰذِهِ السُّفُنِ.

မော်ရိုကိုနိုင်ငံသား အိဗ်နုဗျေသူသွဟ်၊ စပိန်နိုင်ငံသား အိဗ်နုဂျုဗိုင်း၊ ကုန်သည်ကြီး စုလိုင်မာန်တို့ဟာ လူနေအရပ်တော်တော်များများကို ဒီသင်္ဘောတွေနဲ့ပဲ ခရီးထွက်ခဲ့ကြပါ တယ်။

❀ ❀ ❀ ❀ ❀

الْبَاخِرَةُ (٢)

မီးသင်္ဘော(၂)

مَضَى عَلَى ذٰلِكَ قُرُوْنٌ[2]،

ရာစုနှစ်ပေါင်းများစွာ ဒီအတိုင်း ကျော်လွန်ခဲ့တယ်။

ثُمَّ بَدَأَ النَّاسُ يُفَكِّرُوْنَ، وَيَخْتَرِعُوْنَ[3]

အဲဒီနောက် လူတွေ စတင်တွေးခေါ်လာခဲ့ကြတယ်။ တီထွင်ကြံဆလာ ခဲ့ကြတယ်။

حَتَّى تَوَصَّلُوْا[4] إِلَى سَفِيْنَةٍ تَسِيْرُ بِالْبُخَارِ،

နောက်ဆုံးမှာ ရေနွေးငွေ့နဲ့သွားတဲ့ သင်္ဘောကို တီထွင်နိုင်ခဲ့ကြတယ်။

وَكَانَ ذٰلِكَ بِالتَّدْرِيْجِ[5]، وَفِيْ عِدَّةِ قُرُوْنٍ.

1- مُعْظَمُ المَعْمُوْرَةِ = တိုးတက်တဲ့နိုင်ငံအများစု။ 2– قُرُوْنٌ (ج) قَرْنٌ = ရာစုနှစ်။ 3– اِخْتَرَعَ–يَخْتَرِعُ–اِخْتِرَاعًا = တီထွင်သည်။ 4– تَوَصَّلَ إِلَى–يَتَوَصَّلُ–تَوَصُّلاً = လေ့လာတွေ့ရှိသည်။ 5– دَرَّجَ–يُدَرِّجُ–تَجْرِيْجًا = တစ်ဆင့်ပြီးတစ်ဆင့် တက်သည်။

ဒါကလည်း ရာစုနှစ်တစ်ချို့မှာ တစ်ဆင့်ပြီးတစ်ဆင့် တီထွင်နိုင်ခဲ့တာ ဖြစ်တယ်။

كَانَتِ السُّفُنُ الشِّرَاعِيَّةُ تَسِيْرُ بِالْمَجَادِيْفِ[1]،

ရွက်သင်္ဘောတွေဟာ လှော်တက်နဲ့ သွားတာဖြစ်တယ်။

وَتَقَدَّمَ بَعْضُ الْأَذْكِيَاءِ فَرَكَّبَ[2] فِيْ سَفِيْنَةٍ عَجَلَةً رَبَطَ بِهَا الْمَجَادِيْفَ،

ဉာဏ်ကြီးရှင်တစ်ချို့က တစ်ဆင့် တိုးတက်ပြီး သင်္ဘောမှာ ဘီးတပ်လိုက် ကြတယ်။ အဲဒီဘီးကို လှော်တပ်နဲ့ ချိတ်ဆပ်တယ်။

فَإِذَا دَارَتِ الْعَجَلَةُ بَدَأَتِ الْمَجَادِيْفُ تَعْمَلُ وَتَمْخُرُ[3] الْمَاءَ.

ဘီးလည်ပြီဆိုရင်လှော်တပ်ဟာ အလုပ်စလုပ်တယ်။ ရေကို ခွဲပြီး ခုတ်မောင်းတယ်။

ثُمَّ اهْتَدَى بَعْضُ الْأَذْكِيَاءِ إِلَى إِدَارَةِ[4] الْعَجَلَةِ بِالْبُخَارِ، وَالاسْتِغْنَاءِ[5] عَنِ الْيَدِ الْعَامِلَةِ،

အဲဒီနောက်မှာ ဉာဏ်ကြီးရှင်တစ်ချို့က ဘီးကို လက်နဲ့ အလုပ်လုပ်စရာ မလိုအပ်ဘဲ ရေနွေးငွေ့နဲ့ လည်အောင်လုပ်တဲ့နည်းလမ်းကို ရှာဖွေတွေ့ရှိ သွားခဲ့ကြတယ်။

وَلَمْ تَزَلِ الصِّنَاعَةُ تَرْتَقِيْ[6]، حَتَّى ظَهَرَتْ أَوَّلُ سَفِيْنَةٍ بُخَارِيَّةٍ،

စက်မှုပညာရပ်ဟာ အဆက်မပြတ် တိုးတက်လာခဲ့ရင်း နောက်ဆုံးမှာ ပထမဦးဆုံး ရေနွေးငွေ့သင်္ဘော ပေါ်ပေါက်လာခဲ့တယ်။

صَنَعَهَا رَجُلٌ أَمْرِيْكِيٌّ اسْمُهُ (هِلْتَنْ كلَرْ مَا وُنْت)

အဲဒီသင်္ဘောကို ဟိလ်တန်ကလာမောင်န်ဆိုတဲ့ အမေရိကန်နိုင်ငံသားက တီထွင်ခဲ့တာ ဖြစ်တယ်။

قَطَعَتْ مِئَةَ مِيْلٍ فِيْ أَرْبَعَةٍ وَعِشْرِيْنَ سَاعَةً.

အဲဒီသင်္ဘောဟာ ၂၄နာရီမှာ မိုင် ၁၀၀ ခုတ်မောင်းနိုင်တယ်။

وَلَمْ تَزَلِ السُّفُنُ الْبُخَارِيَّةُ تَتَقَدَّمُ[7] فِي السُّرْعَةِ وَالْقُوَّةِ،

1- مَجَادِيْفُ (ج) مِجْدَافٌ = လှော်တက်။ 2- رَكَّبَ-يُرَكِّبُ-تَرْكِيْبًا = တက်ဆင်သည်။ 3- مَخَرَ-يَمْخُرُ-مُخُوْرًا السَّفِيْنَةُ مَخَرَتِ = ရေကိုခွဲ၍ ခုတ်မောင်းသည်။ 3- أَدَارَ-يُدِيْرُ-إِدَارَةً = လှည့်အောင်လုပ်သည်။ 5- اِسْتَغْنَى عَنْ = မလိုအပ်ဘဲ ဖြစ်သွားသည်။ 6- اِرْتَقَى-يَرْتَقِي-اِرْتِقَاءً = တိုးတက်သည်။ 7- تَقَدَّمَ-يَتَقَدَّمُ-تَقَدُّمًا = တိုးတက်သည်။

ရေနွေးငွေ့သင်္ဘောတွေဟာ အဆက်မပြတ် အရှိန်အဟုန်နဲ့ တိုးတက်လာခဲ့ တယ်။

حَتَّى أَصْبَحَتْ تَعْبُرُ الْبَحْرَ الأَطْلَانْتِيْكِيَّ[1] بَيْنَ إِنْكِلْتَرَةَ[2] وَأَمْرِيْكَةَ فِيْ خَمْسَةِ أَيَّام،

ဘယ်လောက်တောင်လဲဆိုရင် အင်္ဂလန်နဲ့ အမေရိကကြားက အတ္တလန် တိတ်သမုဒ္ဒရာကို ၅ရက်အတွင်း ဖြတ်သန်းနိုင်သွားပြီ။

وَكَانَ السُّفُنُ فِيْ هٰذَا الْبَحْرِ يَأْخُذُ شَهْرَيْنِ.

အလျှင်တုန်းကဆိုရင် ဒီခရီးလမ်းဟာ နှစ်လကြာတယ်။

وَالْبَاخِرَةُ كَالْقَاطِرَةِ تَسِيْرُ بِقُوَّةِ الْبُخَار،

မီးသင်္ဘောတွေဟာ ရထားစက်ခေါင်းလိုပဲ။ ရေနွေးငွေ့နဲ့ သွားတယ်။

فَإِنَّهُ يُدِيْرُ الْعَجَلَةَ،

ဘာကြောင့်လဲဆိုတော့ ရေနွေးငွေ့က ဘီးကို လည်ပတ်စေတယ်။

وَالْعَجَلَةُ مُتَّصِلَةٌ بِآلَاتٍ تَتَحَرَّكُ الْبَاخِرَةُ بِدَوَرَانِهَا وَتَسِيْرُ.

ဘီးဟာ ကိရိယာတစ်ချို့နဲ့ ချိတ်ဆက်ထားပြီး အဲဒီကိရိယာတွေလည် ပတ်ရင် သင်္ဘောဟာ လှုပ်ရှားသွားလာတယ်။

وَكَذٰلِكَ هُنَالِكَ آلَاتٌ

ဒီနည်းအတိုင်း နောက်ထပ်ကိရိယာတစ်ချို့ရှိတယ်။

تُوَجِّهُ الْبَاخِرَةَ مِنْ جِهَةٍ إِلَى جِهَةٍ وَتُسَخِّرُهَا لِلرُّبَّانِ[3] يَسِيْرُ بِهَا كَيْفَ يَشَاءُ.

အဲဒါတွေက သင်္ဘောကို အရပ်မျက်နှာတစ်ခုမှ နောက်တစ်ခုကို လှည့်ပေးတယ်။ သင်္ဘောကပ္ပတိန်ကို ထိန်းချုပ်နိုင်စေတယ်။ ကပ္ပတိန်က အဲဒါကို မိမိကြိုက်နှစ်သက်သလို မောင်းနှင်တယ်။

وَقَدْ تَقَدَّمَتِ[4] التِّجَارَةُ تَقَدُّمًا عَظِيْمًا،

ကုန်သန်းရောင်းဝယ်ရေးဟာလည်း အင်မတန် တိုးတက်သွားပါပြီ။

1- الْبَحْرُ الأَطْلَانْتِيْكِيْ = အတ္တလန်တိတ်သမုဒ္ဒရာ။ 2- إِنْكِلْتَرَةَ = အင်္ဂလန်။ 3- رُبَّانٌ (ج) رَبَابِيْنُ = သင်္ဘောကပ္ပတိန်။ 4 - تَقَدَّمَ-يَتَقَدَّمُ-تَقَدُّمًا = တိုးတက်သည်။

وَأَصْبَحَ النَّاسُ يُسَافِرُوْنَ فِي الْبَحْرِ عَلَى مَتْنِ[1] الْبَاخِرَةِ

လူတွေဟာ ပင်လယ်မှာ သင်္ဘောတွေရဲ့ကျောပေါ်မှာ ခရီးသွားလာနေကြ ပါပြီ။

كَأَنَّهُمْ يُسَافِرُوْنَ فِي الْبَرِّ عَلَى الْقِطَارِ،

ကုန်းပေါ်မှာ ရထားနဲ့ ခရီးသွားသလိုမျိုး၊

أَوْ مُطْمَئِنُّوْنَ فِي الْبَلَدِ وَجَالِسُوْنَ فِي الدَّارِ.

ဒါမှမဟုတ် မြို့ထဲမှာ အေးအေးဆေးဆေး နေနေကြသလိုမျိုး၊ အိမ်မှာ ထိုင်နေကြသလို မျိုးပဲ။

وَكَبُرَتِ الْمَرَاكِبُ وَتَوَسَّعَتْ[2]،

သင်္ဘောတွေဟာ ပိုပိုပြီး ကြီးမားကျယ်ပြန့်လာခဲ့တယ်။

حَتَّى كَأَنَّهَا حَارَةٌ[3] مِنْ حَارَاتِ الْبَلَدِ، أَوْ قَرْيَةٌ صَغِيْرَةٌ،

ဘယ်လောက်တောင်လဲဆိုရင် မြို့ထဲက ရပ်ကွက်တစ်ခုလို၊ ဒါမှမဟုတ် ရွာတစ်ရွာ လောက်ဖြစ်သွားပြီ။

فِيْهَا الْمَطْعَمُ وَالْمَلْعَبُ وَمُتَنَزَّهَاتٌ[4]،

အဲဒီထဲမှာ စားသောက်ဆိုင်၊ အားကစားကွင်း၊ အပန်းဖြေရာနေရာတွေ ပါရှိတယ်။

وَتَحْمِلُ مِنَ الرُّكَّابِ مِنْ خَمْسِمِئَةٍ إِلَى أَلْفٍ.

ခရီးသည်ဦးရေ ငါးရာကနေ တစ်ထောင်အထိ တင်ဆောင်နိုင်တယ်။

وَإِذَا رَأَى الْإِنْسَانُ السُّفُنَ الشِّرَاعِيَّةَ وَالْمَرَاكِبَ الْبُخَارِيَّةَ تَجْرِي فِي الْبَحْرِ رُخَاءً[5] تَعَجَّبَ

ရွက်သင်္ဘောတွေနဲ့ ရေနွေးငွေ့သင်္ဘောတွေဟာ ပင်လယ်ထဲမှာ အေးဆေးတည်ငြိမ်စွာ သွားလာနေတာကို မြင်တွေ့ရင် လူသားဟာ အံ့သြသွားလိမ့်မယ်။

وَرَأَى تَصْدِيْقَ قَوْلِهِ تَعَالَى:

ပြီးတော့ အလ္လာဟ်အရှင်မြတ်ရဲ့ ဒီမိန့်ကြားချက် မှန်ကန်ကြောင်း တွေ့မြင် ရမယ်။

1- مُتُوْنٌ (ج) مَتْنٌ = ကျောကုန်း။ 2- تَوَسَّعَ - يَتَوَسَّعُ - تَوَسُّعًا = ကျယ်ပြန့်လာသည်။ 3- حَارَاتٌ (ج) حَارَةٌ = ရပ်ကွက်။ 4- مُتَنَزَّهَاتٌ (ج) مُتَنَزَّهَةٌ = အပန်းဖြေရာနေရာ။ 5- رُخَاءٌ = ဖြေးညှင်းစွာ။

﴿وَسَخَّرَ لَكُمُ الْفُلْكَ لِتَجْرِيَ فِي الْبَحْرِ بِأَمْرِهِ وَسَخَّرَ لَكُمُ الْأَنْهَارَ﴾.
"ထို့ပြင် အရှင်မြတ်၏ အမိန့်တော်ဖြင့် ရွက်သင်္ဘောများသည် ပင်လယ်ထဲ၌ သွားလာရန်အတွက် အရှင်မြတ်သည် ထို(ရွက်သင်္ဘော)များအား အသင် တို့၏ညွှန်ကြားချက်ကို နာခံစေတော်မူခဲ့သည်။" (ကုရ်အာန် ၁၄း၃၂)

جِسْمُ الطُّيُوْرِ

တိရစ္ဆာန်များ၏ ကိုယ်ခန္ဓာ

إِنَّ اللهَ وَهَبَ[1] لِكُلِّ حَيَوَانٍ صَغِيْرٍ وَكَبِيْرٍ جِسْمًا لَائِقًا[2]،
အလ္လာဟ်အရှင်မြတ်ဟာ သေးသေးကြီးကြီး တိရစ္ဆာန်တိုင်းကို သူနဲ့သင့်တင့်လျော်ကန်တဲ့ ကိုယ်ခန္ဓာ ချီးမြှင့်ထားတယ်။

وَأَعْضَاءً يَسْتَعِيْنُ[3] بِهَا عَلَى قَضَاءِ حَوَائِجِهِ، وَتَحْصِيْلِ قُوْتِهِ[4]،
ပြီးတော့ မိမိရဲ့ လိုအပ်ချက်တွေ ဖြည့်စည်းရာမှာ၊ စားနပ်ရိက္ခာရှာဖွေရာမှာ အထောက်အကူပြုနိုင်မဲ့ အစိတ်အပိုင်းတွေ ချီးမြှင့်ထားတယ်။

وَسِلَاحًا يُدَافِعُ[5] بِهِ عَنْ نَفْسِهِ،
မိမိကိုယ်ကို ကာကွယ်နိုင်မဲ့ လက်နက် ချီးမြှင့်ထားတယ်။

فَهُوَ الَّذِيْ أَعْطَى كُلَّ شَيْءٍ خَلْقَهُ ثُمَّ هَدَى.
အလ္လာဟ်အရှင်မြတ်ကသာလျှင် အရာရာကို သူနဲ့ သင့်တင့်တဲ့ ပုံပန်းသဏ္ဌာန်ချီးမြှင့်ပြီးနောက် လမ်းညွှန်တော်မူတယ်။

انْظُرُوْا إِلَى الْفِيْلِ كَيْفَ مَدَّ[6] اللهُ فِيْ أَنْفِهِ

1- وَهَبَ-يَهَبُ-هِبَةً = ပေးကမ်းသည်။ 2- جِسْمٌ لَائِقٌ = သင့်လျော်သောကိုယ်ခန္ဓာ။ 3- اِسْتَعَانَ-يَسْتَعِيْنُ-اِسْتِعَانَةً အကူအညီရယူသည်။ 4- قُوْتٌ (ج) أَقْوَاتٌ = စားနပ်ရိက္ခာ။ 5- دَافَعَ عَنْ ခုခံကာကွယ်သည်။ 6- مَدَّ-يَمُدُّ-مَدًّا = ရှည်လျားအောင်လုပ်သည်။

ဆင်ကို ကြည့်ကြပါ။ နှာခေါင်းကို ဘယ်လို ရှည်လျားအောင် လုပ်ပေးထားပါသလဲ။

لِيَسْتَخْدِمَهُ[1] فِيْ حَوَائِجِه، وَيَتَنَاوَلَ بِه الطَّعَامَ وَالْمَاءَ،

ဒါမှ သူ့ရဲ့ လိုအပ်ချက်တွေမှာ အသုံးချနိုင်ဖို့နဲ့ အစာနဲ့ရေကို ယူငင် စားသောက်နိုင်ဖို့ အတွက် ဖြစ်တယ်။

وَيُوَجِّهَهُ حَيْثُ شَاءَ،

နောက်ပြီး ကြိုက်နှစ်သက်ရာဘက်ကို လှည့်နိုင်ဖို့အတွက်လည်း ဖြစ် တယ်။

وَفِيْ طَرَفِه[2] زَائِدَةٌ[3] يَلْتَقِطُ[4] بِهَا الْأَشْيَاءَ الدَّقِيْقَةَ،

နှာခေါင်းရဲ့ ထိပ်ဖျားမှာ အသားပိုတစ်ခုရှိတယ်။ အဲဒါနဲ့ သေးငယ်တဲ့အရာတွေကို ကောက်ယူနိုင်တယ်။

وَقَدْ قَرَأْتُمْ أَنَّ الْجَمَلَ رَقَبَتُه طَوِيْلَةٌ،

သင်တို့ ဖတ်ခဲ့ပြီးပါပြီ။ ကုလားအုတ်ရဲ့ လည်ကုပ်ဟာ ရှည်လျားတယ်။

لِأَنَّه كَبِيْرُ الْجِسْمِ، طَوِيْلُ الْأَرْجُلِ،

ဘာကြောင့်လဲဆိုတော့ ကုလားအုတ်ဟာ ခန္ဓာကိုယ်ကြီးတယ်။ ခြေ ထောက်ရှည်တယ်။

فَلَوْ كَانَتْ رَقَبَتُه قَصِيْرَةً لَمْ يُمْكِنْهُ أَنْ يَرْعَى الْكَلأَ مِنَ الْأَرْضِ حَتَّى يَبْرُكَ[5]،

တကယ်လို့ သူ့ရဲ့ လည်ကုပ်ဟာ တိုနေမယ်ဆိုရင် သူဟာ မြေပြင်ပေါ်မှာ မဝပ်ဘဲနဲ့ အစာကျက်စားနိုင်မှာ မဟုတ်ဘူး။

وَفِيْ ذٰلِكَ تَعَبٌ عَظِيْمٌ، وَشُغْلٌ كَثِيْرٌ، فَمَدَّ اللهُ فِيْ عُنُقِه،

အဲဒီလိုလုပ်ရရင် တော်တော် ပင်ပန်းမယ်။ အလုပ်လည်း ရှုပ်မယ်။ ဒါကြောင့် အလ္လာဟ် ထအရှင်မြတ်က သူ့ရဲ့ လည်ကုပ်ကို ရှည်လျားအောင် လုပ်ပေးထားတယ်။

وَرَأْسُه صَغِيْرٌ، فَكَانَ خَفِيْفَ الْحَمْلِ عَلَى رَقَبَتِه،

သူ့ရဲ့ ဦးခေါင်းဟာ သေးငယ်တယ်။ လည်ကုပ်ပေါ်မှာ ထမ်းထားရတာ ပေါ့ပါးတယ်။

1- اِسْتَخْدَمَ–يَسْتَخْدِمُ–اِسْتِخْدَامًا– အသုံးချသည်။ 2- طَرَفٌ (ج) أَطْرَافٌ = အစွန်အဖျား။ 3- زَائِدَةٌ (ج) زَوَائِدُ = အပိုစ။ 4- اِلْتَقَطَ–يَلْتَقِطُ–اِلْتِقَاطًا = ကောက်ယူသည်။ 5- بَرَكَ–يَبْرُكُ–بُرُوْكًا = ကုလားအုတ် ဝပ်သည်။

وَلَمَّا قَدَّرَ اللهُ أَنْ يَكُوْنَ الْجَمَلُ سَفِيْنَةَ الصَّحْرَاءِ جَعَلَ أَرْجُلَهَا مُنَاسِبَةً لِذٰلِكَ،

အလ္လာဟ်အရှင်မြတ်က ကုဘားအုတ်ကို ကန္တာရသင်္ဘောအဖြစ် ပြုလုပ်ဖို့ သတ်မှတ်တော်မူလိုက်တဲ့အခါ သူ့ရဲ့ ခြေထောက်တွေကိုလည်း အဲဒါနဲ့ သင့်လျော်အောင် ပြုလုပ်ပေးတော်မူခဲ့တယ်။

فَلَا تَسُوْخُ[1] فِي الرِّمَالِ،

သူ့ရဲ့ခြေထောက်တွေဟာ သဲထဲ ကျွံနစ်ဝင်မသွားဘူး။

وَخَلَقَ فِيْ جَوْفِهِ[2] كُرُوْشًا[3] وَأَزْقَاقًا[4] يُخَزِّنُ[5] فِيْهَا الْغِذَاءَ وَالْمَاءَ،

သူ့ရဲ့ ဝမ်းဗိုက်မှာ စားလုပ်တွေနဲ့ ရေအိတ်တွေ ဖန်ဆင်းပေးထားတယ်။ အဲဒီထဲမှာ အစာနဲ့ ရေတွေကို သိုလှောင်သိမ်းစည်းထားနိုင်တယ်။

لِأَنَّ السَّفَرَ فِي الصَّحْرَاءِ يَحْتَاجُ إِلٰى ذٰلِكَ كَثِيْرًا.

ဘာဖြစ်လို့လဲဆိုတော့ သဲကန္တာရမှာ ခရီးထွက်ဖို့က အစာနဲ့ရေတွေ အများအပြားလို အပ်တယ်။

انْظُرُوْا إِلَى الْقَنْغَرِ[6] وَالْأَرْنَبِ[7]،

သားပိုက်ကောင်နဲ့ ယုန်ကို ကြည့်ပါ။

تَرَوْا رِجْلَيْهِمَا الْخَلْفِيَّتَيْنِ طَوِيْلَتَيْنِ وَكَبِيْرَتَيْنِ، وَرِجْلَيْهِمَا الْأَمَامِيَّتَيْنِ صَغِيْرَتَيْنِ وَقَصِيْرَتَيْنِ،

သူတို့ရဲ့ အနောက်ခြေနှစ်ဖက်ဟာ ရှည်ပြီး ကြီးတယ်။ ရှေ့ခြေထောက် နှစ်ချောင်းက သေးပြီး တိုတယ်။

لِيُمْكِنَهُمَا الْجَرْيُ[8] قَفْزًا[9]،

ဒါမှ ခုန်ခုန်ပြီး ပြေးနိုင်မှာ ဖြစ်တယ်။

1- سَاخَ-يَسُوْخُ-سَوْخًا = မြေကြီးထဲ ကျွံကျသည်။ 2- جَوْفٌ (ج) أَجْوَافٌ = ဝမ်းဗိုက်။ 3- كِرْشٌ (ج) كُرُوْشٌ = စလုတ်။ 4- زِقٌّ (ج) أَزْقَاقٌ = ရေအိတ်။ 5- خَزَّنَ-يُخَزِّنُ-تَخْزِيْنًا = သိမ်းစည်းသိုလှောင်သည်။ 6- قَنْغَرٌ = သားပိုက်ကောင်။ 7- أَرْنَبٌ (ج) أَرَانِبُ = ယုန်။ 8- جَرَى-يَجْرِيْ-جَرْيًا = ပြေးသည်။ 9- قَفَزَ-يَقْفِزُ-قَفْزًا = ခုန်ပေါက်သည်။

وَفِيْ قَدَمَي الرِّجْلَيْنِ الْخَلْفِيَّتَيْنِ لِلْقَنْغَرِ ظِلْفٌ[1] حَادٌّ جِدًّا،

သားပိုက်ကောင်ရဲ့ အနောက်ခြေနှစ်ဖက်မှာ အလွန်ထက်တဲ့၊ ကွဲနေတဲ့ ခွာတစ်ခုပါရှိတယ်။

هُوَ سِلَاحُهُ يَبْقُرُ[2] بِهِ بَطْنَ عَدُوِّهِ بِطَعْنَةٍ وَاحِدَةٍ.

အဲဒီခွာဟာ သူ့ရဲ့ လက်နက်ပဲ၊ အဲဒါနဲ့ ရန်သူရဲ့ ဗိုက်ကို တစ်ချက်တည်းနဲ့ ထိုးဖောက်ပစ်တယ်။

كَذٰلِكَ الطُّيُوْرُ، فَفِيْ جِسْمِهَا وَخِلْقَتِهَا آيَاتٌ لِلّٰهِ،

ဒီအတိုင်းပဲ တခြားငှက်တွေလည်း။ သူတို့ရဲ့ ကိုယ်ခန္ဓာပုံးပန်းသဏ္ဍာန်မှာ အလ္လာဟ်ရဲ့ လက္ခဏာတော်တွေ ရှိတယ်။

فَقَدْ كَسَا[3] اللهُ جِسْمَهَا بِالرِّيْشِ[4]، لِأَنَّهُ أَخَفُّ لِلطَّيَرَانِ،

အလ္လာဟ်အရှင်မြတ်က သူတို့ရဲ့ ကိုယ်ခန္ဓာကို အမွေးအမှင်နဲ့ ဆင်မြန်းပေး ထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပျံသန်းတဲ့အခါ ပေါ့ပါးစေတယ်။

وَجَعَلَ عِظَامَ الطَّائِرِ رَقِيْقَةً جَوْفَاءَ[5]،

ငှက်တွေရဲ့ အရိုးကို ပါးလွှာပြီး အခေါင်းပေါက် လုပ်ပေးထားတယ်။

فَلَا يَعُوْقُهُ[6] ثِقَلُ رِيْشٍ، أَوْ جِسْمٍ عَنِ الطَّيَرَانِ.

ဒါမှ အမွေးအမှင်နဲ့ ကိုယ်ခန္ဓာရဲ့ လေးပင်မှုက ပျံသန်းရာမှာ အဟန့်အတား မဖြစ်စေတော့ဘူးပေါ့။

ثُمَّ وَهَبَ أَنْوَاعَ الطُّيُوْرِ أَنْوَاعًا مِنَ الْمَنَاقِيْرِ،

တစ်ဖန် အလ္လာဟ်အရှင်မြတ်က ငှက်အမျိုးမျိုးကို နှုတ်သီး အမျိုးမျိုး ချီးမြှင့်ပေးထားတယ်။

تَخْتَلِفُ[7] بِاخْتِلَافِ طَبِيْعَةِ الطَّيْرِ وَغِذَائِهِ وَعَادَاتِهِ،

နှုတ်သီးဟာ ငှက်ရဲ့သဘာဝ၊ အစားအစာနဲ့ အကျင့်ဓလေ့တွေကိုလိုက်ပြီး မတူညီ

1- أَظْلَافٌ (ج) ظِلْفٌ = နွား၊ သိုး၊ ဆိတ်တို့၏ ကွဲနေသောခွာ။ 2- بَقَرَ-يَبْقُرُ-بَقْرًا = ဗိုက်ဖောက်သည်။ 3- كَسَا-يَكْسُوْ-كَسْوًا = ဝတ်ဆင်ပေးသည်။ 4- رِيْشٌ (ج) رِيَاشٌ وَأَرْيَاشٌ = တိရစ္ဆာန်အမွေးအမှင်။ 5- جَوْفَاءُ (مُؤنث) أَجْوَفُ = အခေါင်းပေါက်။ 6- عَاقَ-يَعُوْقُ-عَوْقًا = ဟန့်တားသည်။ 7- اِخْتَلَفَ-يَخْتَلِفُ-اِخْتِلَافًا = ကွဲပြားခြားနားသည်။

ကွဲပြားကြတယ်။

وَكَذٰلِكَ يَخْتَلِفُ تَرْكِيْبُ أَقْدَامِهِ.

ဒီလိုပဲ သူတို့ရဲ့ ခြေထောက်တွေရဲ့ ဖွဲ့စည်းပုံဟာလည်း ကွဲပြားတယ်။

انْظُرْ إِلَى الْعَصَافِيْرِ[1] وَالْحَمَامِ[2]، وَالْيَمَامِ[3] وَالْغِرْبَانِ[4]، لَيْسَتْ أَجْسَامُهَا عَالِيَةً،

စာကလေး၊ ခို၊ ဂျိုးနဲ့ ကျီးကန်းတွေကို အသင်ကြည့်ပါ။ သူတို့ရဲ့ ကိုယ်ခန္ဓာ အမြင့်ကြီး မဟုတ်ဘူး။

وَأَنَّهَا تَلْقُطُ حَبًّا صَغِيْرًا مِنَ الْأَرْضِ،

သူတို့ဟာ မြေပြင်ပေါ်က သေးငယ်တဲ့ အစေ့အဆံလေးတွေကို ကောက်ယူတယ်။

فَلَمْ تَكُنْ فِيْ حَاجَةٍ إِلَى طُوْلِ الْأَعْنَاقِ،

ဒါကြောင့် လည်ပင်းရှည်ဖို့ မလိုအပ်တော့ဘူး။

وَمَنَاقِيْرُهَا مُسْتَقِيْمَةٌ وَقَصِيْرَةٌ تُعِيْنُهَا عَلَى حَاجَاتِهَا.

သူတို့ရဲ့ နှုတ်သီးတွေဟာ ဖြောင့်တန်းပြီး တိုတယ်။ သူတို့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရာမှာ အထောက်အကူပေးတယ်။

انْظُرْ إِلَى الطُّيُوْرِ الَّتِيْ تَعِيْشُ فِي الْمَاءِ، وَتَبْحَثُ[5] عَنْ قُوْتِهَا فِي الْمَاءِ كَالْبَطِّ[6]، وَاللَّقْلَقِ[7]،

ရေမှာနေထိုင်ပြီး ရေမှာ အစာရှာစားတဲ့ ငှက်တွေကို ကြည့်ပါ။ ဥပမာ ဘဲနဲ့ ထုံးစပ်ငှက်။

تَرَ أَعْنَاقَهَا وَمَنَاقِيْرَهَا طَوِيْلَةً

အသင်တွေ့ရလိမ့်မယ်။ သူတို့ရဲ့ လည်ပင်းတွေနဲ့ နှုတ်သီးတွေဟာ ရှည် လျားတယ်။

لِأَنَّهَا تُرْسِلُ مَنَاقِيْرَهَا فِيْ أَعْمَاقِ الْأَنْهَارِ وَالْبِرَكِ[8]،

ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သူတို့ရဲ့ နှုတ်သီးတွေကို မြစ်၊ ကန်တွေရဲ့ အနက်ထဲထိ ထည့်တယ်။

1– عَصَافِيْرُ (ج) عُصْفُوْرٌ = စာကလေးငှက်။ 2– حَمَامٌ = ခို။ 3– يَمَامٌ = ဂျိုး။ 4– غِرْبَانٌ (ج) غُرَابٌ = ကျီးကန်း။ 5– بَحَثَ عَنْ = ရှာဖွေသည်။ 6– بُطُوْطٌ (ج) بَطٌّ = ဘဲ။ 7– لَقَالِقُ (ج) لَقْلَقٌ = ထုံးစပ်ငှက်။ 8– بِرَكٌ (ج) بِرْكَةٌ = ရေကန်။

وَتَسْتَخْرِجُ[1] قُوْتَهَا مِنْ أَحْشَائِهَا[2] فَخَلَقَ اللهُ لَهَا أَعْنَاقًا طَوِيْلَةً

ပြီးတော့ အနက်အတွင်းပိုင်းထဲကနေ အစာကို ထုတ်ယူတယ်။ ဒါကြောင့် အလ္လာဟ်က သူတို့ရဲ့ နှုတ်သီးတွေကို ရှည်လျားအောင် လုပ်ပေးထား တယ်။

وَمَنَاقِيْرَ مُسْتَقِيْمَةً وَطَوِيْلَةً كَذٰلِكَ.

အဲဒီလိုပဲ နှုတ်သီးတွေကိုလည်း ဖြောင့်တန်းပြီး ရှည်လျားအောင် လုပ်ပေး ထားတယ်။

وَانْظُرْ إِلَى الطُّيُوْرِ الَّتِيْ تَقْتَاتُ[3] بِاللَّحْمِ وَالْفَاكِهَةِ وَتَأْكُلُهَا نَهْشًا[4]،

အသားနဲ့ အသီးတွေကို စားသုံးပြီး အဲဒါတွေကို ပါးစပ်နဲ့ ကိုက်ဖြတ်စားတဲ့ ငှက်တွေကို အသင်ကြည့်ပါ။

كَالْحِدَاءِ[5] وَالنُّسُوْرِ[6] وَالصُّقُوْرِ[7] لَاتَجِدُ مَنَاقِيْرَهَا مُسْتَقِيْمَةً،

ဥပမာ၊ စွန်၊ လင်းတနဲ့ သိမ်းငှက်တွေ။ သူတို့ရဲ့ နှုတ်သီးတွေဟာ ဖြောင့် နေတာကို တွေ့ရမှာမဟုတ်ဘူး။

لِأَنَّهَا لَا تُغْنِيْ[8] عَنْهَا، وَلَا تَقْضِيْ حَاجَتَهَا،

ဘာဖြစ်လို့လဲဆိုတော့ အဲဒီဖြောင့်နေတဲ့နှုတ်သီးက သူတို့အတွက် အကျိုးမရှိဘူး။ သူတို့ရဲ့ လိုအပ်ချက်တွေကိုလည်း မဖြည့်စီးပေးနိုင်ဘူး။

فَخَلَقَ اللهُ لَهَا مَنَاقِيْرَ مُتَقَوِّسَةً[9] حَادَّةَ الطَّرْفِ[10]،

ဒါကြောင့် အလ္လာဟ်အရှင်မြတ်က သူတို့အတွက် ထိပ်ချွန်ပြီး ကောက်ကွေးတဲ့ နှုတ်သီး တွေ ပြုလုပ်ပေးထားတယ်။

وَيَكُوْنُ طَرْفُهَا الْأَعْلَى مُتَقَدِّمًا مُتَقَوِّسًا،

ပီးတော့ အပေါ်ထိပ်ဖြားဟာ ရှေ့ရောက်ပြီး ကောက်နေတယ်။

1- اسْتِخْرَاجًا-اسْتَخْرَجَ-يَسْتَخْرِجُ-اسْتَخْرَجَ = ထုတ်ယူသည်။ 2- أَحْشَاءُ (ج) حَشْوٌ = ဝမ်းဗိုက်၊ အတွင်းပိုင်း။ 3- اقْتِيَاتًا-يَقْتَاتُ-اقْتَاتَ = အစာအာဟာရ ရယူသည်။ 4- نَهْشًا-يَنْهَشُ-نَهَشَ = ပါးစပ်ဖြင့် ကိုက်စွဲစားသည်။ 5- حِدَاءٌ (ج) حِدْأَةٌ = စွန်။ 6- نَسْرٌ (ج) نُسُوْرٌ = လင်းတ။ 7- صُقُوْرٌ (ج) صَقْرٌ = ဖယ်လ်ကင်သိမ်းငှက်။ 8- لَاتُغْنِيْ عَنْهَا = ဖြောင့်တဲ့နှုတ်သီးကို မလိုအပ်ဘူး၊ သူတို့အတွက် အကျိုးမရှိ ဘူး။ 9- مُتَقَوِّسَةٌ = လေးကိုင်းကဲ့သို့ ကွေးသော။ 10- حَادَّةُ الطَّرْفِ = ထိပ်ဖျား ချွန်ထက်သော။

فَيُعِيْنُهَا فِيْ نَهْش اللُّحُوْم وَقَرْض[1] الْفَوَاكِه وَفِي الْعَضِّ[2] عَلَيْهَا.

အဲဒါက သူ့ကို အသားတွေ ကိုက်ဖဲ့တဲ့နေရာမှာ၊ အသီးတွေကို ထိုးစိတ်တဲ့နေရာမှာနဲ့ ကိုက်ဖြတ်တဲ့နေရာမှာ အထောက်အကူပြုပေး တယ်။

كَذٰلِكَ إِذَا نَظَرْنَا إِلَى أَرْجُلِ الطُّيُوْرِ وَمَخَالِبِهَا[3]،

အဲဒီလိုပဲ ငှက်တွေရဲ့ ခြေထောက်တွေနဲ့ ခြေသည်းလက်သည်းတွေကို ကြည့်မယ်ဆိုရင်

رَأَيْنَا بَيْنَهَا فَرْقًا بِحَسْبِ أَنْوَاع الطُّيُوْرِ وَطَبَائِعِهَا، وَعَادَاتِهَا وَغِذَائِهَا،

ငှက်အမျိုးအစား၊ သူတို့ရဲ့ သဘာဝ၊ အကျင့်စရိုက်နဲ့ အစားအစာကိုလိုက်ပြီး တစ်ခုနဲ့တစ်ခုကြားမှာ မတူခြားနားနေတာကို တွေ့ရမယ်။

فَالطُّيُوْرُ الَّتِيْ تَعِيْشُ عَلَى الْبَرِّ، وَتَلْتَقِطُ الْحَبَّ لَيْسَتْ أَرْجُلُهَا طَوِيْلَةً،

ကုန်းပေါ်မှာ ရှင်သန်နေထိုင်ပြီး အစေ့ကို ကောက်ယူစားတဲ့ ငှက်တွေရဲ့ ခြေထောက်တွေဟာ မရှည်လျားဘူး။

وَأَنَّهَا تَرْفَعُ رِجْلَيْهَا فِيْ وَقْت وَاحِد، وَتَمْشِيْ وَثْبًا[4]،

သူတို့ဟာ ခြေထောက်နှစ်ချောင်းကို တစ်ပြိုင်တည်း မတယ်။ ခုန်ခုန်ပြီး လမ်းလျှောက်တယ်။

وَأَمَّا الطُّيُوْرُ الَّتِيْ تَعِيْشُ فِي الْمَاءِ وَتَصِيْدُ السَّمَكَ وَهَوَامَّ[5] الْمَاءِ

ရေမှာနေပြီး ငါးနဲ့ ရေနေပိုးမွှားတွေကို စားသောက်တဲ့ ငှက်တွေကျတော့

فَإِنَّهَا تُقَدِّمُ رِجْلًا فِي الْمَشْيِ وَتُؤَخِّرُ أُخْرَى كَالْإِنْسَان،

လူတွေလိုပဲလမ်းလျှောက်ရင်ခြေတစ်ချောင်းကိုအရှေ့ကိုလှမ်းပြီးနောက်တစ်ချောင်းကိုနောက်မှ လမ်းတယ်။

1– قَرَضَ–يَقْرِضُ–قَرْضًا ကိုက်ဖြတ်သည်။ 2– عَضَّ–يَعَضُّ–عَضًّاوَعَضِيْضًا = သွားဖြင့် ကိုက်သည်။ 3– مَخَالِبُ (ج) مِخْلَبٌ = ငှက်တို့၏ ခြေသည်းလက် သည်း။
4– وَثَبَ–يَثِبُ–وَثْبًاوَوُثُوْبًا ခုန်သည်။ 5– هَوَامُّ (ج) هَامَّةٌ = ပိုးမွှား။

وَتَمْشِي رُوَيْدًا، فَإِنَّهَا إِذَا وَثَبَتْ وَثَبَات أَوْ قَفَزَتْ أَفْلَتَهَا[1] الصَّيْدُ.

ဖြေးညှင်းစွာ လမ်းလျှောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ တကယ်လို့ ခုန်ခုန်ပြီး သွားရင် သားကောင်လွတ်သွားလိမ့်မယ်။

كَذٰلِكَ الطُّيُوْرُ الَّتِيْ تَسْبَحُ فِي الْمَاءِ، وَتَصِيْدُ

ရေထဲမှာ ကူးခတ်သွားလာပြီး သားကောင်ဖမ်းတဲ့ ငှက်တွေဟာလည်း ဒီအတိုင်းပါပဲ။

فَلَهَا جِلْدٌ رَقِيْقٌ فِيْ مَخَالِبِهَا يَصِلُ بَيْنَ أَصَابِعِهَا،

သူတို့ရဲ့ ခြေသည်း လက်သည်းမှာ ခြေချောင်းတွေကို ဆက်တွဲပေးထားတဲ့ သားရေတစ်ခု ပါရှိတယ်။

فَتَنْشُرُ مَخَالِبَهَا كَالْمِظَلَّاتِ[2] إِذَا نُشِرَتْ، وَتُسَاعِدُهَا[3] فِي السِّبَاحَةِ مُسَاعَدَةً عَالِيَةً.

အဲဒီခြေကို ထီးတွေလို ဖြန့်လိုက်တယ်။ ရေကူးတဲ့နေရာမှာ တော်တော်ကို အထောက်အကူ ပြုတယ်။

وَالطُّيُوْرُ الَّتِيْ تَقْتَاتُ بِاللَّحْمِ لَهَا أَرْجُلٌ قَوِيَّةٌ وَمَخَالِبُ كَبِيْرَةٌ،

အသားစားတဲ့ ငှက်တွေမှာကျတော့ မာကြောတဲ့ခြေထောက်တွေနဲ့ ကြီးမားတဲ့ခွာတွေရှိတယ်။

وَفِيْ أَصَابِعِهَا أَظْفَارٌ[4] مُتَقَوِّسَةٌ حَادَّةُ الطَّرْف

သူတို့ရဲ့ခြေချောင်းတွေမှာ ထိပ်ချွန်ပြီး ကောက်နေတဲ့ လက်သည်းတွေရှိတယ်။

تُسَاعِدُهَا فِيْ نَهْشِ اللُّحُوْمِ،

အဲဒါတွေက သူ့ကို အသားဖွဲ့စားရမှာ အထောက်အကူပြုတယ်။

وَتَقُوْمُ أَرْجُلُهَا وَمَخَالِبُهَا مَقَامَ الْأَرْجُلِ وَالْأَيْدِيْ،

သူတို့ရဲ့ခြေထောက်တွေနဲ့ ခွာတွေဟာ လက်နဲ့ခြေနေရာမှာ အသုံးဝင် တယ်။

فَإِذَا مَشَتْ كَانَتْ لَهَا أَرْجُلًا تَمْشِيْ بِهَا،

သူလမ်းလျှောက်ရင် လမ်းလျှောက်တဲ့ ခြေထောက်တွေ ဖြစ်သွားတယ်။

1- أَفْلَتَ–يُفْلِتُ–إِفْلَاتًا = လွတ်သွားစေသည်။ 2- مَظَلَّاتٌ (ج) مِظَلَّةٌ = ထီး။ 3- سَاعَدَ–يُسَاعِدُ–مُسَاعَدَةً = ကူညီသည်။ 4- أَظْفَارٌ (ج) ظُفْرٌ = ခြေသည်း၊ လက်သည်း။

وَإِذَا طَارَتْ أَوْ أَرَادَتْ أَنْ تَأْكُلَ كَانَتْ لَهَا أَيْدِيًا تَبْطِشُ[1]،

ပျံသန်းတဲ့အခါ ဒါမှမဟုတ် စားသောက်တဲ့အခါ ကိုင်တွယ်တဲ့လက် ဖြစ် သွားတယ်။

وَهٰذَا النَّوْعُ مِنَ الطَّيْرِ قَدْ يُمْسِكُ عُوْدًا أَوْ قِطْعَةَ لَحْمٍ، وَيَطِيْرُ فِي الْجَوِّ وَيَسْتَقِلُّ[2] بِهِ،

ဒီလိုငှက်အမျိုးအစားတွေဟာ တစ်ခါတစ်ရံ တုတ်ချောင်း ဒါမှမဟုတ် အသားတုံးကို ချီထားပြီး လေထဲမှာ ပျံဝဲနေနိုင်တယ်။

فَلَا يَسْقُطُ مِنْ يَدِهِ،

လက်ထဲကနေ ပြုတ်ကျမသွားဘူး။

وَكَثِيْرًا مَا رَأَيْنَا الْبَازِيَّ[3] قَدْ قَبَضَ[4] عَلَى طَائِرٍ كَبِيْرٍ بِمَخَالِبِهِ

အများအားဖြင့် ကျွန်တော်တို့ဟာ သိမ်းငှက်ကို တွေ့မြင်ရတယ်။ ကြီးမားတဲ့ငှက်တစ်ကောင်ကို လက်နဲ့ ဖမ်းထားပြီး

وَطَارَ بِهِ إِلَى عُشِّهِ[5]، وَأَكَلَهُ هُنَالِكَ آمِنًا مُطْمَئِنًّا.

အသိုက်ရှိရာကို ပျံသန်းသွားတယ်။ ပြီးတော့ အဲဒီမှာ အေးအေးဆေးဆေးနဲ့ စားသောက်တယ်။

❀ ❀ ❀ ❀ ❀

1- بَطَشَ-يَبْطِشُ-بَطْشًا = ကိုင်တွယ်သည်။ 2- اِسْتَقَلَّ الطَّائِرُ فِيْ طَيَرَانِهِ = ဝေဟင်တွင် ပျံသန်းသည်။ 3- الْبَازِيُّ (ج) بُزَاةٌ = သိမ်းငှက်။ 4- قَبَضَ عَلَى -قَبَضَ-يَقْبِضُ-قَبْضًا = ဖမ်းဆီးသည်။ 5- عُشٌّ (ج) أَعْشَاشٌ = ငှက်သိုက်။

حَدِيْثُ الْقَمَرِ (١)

လအကြောင်း(၁)

كَانَتِ السَّمَاءُ مُصْحِيَةً[1] لَا غَيْمَ فِيْهَا، وَاللَّيْلَةُ مُقْمِرَةٌ،

ကောင်းကင်ဟာ မိုးတိမ်လုံးဝမရှိဘဲ တိမ်ကင်းစင်နေတယ်။ လသာတဲ့ ညတစ်ညလည်း ဖြစ်တယ်။

وَكَانَ هِشَامٌ يُطَالِعُ[2] الْقَمَرَ، كَأَنَّمَا يُطَالِعُ فِيْ كِتَابٍ.

ဟိရှားမ်ဟာ လကို လေ့လာနေတယ်။ စာအုပ်တစ်အုပ်ကို လေ့လာဖတ်ရှုနေတဲ့အတိုင်းပဲ။

وَكَانَ أَبُوْهُ يَرَى ذٰلِكَ فِي اللَّيْلَةِ الْمُقْمِرَةِ،

သူ့ဖခင်က လသာနေတဲ့ညမှာ ဒါကို တွေ့မြင်သွားတယ်။

فَأَرَادَ أَلَّا يَضِيْعَ[3] هٰذَا النَّظَرُ وَلَا يَخْلُوْ[4] مِنْ دَرْسٍ.

အဲဒီအခါ ဒီအရှုဟာ အလဟဿအဖြစ်သွားဖို့ သင်ခန်းစာတစ်ခုခုကနေ မလွတ်သွားဖို့ ရည်ရွယ်လိုက်တယ်။

قَالَ الْوَالِدُ: يَا هِشَامُ! أَرَاكَ تَنْظُرُ إِلَى الْقَمَرِ طَوِيْلًا،

ဖခင်။   ။ အို၊ ဟိရှားမ်၊ မင်းဟာ လကို ကြာညောင်းစွာကြည့်နေတာ ငါမြင်တယ်။

كَأَنَّكَ تَتَمَتَّعُ[5] بِمَنْظَرِهِ.

လရဲ့ မြင်ကွင်းလေးနဲ့ အရသာခံစားနေတာနဲ့တူတယ်။

هِشَامٌ: نَعَمْ يَا أَبِيْ! إِنَّ مَنْظَرَهُ جَمِيْلٌ جِدًّا،

ဟိရှားမ်။   ။ ဟုတ်ကဲ့ ဖေဖေ။ လရဲ့ မြင်ကွင်းဟာ အလွန်လှပတယ်။

1– أَصْحَى–يُصْحِيْ–إِصْحَاءً = တိမ်ကင်းစင်သည်။ مُصْحِيَةٌ- တိမ်ကင်းစင်သော။
2–طَالَعَ–يُطَالِعُ–مُطَالَعَةً = ဖတ်ရှုလေ့လာသည်။ 3– ضَاعَ – يَضِيْعُ – ضَيَاعًا ပျက်စီးသည်၊ အလဟဿဖြစ်သည်။ 4– خَلَا–يَخْلُوْ–خُلُوًّا = လစ်ဟာသွားသည်။ 5– تَمَتَّعَ–يَتَمَتَّعُ–تَمَتُّعًا = အကျိုးခံစားသည်။

لَا أَكَادُ أَمْلَأُ عَيْنِي[1] مِنْهُ، وَلَوْ قَدَرْتُ لَصَعِدتُّ إِلَيْهِ بِسُلَّمٍ[2].

ကျွန်တော် ကြည့်လို့ကို မဝနိုင်ဘူး။ တကယ်လို့ ကျွန်တော် တတ်စွမ်းနိုင် မယ်ဆိုရင် လှေကားနဲ့ တတ်သွားလိုက်တယ်။

الْوَالِدُ: وَكَمْ تُقَدِّرُ[3] بُعْدَهُ يَا هِشَامُ!

ဖခင်။ ။ အိုး ဟိရှားမ်။ လရဲ့ အကွာအဝေးဟာ ဘယ်လောက်ရှိတယ်လို့ မင်းထင်လဲ။

وَأَيُّ سُلَّمٍ أَوْ مَنَارَةٍ[4] تَرَاهَا تَكْفِيْكَ لِلصُّعُوْدِ إِلَى الْقَمَرِ؟

ဘယ်လို လှေကားမျိုး ဘယ်လို မျှော်စင်မျိုးနဲ့ဆိုရင် လဆီကို တက်သွားဖို့ လုံလောက်မယ်လို့ ထင်လဲ။

هِشَامٌ: إِنِّيْ لَمْ أَرَ يَا أَبِيْ سُلَّمًا رَفِيْعًا جِدًّا،

ဟိရှားမ်။ ။ အိုး ဖခင်။ အလွန် မြင့်မားတဲ့ လှေကားတော့ ကျွန်တော် မတွေ့ ဖူးပါဘူး။

وَلَكِنْ أَقْدِرُ إِذَا كَانَتْ هُنَالِكَ مَنَارَةٌ ارْتِفَاعُهَا ضِعْفُ[5] مَنَارَةِ قُطْبِ الدِّيْنِ فِيْ دِهْلِيْ،

ဒါပေမဲ့ ဒေလီမြို့မှာရှိတဲ့ ကွသ်ဗွသ်သီးန် မျှော်စင်ရဲ့ နှစ်ဆမြင့်တဲ့ မျှော်စင် တစ်ခုခုနဲ့ ဆိုရင်တော့ ကျွန်တော် တက်နိုင်ပါလိမ့်မယ်။

لَأَمْكَنَ الصُّعُوْدَ إِلَى الْقَمَرِ.

အဲဒီလောက်ဆို လပေါ် သေချာပေါက် တက်လို့ရမယ်။

الْوَالِدُ: وَكَمْ ارْتِفَاعُ مَنَارَةِ قُطْبِ الدِّيْنِ يَا هِشَامُ !

ဖခင်။ ။ အိုး ဟိရှားမ်။ ကုသ်ဗွသ်သီးန် မျှော်စင်ရဲ့ အမြင့်က ဘယ်လောက် ရှိလဲ။

هِشَامٌ: سَمِعْتُ أَنَّ ارْتِفَاعَهَا مِئَتَانِ وَاثْنَتَانِ وَأَرْبَعُوْنَ قَدَمًا[6] أَوْ ثَمَانُوْنَ ذِرَاعًا[7]، وَذَلِكَ ارْتِفَاعٌ كَبِيْرٌ.

ဟိရှားမ်။ ။ ကျွန်တော်ကြားသိရတယ်။ အဲဒီမျှော်စင်ရဲ့အမြင့်ဟာ ၂၄၂ ကိုက်၊ ဒါမှမဟုတ်

1- لَا أَكَادُ أَمْلَأُ عَيْنِيْ بِمَنْظَرِه = အဲဒီမြင်ကွင်းကို ရှုမဝနိုင်ဖြစ်ရသည်။ 2- سُلَّمٌ (ج) سَلَالِمُ وَسَلَالِيْمُ = လှေကား။ 3- قَدَّرَ-يُقَدِّرُ-تَقْدِيْرًا = ခန့်မှန်းသည်။ 4- مَنَارَةٌ (ج) مَنَارَاتٌ = ဗလီမျှော်စင်။ 5- ضِعْفٌ (ج) أَضْعَافٌ = နှစ်ဆ။ 6- قَدَمٌ (ج) أَقْدَامٌ = သုံးပေ၊ တစ်ကိုက်။ 7- ذِرَاعٌ (ج) أَذْرُعٌ = တစ်တောင်။

အတောင် ၈၀ ရှည်တယ်။ ဒါဟာ တော်တော်မြင့်တာပဲ။

الْوَالِدُ: سُبْحَانَ اللهِ، إِنَّكَ وَلَدٌ بَسِيْطٌ[1]،

ဖခင်။ ။ စွဗ်ဟာနလ္လာဟ်၊ သင်ဟာ တော်တော်ရိုးသားတဲ့ကလေးပဲ။

إِنَّ الْقَمَرَ يَا وَلَدِيْ يَبْعُدُ مِنَ الأَرْضِ مِئَتَيْ أَلْفٍ وَخَمْسِيْنَ أَلْفَ مِيْلٍ، وَهُوَ أَقْرَبُ الْكَوَاكِبَ[2] إِلَى الأَرْضِ.

အို၊ သားလေး၊ တကယ်တမ်းမှာ လဟာ ကမ္ဘာမြေပထဝီနဲ့ မိုင်ပေါင်း ၂၅၀၀၀၀ ဝေးပါတယ်။ အဲဒီလဟာ ကမ္ဘာမြေပထဝီနဲ့ အနီးဆုံးဂြိုလ်ဖြစ် တယ်။

هِشَامٌ: فَفِيْ كَمْ مُدَّةٍ يَصِلُ الإِنْسَانُ إِلَى الْقَمَرِ إِذَا سَافَرَ إِلَيْهِ ؟

ဟိရှားမ်။ ။ လူသားဟာ လဆီကို ခရီးထွက်ရင် အချိန်ကာလ ဘယ်လောက်အတွင်းမှာ ရောက်နိုင်မလဲ။

الْوَالِدُ: إِذَا سَافَرَ الْإِنْسَانُ إِلَى الْقَمَرِ فِيْ قِطَارٍ يَسِيْرُ خَمْسِيْنَ مِيْلاً فِيْ سَاعَةٍ،

ဖခင်။ ။ လူသားဟာ တစ်နာရီ မိုင်ငါးဆယ်နှုန်းနဲ့သွားတဲ့ ရထားနဲ့ လဆီကို ခရီးထွက်မယ်ဆိုရင်

فَإِنَّهُ يَصِلُ إِلَى الْقَمَرِ فِيْ نَحْوِ سَبْعَةِ أَشْهُرٍ.

သူဟာ (၇) လလောက်မှ လဆီ ရောက်လိမ့်မယ်။

وَإِذَا كَانَتِ الطَّائِرَةُ[3] تَطِيْرُ خَمْسَمِئَةَ مِيْلٍ فِيْ سَاعَةٍ،

တကယ်လို့ လေယဉ်ပျံဟာ တစ်နာရီကို မိုင် ၅၀၀ နှုန်း ပျံသန်းနိုင် တယ်ဆိုရင်

فَالْإِنْسَانُ يَصِلُ إِلَى الْقَمَرِ بِالطَّائِرَةِ فِيْ يَوْمَيْنِ وَعِشْرِيْنَ سَاعَةً.

လူသားဟာ လစီကို အဲဒီလေယဉ်နဲ့သွားရင် နှစ်ရက်နဲ့ နာရီ ၂၀ အတွင်း ရောက်နိုင်တယ်။

هِشَامٌ: يَا سُبْحَانَ اللهِ، وَسَمِعْتُكَ يَا أَبِيْ ! تَقُوْلُ: إِنَّ الْقَمَرَ أَقْرَبُ الْكَوَاكِبَ إِلَى الأَرْضِ، فَهَلِ الْقَمَرُ كَوْكَبٌ ؟

ဟိရှားမ်။ ။ စွဗ်ဟာနလ္လာဟ်။ အို၊ ဖေဖေ၊ "လဟာ ကမ္ဘာမြေပထဝီနဲ့ အနီးဆုံး ဂြိုလ်ပဲ" လို့ ဖေဖေပြောတာ ကျွန်တော် ကြားလိုက်တယ်။ ဘာလဲ၊ လဟာလဲ ဂြိုလ်ပဲလား။

1– بَسِيْطٌ = ရိုးသားသော။ 2– كَوَاكِبُ (ج) كَوْكَبٌ ကြယ်။ 3– طَائِرَةٌ (ج) طَائِرَاتٌ = လေယဉ်ပျံ။

الْوَالِدُ: نَعَمْ يَا وَلَدِيْ ! الْقَمَرُ، وَالشَّمْسُ، وَالْأَرْضُ، وَالنُّجُوْمُ كُلُّهَا كَوَاكِبُ،

ဖခင်။ ။ ဟုတ်တယ်၊ ငါ့သား။ လ၊ နေ၊ ကမ္ဘာနဲ့ ကြယ်တာရာတွေ အားလုံးဟာ ဂြိုလ်တွေပဲ။

مِنْهَا الْقَرِيْبُ وَمِنْهَا الْبَعِيْدُ، وَمِنْهَا الصَّغِيْرُ وَمِنْهَا الْكَبِيْرُ.

အဲဒီထဲကမှ တစ်ချို့က နီးတယ်။ တစ်ချို့က ဝေးတယ်။ တစ်ချို့က သေးပြီး တစ်ချို့က ကြီးတယ်။

هِشَامٌ: شَيْءٌ غَرِيْبٌ، فَهَلِ الشَّمْسُ أَقْرَبُ الْكَوَاكِبِ إِلَى الْأَرْضِ، وَلِذٰلِكَ نُوْرُهَا سَاطِعٌ[1] وَقَوِيٌّ جِدًّا ؟

ဟိရှားမ်။ ။ အံ့ဩစရာပဲနော်။ ဘာလဲ၊ နေဟာ ကမ္ဘာနဲ့ အနီးဆုံး ဂြိုလ်လား။ ဒါကြောင့် နေရဲ့ အလင်းရောင်ဟာ ပျံ့နှံ့ပြီး အလွန် အားကောင်း နေတာလား။

الْوَالِدُ : لَا يَا وَلَدِيْ ! الشَّمْسُ تَبْعُدُ مِنَ الْأَرْضِ مِقْدَارَ[2] تِسْعِيْنَ مِلْيُوْنًا[3] وَثَلَاثَةَ مَلَايِيْنَ،

ဖခင်။ ။ မဟုတ်ဘူး၊ ငါ့သား။ နေဟာ ကမ္ဘာကနေ သန်းပေါင်း ၉၃သန်း အတိုင်းအတာလောက် ဝေးကွာတယ်။

فَالْإِنْسَانُ يَصِلُ إِلَى الشَّمْسِ فِيْ ذٰلِكَ الْقِطَارِ فِيْ مِئَتَيْ عَامٍ وَعَشَرَةِ أَعْوَامٍ.

လူသားဟာ အခုနပြောခဲ့တဲ့ရထားနဲ့ သွားမယ်ဆိုရင် ၂ နှစ်နဲ့ ၁၀ ကြာမှ နေဆီကို ရောက်လိမ့်မယ်။

هِشَامٌ: اللّٰهُ أَكْبَرُ، وَلِأَيِّ شَيْءٍ هِيَ سَاطِعَةٌ وَاضِحَةٌ جِدًّا؟

ဟိရှားမ်။ ။ အလ္လာဟုအက်ဗရ်။ ဒါဆို ဘာကြောင့် နေရဲ့အလင်းရောင်ဟာ ပျံ့နှံ့ပြီး ရှင်းလင်းနေရတာလဲ။

الْوَالِدُ:لِأَنَّهَا أَكْبَرُ مِنَ الْأَرْضِ مِلْيُوْنٌ وَثَلَاثُمِئَةَ أَلْفِ مَرَّةً،

ဖခင်။ ။ ဘာဖြစ်လို့လဲဆိုတော့ နေဟာ ကမ္ဘာထက် အဆပေါင်း ၁၃၀၀၀၀၀ ပိုကြီး

1– سَاطِعٌ = ပျံ့နှံ့သော၊ပြန့်ကျဲနေသော။ 2– مِقْدَارٌ = အတိုင်းအတာ။ (ج) مَقَادِيْرُ
3– مِلْيُوْنٌ (ج) مَلَايِيْنُ = မီလီယံ၊ တစ်သန်း။

တယ်။

وَلَوْلَا هٰذَا الْبُعْدُ الشَّاسِعُ[1] لَكَانَتْ أَسْطَعُ، وَأَوْضَحُ.

ဒီလောက် အလွန် ဝေးနေလို့သာမဟုတ်ရင် နေရဲ့ အလင်းရောင်ဟာ ပိုပြီး တောက်ပနေမှာ ပိုပြီး ရှင်းလင်းနေလိမ့်မယ်။

هِشَامٌ: وَهَلْ هٰذِه النُّجُوْمُ الَّتِيْ نَرَاهَا كَالنُّقَطِ[2] صَغِيْرَةٌ جِدًّا ؟

ဟိရှားမ်။ ။ ဘာလဲ ကျွန်တော်တို့တွေ အစက်အပျောက်လေးလို မြင်တွေ့နေရတဲ့ ဒီကြယ်တာရာတွေကရော သေးသေးလေးတွေပဲလား။

الْوَالِدُ: لَا يَا وَلَدِيْ ! إِنَّ بَعْضَ النُّجُوْمِ أَكْبَرُ مِنَ الشَّمْسِ بِكَثِيْرٍ،

ဖခင်။ ။ မဟုတ်ဘူး၊ ငါ့သား။ တစ်ချို့ကြယ်တာရာတွေဟာ နေထက် အဆပေါင်းများစွာ ကြီးသေးတယ်။

وَلٰكِنَّهَا أَبْعَدُ عَنْهَا كَذٰلِكَ بِكَثِيْرٍ، حَتّٰى إِنَّ بَعْضَهَا لَا يُرَى إِلَّا بِالْمُكَبِّرَةِ[3].

ဒါပေမဲ့ အဲဒီအတိုင်း အဆပေါင်းများစွာလည်း ဝေးလံတယ်။ ဘယ် လောက်တောင်လဲဆိုရင် တစ်ချို့ကြယ်တွေဟာ အဏုကြည့်မှန်ပြောင်းနဲ့မှ မြင်တွေ့ရတယ်။

1– الْبُعْدُ الشَّاسِعُ = အလွန်ဝေးကွာသော။ 2– نُقَطٌ (ج) نُقْطَةٌ = အစက်အပြောက်။ 3– مُكَبِّرَةٌ = အဏုကြည့်မှန်ပြောင်း၊ မှန်ဘီလူး။

حَدِيْثُ الْقَمَرِ (٢)

လအကြောင်း (၂)

هِشَامٌ: وَكَيْفَ النَّاسُ فِيْ عَالَمِ الْقَمَرِ[1]، وَكَيْفَ دِيَانَتُهُمْ وَأَخْلَاقُهُمْ، وَكَيْفَ الْمَسَاجِدُ وَالْمَدَارِسُ ؟

ဟိရှားမ်။ ။ လူတွေဟာ လကမ္ဘာမှာ ဘယ်လိုပုံစံမျိုးလဲ။ သူတို့ရဲ့ ဘာသာသာသနာနဲ့ ကိုယ်ကျင့်စာရိတ္တတွေကရော ဘယ်လိုလဲ။ ဗလီကျောင်းတွေနဲ့ စာသင်ကျောင်းတွေကရော ဘယ်လိုမျိုးလဲ။

وَهَلْ فِي الْمَدَارِس اِخْتِبَارٌ سَنَوِيٌّ[2]، وَكُتُبٌ صَعْبَةٌ، وَمُعَلِّمُوْنَ غِلَاظٌ[3] ؟

ကျောင်းတွေမှာ နှစ်စဉ်စာမေးပွဲရောရှိလား။ ခက်ခဲတွေစာအုပ်တွေနဲ့ ကြမ်းတမ်းခက်ထန်တဲ့ ဆရာတွေရော ရှိလား။

الْوَالِدُ: إِنَّكَ لَسَؤُوْلٌ[4] وَحِدِّيْثٌ[5]،

ဖခင်။ ။ အသင်ဟာ တော်တော် အမေးအမြန်းထူတဲ့သူ၊ တော်တော် စကားများတဲ့သူပဲ။

وَهَلْ إِذَا أَخْبَرْتُكَ بِأَنَّ عَالَمَ الْقَمَرِ لَيْسَ فِيْهِ مَدَارِسُ،

ဘာလဲ၊ လကမ္ဘာမှာ ကျောင်းတွေမရှိဘူးလို့ ငါပြောရင်၊

أَوْ هُنَالِكَ مَدَارِسُ وَلٰكِنْ لَيْسَ فِيْهَا اخْتِبَارٌ وَامْتِحَانٌ

ဒါမှမဟုတ် ကျောင်းတွေတော့ရှိတယ်၊ ဒါပေမဲ့ အဲဒီမှာ စာမေးပွဲလည်း မရှိဘူး၊

وَالْمُعَلِّمُوْنَ كُلُّهُمْ رَحَمَةٌ[6] وَشَفَقَةٌ[7]، لَا يُعَاقِبُوْنَ وَلَا يَغْضَبُوْنَ،

ဆရာတွေ အားလုံးဟာ သနားကြင်နာသူတွေ၊ ကရုဏာကြီးသူတွေ၊ အပြစ်ဒဏ် မပေးကြဘူး၊ ဒေါသမထွက်ကြဘူးလို့ ပြောရင်

1- عَالَمُ الْقَمَر = လကမ္ဘာ။ 2- اخْتِبَارٌ سَنَوِيٌّ = နှစ်ပတ်လည်စာမေးပွဲ။ 3- غَلِيْظٌ غِلَاظٌ (ج) = ကြမ်းတမ်းခက်ထန်သော။ 4- سَؤُوْلٌ = စပ်စုသူ၊ အမေး အမြန်းထူသူ။ 5- حِدِّيْثٌ = စကားအလွန်များသူ။ 6- رَحَمَةٌ (ج) رَاحِمٌ = သနား ကြင်နာသူ။ 7- شَافِقٌ شَفَقَةٌ (ج) = သနားကြင်နာသူ။

فَهَلْ تُهَاجِرُ مِنَ الْأَرْضِ إِلَى الْقَمَرِ ؟

မင်းက ကမ္ဘာမြေပြင်ထဲကနေ လကမ္ဘာကို ပြောင်းရွှေ့မလို့လား။

هِشَامٌ: نَعَمْ يَا أَبِيْ ! إِذَا هَاجَرْتَ مَعِيْ، وَهَاجَرَتْ مَعَنَا أُمُّنَا وَأُسْرَتُنَا،

ဟိရှားမ်။ ။ ဟုတ်ကဲ့ပါ၊ အဖေ။ ကျွန်တော်နဲ့အတူ အဖေလည်း ပြောင်းရွှေ့မယ်၊ ကျွန်တော့်တို့ရဲ့ မိခင်နဲ့ မိသားစုတွေလည်း ပြောင်းရွှေ့ မယ်ဆိုရင်ပေါ့။

وَلٰكِنِّيْ أَعِدُكَ بِأَنِّيْ أَقْرَأُ هُنَالِكَ.

ဒါပေမဲ့ ကျွန်တော် အဖေ့ကို ကတိပေးပါတယ်။ အဲဒီရောက်ရင်လည်း ကျွန်တော် စာဖတ်ပါမယ်။

الْوَالِدُ: يُؤْسِفُكَ أَنَّ الْقَمَرَ لَيْسَ فِيْهِ عُمْرَانٌ[1]،

ဖခင်။ ။ စိတ်မကောင်းပါဘူးကွယ်၊ လကမ္ဘာမှာ သာယာစည်ကားမှုဆိုတာ မရှိဘူးကွဲ့။

وَلَا يُوْجَدُ فِيْهِ السُّكَّانُ[2]، بَلْ هُوَ قَاعٌ[3] صَفْصَفٌ[4]،

အဲဒီမှာ နေထိုင်တဲ့သူတွေလည်း မရှိဘူး။ လကမ္ဘာဟာ ပြောင်တလင်း လွင်တီးခေါင်ပြင်ဖြစ်တယ်။

لِأَنَّ الْبَرْدَ هُنَالِكَ شَدِيْدٌ لَا يُطِيْقُهُ الْإِنْسَانُ.

ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ အအေးအလွန် ပြင်းထန်တယ်။ လူသား မခံနိုင်ဘူး။

هٰذَا مَا وَصَلَ إِلَيْهِ الْإِنْسَانُ، وَانْتَهَى إِلَيْهِ عِلْمُهُ إِلَى هٰذَا الْوَقْتِ،

ဒါကတော့ ခုချိန်ထိ လူသား လေ့လာတွေ့ရှိရသလောက်၊ လူသားရဲ့ အသိပညာ ပေါက်ရောက်သလောက်ကို ပြောပြတာဖြစ်တယ်။

وَمَنْ يَدْرِيْ لَعَلَّهُ يَثْبُتُ خِلَافُ ذٰلِكَ غَدًا،

မနက်ဖြန် ဒါနဲ့ ဆန့်ကျင်ဘက်တစ်ခုခု အတည်ဖြစ်လာကောင်း ဖြစ်နိုင်ပါတယ်။

1– عُمْرَانٌ = စည်ကားမှု၊ လူနေထိုင်မှု။ 2– سُكَّانٌ (ج) سَاكِنٌ = နေထိုင်သူ။ 3– قَاعٌ (ج) قِيْعَانٌ = ညီညာပြန့်ပြူးသောကွင်းပြင်။ 4– صَفْصَفٌ (ج) صَفَاصِفُ = လွင်တီးခေါင်ပြင်။ قَاعٌ صَفْصَفٌ ပြောင်တလင်းခါနေသော လွင်တီး ခေါင်ပြင်။

فَإِنَّ عِلْمَ الْإِنْسَانِ نَاقِصٌ، وَهُوَ كَالْكَوْكَبِ السَّيَّارِ [1] يَتَحَوَّلُ، وَيَتَغَيَّرُ.

ဘာဖြစ်လို့လဲဆိုတော့ လူရဲ့ အသိပညာဟာ လျော့နည်းပါတယ်။ လူ့အသိပညာဟာ သွားလာနေတဲ့ ဂြိုလ်လိုပဲ၊ အမြဲ အပြောင်းအလဲ ဖြစ်ပေါ်နေတယ်။

فَقَدْ نَقَضَ [2] الْعِلْمُ الْحَدِيْثُ [3] الْعِلْمَ الْقَدِيْمَ،

ခေတ်သစ်ပညာဟာ ခေတ်ဟောင်းပညာကို ပယ်ချက်ခဲ့ပါတယ်။

وَمَنْ يَقْدِرُ أَنْ يَقُوْلَ: إِنَّهُ لَا يَنْقُضُ هٰذَا الْحَدِيْثَ أَحْدَثُ [4] مِنْهُ وَأَحْكَمُ مِنْهُ [5]؟

အခု ဒီအသစ်ကိုလည်း နောက်ထပ် သူ့ထက်ပိုသစ်တဲ့ပညာက၊ ဒါမှမဟုတ် သူ့ထက် ပိုပြီး ခိုင်မာတဲ့ပညာက ပယ်မဖြုတ်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ။

فَالْآلَاتُ تَتَحَسَّنُ [6]، وَتَرْتَقِيْ، وَالْإِنْسَانُ فِيْ اكْتِشَافٍ وَاخْتِبَارٍ.

ပစ္စည်းကိရိယာတွေဟာ ပိုပိုပြီး ကောင်းလာတယ်။ တိုးတက်လာတယ်။

فَبِالْأَمْسِ كَانَ النَّاسُ يَعْتَقِدُوْنَ أَنَّ الشَّمْسَ تَدُوْرُ حَوْلَ الْأَرْضِ،
وَأَنَّ الْأَرْضَ سَاكِنَةٌ مُسَطَّحَةٌ [7]،

အရင်တုန်းက နေဟာ ကမ္ဘာမြေပထဝီရဲ့ပတ်လည်မှာ လည်ပတ်နေတယ်၊ ကမ္ဘာမြေပထဝီဟာ ငြိမ်သက်နေတယ်၊ အပြန့်ဖြစ်တယ်လို့ လူတွေ ယုံကြည်ခဲ့ကြတယ်။

وَيَسْتَدِلُّوْنَ [8] عَلَى ذٰلِكَ بِكُلِّ شَيْءٍ،

အဲဒီအတွက် အရာအားလုံးနဲ့ အထောက်အထား ပေးခဲ့ကြတယ်။

1– السَّيَّارُ = ရွေ့လျားသွားလာနေသော။ 2– نَقَضَ–يَنْقُضُ–نَقْضًا = ပယ်ဖျက် သည်။ 3– الْعِلْمُ الحَدِيْثُ = ခေတ်သစ်ပညာ။ 4– أَحْدَثُ مِنْهُ = ပို၍ သစ်သော။ 5– أَحْكَمُ مِنْهُ = သူ့ထက်ပို၍ ခိုင်မာသော။ 6– تَحَسَّنَ–يَتَحَسَّنُ–تَحَسُّنًا = ပိုပိုပြီး ကောင်းလာသည်။ 7– مُسَطَّحَةٌ = အပြန့်ဖြစ်သော။ 8– اِسْتَدَلَّ–يَسْتَدِلُّ–اِسْتِدْلَالًا = အထောက်အထားပေး သည်။

ثُمَّ أَثْبَتُوْا بِالدَّلَائِلِ وَالْاِخْتِبَارِ أَنَّ الْأَرْضَ مُسْتَدِيْرَةٌ[1] كُرَوِيَّةُ الشَّكْلِ[2] تَدُوْرُ حَوْلَ الشَّمْسِ،

ပြီးနောက် အထောက်အထားတွေ၊ လေ့လာစမ်းသပ်မှုတွေနဲ့ ကမ္ဘာမြေပထဝီဟာ လုံးဝိုင်းပြီး၊ ဘောလုံးသဏ္ဍာရှိကြောင်း၊ နေရဲ့ ပတ်လည်မှာ လည်ပတ်နေကြောင်း အတည်ပြုခဲ့ကြပြန်တယ်။

وَإِذَا خَالَفَ ذٰلِكَ إِنْسَانٌ رَأَى إِلَيْهِ النَّاسُ شَزْرًا[3]،

လူတစ်ဦးဦးက ဒါနဲ့ပတ်သက်ပြီး ဆန့်ကျင်ဘက်ပြောရင် လူတွေက အဲဒီသူကို အထင်သေးတဲ့မျက်လုံးနဲ့ ကြည့်ကြတယ်။

وَظَنُّوْا أَنَّهُ مِنْ رِجَالِ الْقُرُوْنِ الْمَاضِيَةِ.

ဒီလူဟာ လွန်ခဲ့တဲ့ရာစုနှစ်ပေါင်းများစွာကလူလို့ ထင်မှတ်ကြလေတယ်။

حَدِيْثُ الْقَمَرِ (٣)

လအကြောင်း (၃)

هِشَامٌ: وَمِنْ أَيْنَ هٰذَا النُّوْرُ يَا أَبِيْ، وَهَلْ هُنَالِكَ قَمَرٌ آخَرُ؟

ဟိရှားမ်။ ။ ဒီအလင်းရောင်က ဘယ်ကလာတာလဲ၊ အို၊ ဖေဖေ။ အဲဒီမှာ နောက်ထပ် လတစ်လုံး ရှိလို့လား။

الْوَالِدُ: هٰذَا النُّوْرُ عَارِيَةٌ[4] مِنَ الشَّمْسِ،

ဒီအလင်းရောင်ဟာ နေကနေ အငှားယူထားတဲ့ အလင်းရောင်ပါ။

1– مُسْتَدِيْرَةٌ= အဝိုင်းဖြစ်သော။ 2– كُرَوِيَّةُ الشَّكْلِ = လုံးဝိုင်းသောသဏ္ဍာန်ရှိသော။ 3– نَظَرَ إِلَيْهِ شَزْرًا = အထင်သေးသောအရှုဖြင့် ကြည့်သည်။ 4–نُوْرٌ عَارِيَةٌ = အငှားယူထားသော အလင်း။(ရောင်ပြန်ဟပ်သောအလင်း။)

فَإِنَّ نُوْرَ الشَّمْسِ يَنْعَكِسُ[1] فِي الْقَمَرِ،

တကယ်တော့ နေရဲ့အလင်းရောင်ဟာ လမှာ ရောင်ပြန်ဟပ်တယ်။

فَيَسْتَنِيْرُ[2] كَمَا يَنْعَكِسُ نُوْرُ الْمِصْبَاحِ فَتَسْتَنِيْرُ الْمِرْآةُ.

အဲဒီအခါ မီးအိမ်ရဲ့အလင်း ရောင်ပြန်ဟပ်တဲ့အတွက် မှန်လမ်းသလိုမျိုး လဟာလည်း လင်းဝင်းတောက်ပလာတယ်။

هِشَامٌ: وَمَا هُوَ الْخُسُوْفُ[3] يَا أَبِيْ؟

ဟိရှားမ်။ ။ အို၊ ဖေဖေ၊ လကြပ်တယ်ဆိုတာ ဘာကိုပြောတာလဲ။

فَقَدْ رَأَيْتُ الْقَمَرَ لَيْلَةَ الْجُمُعَةِ مَخْسُوْفًا، وَرَأَيْتُ النَّاسَ يَتَصَدَّقُوْنَ، وَيُصَلُّوْنَ.

ဂျုမုအဟ်နေ့တုန်းက လကြပ်တာ ကျွန်တော်တွေ့တယ်။ လူတွေဟာ အလှူဒါနတွေ ပြုကြတယ်။ စွလာသ်ဆောက်တည်ကြတယ်။

الْوَالِدُ: الْقَمَرُ يَدُوْرُ حَوْلَ الْأَرْضِ، وَ.....

အဖေ။ ။ လဟာ ကမ္ဘာမြေပထဝီပတ်လည်မှာ လည်ပတ်တယ်။ ပြီးတော့ --- (အပေါ်တင်ပြခဲ့ပြီးပြီ။)

هِشَامٌ: وَهَلِ الْقَمَرُ أَصْغَرُ مِنَ الْأَرْضِ؟

ဟိရှားမ်။ ။ ဘာလဲ၊ လဟာ ကမ္ဘာထက် ပိုသေးငယ်လို့လား။

الْوَالِدُ: نَعَمْ، الْأَرْضُ أَكْبَرُ مِنَ الْقَمَرِ خَمْسِيْنَ مَرَّةً،

ဖခင်။ ။ မှန်တယ်။ ကမ္ဘာဟာ လထက် အဆပေါင်း ၅၀ ပိုကြီးတယ်။

فَالْقَمَرُ يَدُوْرُ حَوْلَ الْأَرْضِ، وَالْأَرْضُ كَمَا عَلِمْتَ تَدُوْرُ مَعَ الْقَمَرِ حَوْلَ الشَّمْسِ،

လဟာ ကမ္ဘာရဲ့ ပတ်လည်မှာ လည်ပတ်တယ်။ အသင်သိပြီးတဲ့အတိုင်းပဲ ကမ္ဘာဟာ လနဲ့အတူ နေရဲ့ပတ်လည်မှာ လည်ပတ်တယ်။

فَإِذَا حَالَتِ الْأَرْضُ بَيْنَ الْقَمَرِ وَالشَّمْسِ، أَصْبَحَتْ حِجَابًا لِلْقَمَرِ،

1- اِنْعَكَسَ-يَنْعَكِسُ-اِنْعِكَاسًا = အလင်းရောင်ပြန်ဟပ်သည်။ 2- اِسْتَنَارَ-يَسْتَنِيْرُ-اِسْتِنَارَةً = အလင်းရယူသည်။ 3- خُسُوْفٌ = လကြတ်ခြင်း။

ကမ္ဘာဟာ လနဲ့ နေတို့ရဲ့ကြားမှာ ဝင်ရောက်ကာဆီးရင် လအတွက် အကာ အကွယ်တစ်ခုလို့ ဖြစ်သွားတယ်။

وَانْقَطَعَ عَنْهُ نُوْرُ الشَّمْسِ، وَأَظْلَمَ الْقَمَرُ،

လကနေ နေရဲ့ အလင်းရောင် ပြတ်တောက်သွားရော။ လဟာ မှောင်မိုက် သွားတယ်။

فَإِذَا حَجَبَتِ[1] الْأَرْضُ جُرْمَ[2] الْقَمَرِ كُلَّهُ احْتَجَبَ[3] الْقَمَرُ كُلُّهُ،

ကမ္ဘာဟာ လရဲ့ ထုထည်တစ်ခုလုံးကို ကာလိုက်ရင် လတစ်ခုလုံးကြပ်တယ်။

وَإِذَا حَجَبَتْ بَعْضَ جُرْمِهِ احْتَجَبَ وَأَظْلَمَ هٰذَا الْجُزْءُ فَقَطْ!

ထုထည်တစ်ချို့တစ်ဝက်ကိုပဲ ကာလိုက်ရင် အဲဒီအစိတ်အပိုင်းတစ်ခုပဲ လကြပ်တယ်။

هِشَامٌ: لَمْ أَفْهَمْ ذٰلِكَ جَيِّدًا يَا أَبِيْ!

ဟိရှားမ်။ ။ အို၊ ဖေဖေ။ အဲဒါကို ကျွန်တော် ကောင်းကောင်း နားမလည်ဘူး။

الْوَالِدُ: انْظُرْ، هٰذَا مِصْبَاحٌ مُنِيْرٌ، وَهٰذِهِ مِرْآةٌ مَصْقُوْلَةٌ[4]،

ဖခင်။ ။ကြည့်ပါ။ ဒါဟာ လင်းနေတဲ့ မီးအိမ်ဖြစ်တယ်။ ဒါကတော့ တောက်ပြောင်နေတဲ့ မှန်ဖြစ်တယ်။

وَقَدْ أَشْرَقَتِ الْمِرْآةُ بِنُوْرِ الْمِصْبَاحِ، أَلَيْسَ كَذٰلِكَ يَا عَزِيْزِيْ؟

မှန်ဟာ မီးအိမ်ရဲ့ အလင်းရောင်ကြောင့် လင်းဝင်းတောက်ပနေတယ်။ အဲဒီလို ဟုတ်တယ်မလား၊ ချစ်သား။

هِشَامٌ: بَلَى، يَاسَيِّدِيْ !

ဟိရှားမ်။ အမှန်ပဲ ဟုတ်ပါတယ်။ အို၊ ဖခင်။

الْوَالِدُ: وَلِمَاذَا أَظْلَمَتْ هٰذِهِ الْمِرْآةُ الْآنَ، وَأَيْنَ ذَهَبَ النُّوْرُ الْمُنْعَكِسُ[5] فِيْهَا ؟

ဖခင်။ ။ ကဲ၊ အခု ဘာကြောင့် မှန်ဟာ မှောင်သွားတာလဲ။ အဲဒီမှာ ရောင်ပြန်ထင်ဟပ်နေတဲ့အလင်းရောင် ဘယ်ရောက်သွားလဲ။

1- حَجَبَ-يَحْجُبُ-حَجْبًا = ဖုံးအုပ်သည်။ 2- أَجْرَامٌ (ج) جُرْمٌ= ခန္ဓာ၊ ကိုယ်ထည်။ 3- احْتَجَبَ-يَحْتَجِبُ-احْتِجَابًا =ဖုံးကွယ်သည်။ 4- مَصْقُوْلٌ= တောက်ပြောင်သော။ 5- النُّوْرُ الْمُنْعَكِسُ= ရောင်ပြန်အလင်း။

هِشَامٌ: لِأَنَّكَ وَقَفْتَ بَيْنَهُمَا، فَحَجَبْتَ النُّوْرَ عَنِ الْمِرْآةِ،

ဟိရှားမ်။ ။ အဖေက ဒီနှစ်ခုကြားမှ ရပ်လိုက်တာကိုး။ အဖေက မှန်ဘက်ကနေ အလင်းရောင်ကို ကာလိုက်တာကိုး။

وَالْمِرْآةُ الْمِسْكِيْنَةُ لَيْسَ نُوْرُهَا فِيْهَا، بَلْ يَأْتِيْهَا مِنَ الْمِصْبَاحِ.

မှန်ခမျာရှာ ကိုယ်ပိုင်အလင်းရောင်မှ မရှိတာ။ မီးအိမ်ကလာတဲ့ အလင်းရောင်ကြောင့် လင်းနေတာ။

الْوَالِدُ: صَدَقْتَ يَا وَلَدِيْ، وَكَذٰلِكَ الْقَمَرُ مَعَ الشَّمْسِ،

ခင်။ ။ အို၊ သားလေး။ မင်းပြောတာ မှန်ပါတယ်။ နေနဲ့ လရဲ့ဥပမာလည်း ဒီလိုပါပဲ။

لَا يَزَالُ مُسْتَنِيْرًا بِنُوْرِهَا حَتَّى يَحُوْلَ بَيْنَهُمَا حَائِلٌ[1]،

လဟာ နေရဲ့ အလင်းရောင်ကြောင့် အဆက်မပြတ်လင်းနေတယ်။ သူတို့ နှစ်ခုကြားမှာ ကာဆီးတဲ့အရာတစ်ခုခုက မကာဆီးမချင်းပေါ့။

وَالْحَائِلُ هُوَ الْأَرْضُ فَقَطْ.

အဲဒီကာဆီးတဲ့အရာကတော့ နေပါပဲကွယ်။

هِشَامٌ: وَلِمَاذَا لَا تَحُوْلُ الْأَرْضُ دَائِمًا بَيْنَ الشَّمْسِ وَالْقَمَرِ، وَلِمَاذَا لَا يَنْخَسِفُ[2] الْقَمَرُ دَائِمًا؟

ဟိရှားမ်။ ဒါဆို၊ ကမ္ဘာက နေနဲ့လရဲ့ကြားမှာ ဘာဖြစ်လို့ အမြဲ မကာဆီးတာ လဲ။ ဘာကြောင့် လဟာ အမြဲ မကြပ်တာလဲ။

الْوَالِدُ: أَحْسَنْتَ السُّؤَالَ،

ဖခင်။ ။ ကောင်းလိုက်တဲ့မေးခွန်းပဲ။

وَذٰلِكَ لِأَنَّ الْقَمَرَ يَتَزَحْزَحُ[3] قَلِيْلًا عَنْ مَكَانِهِ فِي الدَّوَرَانِ،

အဲဒါဘာကြောင့်လဲဆိုတော့ လဟာ လည်ပတ်တဲ့နေရာမှာ သူ့နေရာကနေ တစ်ဖြည်းဖြည်းချင်း ရွေ့လျားသွားတယ်။

فَلَا تَجْتَمِعُ الشَّمْسُ وَالْقَمَرُ وَالْأَرْضُ عَلَى خَطٍّ وَاحِدٍ

ဒါကြောင့် နေရယ်၊ လရယ်၊ ကမ္ဘာရယ်ဟာ လိုင်းတစ်ခုတည်းမှာ တစ်ပြိုင်တည်း စုစည်း

1- حَائِلٌ = ကြားဝင်ကာဆီးသောအရာ။ 2- اِنْخَسَفَ-يَنْخَسِفُ-اِنْخِسَافًا = လကြတ်သည်။3- تَزَحْزَحَ-يَتَزَحْزَحُ-تَزَحْزُحًا = ရွေ့လျားသည်။

မနေဘူး။

إِلَّا فِي النَّادِرِ[1]، وَإِذًا يَنْخَسِفُ الْقَمَرُ أَوْ تَنْكَسِفُ[2] الشَّمْسُ.

ဒါပေမဲ့ ရှိရင်လည်း ရှားတယ်။ အဲဒီအခါကျရင် လကြတ်တယ်၊ ဒါမှမဟုတ် နေကြတ်တယ်။

هِشَامٌ: وَلَا بُدَّ أَنَّ الشَّمْسَ تَنْكَسِفُ إِذَا حَالَ الْقَمَرُ بَيْنَ الشَّمْسِ وَالْأَرْضِ، فَيُحْجَبُ نُوْرُ الشَّمْسِ عَنِ الْأَرْضِ بِطَبِيْعَةِ الْحَالِ.

ဟိရှားမ်။ ။ လဟာ နေနဲ့ ကမ္ဘာကြားမှာ ကာဆီးသွားရင်၊ နေရဲ့အလင်း ရောင်ဟာ ကမ္ဘာကနေ ကားဆီးသွားမှာ မလွဲကေန်ဖြစ်တဲ့အတွက် သေချာပေါက် နေကြတ်မှာပေါ့ နော်။

الْوَالِدُ: إِنَّكَ لَوَلَدٌ فَطِنٌ[3]، وَقَدْ أَصَبْتَ فِي الْقِيَاسِ[4].

ဖခင်။ ။ တကယ်ပဲ မင်းဟာ ဉာဏ်ထက်မြက်တဲ့ကလေးပဲ။ သုံးသပ်တာ အမှန်ပဲ။

هِشَامٌ: وَمَاذَا يَنْبَغِيْ لَنَا أَنْ نَعْمَلَ عِنْدَ الْكُسُوْفِ وَالْخُسُوْفِ؟

ဟိရှားမ်။ ။ နေကြတ်၊ လာကြတ်တဲ့အခါ ကျွန်တော်တို့ ဘာလုပ်သင့်သလဲ။

الْوَالِدُ: كَانَ النَّاسُ فِيْ قَدِيْمِ الزَّمَانِ يَعْتَقِدُوْنَ أَنَّ الشَّمْسَ وَالْقَمَرَ إِنَّمَا يَنْكَسِفَانِ لِحَادِثَةٍ مُهِمَّةٍ[5] فِي الْأَرْضِ، لِمَوْتِ رَجُلٍ جَلِيْلٍ مَثَلًا،

ဖခင်။ ။ ဟိုးအရင်တုန်းက နေကြတ်၊ လကြတ်ခြင်းဟာ ဂ ကမ္ဘာမြေပြင်မှာ အဖြစ်အပျက် ကြီးတစ်ခုကြောင့်၊ ဉပမာ ကြီးမြတ်တဲ့ပုဂ္ဂိုလ်တစ်ဦး ကွယ်လွန်တဲ့အတွက်ကြောင့်လို့ ယူဆခဲ့ကြတယ်။

وَمَاتَ إِبْرَاهِيْمُ بْنُ مُحَمَّدٍ ﷺ فَانْكَسَفَتِ الشَّمْسُ،

တမန်တော်မြတ်မုဟမ္မဒ် ﷺ ရဲ့ သားတော် အိဗ်ရာဟီးမ် ကွယ်လွန်သွားတဲ့အခါ နေကြတ် ခဲ့တယ်။

فَقَالُوْا: إِنَّمَا انْكَسَفَتِ الشَّمْسُ لِمَوْتِ ابْنِ الرَّسُوْلِ،

အဲဒီအခါ လူတွေက "တမန်တော့်သား ကွယ်လွန်လို့ နေကြတ်တာ" လို့ ပြောဆိုခဲ့ကြတယ်။

1– نَادِرٌ = ရှားရှားပါးပါး။ 2– اِنْكَسَفَ–يَنْكَسِفُ–اِنْكِسَافًا = နေကြတ်သည်။ 3– فَطِنٌ = ဉာဏ်ထက်မြက်သော။ فَطِنَ–يَفْطَنُ–فَطَنًا ။ 4– أَصَبْتَ فِيْ الْقِيَاسِ ကိုယ်သားစ်လုပ် သုံးသပ်တာ မှန်တယ်။ 5– حَادِثَةٌ مُهِمَّةٌ = အရေးကြီးသော အဖြစ်အပျက်။

فَقَامَ رَسُوْلُ اللهِ ﷺ يَجُرُّ رِدَاءَهُ حَتَّى دَخَلَ الْمَسْجِدَ، فَدَخَلَ الْمُسْلِمُوْنَ،

အဲဒီအခါ တမန်တော်မြတ် ﷺ ဟာ ခြုံထည် တရွတ်စွဲပြီး ဗလီထဲ ဝင် ရောက်လာခဲ့တယ်။ မွတ်စ်လင်မ်တွေလည်း ဝင်လာကြတယ်။

فَصَلَّى بِهِمْ رَكْعَتَيْنِ حَتَّى انْجَلَتِ[1] الشَّمْسُ

တမန်တော်မြတ် ﷺ က သူတို့ကို ဦးဆောင်ပြီး စွလာသ်နှစ်ရကအသ် ဆောက်တည်ခဲ့တယ်။ နေအလင်းရောင် ထင်ရှားလာတဲ့အထိပါပဲ။

فَقَالَ: "إِنَّ الشَّمْسَ وَالْقَمَرَ لَا يَنْكَسِفَانِ لِمَوْتِ أَحَدٍ وَلَا لِحَيَاتِهِ،

ပြီးနောက် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူတယ်။ "အမှန်စင်စစ် နေနဲ့လတို့ဟာ တစ်ဦးတစ်ယောက် ကွယ်လွန်လို့၊ ဒါမှမဟုတ် တစ်ဦးတစ်ယောက် ရှင်သန်လို့ ကြပ်တာ မဟုတ်။

فَإِذَا رَأَيْتُمُوْهُمَا فَصَلُّوْا، وَادْعُوْ حَتَّى يُكْشَفَ مَا بِكُمْ."

အဲဒီနှစ်ခုဖြစ်တာကို အသင်တို့ တွေ့မြင်ပြီဆိုရင် စွလာသ်ဆောက်တည်ကြ။ အသင်တို့ပေါ်မှာ ဖြစ်ပေါ်နေတာ ကင်းစင်သွားတဲ့အချိန်ထိ တောင်းဆု ဒုအာပြုကြပါ။ "

وَقَالَ ﷺ :"إِنَّهُمَا آيَتَانِ مِنْ آيَاتِ اللهِ، لَا يُخْسَفَانِ لِمَوْتِ أَحَدٍ وَلَا لِحَيَاتِهِ، فَإِذَا رَأَيْتُمُوْهُمَا فَافْزَعُوْا[2] إِلَى الصَّلَاةِ"

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူတယ်။ အဲဒီနှစ်ခုဟာ အလ္လာဟ်ရဲ့ သက်သေလက္ခဏာတော်တွေထဲက သက်သေလက္ခဏာတော် နှစ်ရပ်ဖြစ်တယ်။ သူတို့နှစ်ခုဟာ တစ်ဦးတစ်ယောက်သေဆုံးလို့လည်း မကြပ်ဘူး၊ တစ်ဦးတစ်ယောက် ရှင်သန်မွေးဖွား လာလို့လည်း မကြပ်ဘူး။ အဲဒီနှစ် ခုဖြစ်တာ အသင်တို့ တွေ့တဲ့အခါ စွလာသ်ဆောက်တည်မှုဘက်ကို အလျင်အမြန် သွားကြပါ။

---

1 اِنْجَلَى–يَنْجَلِيْ–اِنْجِلَاءً ကင်းစင်သွားသည်။ 2 – فَزِعَ إِلَى–يَفْزَعُ–فَزَعًا သွားရောက်ခိုလှုံသည်။